
www.burmeseclassic.com
တကယ့်ဖြစ်ရပ်
ရှုခင်း
မဂ္ဂဇင်း
BURMESE CLASSIC
2014
JULY
ချောင်းဆိုးနေလို့
ချောင်းဆိုးပျောက်ဆေးကောင်းကောင်း
ရှာနေရင် .....
ရွှေမြန်မာ®
SHWE MYANMAR
အမှတ်တံဆိပ်
ချောင်းဆိုးပျောက်ဆေးရည်ကိုသောက်ပါ။
အမှတ်(၁၀၃)၊ ဗညားဒလလမ်း၊ (၁၂၄) လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 095010074, 0973082461 , 0973082462
www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြပါစို့

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

| | |
|---|---|
| ➢ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) | ၀၆၇-၄၁၂၂၀၁ |
| ➢ အထူးအဖွဲ့(မြစ်ကြီးနား) | ၀၇၄-၂၂၃၃၆ |
| ➢ အထူးအဖွဲ့(ဗန်းမော်) | ၀၇၄-၅၀၁၉၉ |
| ➢ အထူးအဖွဲ့(လွယ်ဂျယ်) | ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်) |
| ➢ အထူးအဖွဲ့(မူဆယ်) | ၀၈၂-၅၂၈၉၀ |
| ➢ အထူးအဖွဲ့(လောက်ကိုင်) | ၀၈၂-၇၂၀၀၃/၇၂၀၃၆ |
| ➢ အထူးအဖွဲ့(လားရှိုး) | ၀၈၂-၂၃၀၁၇/၀၉၅၂၇၅၉၆၂ |
| ➢ အထူးအဖွဲ့(တောင်ကြီး) | ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၁၇ |
| ➢ အထူးအဖွဲ့(ကျိုင်းတုံ) | ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄ |
| ➢ အထူးအဖွဲ့(တာချီလိတ်) | ၀၈၄-၅၃၀၂၂ |
| ➢ အထူးအဖွဲ့(မြဝတီ) | ၀၅၈-၅၀၂၆၈ |
| ➢ အထူးအဖွဲ့(မော်လမြိုင်) | ၀၅၇-၂၆၉၈၃ |
| ➢ အထူးအဖွဲ့(ကော့သောင်း) | ၀၅၉-၅၁၉၈၁ |
| ➢ အထူးအဖွဲ့(မြိတ်) | ၀၅၉-၄၁၀၄၁/၄၁၀၀၄ |
| ➢ အထူးအဖွဲ့(ပုသိမ်) | ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉ |
| ➢ အထူးအဖွဲ့(ရန်ကုန်) | ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၈၂၆ |
| ➢ အထူးအဖွဲ့(ပဲခူး) | ၀၅၂-၂၁၀၃၀/၂၀၂၅၉ |
| ➢ အထူးအဖွဲ့(စစ်တွေ) | ၀၄၃-၂၃၆၂၅ |
| ➢ အထူးအဖွဲ့(မောင်တော) | ၀၄၃-၅၅၀၈၉ |
| ➢ အထူးအဖွဲ့(ကလေး) | ၀၉၄၇၀၇၂၂၀၂ |
| ➢ အထူးအဖွဲ့(မကွေး) | ၀၆၃-၂၃၃၇၄/၂၅၀၁၆ |
| ➢ အထူးအဖွဲ့(မိတ္ထီလာ) | ၀၆၄-၂၄၇၁၄/၂၃၀၅၄ |
| ➢ အထူးအဖွဲ့(မန္တလေး) | ၀၂-၇၃၈၃၀ |
| ➢ UNIAP | ၀၁-၂၅၄၈၅၂/၂၅၄၈၅၃ |

အထူးအဖွဲ့ - လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

တကယ့်ဖြစ်ရပ် မဂ္ဂဇင်း

**2014 JULY**

အတွဲ(၁)၊ အမှတ်(၁၀)


အယ်ဒီတာချုပ် - ဒေါင်ကျော်ဇော
ရဲအုပ်အောင်လွင်(ငြိမ်း)
ဒုအရာခံဗိုလ်(ငြိမ်း) တပ်မတော်(ကြည်း)

တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ

အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)

လက်ထောက်အယ်ဒီတာ - နေမျိုးအောင်

ထုတ်ဝေသူ
ဦးအောင်လွင်(ယာယီ/၂၀၈၃)

ပုံနှိပ်သူ
သိန်းသန်းဦးပုံနှိပ်တိုက်

ဒီဇိုင်းအပြင်အဆင်
Min Group

ကွန်ပျူတာစာစီ
နေမျိုးအောင်

ပန်းချီသရုပ်ဖော်
ပန်းချီမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)




မော်ဒယ်လ် နိုင်သဇင်

ဓာတ်ပုံ - ကိုအောင်(Flash memo)၊ မင်းကို

မိတ်ကပ် - ဝေယံ(ရွှေဂုံတိုင်)


ဖြန့်ချိရေး - ကန့်ကော်လွင်စာပေ၊ အမှတ်(၉၇)၊ မြေညီထပ်(ဝဲ)၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁ ၃၈၅၃၆၉၊ ၀၉ ၄၉၂၉ ၄၂၁၈

တန်ဖိုး - ၁၀၀၀၊ အုပ်ရေ - ၁၀၀၀

www.burmeseclassic.com

# JULY CONTENTS



## ကဗျာ



သွေးစက်သစ်၊
လှိုင်ခင်အုန်း(အမရပူရ)၊
လမင်းသစ္စာ၊
မြဝတ်ရည်(ကျောက်ဆည်)၊
စောအောင်ခ(ဘားအံ)၊
မောင်ထည်ဝါ(ပျော်ဘွယ်)၊
နေရဲချို၊
မိုးရည်ထွန်း(အင်းစိန်)


## ကာတွန်း


သူရိန်၊ မောင်တင်ယု၊
မြေရှိုင်း၊ ဖွဲ့နေ၊
အေကျော်(အထက်မင်းလှ)၊
ကိုငယ်၊ မိုးမြင့်သူ၊
သူရမိုး


## ဆောင်းပါး


ညွန့်ဟုံ(ကြူးတော)
တဒင်္ဂဒေါသနှင့်မှုခင်း ၂၃
ဦးသန်းထွန်း(ဥပဒေ)
ဆေးလိပ်အန္တရာယ် လူတိုင်းသိဖွယ် ပညာပေးကြမယ် ၂၇

www.burmeseclassic.com

www.burmeseclassic.com




## ဘာသာပြန်

**လှျမ်းထက်**
မမေ့နိုင်သူများ ၆၈
**လှမိုး(ပညာရေး)**
ကိုလိုနီခေတ်အရှဏ်ဦးမှ
အင်္ဂလိပ်အထောက်တော် ၈၈

## တစ်မျက်နှာဝတ္ထု

**အိမ့်(ရှုပဗေဒ)**
ရှေ့သွားနောက်ကြည့် ၉၉

## ရုပ်ရှင်မိတ်ဆက်

**ဦးဝင်းမြှင့်(သရုပ်ဆောင်)**
ရုပ်ကွက်အထာ ၁၀၄

## တစ်ခန်းရုပ်ဟာသ

ထက်ထက်(ဟာသ) ၁၂၀

## ပေဒင်

ဝေဒသုတေသီတစ်ဦး

## သတင်း

နိုင်ငံတကာသတင်း
ပြည်တွင်းသတင်း






www.burmeseclassic.com





BURMESE CLASSIC

## မှခင်းဝတ္ထုတို


**ကျွန်းစဉ့်မြေစောက်**
ထိုင်းပြန်လူငယ်တစ်ယောက်အကြောင်း ၃၃

**ထက်ထက်ဦးဝေ**
နွေအလွန် ၄၀

**သန့်မြင့်ဦး**
ချစ်မိမှား ၆၄

**နွေအလွန်**
အမုန်းကြွေး ၇၄

**ရှင်လွန်းမယ်**
ရင်နင့်ပန်းလေးနှင်းဆီ ၉၄

**မောင်သာမန့်(ဇီးကုန်း)**
ထာဝရရင်ခွင် ၁၁၂

**သျှင်ရဲထွဏ်း**
ရဲပရိယာယ် ဘိန်းစားမာယာ ၁၂၄

**ခရဲမှူးကြီးဝင်းဦး(ငြိမ်း)**
ရွှေမှော်တောက ၁၃၄
လေးလောင်းပြိုင်လူသတ်မှု

**ယန်နမွှာ**
တန်ပြန်သက်ရောက်မှုမရှိတဲ့ အချစ် ၁၄၉

**ကိုနိုး(ရွှေပြည်သာ)**
ဆူးကျိုးတဲ့ ဖက် ၁၅၈


www.burmeseclassic.com

www.burmeseclassic.com



# ပါရမီဖြည့်ဖက်



1 JUL 2014

အခက်အခဲမျိုးစုံ
သွေးပျက်စရာ ကြုံလာမှ
ခေါင်မိုးမလုံတာကို အပြစ်မရှာကြပါနဲ့
တကယ်ဆို
အိမ်တစ်ဆောင်အတွက်
ခေါင်မိုးနဲ့ ကြမ်းခင်း
ချီတက်ရတဲ့လမ်းချင်းက အတူတူပါ။

မောင်တစ်ထမ်း၊ မယ်တစ်ရွက်
ပြိုင်တူတက်ရမယ့် ခရီးမှာ
တစ်ယောက်ကိုတစ်ယောက် အပြစ်ရှာပြီး
တီးတိုးဖော်၊ တိုင်ပင်ဖက်လောက်မှ
တွဲလက်က မညီရင်
စီးပွားရှာ,ရှာမလောက်
အိတ်ပေါက်နဲ့ ကောက်နေရတဲ့ဖားလို
စားစရာသာ မရှိရင်နေမယ်
ယူမိတဲ့ အကုသိုလ်တွေက
တစ်နေ့တခြား
များသထက် များလာမှာလည်း
အမှန်ပါပဲ။

သံသရာအရေးမှာ
ဒုက္ခကိုသာပေးနိုင်စွမ်းရှိတဲ့ဆေးနဲ့
ရေးထိုးခဲ့မိတဲ့ မင်ရည်စုတ်တစ်ချက်ပီပီ
ပါရမီဖြည့်ဖက်သာ မှန်ခဲ့မယ်ဆိုရင်
အိုးရွဲ့ချင်ရွဲ့ပါစေ
အိုးရွဲ့ကို စလောင်းရွဲ့နဲ့ဖုံးပြီး
စီးတဲ့ရေကိုလည်း ဆယ်တတ်မှ၊
ဆွဲတက်ပြီဆိုရင်လည်း
တွဲလက်တွေက ဘက်ညီမှ၊
ဒုက္ခဆိုတာကိုလည်း
အမြဲတမ်း ကြိုကြိုပြီးမြင်နိုင်မှ
အနုတ်ဖြစ်နေတဲ့ဘဝကို
နောင်တတွေ ထပ်ဆောင်းရမယ့်အရေးက
ကင်းဝေးလိမ့်မယ်။ ။



သွေးစက်သစ်

www.burmeseclassic.com

www.burmeseclassic.com



## အမေ့အိမ်



၄ အမိုးက
မလုံမလဲ။
အကာက
ပေါက်ပြဲ
အခင်းက
ဖရိုဖရဲ ခပ်ကျဲကျဲ။
၄ အားလုံးခြုံရင်
အမေ့အိမ်ကမလုံ
မလုံပေမယ့်
မေတ္တာနဲ့ထုံတဲ့
အမေ့အိမ်က
ဘဝလုံခဲ့ပါတယ် အမေရယ်။ ။

လှိုင်ခင်အုန်း (အမရပူရ)

www.burmeseclassic.com

www.burmeseclassic.com



# မျက်လုံးထဲပြာသွားတယ်

ဒီနေ့မနက်
ကျွန်တော့်ရဲ့မျက်လုံးကို
အပြာရောင်နဲ့ စဖွင့်တယ်။
ဒီနေ့မနက်
ကျွန်တော့်ရဲ့ရင်ဘတ်ကို
အပြာရောင်က ခေါင်းနဲ့ဆောင့်တယ်။
ဒီနေ့မနက်
ကျွန်တော့်ရဲ့ပါးစပ်ကို
အပြာရောင်က ဆွံ့အစေလို့။
ဒီနေ့မနက်
ကျွန်တော့်ရဲ့ခြေလှမ်းကို
အပြာရောင်က ရပ်တန့်စေလို့။
အပြာရောင် ထက်အောက်ဝတ်စုံနဲ့
အလှတွေအကုန်လုံး
သိမ်းကျုံးထည့်ထားသူလေး။
နေ့တိုင်းမြင်နေရတဲ့မျက်နှာပဲ
ဒါပေမဲ့.....
ဒီနေ့မြင်နေရတဲ့မျက်နှာက
မျက်လုံးထဲပြာသွားတယ်။ ။



လမင်းသစ္စာ

www.burmeseclassic.com

www.burmeseclassic.com



# ဝိနည်းလွတ်

✦ 'ပျား'ပြောင်း
(သစ်ခေါင်း)ကျန်.....
ကျန်တဲ့သစ်ခေါင်း နို့ကံ ဖွေ နှောက်။
''ပျားရည်''ဘယ်နှစက် ချိုမြက်မြက်
ဘယ်ဝက်ဝံနဲ့မျောက် လျက်ခဲ့ဖူးပြီလဲ
တောထဲခြေရာကောက်။

✦ 'အချစ်'ပြောင်း
(အနာပေဟာင်း)ကျန်.....
ကျန်တဲ့အနာပေဟာင်း မျက်ရည်ချိုပ်,ပိတ်ကျက်ဖို့။
သက်ရှယ်ဂုဏ်သိက္ခာ ဘယ်မျက်နှာမထောက်
''အချိန်''ဘယ်နှနှစ်လောက် စောင့်ကုရမလဲ
အသည်းကွဲသူတို့။

✦ 'ဘဝ'ပြောင်း
(ရုပ်အလောင်း)ကျန်.....
ကျန်တဲ့ရုပ်အလောင်း သင်္ဂြိုဟ်ရာ သင်္ချိုင်း။
ကုသိုလ် ဘယ်နှပဲသား မြေပေါ်ထားလို့
ငရဲ ဘယ်နှပိဿာ အပါသယ်သွားသလဲ
''တရား''ပဲဖြေနိုင်း။ ။



မြဝတ်ရည် (ကျောက်ဆည်)

www.burmeseclassic.com

www.burmeseclassic.com



# ခြေလှမ်း



၌ ဖယောင်းတိုင်မီးလေးရေ.....
တစ်စက်ချင်းစိမ့်ဝင်နေတဲ့ သွေးတွေနဲ့
မင်းလောင်ကျွမ်းနေပါ။
၌ နှင်းဆီတွေက ဆည်းဆာရောင်ကို
အိပ်ရာခင်းအဖြစ် ခင်းအိပ်ကြတဲ့ည
ညဥ့်နက်ဘုရင်ဟာ
နှောင်ကြိုးများကို ကြောက်ရွံ့နေပြီ။
၌ လောကကို လောင်ကျွမ်းနေတဲ့
ဖယောင်းတိုင်မီးလေးရေ.....
သေခြင်းတရားက
ငါ့ရှေ့မှာလား.....
ငါ့နောက်မှာလား.....
နှင်းဆီတွေ ပွင့်လာမယ့်အချိန်ကို
ငိုသံတွေနဲ့ စောင့်နေပါ
ငါ့ဖိနပ် သဲကြိုးမပြတ်သေးခင်
ငါ့နောက်မှာပဲ နေခဲ့ပါ
နှင်းဆီတွေ ပွင့်လာမယ့်အချိန်ထိပေါ့။ ။

စောအောင်ခ (ဘားအံ)

www.burmeseclassic.com


www.burmeseclassic.com



## တိမ်မာယာ

* မိုင်းမိုင်းမှုန်အာကာသ
မည်းမှောင်ကြွ မိုးသားတိမ်
ဂျိုးကျိုမ့်သံညံ့ညံ့ပေး
ပြေးလွှားမငြိမ်။
ဆန်းကြယ်ပ မိုးသားတိမ်
ရှာချိန်တန် သူလှည့်စား။
မျှော်ရသူ ရင်မှာနွမ်းအောင်
ဟန်ဆောင်ကာ ကိုရွှေမိုးက
ဆိုးရက်လေအား။

* မိုးပြာပြာအာကာသ
ဖြူလွလွ မိုးသားတိမ်
ထစ်ချုန်းသံ သူမပေး
ပြေးလွှားမငြိမ်
ဟန်မပြ မိုးဖြူတိမ်
ရှာချိန်မှာ သွန်ကာချ
ပြည်ခွင်မှာ စည်ပင်တိုးစေမယ့်
ကြည်လင်စွာ ကိုရွှေမိုးကို
တိုးလို့ချစ်ကြ။ ။



မောင်ထည်ဝါ (ပျော်ဘွယ်)

www.burmeseclassic.com

www.burmeseclassic.com



# တစ်လက်ကိုင်



နေရဲရှိ

၍ နေတစ်စင်း လတစ်စင်း
အလင်းအမှောင်၊ အရောင်အသွေး
အအေးအပူ
မျှတတဲ့ မူဝါဒတွေ ဖြန့်ဝေပေးတယ်။
၍ သမုဒ္ဒရာတစ်စင်း
ကျယ်ပြောခြင်းသဘောတ
ကြွယ်ဝခြင်းနိမိတ်ပုံ
လောကခံဝေပုံကျတရားကို
သင်ကြားပေးတယ်။
၍ မြားတစ်စင်း
ပစ်ခွင်းထိုးဖောက်
ပန်းတိုင်ရောက်ဖို့
ဦးနှောက်ကို ဆေးကြောပေးတယ်။
၍ (လက်ထဲက)ဓားတစ်စင်း
အသွားချင်းယှဉ်ပြိုင်ဖို့လား၊
အမှားချင်းယှဉ်ပြိုင်ဖို့လား
ကျူးပင်ခုတ် ကျူငုတ်မကျန်
တူးဆွမြေလှန်ဖို့လား
ဘေးတက်ကိုသင်းသတ်ပြီး
သွေးဆက်မျဉ်းမတ်ထူထောင်ဖို့လား
ထိပါးမယ့် ရန်အသွယ်သွယ်ကို
တောင်စွယ်နေမကွယ်မီ
''တွယ်''ဖို့လား။
၍ အသွားတမြှမြ
အားတပြုပြ
အတ္တမီးကျက်စားဆိုတာ
လောကရဲ့ ကောင်းရာကောင်းကျိုး
ဘာတစ်ခုမှ သင်ကြားပေးတာမျိုးမရှိဘူး
(ဩော်.....)လူတွေရဲ့ ကိုယ်ပိုင်ဝါကျ
ဘာသာပြန်ရခက်ပါဘိ။ ။

www.burmeseclassic.com

www.burmeseclassic.com



## ဇရာဘဝ ခံစားရာနတ္ထိ

() နေ့မှာတစ်လမ်း၊ ညတစ်လမ်းနှင့်
ဝမ်းရေးလွမ်းရေး၊ ဘဝရေးနှင့်
ရစ်ထွေးယှက်သော၊ မှော်ရုံတောမှာ
အမောမပြေ၊ လောတစ်ထွေနှင့်
ခြေကုန်လက်ပန်းကျသောအခါ
ငါ့အနုပညာ အဘယ်မှာနည်း
ကိုယ်တိုင်ပြန်မေး ကိုယ်ပြန်တွေးလည်း
ငွေကြေးသံသာ ကြားနေပါသည်
ပြေရာနတ္ထိဖြစ်သွား၏။

() ရာသီစက်အိမ်
ငွေတိမ်လွှပ်ရှား၊ ရစ်လည်သွားပြီ
နှစ်များမျက်နှာ၊ အိုမင်းလာ၍
ဇရာအိမ်သို့ရောက်သောအခါ။

() ဩော်.....ဘာမျှမရှိ
နတ္ထိလောက၊ သုဉ်းဘဝမှာ
အလှရှိရာ၊ တစ်နေရာကို
တွေ့ပါလေမှ၊ တန်ကာကျမည်။

() အလှရှိရာ၊ အဘယ်မှာနည်း
ဖွေရှာနေရင်း၊ တွေ့လိုရင်းမှ
ပက်ပင်းတွေ့ကြုံ၊ ရင်ဆိုင်ဆုံသည်
ပူပန်ဟန်ပွား၊ ငိုသံများနှင့်
ကျွန်ုပ်အားလိုက်ပို့ကြသည်တကား။ ။




ဖိုးရည်ထွန်း (အင်းစိန်)

www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

# Cartoon





www.burmeseclassic.com

# Cartoon




www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com


# Cartoon




www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com





# ညွန့်တိ(ကျူတော)

## တဒင်္ဂ လောဘ၊ ဒေါသနှင့် မှုခင်း

လိမ်ညာသူတို့သည် ဉာဏ်ရည်ဉာဏ်သွေးကောင်းတတ်ကြသည်။
မမျှော်လင့်ဘဲကြုံရသည့် မိတ်ဆွေသစ်ကို အရမ်းမယုံသင့်။
အကြောင်းမသိလျှင် ခံရဖွယ်ရှိပေသည်။
တစ်ဖက်သား၏ သားကောင်ဖြစ်သွားနိုင်သည်။
ရွှေငွေရတနာအတု၊ ပစ္စည်းအတုဖြင့် တဒင်္ဂအတွင်း ...

www.burmeseclassic.com

www.burmeseclassic.com

တဒင်္ဂလေးများစွာဆိုသည့် စာပေဗိမာန်ထွက်စာအုပ်လေးကို ကာလအတန်ကြာက ဖတ်ရှုမိဖူး၏။ မူးယစ်ဆေးဝါးသုံးစွဲသူများ၏ဘဝ၌ အန္တရာယ်အကြောင်း သရုပ်ဖော်ခြင်းဖြစ်၏။ အတုအယောင် သာယာမှု၏နောက်သို့ လိုက်မိသည့် လူငယ်များ၏ မလျော်ကန်သော အပြုအမူပင်ဖြစ်သည်။ စမ်းသပ်သုံးစွဲရာမှ တဒင်္ဂ သာယာမှုနောက် လိုက်မိပြီး ဘဝဆိုးတွင် ရုန်းမထွက်နိုင်ခြင်းဖြစ်၏။ လူရာမဝင်ဖြစ်ရသည်ကို ပညာပေးထားခြင်းဖြစ်၏။ သို့ဖြစ်၍ နည်းလမ်းမမှန်သော တဒင်္ဂအပြုအမူသည် လူသားတို့ကို ဒုက္ခနယ်တွင်း တွန်းပို့ကြောင်း သိသာရပါ၏။

အချိန်တိုတို၊ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်၊ လက်ဖျစ်တစ်တီး၊ ကြက်တစ်တွန်အချိန်လေးများသည် တဒင်္ဂဟုဆို၏။ တဒင်္ဂသည် လူသားဘဝတွင် အကောင်းလည်းဖြစ်နိုင်၏၊ အဆိုးလည်းကြုံနိုင်၏။ အဆုံးအဖြတ်၊ အပြုအမူ မှားယွင်းမှုရလဒ်ဖြစ်၏။ စိတ်ကိုထိန်းချုပ်နိုင်လျှင်ကောင်း၏။ မသင့်လျော်သည်ကို သတိတရားဖြင့် ဆင်ခြင်အပ်ပေသည်။ အခြေအနေမလှ၊ အကြောင်းမကောင်းပါက တစ်ဘဝလုံးအထိ နစ်မြုပ်သွားနိုင်၏။ အခြေခံအားဖြင့် လောဘစိတ်၊ ဒေါသစိတ်များဖြစ်၏။ မှုခင်းဖြစ်ပွားမှုများစွာသည် တဒင်္ဂ လောဘစိတ်၊ ဒေါသစိတ်များကြောင့်ဟု ဆိုချင်၏။ အရှည်အကြာ ကြံစည်အားထုတ်မှုများလည်း မကင်းနိုင်ဟု ဆိုချင်ပေသည်။

စာတောပေတောတွင် လေ့လာစကာလဖြစ်ပေ၏။ စာရေးဆရာကြီးတစ်ဦး၏ စာပေအမှတ်အသားဖြစ်လေသည်။ မန္တလေးမြို့၊ ဈေးချိုအတွင်း လူစည်ကားချိန်ဖြစ်၏။ ရွှေဆိုင်တစ်ဆိုင်အတွင်း လူတစ်ယောက် ရုတ်တရက်ဝင်ကာ လုယက်ထွက်ပြေး၏။ မကြာပါ။ လူအများ စည်ကားချိန်ဖြစ်ရာ ဖမ်းဆီးနိုင်ခဲ့၏။ စစ်ဆေးမေးမြန်းကြသည်။ စစ်ဆေးသူတို့က "မင်းကွာ ဒီလောက်တောင် လူစည်ကားချိန် ရွှေဆိုင်ဝင်ခိုးတာ အဖမ်းခံရမယ်ဆိုတာ မတွေးမိဘူးလား"ဟုမေး၏။ တရားခံက "အဲဒီအချိန်မှာ လောဘစိတ်ကြောင့်လားတော့ မသိဘူး၊ ဘေးကလူတွေကိုလည်း မမြင်ဘူး၊ ပတ်ဝန်းကျင်ကိုလည်း သတိမထားနိုင်ဘူး၊ ရွှေဆိုင်က ရတနာတွေကိုပဲ မြင်တယ်"ဟုဆိုလေသည်။ တဒင်္ဂ လောဘစိတ်အဆုံးအဖြတ်က နောင်တကြီးစွာရစေပြီး မှုခင်းနှင့်မကင်းသဖြင့် အပြစ်ဒဏ်ခံရလေသည်။

လိုချင်တပ်မက်သော လောဘစိတ်က မဖုံးနိုင်မဖိနိုင် ဖြစ်ရတတ်၏။ မိုက်တွင်းနက်၏။ အထူးသဖြင့် တဏှာလောဘက ဆိုးရွားလှပေ၏။ တစ်ခါက အကျင့်စာရိတ္တာ ပျက်ယွင်းမှုမရှိ ရိုးသားသော လူရွယ်တစ်ဦးသည် မမျှော်လင့်ဘဲ မိန်းမပျိုလေးနှင့် ထိတွေ့စကားပြောရင်း စိတ်ကိုမထိန်းနိုင်သဖြင့် မဖွယ်မရာ ပြုမူပေ၏။ သာမန်အားဖြင့် မိန်းကလေးက သူ့ကို ခင်မင်ပါ၏။ သို့သော် မရိုးသားသော တဒင်္ဂစိတ်ကြောင့် ပြုမူမှုကိုတော့ ခွင့်မလွှတ်နိုင်။ သို့ဖြင့် ရုံးရောက်ဂါတ်ရောက်ဖြစ်ကာ အရှက်

---

များစွာသော မှုခင်းအများစုသည်

---

တဒင်္ဂ လောဘ၊ ဒေါသ၊ မောဟကြောင့် ဖြစ်လေရာ

---

လောကုတ္တရာရေးအတွက် မဟုတ်သည့်တိုင်

---

လောကီအလုပ်ဖြင့် ထိန်းချုပ်ကာ

---

မှုခင်းကြိုတင်ကာကွယ်မှုပြုသင့်ကြပါ၏ . . .

---

www.burmeseclassic.com

www.burmeseclassic.com


တကွဲဖြစ်ရလေသည်။ လူရွယ်အဖို့ ပြစ်ဒဏ်ခံလိုက်ရပေသည်။ ကြားဖူးနားဝရှိပေသော "နာမည်ကောင်းတစ်ခုကို အနှစ်နှစ်ဆယ် တည်ဆောက်ရသော်လည်း နာမည်ပျက်အတွက် တဒင်္ဂက ဖျက်ဆီးလိုက်နိုင်သည်"ဟူသော အဆိုအမိန့်နှင့် ထပ်တူကျလေသည်။ တဒင်္ဂ လောဘတဏှာ ရမ္မက်ဆိုးသည် စိတ်နောက်ကိုယ်ပါ မှားယွင်းစေမှုဖြစ်လေရာ မကျေနပ်ပါက ဥပဒေကလည်း ခွင့်မပြုနိုင်ခြင်းကို သတိချပ်အပ်ပေသည်။

လောဘစိတ်ကြောင့် ကြိုတင်စိတ်ကူးကြံရွယ် လိမ်ညာမှုတွေကလည်း လောကနယ်ပယ်တွင် ဒုနှင့်ဒေးဖြစ်သည်။ လိမ်ညာသူတို့သည် ဉာဏ်ရည်ဉာဏ်သွေးကောင်းတတ်ကြသည်။ မမျှော်လင့်ဘဲ ကြုံရသည့် မိတ်ဆွေသစ်ကို အရမ်းမဲ့မယုံသင့်။ အကြောင်းမသိလျှင် ခံရဖွယ်ရှိပေသည်။ တစ်ဖက်သား၏ သားကောင်ဖြစ်သွားနိုင်သည်။ ရွှေငွေရတနာအတု၊ ပစ္စည်းအတုဖြင့် တဒင်္ဂအတွင်း လိမ်ညာရယူမှုများရှိကြသည်။ အခြေခံလောဘစိတ်နှင့် စိတ်ဆိုးစိတ်ယုတ် တဒင်္ဂမစပ်သင့်။

ကောစောအတွံ့ နဇာနာတိဆိုသော ကျမ်းဂန်လာပါဠိစကားကို ငယ်စဉ်ကတည်းကပင် စွဲမှတ်ခဲ့ရဖူးပေသည်။ ဒေါသအမျက်သည် မိမိအတွက် ဘာမျှအကျိုးမရှိဟု ဆိုပါ၏။ ဒေါသသည် လူသားတို့ကို ဒုက္ခအပေးဆုံးဖြစ်၏။ ဒေါသမွှန်သဖြင့် အပြစ်နှင့်မကင်း၊ မှုခင်းနှင့်ကြုံရမှု များလှပေသည်။ ဒေါသကို မည်သို့မှ မမှန်းဆနိုင်။ တဒင်္ဂစိတ်ကို မထိန်းချုပ်နိုင်သဖြင့် တုတ်တစ်ပြက်၊ ဓားတစ်ပြက်ဖြစ်ရကာ တရားရုံး၌ ရင်ဆိုင်ရသည့် သာဓကတွေ နေရာစုံ၌ တွေ့နိုင်၏။ အချိန်မရွေး၊ နေရာမရွေး ကြုံရနိုင်၏။


မိမိအား မခံချင်စရာ၊ ထိခိုက်စရာရှိသဖြင့် ဒေါသဖြင့် တုံ့ပြန်မှုက အဖြစ်ဆိုးကြုံရသည်။ ကျောင်းတော်က ရန်စရှိသူများသည် ပို၍ဆိုးရွား၏။ သွားရင်းလာရင်း ကျန်းမာရေးအရ သူ့ဘာသာ တံတွေးထွေးသည်ကို မြင်ရသည်ကိုပင် မိမိကို ထိကပါးရိကပါး ပြုမူသည်ဟု ယူဆကာ ရန်စပြောဆိုရာမှ မှုခင်းဖြစ်ရတတ်၏။

အကြောင်းမဟုတ်သည့် တဒင်္ဂဒေါသရှင်များရှိ၏။ မိမိနှင့်လည်း မဆိုင်ပါဘဲလျက် ဝင်ပါခြင်းဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ခန့်ကဖြစ်၏။ ဈေးကြီးတစ်ခု၏ ပြင်ပ၌ဖြစ်လေသည်။ နွေရာသီ မုန့်လက်ဆောင်းရောင်းသူက သူ့အလုပ်သူလုပ်၏။ ထိုအချိန် သီးခြားစီဝင်လာသော လူနှစ်ဦးကို စီစဉ်ပေး၏။ တစ်ဦးက ဘာမျှမပြောဘဲ မုန့်လက်ဆောင်းသောက်နေ၏။ ထိုအချိန်တွင် အခြားသူက မုန့်လက်ဆောင်းက မချိုဘူးဟုဆိုကာ ဈေး(ကြေး)များ၏။ ဆိုင်ရှင်ကလည်း တတ်နိုင်သမျှ ပြုပြင်ပေးပါ၏။ သို့သော် မကျေနပ်နိုင်။ ဤတွင် မုန့်လက်ဆောင်းသောက်နေသော အခြားလူက ဘာမဆိုင်ညာမဆိုင် ဒေါသဖြစ်ကာ ဆိုင်ရှင်ဘက်မှ ဝင်ပြော၏။ ဤတွင် စားသုံးသူနှစ်ဦး ရန်ဖြစ်သည်။ ထိုအခိုက် မဆင်ခြင်နိုင်သော ဒေါသကြောင့် ဘာမျှဈေးမများသူက ဆိုင်ရှင်၏ထမ်းပိုးနှင့် ရိုက်လိုက်၏။ လူသတ်မှုဖြစ်သွားသည်။ ရလဒ်ကား ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်နှစ်ရှည်ကျသွားလေသည်။ ထိုသူသည် လူဖြောင့်စိတ်တိုဖြစ်၏။ မိမိနှင့် တိုက်ရိုက်မဆိုင်ပါဘဲ တဒင်္ဂဒေါသစိတ်ကြောင့် မိမိ၏မိသားစုပါ ဒုက္ခပင်လယ်ဝေစေခဲ့၏။ စာရေးသူနှင့် ဆွေမျိုးနီးစပ်တော်ပေရာ တရားရုံးစီရင်ချက်ချချိန် ကြုံရသည့်မြင်ကွင်းက စိတ်မသက်မသာဖြစ်ရပေသည်။ လက်တွေ့မှုခင်း ဒေါသမကင်းသည့် တဒင်္ဂပဟာန်ကိစ္စဖြစ်၏။

တစ်ခါတစ်ရံ လူရင်းတွေ စကားပြောရင်း အပေါက်အလမ်းမတည့်ဖြစ်ကာ တဒင်္ဂလွှမ်းမိုးသော ဒေါသကြောင့် မှုခင်းကြုံရနိုင်၏။ ဖြစ်လေ့ဖြစ်ထရှိသော အမှုများဟု ဆိုချင်၏။ လွန်ခဲ့သော နှစ်သုံးဆယ်ကျော်ကဖြစ်၏။ စာရေးသူ အောက်ခြေဝန်ထမ်းဘဝတွင် ဘဝတူဝန်ထမ်းတစ်ဦးနှင့် သူ၏အထက်အရာရှိတို့ စကားပြောရင်း အငြင်းပွား၏။ ရာထူးအကြီးနှင့်အငယ် မလျှော့ကြ။ ပြီးတော့ စိန်ခေါ်ထိုးသတ်ကြ၏။ ဝိုင်းဝန်းဖျန်ဖြေကြသည်။ ဤမျှနှင့်မပြီးပါ။ ကိုယ်စီအပြစ်ရှိကြသဖြင့် အမှုအလျောက် စီရင်ခြင်းခံကြရသည်။ သူတို့အကြောင်းပြချက်က အများရှေ့တွင်ဖြစ်၍ ဂုဏ်သိက္ခာထိပါးသည်ဆိုကာ တဒင်္ဂဒေါသကို လွှတ်ပေးခြင်းဖြစ်၏။

နေ့စဉ်နှင့်အမျှ သွားလာပြုမူ ဆက်ဆံလုပ်ကိုင်မှုတွင်လည်း သတိထားအပ်၏။ မကြာမီက မြို့ထဲက

www.burmeseclassic.com



အပြန် B.M ကားစီး၏။ လမ်းမ အတိုင်း မောင်းနှင်၏။ ထိုအခိုက် ဆီထုတ်လာသော အငှားယာဉ်က လမ်းသွယ်မှထွက်လာ၏။ ထိပ် တိုက်ဖြစ်သွား၏။ ထိခိုက်မှုမရှိ၊ တိုက်မိခြင်းလည်းမရှိ။ သို့သော် ယာဉ်မောင်းနှင့်ယာဉ် နောက်လိုက် တို့က အငှားယာဉ်မောင်းနှင့် ရန်ဖြစ် ကြ၊ ဆဲဆိုကြ၏။ ရင်ဆိုင်တိုက်ပွဲဖြစ် တော့မည့် အခြေအနေ၌ ပိုင်းဝန်းဖျန် ဖြေနိုင်သဖြင့် မှုခင်းတစ်ရပ်ကို တား ဆီးနိုင်ပေသည်။ တဒင်္ဂစိတ် မမျို သိပ်ကြခြင်းဖြစ်၏။ ကံကောင်းသွား ၏။ တကယ်တော့ များစွာသောမှုခင်းအများစုသည် တဒင်္ဂ လောဘ၊ ဒေါသ၊ မောဟကြောင့် ဖြစ်လေရာ လောကုတ္တရာရေးအတွက်မဟုတ်သည့်တိုင် လောကီအလုပ်ဖြင့် ထိန်းချုပ်ကာ မှုခင်းကြိုတင်ကာကွယ်မှုပြုသင့်ကြပါ၏။

ညွန့်ဟုံ (ကျူတော)


# ခရှသင်း ၊ သမင်ဖြူ

ခရှသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ခရှသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်

- တိုက်(၁)၊ အခန်း (၀၁၁)၊ ၄-လွှာ၊ စက်ရုံလမ်း၊မင်္ဂလာဈေး၊ ကမ္ဘာ့ဇဘက်အပေါ်ထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၀၀၄၉၁၊
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း- ၀၉-၅၀၄၁၂၃၈။


www.burmeseclassic.com



# ဦးသန်းထွန်း(ဥပဒေ)

## RAISE TAXES ON TOBACCO

## ဆေးလိပ်အန္တရာယ် လူတိုင်းသိဖွယ် ပညာပေးကြမယ်

နှစ်စဉ် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့သတ်မှတ်၍ ၁၉၈၉ ခုနှစ်မှစပြီး အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့သည်။ ယခုနှစ် ၂၀၁၄ ခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization,WHO)မှ သတ်မှတ်ပေးလိုက်သော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့၏ ဆောင်ပုဒ်မှာ "RAISE TAXES ON TTOBACCO", **<u>"ဆေးလိပ်အန္တရာယ်၊ လူတိုင်းသိဖွယ်၊ ပညာပေးကြမယ်"</u>**ဟူ၍ ဖြစ်ပေသည်။ မှန်ပါသည်။

ကမ္ဘာပေါ်တွင် ဆေးလိပ်အန္တရာယ်သည် လူသားတိုင်း၏ကျန်းမာရေးကို နေ့စဉ်နှင့်အမျှ၊ အချိန်နှင့်အမျှ၊ နာရီနှင့်အမျှ၊ စက္ကန့်နှင့်အမျှ ခြိမ်းခြောက်နေပေသည်။ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူဦးရေမှာလည်း တစ်နေ့ထက်တစ်နေ့ တိုးပွားလာနေပေသည်။ သို့ဖြစ်၍ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီး (WHO) အနေဖြင့်လည်း နှစ်စဉ်နှစ်တိုင်း ကမ္ဘာနှင့်အဝန်း ဆေးလိပ်အန္တရာယ်ကာကွယ်ရေးဆောင်ပုဒ်များဖြင့် နှစ်စဉ်ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့များကို ကျင်းပပြုလုပ်ခဲ့ပေသည်။

နယ်သစ်ရှာခရစ္စတိုဖာကိုလံဘတ်စ်သည် သင်္ဘောဖြင့် အတ္တလန္တိတ်သမုဒ္ဒရာဖြတ်၍ ခရစ်နှစ် ၁၄၉၂ ခုနှစ်တွင် အမေရိကတိုက်သို့ရောက်ရှိပြီး ဥရောပသို့အပြန် ဆေးရွက်ကြီးပါလာခဲ့ရာမှ ဆေးလိပ်ဓာတ်လမ်းစခဲ့၏။ ဆေးရွက်ကြီးမှ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ စီးကရက်ဟူ၍ ဖြာထွက်လာခဲ့သည်။

၁၅၅၆–၅၉ ခုနှစ်တွင် စပိန်၊ ပြင်သစ်၊ ပေါ်တူဂီနိုင်ငံများသို့ ဆေးလိပ်ပျံ့နှံ့ခဲ့၏။ ၁၈၅၀ ပြည့်နှစ်တွင် ပထမဆုံးစီးကရက်စက်ရုံကို ရုရှားနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့တွင် တည်ထောင်ခဲ့သလို ၁၈၆၄ ခုနှစ်တွင် အမေရိကာ၌ စီးကရက်စတင်ထုတ်သည်။ ၁၉၂၁ ခုနှစ်တွင် အမေရိက၌ စီးကရက်သောက်မှု အဓိကဖြစ်လာ၏။ ၁၉၆၄ ခုနှစ်တွင် မာလ်ဘိုရို ဆေးလိပ်ကြော်ငြာကြောင့် တစ်နှစ်ရောင်းအား ၁၀ ရာခိုင်နှုန်း တိုးတက်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် အာဖရိက၊ အာရှ၊ လက်တင်အမေရိကနိုင်ငံများသို့ စီးကရက်ဈေးကွက် တစ်ဟုန်ထိုး ကျယ်ပြန့်သွား၏။

Tobacco Leaf ဆေးရွက်ကြီး ငုံရုံသာမက ကွမ်းယာထဲထည့်စားကြသလို ကိုယ်ဝန်ဆောင်အမျိုးသမီးများပင် ဆေးလိပ်သောက်နေကြပြီ။ ကျောင်းသားလူငယ်ထု၏ သုံးပုံတစ်ပုံသောအိမ်တွေမှာ ဆေးလိပ်သောက်နေကြသလို ကျောင်းသားထု၏ သုံးပုံတစ်ပုံသည် ကိုယ်တိုင် ဆေးလိပ်သောက်နေကြပြီ။ အိမ်တိုင်းလိုလို ဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းကို ဆေးလိပ်သောက်ပစ်ကြသည်။

ဆေးလိပ်သောက်ရှုရာမှ အန္တရာယ်ငွေ့၊ နီကိုတင်းနှင့် ကာဗွန်မိုနောက်ဆိုဒ်နှစ်မျိုးသည် လူ့ခန္ဓာကိုယ်တွင်းမှ သွေးကြောနှင့် နှလုံးများကို အထိခိုက်ဆုံးဖြစ်၏။ နီကိုတင်းသည် ဆေးလိပ်တွင် အများဆုံးပါဝင်ပြီး စွဲစေတတ်၏။ နှလုံးခုန်နှုန်း မြန်စေ၏။ သွေးကြောကျဉ်း၊ သွေးကြောပိတ်၊ ခြေပုပ်သဖြင့် အဖြတ်ခံကြရသည်။

ဆေးလိပ်သောက်ခြင်းကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆုတ်ရောင်ရောဂါ၊ အစာအိမ်ရောဂါ၊ အစာအိမ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ လေပြွန်ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ ရုတ်တရက်လေဖြတ်ရောဂါများ ဖြစ်တတ်၏။ ဆေးလိပ်သောက် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကလေးအသေမွေးတတ်သလို ပေါင်ချိန်မပြည့်၊ လမစေ့ကလေး

www.burmeseclassic.com

www.burmeseclassic.com

များလည်း မွေးတတ်သည်။ အသက်ရှင်လျက် မွေးလာသော်လည်း အသက်မရှည်။ ရုတ်တရက်သေတတ်သည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ကမ္ဘာပေါ်မှာ တစ်နှစ် လူလေးသန်းကျော် သေဆုံးနေ၏။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO),Framework Convention on Tabacco Control (FCTC) ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို နိုင်ငံပေါင်း ၁၆၈ နိုင်ငံက ၂၃-၁၀-၂၀၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ယခုဆိုလျှင် ၁၇၇ နိုင်ငံရှိသွားပြီဖြစ်သည်။ မြန်မာနိုင်ငံအဖို့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို (၄-၅-၂၀၀၆)နေ့မှာ ထုတ်ပြန်ခဲ့ပြီး (၄-၅-၂၀၀၇)နေ့မှာ စတင်အသက်ဝင်သည်။

ဥပဒေတစ်ရပ် စတင်အသက်ဝင်ပြီဆိုလျှင် အရေးယူအပြစ်ပေးမှုပါ တစ်ပါတည်းလိုက်ရပါမည်။ ဥပဒေအရ ဆေးလိပ်မသောက်ရနေရာများတွင် မြို့ပတ်ရထားများ ပါဝင်သော်လည်း သောက်နေကြဆဲပင်။ ဥပဒေနှင့်အညီ အရေးယူမည့်သူမရှိပါ။ အလားတူပင် ကျောင်းအနီး ဆေးလိပ်မရောင်းရ တားမြစ်ထားသော်လည်း ရောင်းနေဆဲ။

စာသင်ကျောင်းများအနေဖြင့် **"တို့ကျောင်းတစ်ခွင် စင်ငါးစင်"**ဆိုင်းဘုတ်စာတန်းများ ရေးထိုးထားရာတွင် **"ဆေးလိပ်ကင်းစင်ကျောင်း"** အပါအဝင်ဖြစ်သည်။ သားသမီးများ၊ တပည့်များ အတုမြင် အတတ်သင် မဖြစ်အောင် မိဘ၊ ဆရာသမားများကိုယ်တိုင်က ဆေးလိပ်ရှောင်ကြဉ်ဖို့လိုပေသည်။ ပရိသတ်အချစ်တော် ရုပ်ရှင်မင်းသား၊ မင်းသမီးများ ပို၍သတိထားသင့်၏။ ဥပမာ ဇာတ်ဝင်ခန်းများတွင် စီးကရက်သောက်သော ဝင်းဦးနှင့် တင်တင်မူတို့ကိုအတုယူအားကျပြီး ဆေးလိပ်သောက်သူ တိုးပွားခဲ့သည်ကို သင်ခန်းစာယူရန်ဖြစ်၏။

ဆေးလိပ်သောက်ခြင်းကို အစမပျိုးသင့်သလို ဆေးလိပ်စွဲနေသူများလည်း ဆေးလိပ်ဖြတ်ဖို့ ကြိုးစားသင့်ပေသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ(ဥပဒေအမှတ် ၅/၂၀၀၆)ကို ၂၀၀၇ ခုနှစ်၊ မေလ (၃)ရက်နေ့မှစ၍ ပြဋ္ဌာန်းအာဏာတည်စေခဲ့ပါသည်။ ထိုဥပဒေပါ ထူးခြားသောပြဋ္ဌာန်းချက်များမှာ ပုဒ်မ ၇ တွင် လူအများ ဝင်ထွက်သွားလာသော ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်နှင့် အဝေးပြေးကားဂိတ်များ၊ ခရီးသည်တင်ရထားနှင့် ရေယာဉ်များပေါ်တွင် ဆေးလိပ်သောက်ခွင့်မရှိသော်လည်း ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာများကို စီမံထားရှိပေးရန် ပြဋ္ဌာန်းထားပါသည်။

တစ်ဆက်တည်းမှာပင် အဆိုပါဥပဒေ၊ ပုဒ်မ ၁၅ ၏ ပုဒ်မခွဲ (က)အရ စီးကရက်ကို လွယ်ကူစွာ ဝယ်ယူသောက်သုံးနိုင်စေရန် တစ်လိပ်ချင်းဖြစ်စေ၊ အလိပ် ၂၀ ထက်နည်းသော အထုပ်ဖြင့်ဖြစ်စေ ရောင်းချခြင်းပြုလုပ်လျှင်လည်းကောင်း၊ ပုဒ်မ ၁၇ အရ ဆေးလိပ်သောက်ခွင့်မရှိသော နေရာတွင် ဆေးလိပ်သောက်ခြင်း(သို့မဟုတ်)မီးညှိထားသည့် ဆေးလိပ်ကို ကိုင်ဆောင်ထားလျှင်သော်လည်းကောင်း ပြစ်မှုမြောက်ကြောင်း ပြဋ္ဌာန်းထားသည်ကို လေ့လာသိရှိရပါသည်။

သို့ရာတွင် အထက်ဖော်ပြပါဥပဒေ အာဏာတည်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၇)နှစ်ခန့်ရှိခဲ့ပြီဖြစ်ပါသော်လည်း မီးရထားဘူတာရုံများနှင့် ခရီးသည်တင်ရထားများပေါ်တွင်လည်းကောင်း၊ လူအများ နေ့စဉ်အသွားအလာများသော သင်္ဘောဆိပ်နှင့် ခရီးသည်တင် ရေယာဉ်များပေါ်တွင်လည်းကောင်း အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၊ ဆေးလိပ်သောက်ခွင့်ရှိသောနေရာများဟူ၍ သက်ဆိုင်ရာဌာနများမှ သတ်မှတ်ခွဲခြားပေးထားခြင်း မရှိသေးကြောင်း တွေ့နေရပေသည်။

သို့ဖြစ်၍ အများသူငါ ဝင်ထွက်သွားလာရာနေရာများတွင် အထက်ပါဥပဒေပြဋ္ဌာန်းချက်များအတိုင်း လေးစားလိုက်နာကြရန် အသိပညာပေးဟောပြောခြင်း၊ သက်ဆိုင်ရာ ဌာနအသီးသီးမှလည်း ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းဥပဒေများ ထပ်မံထုတ်ပြန်၍ နိုင်ငံတော်မှ ပြဋ္ဌာန်းပေးထားသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြည်သူအများ လေးစားလိုက်နာလာစေရန် ကြပ်မတ်ဆောင်ရွက်သင့်ပေသည်။ စာရေးသူကိုယ်တိုင်လည်း အစိုးရဝန်ထမ်းတစ်ဦးဖြစ်သဖြင့် နေ့စဉ်နှင့်အမျှဆိုသလို အထက်ဖော်ပြပါ အများသူငါသွားလာရာနေရာများဖြစ်သော ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ် စသည့်နေရာများသို့ နေ့စဉ်လိုလို မဖြစ်မနေ သွားလာနေရပေသည်။

www.burmeseclassic.com

www.burmeseclassic.com


သို့ဖြစ်၍ မိမိကိုယ်တွေ့ဖြစ်ရပ်ကလေးတစ်ခုအား တင်ပြလိုပေသည်။ စာရေးသူသည် မကြာခဏဆိုသလို မြို့ပတ်ရထားဖြင့် အလုပ်ကိစ္စသွားလာနေရသူဖြစ်၍ မြန်မာ့မီးရထားဘူတာရုံများနှင့် ခရီးသည်တင်ရထားများပေါ်တွင် အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၊ ဆေးလိပ်သောက်ခွင့်ရှိသောနေရာဟူ၍ သတ်မှတ်ပေးထားခြင်းမရှိသဖြင့် မြို့ပတ်ရထားများပေါ်တွင် စည်းကမ်းမဲ့ ဆေးလိပ်သောက်သူများကို တွေ့နေရပါသည်။ ထိုစည်းကမ်းမဲ့ ဆေးလိပ်သောက်သူများကို တိုက်ရိုက်အားပေးကူညီနေသူများမှာ စီးကရက်နှင့် အခြားဆေးလိပ်များကို တစ်လိပ်ချင်း လွယ်ကူစွာ ဝယ်ယူသောက်သုံးနိုင်စေရန် လက်ဝဲရစ်၊ လက်ယာရစ်၊ အစုန်၊ အဆန်ပတ်နေသော မြို့ပတ်ရထားများပေါ်တွင် တစ်တွဲပြီးတစ်တွဲ တက်ဆင်းလိုက်ပါလျက် တစ်နေ့လုံး လွတ်လပ်စွာ လက်လီရောင်းချနေကြသော ရထားပေါ်မှ ဈေးသည်များပင်ဖြစ်ပါသည်။

တချို့ခရီးသည်များမှာ အိမ်က စီးကရက်၊ ဆေးလိပ် ယူမလာသော်လည်း ရထားပေါ်တွင် အလွယ်ရသော ဆေးလိပ်များကို ဈေးပေါစွာဖြင့် ဝယ်ယူနိုင်သဖြင့် အလွယ်တကူပင် လွတ်လပ်စွာ သောက်နိုင်ကြပါသည်။ အထူးသဖြင့် မိုးရွာသည့်အခါများတွင် ရထား၏တံခါးများ ပိတ်လိုက်လျှင် ဆေးလိပ်ငွေ့များသည် ရထားတစ်တွဲလုံး ပျံ့နှံ့လျက် ကလေးလူကြီး၊ ရဟန်းရှင်လူ၊ ပြည်သူအားလုံးသည် ဆိုးရွားသော ဆေးလိပ်ငွေ့ကို တဝကြီးရှုရှိုက်လျက် လိုက်ပါလာကြရပေသည်။

ဤကဲ့သို့ အများပြည်သူစီးသွားသည့် မီးရထားများပေါ်တွင် စည်းမဲ့ကမ်းမဲ့ ဆေးလိပ်သောက်သူများနှင့် ရောင်းချသူများအား အထက်ပါဥပဒေ၏ ပုဒ်မ ၁၈၊ ပုဒ်မ ခွဲ (က)အရ ရဲအရေးယူပိုင်ခွင့်ရှိသော်လည်း တာဝန်ရှိ မီးရထားရဲများနှင့် လက်မှတ်စစ်သူများသည် အရေးယူဖို့ ဝေးစွ၊ တားမြစ်ဖို့ဝေးစွ သူတို့ကိုယ်တိုင်ပင် အထက်ပါ ဥပဒေနှင့် အရေးယူရကောင်းမှန်း မသိရုံမက အဆိုပါ ဥပဒေပြဋ္ဌာန်းထားမှန်းပင်သိကြဟန်မတူပေ။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်းအမှုထမ်းများအားလုံးကိုလည်း အဆိုပါ ဥပဒေနှင့်ပတ်သက်၍လည်းကောင်း၊ ကျန်းမာရေးအတွက် ဆေးလိပ်အန္တရာယ်နှင့် ပတ်သက်၍လည်းကောင်း ဦးစွာ ပထမ ပညာပေးဟောပြောပေးကြရန်လည်း လိုအပ်ပါကြောင်း ထပ်လောင်းတင်ပြအပ်ပေသည်။

အထက်ပါကဲ့သို့ ရထားပေါ်တွင် တာဝန်ရှိသူများက အရေးမယူသဖြင့် ခရီးသည်အချင်းချင်း သွားပြောမိပါက အချင်းချင်း ခိုက်ရန်ဖြစ်ကြရသည်မှာလည်း မကြာခဏဆိုသလို မြင်တွေ့နေရပေသည်။

အထက်ပါဖြစ်ရပ်မျိုး စာရေးသူကိုယ်တိုင် မြို့ပတ်ရထားဖြင့် မြို့ထဲသို့လိုက်ပါလာစဉ် မိမိအနီးတွင် စီးကရက်သောက်နေသော ကုမ္ပဏီဝန်ထမ်း လူရွယ်တစ်ဦးအား "ရထားပေါ်မှာ ဆေးလိပ်သောက်ခွင့်မရှိဘူးဆိုတာ မသိဘူးလား"ဟု မေးလိုက်မိရာ ထိုလူရွယ်က ပြန်ပြောသည်မှာ "ဦးလေးရာ သူတို့က ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရ ဆိုင်းဘုတ်တွေ ကပ်ထားပေမယ့် ရပ်ကွက်ထဲမှာ အမှိုက်မပုံရဆိုတဲ့ နေရာတွေမှာ အမှိုက်တွေပုံနေကြသလိုပါပဲ၊ ဦးလေး သတိထားဖတ်မိရဲ့လား၊ ဟိုပြတင်းပေါက်ပေါ်က ဆိုင်းဘုတ်မှာ 'မ' ဆိုတဲ့ စာလုံးတွေကို သေသေချာချာဖျက်ထားတော့ (ဆေးလိပ်သောက်ရ၊ ကွမ်းစားရ)ဖြစ်နေတာပေါ့ဗျာ"ဟု ကျွန်ုပ်အား ပြန်၍ပင် ပညာပေးနေပြန်သဖြင့် "ကောင်းရောကွာ"ဟုပင် ပြောလိုက်မိပေသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်အနေဖြင့် ထိုအချိန်တွင် ချက်ချင်းသတိရလိုက်မိသည်မှာ "မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်တယ်"ဆိုတာ တကယ်မှန်တာပဲဟုပင် ဆိုရမလိုဖြစ်နေပေသည်။

ယခုဆောင်းပါးအား ရေးနေချိန်တွင် တိုက်တိုက်ဆိုင်ဆိုင်ပင် (၂၉-၄-၂၀၁၄)ရက်နေ့ထုတ် ဒီမိုကရေစီတူဒေး သတင်းစာ၌ ဖော်ပြထားသည်မှာ "အဆုတ်ကင်ဆာရောဂါကြောင့် အမျိုးသားများ အသက်ဆုံးရှုံးမှုပိုမိုဖြစ်ပွား"ဆိုသော ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ဖတ်လိုက်ရပေသည်။ ထိုသတင်းတွင် အဆုတ်ကင်ဆာရောဂါသည် အမျိုးသားများတွင် အဖြစ်အများဆုံးနှင့် အသက်ဆုံးရှုံးမှုအများဆုံးရောဂါဖြစ်ကြောင်း ဓာတ်မှန်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်လှက ပြောသည်။

အမျိုးသားများတွင် အဆုတ်ကင်ဆာရောဂါအပါအဝင် အဖြစ်အများဆုံး ကင်ဆာရောဂါများမှာ အသည်းကင်ဆာ၊ အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာ စသည်

www.burmeseclassic.com

တို့ဖြစ်ကြပြီး ယင်းတို့အနက် အဆုတ်ကင်ဆာသည် အဖြစ်အများဆုံးနှင့် အသက်ဆုံးရှုံးမှုနှုန်းအများဆုံး ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

အဆုတ်ကင်ဆာဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ဆေးလိပ်၊ ဆေးရွက်ကြီးများကို စားသုံးခြင်း၊ သောက်သုံးခြင်း၊ ဆေးလိပ်ကို ကိုယ်တိုင်မသောက်သော်လည်း ဆေးလိပ်၏ အခိုးအငွေ့ကြောင့်ဖြစ်သည့်အပြင် အခြားသော လုပ်ငန်းခွင်များနှင့် ပတ်သက်၍ ဘိလပ်မြေစက်ရုံ၊ ဘက်ထရီစက်ရုံ၊ အာဆင်းနစ်စက်ရုံ စသည်တို့နှင့် ဆက်စပ်၍ လုပ်ကိုင်နေရသော ပုဂ္ဂိုလ်များသည်လည်း အဆုတ်ကင်ဆာဖြစ်နိုင်ကြောင်း သိရသည်။

''အဓိက,ကတော့ ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်တာပေါ့၊ ဒါ့ကြောင့် အမျိုးသားတွေက အမျိုးသမီးတွေထက်ကိုပိုပြီး အဖြစ်များတယ်''ဟု ဒေါက်တာခင်လှက ဆိုကြောင်း၊ အဆိုပါရောဂါကို အစောဆုံးသိရှိနိုင်ရန်အတွက် မိမိကိုယ်ကို ဆန်းစစ်ခြင်းကို ပြုလုပ်သင့်ပြီး ဆန်းစစ်သည့်နေရာတွင်လည်း ခန္ဓာကိုယ်အလေးချိန်ကျလာခြင်း၊ ချောင်းဆိုးလာခြင်း၊ ဖျားခြင်း၊ အလိုလိုနေရင်းနှင့် အားနည်းလာခြင်း၊ ရင်ကျပ်ခြင်း၊ မနက်ပိုင်း သလိပ်ခတ်လိုက်ချိန်တွင် သွေးစလေးများတွေ့ခြင်း စသည့် လက္ခဏာလေးများကို သတိပြုသင့်ကာ ယင်းတို့အား သတိထား၍ တွေ့ရှိပါက တတ်ကျွမ်းနားလည်သည့် ဆရာဝန်များနှင့် ပြသတိုင်ပင်သင့်ကြောင်း အသိပေး ပြောကြားခဲ့ပေသည်။

သာမန်အားဖြင့် အသက် (၅၅)နှစ်နှင့် (၇၄)နှစ်ကြားရှိသူတို့သည် ကင်ဆာဖြစ်နိုင်ခြေ ပိုများသည့်အတွက် ပိုမိုစစ်ဆေးသင့်ပြီး မိသားစုအတွင်း အဆုတ်ကင်ဆာရောဂါရှိသူ၊ ဆေးလိပ်ကို နှစ်ပေါင်းများစွာ သောက်သုံးခဲ့သူများအနေဖြင့် စစ်ဆေးမှုများ ကြိုတင်ပြုလုပ်ထားသင့်ကြောင်း သိရသည်။

''ဆေးလိပ်ကို အခုမသောက်တော့ဘူးဆိုပေမယ့် အရင်ကသောက်ခဲ့တဲ့ အကြွင်းအကျန်တွေက အဆုတ်ထဲမှာ ကျန်ခဲ့တဲ့အတွက် အဲဒီလိုလူမျိုးတွေကလည်း တစ်ချိန်ချိန်မှာ ရောဂါဖြစ်လာနိုင်တဲ့အတွက် စစ်ဆေးသင့်ပါတယ်၊ အရင်ကသောက်ခဲ့တာ၊ အခုမှမသောက်တော့တာဆိုပြီးတော့ မစစ်ဘဲနဲ့မနေသင့်ပါဘူး၊ လူတိုင်းစစ်ဆေးသင့်ပါတယ်''ဟု ဒေါက်တာခင်လှကဆက်လက်ပြောကြားခဲ့ကြောင်း လေ့လာသိရှိခဲ့ရပေသည်။

စာရေးသူတို့မြန်မာများ တစ်ယောက်နှင့်တစ်ယောက်တွေ့လျှင် ''နေကောင်းကြရဲ့လား''၊ ''ကျန်းမာကြပါတယ်နော်''၊ ''ဘာရောဂါမှမရှိဘူးလား''ဟူ၍ မေးကြ၊ နှုတ်ဆက်တတ်ကြသည်။ တစ်ဖက်ကလည်း ''ကျန်းမာပါတယ်''၊ ''ဘာမှမဖြစ်ဘူး''၊ ''ဘာရောဂါမှမရှိဘူး''ဟု ပြန်ပြောတတ်ကြသည်။ သို့ဖြင့် ကျန်းမာခြင်းဆိုသည်မှာ ဘာမျှမဖြစ်ခြင်း၊ သို့မဟုတ် ဘာရောဂါမှမရှိခြင်းနှင့် အဓိပ္ပာယ်တူနေသည်။

ဆေးပညာအရမူ ထိုသို့မဟုတ်ပေ။

၁၉၄၆ ခုနှစ်ကပင်လျှင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization,WHO)က ''ကျန်းမာခြင်းဆိုသည်မှာ ရောဂါဘယကင်းရှင်းခြင်းကိုသာ မဆိုလို၊ ရုပ်အားဖြင့်၊ စိတ်အားဖြင့်၊ ပေါင်းသင်းဆက်ဆံရေးနှင့်ဆိုင်သော လူမှုလုပ်ငန်းအားဖြင့် ပြည့်စုံစွာ အလုံးစုံကောင်းမွန်ခြင်းဖြစ်သည်''ဟု အဓိပ္ပာယ်ဖွင့်ခဲ့ပါသည်။ ၎င်းသည်မှာ ၁၉၄၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်မှ ၂၂ ရက်အတွင်း အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တွင် ကျင်းပသော နိုင်ငံတကာကျန်းမာရေးညီလာခံ (International Health Conference) မှ နိုင်ငံပေါင်း ၆၁ နိုင်ငံ ပါဝင်လက်မှတ်ထိုးထားသည့် ကြေညာချက်မှဖြစ်သည်။ ၎င်းသည်ကို ၁၉၄၈ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီးက ထပ်မံအတည်ပြုခဲ့သည်။ သို့ ဖြင့် ထို ဧပြီလ ၇ ရက်သည် ကမ္ဘာ့ကျန်းမာရေးနေ့ဖြစ်ခဲ့သည်။

စင်စစ် လူ၏ကျန်းမာရေးနှင့်ပတ်သက်လာလျှင် ဗုဒ္ဓသည် နှစ်ပေါင်း ၂၅၀၀ ကျော်လောက်ကပင် လက်တွေ့လုပ်ပြ သုဘောတရားချပြခဲ့သည်။

(၁) ဗုဒ္ဓသည် သူ၏ရဟန်းများနှင့် နောက်လိုက်ဘာသာဝင် ဥပါသကာများကို အမြဲကျန်းမာအောင်နေရန် ဆော်ဩခဲ့သည်။

(၂) ထိုသို့ ဆော်ဩရာ၌ လူမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် ပတ်ဝန်းကျင်(ဝါ)အာကာသပေါ် မူတည်နေကြောင်း ပြောခဲ့သည်။

(၃) ဓာတ်ကြီးလေးပါး ညီမျှရန်(ဝါ)သဟဇာတဖြစ်ရန် ပြောခဲ့သည်။

(၄) နာမကျန်းသူများကို ကုသရန် ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ရဟန်းများဆိုလျှင် နာမကျန်းသောရဟန်းကို ကုသပါက ဗုဒ္ဓကိုကုသသည်နှင့်တူကြောင်း၊ ကုသိုလ်ရကြောင်းပြောခဲ့သည်။ ''သမားတော်ဗုဒ္ဓ၊'' ''သူနာပြုဘုရား''ဟု နောင်းလူများက သမုတ်ကြသည်။

(၅) သမားတော် ဇီဝကအား ရဟန်းဘောင်ဝင်ချင်သည်ကို ခွင့်မပြု။ ဆေးကုခြင်းသည် ရဟန်းဝတ်သကဲ့သို့ ကုသိုလ်ရကြောင်း ပြောခဲ့သည်။ ဇီဝကသည် လူဝတ်နှင့်ပင် သောတာပန်တည်ခဲ့သည်။

ထို့ပြင် ''အာရောဂျပရမံလာဘံ'' ''ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး''ဟု ဗုဒ္ဓကိုယ်တိုင် ဟောခဲ့သည်။

ဗုဒ္ဓက ယခုလူ့ဘဝသည် ရှေးဘဝအဆက်ဆက်၏ ဆုံစည်းရာ ရလဒ်ဖြစ်သည်။ ရှေ့ဘဝဖြစ်မည်ဟုမသိသေး။ ကျိုးကြောင်းဆက်စပ်မှုတရားအရ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်ရမည်ဖြစ်ရာ ကျန်းမာအောင်ကောင်းတာလုပ်ရမည်ဟု ပြောခဲ့သည်။ အနေအထိုင်၊ အစားအသောက်၊ စိတ်ကြည်လင်ခြင်း၊ စူးစိုက်ခြင်းသည် ကျန်းမာရေးအတွက် အရေးကြီးကြောင်း ပြောခဲ့သည်။

ဆေးလိပ်ကို လူအများကြီးသောက်ကြသည်။ စီးကရက်မပေါ်မီက ဆေးပေါ့လိပ်၊ ပြောင်းဖူးဖက်ဆေးလိပ်တို့ကို သောက်ကြ၏။ ပျူခေတ်မှစကာ ဆေးတံများသောက်ကြ၏။ စာရေးသူ ငယ်ငယ်က သင်ခဲ့ရသော ကဗျာတိုကလေးကို အမှတ်ရနေသေးသည်။

**ဆေးတံတို**
**တစ်ညီုလောက်**
**ရော့သောက်တော့ပေး။**
**မယူလိုက်က**
**မိုက်လို့ထင်**
**ယူလိုက်ပြန်က**
**ကြိုက်လို့ထင်။**
**သောက်စေချင်**
**ကုတင်(ခုတင်)တွင်ထောင်ခဲ့ကွဲ့**
**ညီုနွဲ့ရဲ့လေး။ ။**

စာဆိုတော် မယ်ခွေက စပ်ခဲ့သည်။ သို့သော် ဆေးလိပ်သောက်ခြင်းသည် မကောင်းပါ။ ဆေးလိပ်ထဲ၌ ဆေးရွက်ကြီး (Tobacco Leaves)ပါရာ ယင်းအထဲမှ နီကိုတင်း (Nicotine) ဓာတ်သည် လူ၏ကျန်းမာရေးကို ထိခိုက်စေပါသည်။

***"ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများ"**

(၁) တစ်နှစ်လျှင် ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်ခြင်းကြောင့် လူ(လေးသန်း)သေသည်။
(၂) ဆေးရွက်ကြီးထဲ၌ လူကိုအန္တရာယ်ပြုသောဓာတ်ပေါင်း (စုစုပေါင်း)၄၀၀၀ ကျော်ရှိသည်။
(၃) ဆေးလိပ်သောက်ခြင်းသည် လူကိုစွဲစေရုံမက ခန္ဓာကိုယ်ကိုလည်း ရောဂါရစေသည်။
(၄) ဆေးလိပ်စွဲခြင်းမှာ မူးယစ်ဆေးဝါးစွဲခြင်းလိုပင် အဖြတ်ရခက်သည်။
(၅) ဆေးလိပ်ကြောင့်ဖြစ်သော ရောဂါများမှာ များလှသလို ကုန်ကျငွေလည်း များလှသည်။
(၆) တစ်ကမ္ဘာလုံးတွင် လူ ၃ ယောက်မှာ ၁ ယောက် ဆေးလိပ်သောက်နေသည်။ အာရှနှင့် ပစိဖိတ်ဒေသမှာ လူ ၃ ယောက်တွင် ၂ ယောက် သောက်နေ၏။
(၇) မလေးရှားနိုင်ငံ၌ သက္ကရာဇ် ၂၀၀၆ ခုနှစ်တွင် လူကြီး ၁၀၀ မှာ ငါးဆယ် ဆေးလိပ်သောက်ကြသည်။ စုစုပေါင်း လူ ၄ သန်းရှိ၏။ တစ်နေ့ကို ၁၄ ပုလင်းကုန်အောင် သောက်ကြ၏။

***"ကျန်းမာရေးထိခိုက်မှုများ"**

(၁) ဆေးလိပ်သောက်ခြင်းကြောင့် ကင်ဆာ၊နှလုံးရောဂါနှင့် အဆုတ်ရောဂါရကြသည်။
(၂) ဤသို့ရောဂါဖြစ်သည်မှာ ကိုယ်တိုင်သောက်သူသာမက ဆေးလိပ်သောက်သူအနားမှာနေသူပါဖြစ်သည်။
(၃) ဆေးလိပ်သောက်သူနားနေသော ကလေးများမှာရုတ်တရက်သေဆုံးတတ်ကြသည်။ Sudden Infant Death Sydrome (SIDS) ဟုခေါ်သည်။

***"ဆေးလိပ်ဖြတ်ခြင်း"**

(၁) ဆေးလိပ်ဖြတ်ချင်လျှင် ပထမ စိတ်ပြတ်ဖို့လို၏။ သံဓိဋ္ဌာန်ချ၍ ဖြတ်ရမည်။ ဆုံးဖြတ်ထားသည့်အတိုင်း လိုက်နာရမည်။
(၂) မိမိမှာ အိမ်ထောင်ရှင်ဖြစ်ပါက မိမိသည်စံပြပုဂ္ဂိုလ်ဟူ၍ သဘောထား ဖြတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

(၃) ဆေးလိပ်ဖြတ်ခြင်းကို လုံးဝတိခနဲဖြတ်နိုင်သလို နည်းနည်းချင်းအစားထိုး၍ ဖြတ်နိုင်သည်။ နီကိုတင်းအစားထိုးဆေးများသုံး၍ ဖြတ်နိုင်၏။ အမေရိကန်သမ္မတ အိုဘားမားသည် ထိုသို့ပင် ဖြတ်ခဲ့သည်။

(၄) ဆေးလိပ်ဖြတ်စဉ် စိတ်ပညာရှင်နှင့် ဆွေးနွေးနိုင်၏။

(၅) အပ်စိုက်ကုခြင်း၊ တရုတ်ဆေးဖက်ဝင်သစ်ပင် (ပရဆေး)၊ အိပ်မွှေးချပညာနှင့် အနံ့ (Aroma thearpy)တို့ကို သုံးနိုင်သည်။

(၆) ဆေးလိပ်ဖြတ်ခြင်းမှာ ဘယ်ခါမဆို ဖြတ်၍ရသည်။နောက်ကျသည်ဟူ၍မရှိပေ။ထို့ကြောင့် ''ယခုပင်ဖြတ်ပါ''ဟု တိုက်တွန်းချင်ပါသည်။

(၇) ဆေးလိပ်ဖြတ်ခြင်းဖြင့် ကျန်းမာရေးသာမက စီးပွားရေးကိုပါ ပိုကောင်းလာစေပါမည်။

(၈) အားနာ၍ ဆေးလိပ်မသောက်ပါနှင့်။ စွဲတတ်သည်ကို သတိပြုပါ။

(၉) အလုပ်လုပ်ရာ၊ ခရီးသွားရာတွင် ''ဆေးလိပ်မသောက်ရ''ဟူသော နေရာများမှာနေပါ။ လုပ်ကိုင်ပါ။ သွားလာပါ။

**"ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်နိုင်သောရောဂါများ"**

(၁) အဆုတ်ကင်ဆာ
(၂) နာတာရှည် အသက်ရှူကျပ်ရောဂါ
(၃) အစာမျိုပြွန်ကင်ဆာ
(၄) နှလုံးသွေးမရောက်ရောဂါ
(၅) သွေးလွတ်ကြောကျဉ်းရောဂါ
(၆) ဆီးအိမ်ကင်ဆာ
(၇) သုက်ကောင်မဲ့ရောဂါ
(၈) မှတ်ဉာဏ်ပျက်စီးခြင်း
(၉) ဆေးလိပ်သောက်မိခင်မှ ပိန်လှီသောကလေး မွေးခြင်း
(၁၀) ဆေးလိပ်သောက်မိခင်မှ အသေစောကလေး မွေးခြင်း
(၁၁) ပန်းနာရင်ကျပ်
(၁၂) အသက်ရှူလမ်းကြောင်းရောဂါများ
(၁၃) ကင်ဆာရောဂါအမျိုးမျိုး

အထက်ဖော်ပြပါ အချက်များကို ချိန်ဆ၍ သုံးသပ်ကြည့်ပါက မြန်မာနိုင်ငံအနေဖြင့် ပြဋ္ဌာန်းပြီး အာဏာသက်ရောက်လျက်ရှိသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (ဥပဒေအမှတ် ၅/၂၀၀၆)တစ်ရပ်ရှိပါလျက် လက်တွေ့အရေးယူဆောင်ရွက်မှုအားနည်းနေကြောင်းသုံးသပ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ ''Ignorance of Law is no excuse.'' **''ဥပဒေကို မသိလို့ပါဆို၍ အပြစ်မှ ခွင့်မလွှတ်ပေ''** ဟူသော စကားအရ ဥပဒေများကို အများပြည်သူအားလုံး သိရှိလိုက်နာ ကျင့်ကြံနိုင်ကြစေရန် အသိပညာပေးမှု များစွာပြုလုပ်သင့်ပါသည်။

သို့ပါသော်လည်း ပျက်အစဉ်၊ ပြင်ခဏဆိုသလို အရာရာမှာ အကြောင်းမရှိဘဲ အကျိုးမဖြစ်ပေါ်နိုင်ပါသဖြင့် ရှေးဦးစွာ ပြည်သူအများ မသိရှိသေးသည်ကို သိရှိအောင် ပညာပေးဟောပြောပေးရန်ပင်ဖြစ်ပေသည်။

စာရေးသူအနေဖြင့် လေ့လာသိရှိသရွေ့ တင်ပြရပါလျှင် မြန်မာနိုင်ငံအနှံ့အပြားတွင် နှစ်စဉ်ဆိုသလို စာပေဟောပြောပွဲများ ပြုလုပ်ကြပါသော်လည်း အဆိုပါ စာပေဟောပြောပွဲများသည် များသောအားဖြင့် နိုင်ငံရေးနှင့် စာပေရေးရာ အကြောင်းအရာများသာ များနေပြီး ဥပဒေရေးရာနှင့် ဆေးလိပ်အန္တရာယ် သိမှတ်ဖွယ်များ ဟောပြောမှုမှာ မရှိသလောက်ပင် ရှားနေပေသည်။

သို့ဖြစ်ပါ၍ စာပေဟောပြောပွဲများဖြင့်လည်း အထက်ဖော်ပြပါ ဆေးလိပ်အန္တရာယ်များကို ကျန်းမာရေးရှုထောင့်မှလည်းကောင်း၊ ဥပဒေရှုထောင့်မှလည်းကောင်း ထည့်သွင်းဟောပြော ပညာပေးခြင်းအားဖြင့် **"ဆေးလိပ်အန္တရာယ်၊ လူတိုင်းသိဖွယ်၊ ပညာပေးကြမယ်"**ဟူသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization,WHO)မှ သတ်မှတ်ပေးထားသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့၏ဆောင်ပုဒ် ''RAISE TAXES ON TOBACCO''ဆိုသည့်အတိုင်း (၃၁-၅-၂၀၁၄)ရက်နေ့တွင် ကျရောက်သည့် **"ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကြီး"**အား ကြိုဆိုကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။

ဦးသန်းထွန်း (ဥပဒေ)

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

''ဒီကောင်လေးက လူစွမ်းလူစရှိပါတယ်၊ ညီမလေး စဉ်းစားမမှားနဲ့နော်''

''ဘာလူစွမ်းလူစရှိတာလဲ၊ စာလည်း မူလတန်းအောင်အဆင့်လောက်ပဲရှိတာ''

''ညီမလေးကလည်း ဆယ်တန်းအောင်၊ ဘွဲ့ရလို့ ဘာမှဖြစ်မလာတဲ့လူတွေ တို့နိုင်ငံမှာ ဘယ်လောက်ရှိသလဲ၊ တို့ရွာမှာတောင် လူပေါင်း (၁၀)ကျော်လောက်ရှိတာလေ''

အစ်မ ရွှေမြရင်က အကွက်ကျကျ တင်ပြလာတော့လည်း ညီမလေး ရွှေမြခင်ထံမှ ဘာသံမျှမထွက်တော့ချေ။

''နောက်ပြီး ထွန်းဦးမောင်က ရုပ်ကလည်း ခပ်ဖြောင့်ဖြောင့်လေ၊ အရုပ်အမောင်းရှိတယ်''

''အစ်မကလည်း ရုပ်က ကိုက်စားလို့ရလို့လား၊ အဆင်းရှိပြီး အချင်းမရှိတဲ့ လူ့ပေါက်ပန်းတွေ အများကြီးပဲ''

''အမယ်လေး.....ညီမလေးရယ်၊ ထွန်းဦးမောင်က အဲဒီအစားထဲက မဟုတ်ဘူးလေ၊ လက်ထဲမှာလည်း ရင်းနှီးစားနေတာ တွေ့တယ်မဟုတ်လား၊ စစ်တွေကို ရက်မှန်စက်လှေတစ်ခေါက်စီထွက်တိုင်း စက်လှေပေါ်ပါနေတာ သူ့ဆန်အိတ်ချည်းပဲလေ''

ရွှေမြခင် တိတ်တိတ်ကလေး နားထောင်နေ၏။

''နောက်ပြီး ရိုးမတောင်ခြေမှာလည်း မြေတွေဦးပိုင်ဖောက်ပြီး ရော်ဘာပင်တွေအများကြီး စိုက်ပျိုးထားတာလေ''

ပစ္စုပ္ပန်တည့်တည့်သို့ရောက်ရှိနေသော လူငယ်တစ်ယောက်၏ ကောက်ကြောင်းက ဘဝနဲ့ သဘာဝအချိုးဗေဒကျလှသမို့ အစ်မ ရွှေမြရင်က ညီမလေးအပေါ် စည်းရုံးအား ကောင်းနေခြင်းဖြစ်သည်။

ထွန်းဦးမောင်မှာ လွန်ခဲ့သည့် ဆယ်နှစ်ကျော်လောက်က ရွာမှ ထွက်သွားခဲ့သည်။ ပညာကလည်း မသင်ချင်၊ မိဘလယ်ကိုလည်း ကောင်းကောင်းမလုပ်ချင်ခဲ့။ ယောင်လည်လည်နဲ့ ထိုင်းနိုင်ငံသို့ အောက်လမ်းက ရောက်သွားခဲ့သည်။ ရွာသားတွေ မေ့မေ့ပျောက်ပျောက်ပင် ရှိနေခဲ့ကြလေပြီ။

ယခင်နှစ်ကမှ ရွာသို့ ပြန်းခနဲ ရောက်လာခဲ့သည်။ ခုဆို နှစ်နှစ်ရှိခဲ့ပြီပေါ့။ နိုင်ငံခြားအလုပ်သွားလုပ်တာ အဆင်ပြေလာတဲ့ပုံပါပဲ။ ငွေစလေးတရှင်ရှင်နဲ့ဆိုတော့ ရွာသူပျိုဖြူချောတွေက မျက်စကလေး ပစ်နေကြလေရဲ့။ သည်အထဲမှာ ရွှေမြရင်က မြို့ပေါက်လည်ရောက် ဆန်ကုန်သည်မ,ဆိုတော့ ပိုပြီးအထာကျွမ်းသည်။ ပိုပြီးလျင်သည်။ သို့သော် ရွှေမြရင်က အိမ်ထောင်ပျက်မ,ဆိုတော့ ကောင်လေးက စိတ်မဝင်စား။ သည်တော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုသလို ညီမလေးနဲ့ နားချခဲ့သည်။

ရွှေမြခင်က ရွာသူဆိုပေမယ့် ပညာရေးဌာနဝန်ထမ်း ကျောင်းဆရာမတစ်ဦး။ ဆယ်တန်းအောင်၊ ဘွဲ့ရ၍ ကျောင်းဆရာမ ဖြစ်လာခဲ့သည်တော့မဟုတ်။ ရှစ်တန်းအောင်ကတည်းက နိုင်ငံတော်က တာဝန်ယူပြီး စစ်ကိုင်း၊ ရွာသစ်ကြီးသင်တန်းကျောင်းသို့ ပို့ခဲ့သည်။ သုံးနှစ်တိုင်တိုင် သင်တန်းတက်ပြီးမှ ဖြစ်လာသော ဆရာမဖြစ်သည်။ ခုဆိုလျှင် မိမိရွာမှာပင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရပြီး လူသားမျိုးနွယ်ဆက်တို့၏ ဥယျာဉ်မှူး အစစ်အမှန်ဖြစ်နေပေပြီ။

''ညီမလေးတို့ အဆင်ပြေတဲ့ ဘဝမျိုး ဖြစ်သွားရင်တော့ အိမ်ထောင်ရေးဘဝ သာယာကြမှာလေ''

ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေမြခင်တစ်ယောက်ကတော့ အစ်မကြီး အမိအရာရောက်နေသည့် ဒေါ်ရွှေမြရင်၏ စည်းရုံးမှုအောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ခွင်ပိတ်ခံနေရလေပြီ။

အနာဂတ်ဘဝအိမ်ကို တည်ဆောက်ရာတွင် ပစ္စုပ္ပန်၏ လုပ်ရပ်သည် ပဓာနကျသော အခန်းကဏ္ဍက ပါဝင်သည်မို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေမြခင် အလီလီတွေးသည်။ ရွှေမြခင်မှာ ကျောင်းအုပ်ဆရာမကြီးဟူသောတာဝန်ကို ထမ်းဆောင်နေရသော်လည်း အသက် ၂၀ ကျော် အရွယ်မျှသာမို့ အိမ်ထောင်ရေးဘဝ၏ ပျော်ဝင်စီးသစ်မှုတွင် စိတ်ကူးယဉ်မှုတစ်ပိုင်းတစ်စကပင် ငြိတွယ်လာခဲ့သည်မို့ အစ်မကြီး၏ ဖြစ်စေလိုမှုဆန္ဒကို လိုက်လျောမိပေတော့သည်။

XXX

အိမ်ထောင်သက် နှစ်နှစ်မည်သော ကာလအပိုင်းအခြားသည် ချစ်ကြင်သူ ဇနီးမောင်နှံတို့အတွက် အချစ်တို့ဖြင့် ထုံမွမ်းနေသော ချစ်ရည်ရွှန်းနေ့ရက်များပင်ဖြစ်လေသည်။ သည့်ထက်ပို၍ ထူးခြားသည်မှာ အိမ်ထောင်ရေးဘဝ၏ အဆင်တန်ဆာဖြစ်သော ရင်သွေးရတနာကို သန္ဓေရထားပြီဟု သိလိုက်ချိန်တွင်တော့ ဘဝသုခရသာပြည့် အပျော်နေ့တွေပါပဲ။ ကိုထွန်းဦးမောင်နဲ့ ဆရာမကြီး ဒေါ်ရွှေမြခင်တို့မှာ ပျော်လိုက်ကြတာ ပြောစရာမရှိ။ ကြည့်လေရာရာ၊ မြင်လေရာရာ သိင်္ဂါရ ရသပြည့် အလှပုံရိပ်တွေချည်းပဲလေ။

သို့သော် စက္ကန့်တိုင်း၊ မိနစ်

အပျော်နေ့တစ်နေ့၏
မိနစ်ပိုင်းကလေး
သာယာမှုသည် အနာဂတ်ဘဝ
ရှင်သန်နိုင်ရေးအတွက်
အားယူနေသော ငယ်ရွယ်သူ
မိသားစုတစ်ခု၏
အဆိပ်ရည်ပြည့်
ဒဏ်ရာအနာတရကို
ပြင်းပြင်းရှရှ
ခံစားနေကြရရှာလေပြီကော
...



တိုင်း၊ နာရီတိုင်း ပြောင်းလဲဖြစ်ပျက်တတ်သော အကြောင်းတရားက ဆရာမကြီး ဒေါ်ရွှေမြခင်တို့ဘဝကို ကိုယ်ချင်းမစာခဲ့၊ မကြင်နာခဲ့၊ မျက်နှာသာမပေးခဲ့။ မွန်းတည့်ချိန်မှာ နေဝင်တော့မည့်ကိန်း ဆိုက်နေခဲ့ပေပြီ။

ထွန်းဦးမောင်မှာ နေထိုင်မကောင်းသည့်ရက် များလာသည်။ အစားအသောက် ပျက်လာ၏။ တစ်နေ့တခြား ပိန်ချုံးလာသည်။ သည်တစ်ခေါက် မြို့ဆေးခန်းသွားပြီး အပြန် အိမ်ပေါ်ရောက်သည်နှင့် ကိုထွန်းဦးမောင်နှုတ်ဖျားက ကြက်ခြေခတ်ပြစကားစုတစ်ခုက ညင်ညင်သာသာ ထွက်သွားခဲ့သည်။

"ခင်ရယ် ကိုယ်မှားခဲ့ပြီကွယ်"

"ဘယ်လိုဖြစ်တာလဲ ကိုမောင်ရယ်"

"အေအိုင်ဒီအက်(စ်)တဲ့"

"ဟင်....."

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး ဒေါ်ရွှေမြခင်၏ ခံစားချက်အသိအိမ်ထဲတွင် သောကမီးသည် ပြင်းစွာလောင်ကျွမ်းခဲ့လေပြီ။

"ကိုမောင်၊ ပြီးတော့ ကျွန်မ၊ နောက် အပြစ်မဲ့တဲ့ ရင်သွေးငယ် သန္တေသားလေး၊ ကျွန်မကမ္ဘာကြီး ပျက်ပါပြီ၊ ဟီး...အီး...ဟီး...ဟီး"

ဒေါ်ရွှေမြခင်ဆိုတာ ကျောင်းတစ်ကျောင်းကို စီမံခန့်ခွဲအုပ်ချုပ်ပြီး အနာဂတ်မျိုးဆက်သစ် ရင်သွေးငယ်လေးတွေကို ပြုစုပေးနေသည့် ဥယျာဉ်မှူး၊ ဘဝပြင်ဆရာမကြီး၊ စိန်သွေးကျောက်မျက်ဆရာရယ်လေ။ ခုတော့ ပတ်ဝန်းကျင်အလယ်မှာ ဘယ်လိုရပ်တည်ရမှာလဲ။

ထိုင်းနိုင်ငံဆိုတာ အရှေ့တောင်အာရှ၏ အတိုးတက်ဆုံးစာရင်းဝင်နိုင်ငံပါပဲ။ နိုင်ငံခြားသားဧည့်သည်တွေ နှစ်စဉ်ရောက်ကြသလားမမေးနဲ့၊ ခြေချင်းလိမ်နေကြတယ်လို့ ပြောရမလောက်ပါပဲ။ နိုင်ငံ၏တိုးတက်မှု၊ သဘာဝတရား၏သာယာမှုတို့က နိုင်ငံခြားသား ဧည့်သည်များကို လာချင့်စဖွယ် မြူဆွယ်နေဘိသို့ရှိချေ၏။

နိုင်ငံတောင်ပိုင်း၊ ထိုင်းပင်လယ်ပြင်ထဲက ဖူးခက်ကျွန်းဆိုလျှင် သဘာဝအလှတရားက လူ့စိတ်ကို ဆွဲဆောင်နိုင်သလားမမေးနဲ့၊ ကြည့်မဝ၊ ရှုမဝ လှမှလှပဲ။ ဤမျှ နှစ်သက်စရာကောင်းလှသော ဖူးခက်ကျွန်းတွင် လိင်မှုကိစ္စ ဖြေဖျော်ပွဲ၊ ရှိုးပွဲတွေကလည်း ပေါမှပေါ။ ဤလိုအခြေအနေမျိုးတွင် ငွေစကြေးစကလေးရှင်ပြီး အသိပညာဗဟုသုတအားနည်းသည့် ထွန်းဦးမောင်တို့လို လူစားမျိုးတွေ အဘယ်မှာလျှင် ရှောင်လွှဲ၍ ရအံ့ပါမည်နည်း။ အလှူပွဲကိုဝင်တိုးသည့်ခွေးလိုဖြစ်မည်ကား ကေန်ပင်။

ခုတော့ အပျော်နေ့တစ်နေ့၏ မိနစ်ပိုင်းကလေး သာယာမှုသည် အနာဂတ်ဘဝ ရှင်သန်နိုင်ရေးအတွက် အားယူနေသော ငယ်ရွယ်သူ မိသားစုတစ်ခု၏ အဆိပ်ရည်ပြည့် ဒဏ်ရာအနာတရကို ပြင်းပြင်း ရှရှ ခံစားနေကြရရှာလေပြီကော။

XXX

"သားလေးရယ် မင်းအဖေ မရှိတော့ဘူးကွဲ့၊ သားလေး လူ့လောကထဲ မရောက်ခင်ကပဲ အမေ့ကို ဗိုက်တစ်ဗိုက်နဲ့ ထားရစ်ခဲ့တာလေ"

"----"

"ဪ...အပြစ်မဲ့တဲ့ ငါ့သားလေး ဘာမှမသိရှာပါလား"

ဒေါ်ရွှေမြခင် သားလေးကို အသာအယာ ကောက်ချီပြီး မျက်နှာ ငွေလ ရှင်ပျပျလေးကို အားရပါးရ မွှေးကြူပစ်လိုက်သည်။ မွေးသမိခင်၏ အငိုမျက်ဝန်းအိမ်မှ မျက်ရည်ပေါက်များ သားလေးမျက်နှာပေါ်သို့ ကြွေဆင်းသွားကြ၏။

"အမေ့အလှည့်လာတော့မယ် သားရယ်၊ အမေပြီးရင် အမေ့သားလေးအလှည့်ပဲ၊ ဟီး...ဟီး...ဟီး"

တိတ်ဆိတ်သော ညကမ္ဘာထဲတွင် ဆရာမကြီး ဒေါ်ရွှေမြခင်၏ ပူမီးမြူဝေ ငိုကြွေးသံက မင်းမူနေ၏။

"ညီမလေး ငိုနေတယ်"

အစ်မဖြစ်သူ ဒေါ်ရွှေမြရင် အခန်းထဲသို့ ရောက်လာ၏။

"ဟုတ်တယ် အစ်မ၊ ညီမလေး ငိုနေတယ်"

"ဘဝအကြောင်းတရားပါပဲ ညီမလေးရယ်"

"အမှန်က အစ်မရယ် ညီမလေးကိုယ်တိုင်က စဉ်းစားတွေးခေါ်မှု အားနည်းတာပါ၊ ကိုမောင်ဟာ မူလတန်းအဆင့်ပညာလေးနဲ့ နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com


ခြားမှာ ဆင်ကန်းတောတိုး သွားလုပ်ခဲ့တာလေ၊ သူ့ကို လက်သင့်ခံတော့မယ်လို့ ဆုံးဖြတ်ပြီးရင် တတ်ကျွမ်းတဲ့ ဆရာဝန်တွေနဲ့ ဆေးစစ်ချက် ယူသင့်တယ်၊ ဒါမှမဟုတ် အချိန်ကာလတစ်ခုအထိ သူ့အခြေအနေကို စောင့်ကြည့်သင့်တာပေါ့နော်''

''ဟုတ်တယ်၊ ဒီရောဂါရလို့ရှိရင် ခြောက်နှစ်ဆို ရောဂါလက္ခဏာတွေ ဖုံးမရဖိမရ ပြတာပဲတဲ့''

''ခုတော့ မှားခဲ့ကြပြီပေါ့ ညီမလေးရယ်''

လောကသံသရာ ခရီးသည်များရဲ့ လောဘကြောင့် ဖြစ်တဲ့ သောကဆိုက မှားမတဲ့လား။

XXX

နွေနေ့လယ်ခင်းကာလများဆိုရွာလယ် ခရေတန်းအောက်တွင် ကလေးများ ကစားခုန်စား ပျော်ပါးလေ့ရှိကြသည်။ ယနေ့လည်း နံနက်စာ စားပြီးကတည်းက ကလေးတွေ ပြည့်နေပေပြီ။

''မေမေဂျီး တားတား တွားဂျားမယ်နော်''

''မသွားပါနဲ့ သားလေးရယ်၊ ရော့.....ဒီမှာ ပါပီလေးနဲ့ ကစားမယ်နော်''

''ဟင့် အင်း၊ ပါဘီလေးနဲ့ မဂျားချင်ဘူး''

''ရော့....ဒီမှာ ဘောလုံးလေး၊ အမေနဲ့ ကစားမယ်နော်၊ လာ..လာ၊ မေမေ့သားကြီးက လိမ္မာပါတယ်''



''ဟင့်အင်း.....တွားမယ်.....တွားမယ်''

ဖိုးထူးလေးမှာ အမေ ဒေါ်ရွှေမြခင် တားနေသည့်ကြားက အိမ်ပေါ်ကဆင်းသွားခဲ့လေပြီ။ အဖော်ကလေးတွေက ဖိုးထူးလေးကို လက်ဆွဲခေါ်ပြီး ကစားဝိုင်းသို့သွင်းကြ၏။ ဖိုးထူးလေးကလည်း အဖော်ကြိုက်သူမို့ ရွယ်တူကလေးများနဲ့ သွားရောပြီး မဟာမိတ်ချင်းဆုံတွေ့သွားကြ၏။

''ဟာ....ဒုက္ခပါပဲ၊ ဒီကလေးရောက်လာပြန်ပြီ''

ဆရာမကြီး ဒေါ်ရွှေမြခင်ကြည့်နေရင်းပင် အိမ်ရှေ့အိမ်က အမျိုးသမီး သူ့သားလေးကို လက်ဆွဲခေါ်သွားလေပြီ။ ဖိုးထူးလေးကတော့ ပါးစပ်လေးဟောင်းလောင်းနဲ့ သူ့အဖော်ကို လိုက်ကြည့်နေသည်။

''ဒီကလေးလာရင် ပြန်လာခဲ့ပါလို့ပြောတာ မရဘူး''

မိခင်ဖြစ်သူက သူ့သားလေးကို မြည်တွန်တောက်တီးပြောရင်း အိမ်ခြံဝင်းထဲသို့ ဝင်သွားသည်။

''ဟော့ကောင် ဖိုးထူး၊ မင်း လူတွေနဲ့ မရောရဘူးလေ၊ လာ...လာ ညီလေး.....လာ''

ကောင်လေးတစ်ယောက် သူ့ညီလေးကို ဆွဲခေါ်ရင်း ဖိုးထူးလေးကို မာန်သလိုပြောသွား၏။ ဖိုးထူးလေးမှာ မျက်လုံးလေး ကလယ်ကလယ်ဖြင့် ကြည့်ကျန်ခဲ့၏။

ဒေါ်ရွှေမြခင်မှာ သားလေး၏ အဖြစ်ကိုကြည့်ပြီး ကြေကွဲမျက်ရည်များ အိမ်ထောင့်စွန်းဖျားမှ မျက်ရည်ပူ

www.burmeseclassic.com

များ စိမ့်အိုင်ခိုတွဲ စီးဆင်းလာကြ၏။ ဒေါ်ရွှေမြခင်မှာ မိမိကိုယ်တိုင်လည်း ကိုယ်ခံစွမ်းအား လျော့နည်းလာခဲ့သည်ကို သတိပြုမိနေပေပြီ။ အစားအသောက်ပျက်လာ၏။ ပုစွန်တုပ်ကြီးလို ဖြူဖွေးလှပနေသော ခန္ဓာဗေဒဆိုင်ရာတို့မှာ ဖြူဖတ်ဖြူရော် ဖြစ်နေခဲ့ပေပြီ။ ဆေးခွင့်တင်ပြီး အနားယူလိုက်သည်မှာ လအတော်တောင် ကြာပါပေါ့လား။

ခရေပင်အောက်တွင် အဖော်မဲ့စွာဖြစ်နေသော သားလေးဖိုးထူးကို ဒေါ်ရွှေမြခင် အသာအယာ လက်ဆွဲခေါ်ယူလိုက်သည်။

''တား တူငယ်ဂျင်းဒွေနဲ့ဂဂျား ဒယ်''

ဖိုးထူးလေးက မပီကလာနဲ့ သူ့ဆန္ဒလေးကို ထုတ်ဖော်လိုက်၏။ ဩော်.....ငါ့သားလေး ဘာမှမသိရှာပါလားဆိုသောအသိသည် သားချစ်အမေ၏ နှလုံးအိမ်တွင် လာဆောင့်၏။

''လာပါ သားရဲ့၊ မေမေကြီးနဲ့ ကစားကြမယ်နော်''

သားလေးဖိုးထူးက နောက်သို့လှည့်ကြည့်လှည့်ကြည့်နှင့် သူ့အမေနောက်သို့လိုက်သွား၏။

XXX

ဆရာမကြီး ဒေါ်ရွှေမြခင် သံယောဇဉ်တောင်တန်းများကို မျက်ကွယ်ပြုပြီး လောကကြီးအား စွန့်ခွာသွားခဲ့သည်မှာ သုံးနှစ်ပင်ရှိခဲ့ပေပြီ။ သားလေးဖိုးထူးမှာ ၆ နှစ်သားအရွယ်ရောက်ကတည်းက ကျောင်းနေအရွယ်ရောက်ခဲ့သည်။ သို့သော် ပတ်ဝန်းကျင်ပြုပြင်မှာစိုး၍ ကျောင်းမအပ်ဖြစ်ခဲ့။ ကျောင်းအုပ်ဆရာမကြီး၏သားက ကျောင်းနေအရွယ်တွင် ကျောင်းအပ်ခွင့်မရသည့်အဖြစ်ကို တွေးပြီး ကြီးကြီး ဒေါ်ရွှေမြရင် ရင်ထဲမကောင်းရှာ။ ညီမလေးတို့ အိမ်ထောင်ရေးဘဝဖြစ်တည်မှုမှာ ကိုယ်မွေးသည့်မီးလို ဖြစ်နေသဖြင့် တွေးမိတိုင်း မချိတင်ကဲ ခံစားရသည်။

ခုဆို ဖိုးထူးလေး ၉ နှစ်တင်းတင်းရှိခဲ့လေပြီ။ သို့သော် ဖိုးထူးလေးကား စာသင်ခန်းထဲမှာမဟုတ်။ သူငယ်ချင်းတွေနဲ့ ဆော့ကစားရင်းလည်းမရှိ။ အရိုးပေါ်အရေတင်ကာ အိပ်ရာထဲလဲလျက်ပေတကား။

ကြီးကြီးဖြစ်သူ ဒေါ်ရွှေမြရင်မှာ ဖိုးထူးလေး၏ဖြစ်အင်ကိုကြည့်ပြီး မျက်ရည်တွေတွေစီးကျနေ၏။

ကလေးဘဝကို အဖတ်ဆယ်လို့ ရလေမလားလို့ ရှိစုမဲ့စုပိုက်ဆံလေးဖြင့် ရန်ကုန်သို့ထိ လိုက်ပြပြီးပြီ။ သို့သော် အရာကားမထင်ခဲ့။ ဖိုးထူးလေးမှာ ခံနိုင်ရင် နေ့ပိုင်း၊ ရက်ပိုင်းပါပဲ။

ဒေါ်ရွှေမြရင်မှာ ရေနစ်ရာတွင် ကောက်ရိုးတစ်မျှင်သည်လည်း ကိုးကွယ်ရာမို့ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးကို သွားပင့်၏။ ကျန်းမာရေးမှူးမှာ အိမ်ပေါ်သို့တက်ပြီး ဖိုးထူးလေးအနီးတွင် ဝင်ထိုင်လိုက်သည်။ ကလေး၏ ခြေ၊ လက်၊ ရင်ဘတ်တို့ကို စမ်းကြည့်လိုက်၏။ နောက် နားကြပ်ဖြင့် ထောက်ကြည့်လိုက်၏။

''ကလေး အသက်မရှိတော့ဘူး''

''အဖြစ်ဆိုးလှချည်လား သားလေးရယ်၊ ဟီး.....ဟီး.....ဟီး''

ကျန်းမာရေးမှူး၏စကားအဆုံးတွင် ဒေါ်ရွှေမြရင်ချုံးပွဲချငိုရလေပြီ။

XXX

ထိုင်းနိုင်ငံသို့သွားပြီး အလုပ်လုပ်ကိုင်ခဲ့သူ လူငယ်တစ်ယောက်၏ အသိအမြင်အားနည်းခြင်း၊ စိတ်အလိုလိုက်ခြင်း၊ လွတ်လပ်မှုကို အသုံးချမှုမှားယွင်းခြင်းတို့ကြောင့် လူ့အသက်ခြွေရောဂါကို ခန္ဓာအိမ်ထဲ သိုလှောင်ယူလာခဲ့သည်။ ထိုမှတစ်ဆင့် ချစ်ကြင်သူ ဇနီးမယားနှင့် သမီးသားတို့ဆီ ရောက်ခဲ့သည်။ အနာဂတ်အတွက် ရည်ရွယ်ချက်ကောင်းကောင်းဖြင့် တည်ဆောက်ခဲ့ကြသော အိမ်ထောင်ရေးတစ်ခု၏ ပင်စည်ခက်လက်တို့သည်လည်း တစ်ခုပြီးတစ်ခု ကျိုးပဲ့ကြွေကျပြီး ဇိဝိန်ချုပ်ငြိမ်းခဲ့ကြလေပြီကော။

အထူးသဖြင့် ဒေါ်ရွှေမြခင်မည်သော ပညာရေးပန်းကောင်းတစ်ပွင့်မှာ အဆိပ်လူးသည့်ပိုးကိုက်ပန်းအဖြစ်နှင့် ကြွေကျ မြေခခဲ့ရသည်မှာ နှမြောစရာကောင်းလှပေသည်တကား။

**လူလူချင်းမေတ္တာစိတ်ထားနိုင်ကြပါစေ**

ကျွန်းစဉ်မြေဧရာ

www.burmeseclassic.com





# အိမ့် (ရှုပဗေဒ)

# ရှေ့သွားနောက်ကြည့်

မအေးခင်ဘဝက လင်သားဆုံးပါးသွားသည့်နောက် သမီးလေး မြဖူးခင်လက်ကိုဆွဲပြီး မြို့ကြီးပြကြီးသို့ ထွက်လာခဲ့၏။ ရွာကိုစွန့်၍ မြို့သို့ရောက်လာသော်လည်း မအေးခင်တွင် နေထိုင်စရာ အိမ်မရှိပေ။ သည်တော့ ဦးကြီးတော်စပ်သူ ရွှေပြည်သာတွင်နေသူထံ ရောက်သွားရတော့သည်။

''ညည်းကိုတော့ အားနာတယ် အေးခင်ရေ၊ ဒေါ်ကြီးတို့မှာလည်း မြင်တဲ့အတိုင်း အိမ်ကငှားနေရပြီး အိမ်ခန်းကကျဉ်းကျဉ်းလေးအေ''

ဦးကြီး၏မိန်းမက မအေးခင်အား မထားချင်၍ ယတိပြတ်ပြော၏။ မအေးခင်လည်း မခံချင်စိတ်ဖြင့် ယောက်ျားဆင်ယင်ထားခဲ့သော ရွှေထည်ပစ္စည်းလေးများကို ထုခွဲကာ အိမ်ခန်းငှားနေလိုက်သည်။

''ဒေါ်ကြီးတို့နဲ့ အေးခင် ဈေးလိုက်ရောင်းပါရစေနော်''

''တို့ဘဝတွေက ပျံကျဈေးသည်ဘဝတွေပါအေ၊ ညည်းကြိုက်ရာရောင်းပေါ့၊ ခေါက်ပြန်ကြေးနဲ့ ကုန်ဝယ်လို့ရအောင် ပြောပေးမယ်''

နောက်ဆုံးတော့ မအေးခင်လည်း အရင်းမစိုက်ရဘဲ ပျံကျဈေးသည်ဘဝသို့ ရောက်သွားရ၏။

+++

''အမေ.....သမီးလေ အမေနဲ့ဈေးလိုက်ရောင်းချင်တယ်''

ဈေးထွက်ခါနီးတွင် မြဖူးခင်စကားကြောင့် မအေးခင် ဒေါသထွက်သွားတော့သည်။ ပညာတတ်မှ သူတို့ဘဝရှေ့ရေးက အဆင်ပြေနိုင်မည်ဖြစ်ရာ ပဌမတန်းကျောင်းသူဘဝသို့ တက်ရောက်နိုင်ရန် မအေးခင်က ရုန်းကန်လှုပ်ရှားနေရ၏။

''ဘာပြောတယ်၊ လျှာမရှည်နဲ့ မြဖူးခင်၊ မိဘက အပင်ပန်းခံပြီး ရှာဖွေနေရတာ၊ ပညာတတ်ဖြစ်အောင်ပဲကြိုးစား''

''သမီးလေ အမေ့ကိုသနားတယ်၊ ပြီးတော့ ဟို.....ဟို.....''

မြဖူးခင်က အထစ်ထစ်အငေါ့ငေါ့ဖြင့် စကားမဆက်ရဲတော့ပေ။ မအေးခင်လည်း အချိန်မရသည့်အတွက် သမီး၏ခံစားချက်ကို အလေးမထားခဲ့ပါ။ ဈေးသို့သာ ထွက်သွားလိုက်၏။ မြဖူးခင်မှာဖြင့် မျက်နှာငယ်လေးဖြင့် ကျန်ရစ်ခဲ့ရှာသည်။

+++

''အေးခင်ရေ.....ဈေးထွက်တာနောက်ကျလှချည်လားအေ''

''သမီးလေ...သမီး၊ နေမကောင်းဖြစ်နေလို့ပါ ဒေါ်ကြီးရယ်''

''ဖြစ်မှာပေါ့အေ့၊ ညည်းက ကလေးကို ဂရုမှမစိုက်တာပဲ၊ တစ်ယောက်တည်းကျန်ရစ်ခဲ့ရတော့ အားငယ်မှာပေါ့အေ''

''ကျွန်မလည်း စီးပွားရှာနေရတာလေ၊ မထားခဲ့လို့ဖြစ်မလားရှင့်''

မအေးခင်က စိတ်ပျက်လက်ပျက်ပုံဖြင့် ပြောလိုက်သည်။

''ကလေးက အရွယ်ရောက်လာပြီနော်၊ ပတ်ဝန်းကျင်ကကောင်းမှဖြစ်မှာ အေးခင်၊ ညည်းသမီးအရွယ်မပြောနဲ့၊ လသားအရွယ် မိန်းကလေးတောင် စိတ်ချရတာမဟုတ်ဘူး၊ သက်ငယ်မုဒိမ်းမှုတွေ မကြာခဏ ဖြစ်နေကြတာနော်''

ဒေါ်ကြီးပြောမှပင် မအေးခင်လည်း သမီးအတွက် စိတ်ပူသွားမိ၏။ သည်တော့ ဈေးစောစောသိမ်းပြီး သမီးထံသို့ ပြန်ခဲ့ရတော့သည်။

''ဟုတ်တယ်၊ ငါ့သမီးလေး တစ်ခုခုဖြစ်ရင် ရင်ကျိုးရချည်ရဲ့၊ ရေတိမ်နစ်ခံရရင် ဒုက္ခ၊ မဖြစ်ဘူး၊ ဒီနေ့ ဆေးခန်းပြမှဖြစ်မယ်၊ သမီးကြည့်ရတာ အားနည်းနေသလိုလိုပဲ''

+++

''သမီးရေ.....သမီး''

အိမ်ရှေ့တွင်မတွေ့၍ အိပ်ခန်းထဲဝင်ရှာလိုက်သည်။ မအေးခင် စိုးရိမ်သွားတော့သည်။ ပြီးမှ ရေအိမ်ထဲကဆင်းလာသော သမီးကိုတွေ့မြင်ပြီး ပူပန်မှုလျော့သွားရ၏။

''ရှာလိုက်ရတာကွယ်၊ အသံပြုရောပေါ့ သမီးရယ်''

သမီးကရှုံ့မဲ့သောမျက်နှာဖြင့် စကားသံပင် မထွက်နိုင်ပေ။ အိပ်ရာပေါ်ရောက်သည်နှင့် လဲကျသွား၏။ တစ်နေရာရာတွင် နာကျင်ကိုက်ခဲနေပုံဖြင့် မြဖူးငုံက ဟန်မဆောင်နိုင်တော့ပေ။ မအေးခင်လည်း သမီး၏အခြေအနေမှာ မကောင်းမှန်းနားလည်သွား၍ မသင်္ကာစိတ်ဖြင့် စစ်ဆေးကြည့်လိုက်၏။

''ဟင်.....''

မအေးခင်တစ်ယောက် မေ့မြောလုမတတ် ချောက်ချားသွားတော့၏။ သမီး၏ မိန်းမကိုယ်တွင် ရောင်ရမ်းနေပြီး သွေးထွက်နေသည်။

''ပြောစမ်း၊ ညည်းကိုဘယ်သူစော်ကားသွားတာလဲ''

''အမေ အဲဒါကြောင့် အမေ့နောက်ကိုလိုက်ချင်တယ်လို့ပြောတာပေါ့၊ အီး....ဟီး၊ သမီးကို ဟိုဘက်အိမ်ကလူကြီး ခဏခဏ လာစော်ကားတယ်၊ ပြန်ပြောရင် သတ်ပစ်မယ်တဲ့၊ အီး.....ဟီး.....ဟီး''

မအေးခင်လည်း ရင်ထဲဆို့တက်သွားပြီး မြဖူးငုံကို ဖက်ငိုလိုက်မိတော့၏။ အရွယ်မတိုင်ခင် ရေတိမ်နစ်သွားရခြင်းမှာ မိဘ၏ပေါ့လျော့မှုကြောင့်ဖြစ်မှန်း [illegible]လည်ရင်း မြဖူးငုံကိုခေါ်ကာ မျက်ရည်စက်လက်ဖြင့် ရဲစခန်းသို့ထွက်လာခဲ့ရတော့၏။

အိမ့်(ရှုပဗေဒ)

www.burmeseclassic.com

www.burmeseclassic.com



ယခင်လမှအဆက်

# တက်တက်ဦးဝေ

## ငွေ့အလွန်

အခန်းဆက်ဝတ္ထုရှည်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ နောင်ရိုးလုံခြုံအောင် သိမ်းထားသည့်ကြားမှ ကျွန်မ၏ ပြန်စာလေးကို သူ့အမေ တွေ့သွားခဲ့လေပြီ။ ထို့ကြောင့် ရုံးခန်းထဲ ထူးဆန်းစွာခေါ်လာသည်ကိုက ကျွန်မအတွက် တွေးစရာလိုဖြစ်ခဲ့ရ၏။

"မင်းနဲ့နောင်ရိုး ချစ်သူတွေဖြစ်နေကြပြီပေါ့၊ ဟုတ်လား"

မဖြေပါ။ ခုချိန်ရောက်မှ ငြင်းဆန်လည်း ယုံကြမည်မှမဟုတ်ဘဲလေ။ ပြီးတော့ ငြင်းမရနိုင်သည့်သက်သေက ခိုင်လုံနေတော့လည်း ပြောသမျှကို ခံနေရုံပဲရှိတော့သည်။

"ဒါကြောင့် မနှစ်ကတည်းက မင်းတို့ကို မသင်္ကာတာ၊ ပိုပြီးသေချာအောင် မင်းတို့နေရမယ့်အတန်းကိုမှ ရအောင်ကိုင်ပြီး လေ့လာနေတာ၊ ခုတော့ ထင်တဲ့အတိုင်းပဲလေ၊ ဟင်း.....ဟင်း"

အကြံပိုင်လွန်းသည့် ဆရာမမျက်နှာကို မခိုးမခန့်ကြည့်ပြီး မှန်သောစကားတစ်ခွန်းကို ရဲဝံ့စွာပြောချမိ၏။

"နောင်ရိုးကအရင် ကျွန်မကို စာပေးတာနော်၊ ချစ်မိတဲ့သူမှာ အပြစ်ရှိမယ်မထင်ပါဘူး၊ ဒီလိုဖြစ်မလာအောင် ဆရာမဆုံးမထားပေါ့"

"မင်း သိပ်ရိုင်းပါလား"

နဝမတန်းမှ ကျွန်မ၏ အတန်းပိုင်ဆရာမလေး ရောက်လာကာ နောင်ရိုး၏မိခင်ကို လက်ကလေးပြ၍ တောင်းပန်ပြီး ဝင်ရောက်ဆုံးမလာပါသည်။

"ဆရာသမားကို ပြန်မပြောရဘူး သမီးရဲ့၊ ငရဲကြီးတတ်တယ်၊ ပညာသင်ချိန်မှာ အချစ်ရေးကို မစဉ်းစားသင့်ဘူး၊ သမီးတို့အရွယ်က ငယ်ပါသေးတယ်ကွယ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်လျှောက်နိုင်တဲ့တစ်နေ့ အချစ်ဆိုတာ ကိုယ်က မဖိတ်ခေါ်ဘဲနဲ့ သူ့အလိုလိုရောက်လာကြမှာပါ၊ ဒီတော့ ပညာကိုသာ ကြိုးစားပါ နွေအလွန်"

ဆရာမ၏ ပညာသားပါပါ ဆုံးမလိုက်သည့်စကားလေးက ကျွန်မ၏နားထဲမှပင် မထွက်တော့ပေ။ ဆရာ့စကားသည် တပည့်အတွက် လိုက်နာချင်သည့်စိတ်မျိုးဖြစ်လာစေရန် ဆုံးမတတ်ရမည်။ ညင်သာစွာ စည်းရုံးနိုင်ရပါမည်။ ယခုတော့ နောင်ရိုးမိခင်က ဤသို့မဟုတ်ပေ။ မဆိုင်သောစကားဖြင့် အနိုင်ယူချင်ပုံမျိုး မတူမတန်သည့် မျက်လုံးများဖြင့် ပြောလာပြန်သည်။

"ကြက်မှာအရိုး၊ လူမှာအမျိုးတဲ့ ညီမရဲ့၊ စာရိတ္တမကောင်းတဲ့မျိုးရိုးက မွေးဖွားလာတော့လည်း ဒီလောက်တော့ရှိမှာပေါ့လေ၊ အဒေါ်ဆိုလည်း အရာရှိတစ်ယောက်နဲ့ တိတ်တိတ်ပုန်းရခဲ့တဲ့ကိုယ်ဝန်ကို ဖျက်ချလို့ တလောကမှ ဆေးရုံကဆင်းလာခဲ့ရတာတဲ့၊ နောင်ရိုးကို တော့....."

"မဟုတ်ဘူး၊ မဟုတ်ပါဘူး၊ ကျွန်မဒေါ်လေးက စိတ်ထိခိုက်ပြီး နှလုံးရောဂါဖြစ်ခဲ့တာပါ ဆရာမရယ်၊ မလိုသူတွေရဲ့စကားကို မစုံစမ်းဘဲ ရမ်းသန်းမပြောချင်ပါနဲ့ရှင်"

"ဟုတ်ရင်ကော၊ ပုပ်ရင်ပေါ်မှာပဲ၊ ဒါကိုလိမ်ညာလို့ရမှာလား အေး၊ ညည်းတို့ရဲ့ ယောက်ျားတစ်ယောက်ကို အမိဖမ်းခဲ့တဲ့ဇာတ်လမ်းတွေ ကျုပ်နားထဲမှာ လျှံနေပြီ၊ ငြင်းမနေချင်ပါနဲ့၊ ဟင်း.....ဟင်း"

မချိတင်ကဲဖြစ်မိ၏။ လူတစ်ယောက်၏နှုတ်ဖျားမှမမှန်ကန်သောစကားတစ်ခွန်းကြောင့် ဘဝပျက်လုမတတ် ရှင်းမရနိုင်သော အမှန်တရားကို ဆရာမလေးကြောင့်သာ ကျွန်မ ရှင်သန်ခွင့်၊ အနိုင်ရခွင့် ရရှိခဲ့၏။

"မဟုတ်ပါဘူး အစ်မရယ်၊ ဆေးရုံကို ကျွန်မ ကြားကြားချင်း သွားကြည့်ခဲ့ပါတယ်၊ အစ်မထင်ထားတာမျိုး မဟုတ်ပါဘူး၊ လူတစ်ယောက်အကြောင်းကို သေချာအောင် လေ့လာစုံစမ်းပြီးမှ ပြောစေချင်တယ်၊ နို့မို့ဆို နစ်နာစရာကောင်းပါတယ်လေ၊ ကာယကံရှင်အဖို့ ဂုဏ် သိက္ခာကျလောက်အောင် ခံစားစေ ရပါတယ်"

နောင်ရိုးမိခင်မှာ ပါးစပ်ပိတ်သွားလေပြီ။ ကျွန်မဘက်မှ အမြဲတမ်းရပ်တည်ပေးနေသော ဆရာမလေးကြောင့် ကျွန်မ၏အကျဉ်းအကျပ်တစ်ခုမှ လွတ်မြောက်ခဲ့ရခြင်းပါ။

"နွေအလွန်နဲ့ပတ်သက်ပြီး ပြောစရာရှိရင် ကျွန်မကိုသာပြောပါ၊ ကိုယ့်သားသမီးတစ်ယောက်လိုအုပ်ထိန်းခဲ့ရတဲ့ ကျွန်မမှာ သူ့အပေါ် သံယောဇဉ်ဖြစ်ခဲ့ရပါတယ်၊ ကိုယ့်ရင်ခွင်မှာ လိမ္မာခဲ့တဲ့ ကလေးတစ်ယောက်ဟာ တခြားရင်ခွင်မှာ မိုက်မဲသွားရတာ ကလေးရဲ့အပြစ်မဟုတ်

www.burmeseclassic.com



ပါဘူး၊ နွေးထွေးမှုကိုမပေးနိုင်တဲ့ ရင်ခွင်ရိုင်းကြောင့်သာ ဖြစ်ပါလိမ့်မယ်''

''ဩော်..ညီမက အုပ်ထိန်းမှု မကောင်းဘူးလို့ ဆိုလိုချင်တာလား။ ဒီကျောင်းကို မင်းထက်အရင် တို့ ရောက်လာတာပါ၊ တို့တပည့်တွေထဲမှာ ဒီလိုမိန်းကလေးမျိုး တစ်နှစ်မှ ပါမလာဘူး''

''ဒါကတော့ အစ်မသားက သူနဲ့အတူပြိုင်လာလို့ ကလေးအပေါ် မျက်မုန်းကျိုးနေတာပါ၊ ဆရာဆိုတာ ဆရာစိတ်ရှိတတ်၊ ရှိရမယ်၊ ကိုယ့်သွေးမှကိုယ့်ဥလို့သဘောထားရင် ကိုယ်မွေးထားတဲ့ သားသမီးလည်း ကိုယ့်ရဲ့တစ်ကိုယ်ကောင်းဆန်တဲ့စိတ်တွေ ဝင်သွားလိမ့်မယ်''

ဆရာမ၏ ပြတ်သားသော စကားမှာ အမှန်တရားကို ဖွင့်ချလိုက်သလိုဖြစ်နေ၍ နောင်ရိုးမိခင်မှာ ခေါင်းပင်မဖော်နိုင်ရှာပေ။ ဆရာမနှင့် ဆရာတချို့က ဝင်ရောက်တားဆီး၍သာ ပြီးဆုံးသွားရသော်လည်း ကျေနပ်ခြင်းတော့မရှိခဲ့။ ဆရာမကိုယ်တိုင်ပင် ကျွန်မကို တခြားအတန်းကို ပြောင်းပေးသည်အထိ ပြဿနာတစ်ရပ်အား ကြားဝင်အမှန်းခံခဲ့ရှာသည်။ ထိုမှ နောင်ရိုးမိခင်နှင့် ကျွန်မ ဆုံစည်းခွင့်မရှိတော့သလို ကျွန်မထံမှ မဲ့ပြုံးတစ်ခုကြောင့် မကြာမီတွင် နောင်ရိုးကို တခြားကျောင်းသို့ ပြောင်းရွှေ့ထားနိုင်လောက်အောင် သူ့မိခင်မှာ တုန်လှုပ်ချောက်ချားသွားရလေပြီ။

''အချစ်အတွက် ကိုယ့်ဘဝကို ဘယ်တော့မှ အရှုံးမပေးနဲ့၊ သမီးရဲ့ အောင်မြင်မှုဟာ သိပ်မလိုတော့ပါဘူးကွယ်၊ နောင်ရိုးကိုတော့ ဆရာမ သံယောဇဉ်ရှိပါတယ်၊ မိခင်ကြောင့်သာ ဒီကလေးရဲ့စိတ်ဓာတ်ကို မြှင့်တင်မပေးနိုင်ပေမယ့် လမ်းလျှောက်ရင်း လမ်းပျောက်သွားမှာကိုတော့ စိုးရိမ်မိတယ်၊ လူငယ်ဆိုတာ အချစ်ကြောင့် အရာရာ ဆုံးရှုံးတတ်ကြတယ်မဟုတ်လား''

ယောက်ျားတစ်ယောက်အတွက်နှင့် ကျွန်မ၏မာနကို မလဲနိုင်သည့် ကျွန်မ၏စိတ်ဓာတ်ကို ဆရာမသိမှာပါ။ ဒါကြောင့်လည်း နောင်ရိုးထံမှ

''မွေ့အလွှမ်း…

တစ်သက်လုံးချစ်နေမယ်။

ကိုယ်တို့သစ္စာမပျက်ကြေးနော်။''

နောင်ရိုး

ထိုစာလေးကိုဖတ်ရပြီး ကျွန်မ ဟားတိုက်ရယ်မောပစ်လိုက်မိ၏။ ထိုအချိန်မှစပြီး ကျွန်မနှင့် နောင်ရိုး၏ ဖာတ်လမ်းပြီးဆုံးခဲ့ရသည်။ သို့သော် ကျွန်မဘက်မှ တစ်ဖက်သတ်ဆုံးရှုံးခံလိုက်ရပေမယ့် နောင်ရိုးကိုမမုန်းမိပါ။ မခံချင်စိတ်ဖြင့် စာကိုသာဖိ၍ ကြိုးစားခဲ့ပါ၏။

XXX

**အုပ်စိုး.....**

ကျွန်မဘဝ၏ ဒုတိယလူဖြစ်ပြီး အုပ်စိုးနှင့်တွေ့ဆုံရန် ဖန်တီးလာသည့်ဖာတ်လမ်းအစကား အဆောင်နေ သူငယ်ချင်း နုအေးခိုင်နှင့်ဘော်သက်ပြီးမှ သိကျွမ်းခဲ့ရသူ တစ်ယောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောင်းတက်ခွင့်ရ၍ ဒေါ်လေးကို ပြည်တွင်ထားရစ်ခဲ့ရသလို ရန်ကုန်ဆေးတက္ကသိုလ်တွင် တက်ရောက်နိုင်ရန် မိတ်ဆွေများက ကူညီခဲ့ရှာပါသည်။ ဒေါ်လေးသည် ကျွန်မ၏ဆန္ဒကို ဖြစ်မြောက်အောင် ဖြည့်ဆည်းနိုင်ခဲ့သော်လည်း ကျွန်မက ဒေါ်လေးနှင့်ခွဲခွာပြီး ဆေးပညာကို မဖြစ်မနေသင်မိ၍ ဒေါ်လေးအပေါ် ညာတာစိတ်မရှိသူဟု ထင်မိပါ၏။ သို့ပေမယ့် ကျွန်မ၏ရည်ရွယ်ချက် ပြည့်မြောက်လာသည့်တစ်နေ့တွင် ဒေါ်လေးကို အိမ်ဦးခန်းတွင်ထား၍ ကျေးဇူးဆပ်မည်ဆိုသည့် ဆန္ဒအတွေးများကြောင့် ကြိတ်မှိတ်ခံစားနိုင်ခဲ့ပါသည်။

ကျွန်မတွင် လိုအပ်သမျှ ငွေပို့နိုင်သည့်အတွက် တစ်ခါတလေ အားနာမိခဲ့၏။ ဒါတင်မကသေးပေ။ ရန်ကုန်မြို့ကြီးတွင် ဆေးကျောင်းတက်နေသည့် တူမအတွက် မည်သည့်အချိန်က ဝယ်ယူစုဆောင်းထားမှန်းမသိသည့် တစ်ကျပ်သားရွှေဆွဲကြိုးတစ်ကုံး၊ တစ်မတ်သားလက်ကောက်နှစ်ကွင်းအပြင် ရွှေလက်စွပ်နှင့် နားကပ်လေးများကို သူကိုယ်တိုင် ဆင်ယင်ဝတ်ဆင်ပေးခဲ့ရှာပါသေးသည်။ ကျွန်မအတွက် လက်ဝတ်ရတနာဟူသည် ပညာရေးလောက် အရေးမကြီးဟု တွေးထင်ထားပေမယ့်.....

''သမီးက ရန်ကုန်ကိုသွားရမှာမဟုတ်လားကွယ်၊ အများနည်းတူ ရွှေရှိဖို့တော့ လိုအပ်တယ်၊ ရွှေလေးတောင် မဝတ်နိုင်ရင် တစ်နယ်တစ်ကျေးမှာ မျက်နှာငယ်နေလိမ့်မယ်''

ဒေါ်လေးစိတ်ချမ်းသာအောင် ဝတ်ခဲ့ရပေမယ့်လည်း အဆောင်တွင် ကျွန်မလိုမိန်းကလေးမျိုး အနည်းငယ်သာ တွေ့ရပါ၏။ အားလုံးမှာ ဒေါ်လေးပြောသည့်အတိုင်း လူချမ်းသာများဖြစ်နေကြသည်။ သို့ပေမယ့် အားလုံးမှာ ချစ်ခင်ကြ၏။ အဆင့်အတန်းခွဲခြင်း၊ ဝန်တိုခြင်းများ မရှိခဲ့ကြ၍လည်း ကျွန်မအဖို့ကောင်းခဲ့ရသည်။

''နုအေးခိုင်၊ ဧည့်သည်လာနေတယ်''

''ဘယ်သူများပါလိမ့်ကွာ၊ ခွေအလွန် ခဏနော်၊ ပြီးမှဆက်ရှင်းပြ''

ပထမဆုံးအကြိမ် ဧည့်သည်လာသံကြားလျှင် မုန့်ဝယ်ကျွေးကြေးဟုဆိုထား၍ နုအေးခိုင်ပြန်လာလျှင် ဖြင့် သူ့တွင်ရှိသမျှမုန့်များ ကုန်တော့မည်ဆိုသည်ကိုတွေးမိပြီး ပြုံးမိပြန်သည်။

''ခိုင်နဲ့ခဏလိုက်ခဲ့ပါဦးကွာ''

အဖော်အဖြစ် လိုက်ပါလာမိ၏။ ဧည့်သည်မှာ အခြားသူမဟုတ်။ နုအေးခိုင်၏ဆွေမျိုးဖြစ်နေလေသည်။

''အမယ်.....ဘယ်သူများလဲမှတ်တယ်၊ အုပ်စိုးကို၊ ထင်တော့ထင်သား၊ ခိုင့်မှာ ဧည့်သည်လာရင် အုပ်စိုးပဲဖြစ်ရမယ်လို့ တွေးထင်ပြီးသား၊ ဒါပေမဲ့ အုပ်စိုးကြောင့် သူတို့ကို မုန့်ကျွေးရတော့မယ်''

စိတ်ညစ်ဟန်ဖြင့် ခေါင်းကိုကုတ်ပြီးပြောလိုက်၏။ ထိုသူက နုအေးခိုင်အပြောကို သဘောကျဟန်

တချို့
မိန်းကလေးတွေက
လာနေတုန်းက
မိန်းမကောင်းလေးတွေပါပဲ၊
ရန်ကုန်ရောက်မှ
စရိုက်တွေပျက်ပြီး
ရရာအလုပ်ကိုဝင်လုပ်၊
အချိန်မရှိမှ ပြန်လာ၊
လူပေါင်းစုံနဲ့တွဲ၊
ဒီလိုမိန်းကလေးမျိုးဆို
အန်တီက ...

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကောင်းချီးပေးနေပြန်ရာ ကျွန်မလည်း သူတို့နှင့်အတူ ပြုံးမိသည်။

"ကောင်းတာပေါ့၊ ဒါမှ ငွေပိုတောင်းလို့ရမှာမဟုတ်လား၊ အဆောင်မှာနေရတာ အဆင်ပြေရဲ့လား"

"အင်း.....ပြေပါတယ်၊ ဒီမှာ သူငယ်ချင်းတွေ တွေ့နေပြီလေ၊ မိတ်ဆက်ပေးရဦးမယ်"

ကျွန်မထံပြုံးကြည့်ပြီး မိတ်ဆက်ပေးလာ၏။ အုပ်စိုးဆိုသူမှာ ယောကျ်ားပီသပြီး နှစ်လိုဖွယ်ရာ အပြုံးဖြင့် တည်ငြိမ်စွာကြည့်တတ်သူပင်။

"သူက နွေအလွန်တဲ့၊ ဆေးကျောင်းသူလေးလေ၊ ဒီအဆောင်မှာ ဆရာဝန်လောင်းဆိုလို့ သူတစ်ယောက်တည်းရှိတာ၊ ကျန်တာတွေက ရုံးဝန်ထမ်းတွေနဲ့ ခိုင်တို့လို နယ်ကလာပြီး သင်တန်းတက်ကြသူတွေပေါ့၊ သင်တန်းလာတက်ကြသူတွေမှာ ကွန်ပျူတာ၊ စက်ချုပ်၊ အိမ်တွင်းမှု၊ နိုင်ငံခြားဘာသာစကား အစုံပဲလေ အုပ်စိုးရဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ဒါနဲ့ ဆေးကျောင်းမှာအဆောင်မရလို့ ဒီမှာလာနေတာလား"

"မဟုတ်ပါဘူး ကိုအုပ်စိုး၊ ဒီအဆောင်က အန်တီနဲ့ ကျွန်မအဒေါ်က မိတ်ဆွေတွေပါ၊ ရန်ကုန်မှာအသိအကျွမ်းမရှိတော့ စားရေးသောက်ရေးကအစ မပူပင်ရအောင် အဒေါ်က စီစဉ်ပေးခဲ့လို့ပါ၊ ပြီးတော့ ဆေးကျောင်းနဲ့လည်း နီးပါတယ်"

ကျွန်မ၏အပြောကို ခေါင်းလေးတညိတ်ညိတ်ဖြင့် နားထောင်နေရှာ၏။ အဆောင်ဆိုပေမယ့်လည်း လူရှစ်ဦးသာနေနိုင်သည့် တိုက်ခန်းတွဲလေးဖြစ်ပြီး တစ်ခန်းတွင် လူနှစ်ဦးကျစီထားသည်။ အလျှော်အဖွပ်၊ အစားအသောက်အတွက် တာဝန်ယူစီမံသဖြင့် စည်းကမ်းရှိပြီး စနစ်တကျရှိ၏။

အဆောင်စည်းကမ်းအတိုင်း သွားလာနေထိုင်ရသလို အိမ်ရှင်ကိုယ်တိုင်ကလည်း လူကောင်း၊ လူသန့်များကိုသာ လက်ခံတတ်သည်။

"တချို့မိန်းကလေးတွေက လာနေတုန်းက မိန်းမကောင်းလေးတွေပါပဲ၊ ရန်ကုန်ရောက်မှ စရိုက်ခတွေပျက်ပြီး ရရာအလုပ်ကိုဝင်လုပ်၊ အချိန်မရှိမှ ပြန်လာ၊ လူပေါင်းစုံနဲ့ဘွဲ၊ ဒီလိုမိန်းကလေးမျိုးဆို အန်တီက ကိုယ့်အဆောင် နာမည်ပျက်မှာ ဒိုးလို့ ဆက်မထားတော့ဘူးလေ၊ ကိုယ်ငွေရဖို့ကိုကြည့်ပြီး ဘယ်သူခသေသေ ငတေမာပြီးရောဆိုတဲ့ ဒိတ်ထားမျိုး အန်တီ့မှာမရှိဘူး၊ ကိုယ့်ကိုအားကိုးပြီး လာနေရတဲ့ ခိန်းကလေးတွေကို အကူအညီပေးဖို့ သူတို့ဘဝ လုံခြုံအောင် အကာအကွယ်ပေးဖို့ဆိုတဲ့ စိတ်ထားမျိုးပဲ အန်တီ့မှာရှိပါတယ်၊ ဒါကြောင့်လည်း အဆောင်ကိုရောက်လာတဲ့ မိန်းဘလေးတွေကို ရန်ကုန်ရောက်လာဘာ ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ခရောက်လာသလဲလို့ မေးခဲ့မိတာပေါ့ဘွယ်"

ကျွန်မရောက်ခါစက ရှင်းပြလာသည့်အန်တီထားသည် အပြောနှင့်အလုပ်ညီပြီး စိတ်ကောင်း နှလုံးကောင်းရှိသူတစ်ယောက်ပဲဖြစ်၏။ အဆောင်ရှေ့မှ တစ်ထပ်တိုက်လေးတွင် အသက်ခုနစ်ဆယ်ခန့်ရှိသည့် မိခင်ကြီးနှင့်အတူ အဆောင်မှရသော ဝင်ငွေဖြင့် သားအမိနှစ်ဦး အေးအေးလူလူ နေထိုင်စားသောက်ခဲ့သူပါ။ ဒေါ်လေးနှင့် မည်သို့သိကျွမ်းပြီး ခင်မင်ခဲ့သည်ဟု မသိရသော်လည်း ကျွန်မ၏ကိစ္စအဝဝအတွက် ကိုယ်တိုင်လိုက်ပါကူညီပေးခဲ့၏။ ပြည်မှထွက်လာခဲ့စဉ်က ကျွန်မကို အဆောင်အထိ လိုက်ပို့ပေးခဲ့သော ဒေါ်လေးမေမေ ယခုအချိန်အထိ အန်တီထားနှင့်သာ

www.burmeseclassic.com

www.burmeseclassic.com


အစစအရာရာ လွှဲအပ်ထားရက်သည်။ ရန်ကုန်ကို ထပ်မလာခဲ့တော့ပေ။ ကျွန်မမှာသာ ဒေါ်လေးကို အောက်မေ့သတိရရင်းက ပြည်သို့ပင်ပြန်ရန် အချိန်မရနိုင်ခဲ့တော့ပါ။

"သူက အုပ်စိုးတဲ့ ချွေအလွန်မှတ်ထားပေါ့၊ ရန်ကုန်မှာ G.T.I လာတက်တာ၊ သူလည်း အဆောင်မှာနေတာပဲ၊ အုပ်စိုးက ရည်ရွယ်ချက်ကြီးတယ်၊ G.T.I ဆင်းရင် ရန်ကုန်မှာပဲ အလုပ်ဝင်လုပ်မှာ၊ သူက မော်ကျွန်းကို ပြန်မှာမဟုတ်တော့ဘူး၊ ရန်ကုန်မှာ ချစ်သူတွေ့နေပြီလားမသိဘူးနော်"

မျက်စောင်းတခဲခဲကြောင့် အုပ်စိုးမှာ သွားလေးများပေါ်သည်အထိ ရယ်ပြုံးနေရှာသည်။ သူတို့နှစ်ဦး၏ ဆက်ဆံရေးမှာ ရင်းနှီးပုံရသလို တစ်မြို့တစ်နယ်တည်းမှဖြစ်မည်ဟု ခန့်မှန်းမိ၏။

"တို့ အန်တီထားနဲ့ သွားကူလိုက်ဦးမယ်နော်၊ ကျွန်မကို ခွင့်ပြုပါ ကိုအုပ်စိုး"

"ဟုတ်ကဲ့"

မနိုင်မနင်း သယ်မ,နေရှာသည့် ပန်းအိုးကြီးများကို ကျွန်မက အန်တီထားနှင့် ကူညီ၍ ရွှေ့ပေးနေမိသည်။

"ရပါတယ်ကွယ်၊ ဒါတွေ အန်တီထား လုပ်နေကျပါ"

"အပန်းမကြီးပါဘူး အန်တီထားရဲ့၊ နောက်ကို ခိုင်းစရာရှိရင် သမီးကိုခေါ်လိုက်နော်"

ကျွန်မ၏ အလိုက်သိမှုအတွက် အန်တီထားမှာ အားနာနေပုံရ၏။ သို့ပေမယ့် ကျေနပ်သော မျက်ဝန်းများတွင် နှစ်သက်သဘောကျမှုမျိုးကို တွေ့မြင်နေရလေပြီ။ ဩော်.....ဒီအချိန်ဆိုလျှင် တစ်ဦးတည်းကျန်ရစ်ခဲ့မည့် ဒေါ်လေးအား မည်သူကူ၍ လုပ်ကိုင်ပေးကြပါမည်နည်း။ စိတ်က ဒေါ်လေးထံရောက်နေမိပါ၏။

လက်ကိုဘုံဘိုင်တွင်စင်အောင် ဆေးပြီး ပြန်လာချိန်တွင်တော့ အုပ်စိုးပင် မည်သည့်အချိန်က ပြန်သွားခဲ့ပြီမသိ။ အခန်းထဲတွင် ရောက်နှင့်နေသော နုအေးခိုင်ကိုသာ တွေ့ရလေသည်။

**XXX**

"ဟေ့...ဘာတွေတွေးနေတာလဲ နုအေးခိုင်၊ တို့ကြည့်နေတာကြာပြီ"

အိပ်ရာထက်ဆီမှ ခေါင်းရင်းပြတင်းဘက်သို့ မျှော်ငေးကြည့်နေသည့် နုအေးခိုင်မှာ ကျွန်မအသံကြားသည်နှင့် အိပ်ရာပေါ်မှထလိုက်၏။ သူ့မျက်နှာတွင် အပြုံးရိပ်များဖြင့် ကျွန်မထံ ပြန်ငေးကြည့်နေရှာသည်။

"ကေန္တ စောစောကလာတာ နုအေးခိုင်ရဲ့ ချစ်သူလားဟင်"

"ဗုဒ္ဓေါ.....ငရဲတွေတော့ကြီးကုန်တော့မှာပဲနော်၊ အဲဒါ ခိုင်နဲ့ မောင်နှမတော်တယ်ရှင့်"

"ဘုရားရေ..ဘွာ..ဘွာ၊ ဆောရီးကွာ"

မောင်နှမသာတော်သည်။ ရုပ်ရည်ချင်းကဖြင့် မတူပါလား။ ကျွန်မ၏တွေဝေခြင်းအပေါ် နုအေးခိုင်က သိနေသလိုပင်။

"ဘာလဲ ခိုင်ပြောတာ မယုံဘူးမဟုတ်လား၊ တကယ်တော့ အုပ်စိုးကို ခိုင့်မိဘတွေက ငယ်စဉ်ကတည်းက မွေးစားခဲ့တာပါ၊ ခိုင်နဲ့က မောင်နှမဆိုလည်း မမှားပါဘူး၊ အုပ်စိုးက အရမ်းလိမ္မာတာ၊ ခိုင့်မိဘတွေဆို ခိုင့်ထက် အုပ်စိုးကိုပိုချစ်ကြတယ်၊ အခုတောင် ရန်ကုန်မှာ အဆင်ပြေရဲ့လားဆိုပြီး ခိုင့်ကို သင်တန်းတက်ရင်းနဲ့ ကြည့်ခိုင်းဖို့ လွှတ်လိုက်တာနေမှာ"

နုအေးခိုင်မှာ မိဘနှစ်ပါးကို အပြစ်ပုံချပြီး မကျေမနပ်သည့်ပုံစံ

မိန်းကလေး
ဆိုတာ
အစောင့်အကြပ်တွေ
ဘယ်လောက်ပဲ
ထားထား
ကိုယ့်ကိုယ်ကိုယ်
စောင့်မှ
လုံခြုံတာပါကွယ်
...

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ပြောလာ၏။ သို့ပေမယ့် သူ့မျက်နှာပေါ်တွင် ကျေနပ်ခြင်းအရိပ်အယောင်လေးကို ကျွန်မက မြင်ဖြစ်အောင် မြင်လိုက်မိပါသေးသည်။

''မင်းကရော အုပ်စိုးအပေါ် မောင်နှမအဖြစ် သတ်မှတ်ထားရဲ့လား''

''ငယ်ငယ်ကတည်းက အတူနေ၊ အတူစားဆိုတော့လည်း သံယောဇဉ်တော့ ဖြစ်မိတာပေါ့လေ၊ သူက အစ်ကိုတစ်ယောက်လို အားကိုးရပါတယ်၊ မော်ကျွန်းမှာဆိုရင် ခိုင်က အုပ်စိုးကြောင့် မျက်နှာသိပ်ပွင့်တာ၊ ဟိုကယောက်မ၊ ဒီကယောက်မနဲ့ပေါ့၊ ဟဲ.....ဟဲ''

''ဟေး...တို့လည်း ယောက်မလို့ ခေါ်ခွင့်ရှိပြီပေါ့နော်၊ လာကြဟော့၊ နုအေးခိုင်ဆီမှာ မုန့်စားရတော့မယ်''

တစ်ဖက်ခန်းမှ သီတာကြည်နှင့် ဥမ္မာရီတို့ အသံပေးရင်းဝင်လာကြတော့သည်။ သူတို့အနောက်မှ ခင်ခင်ချစ်ပါ ဝင်လာလေ၏။

''ကဲ.....ဘာစားကြမှာလဲ၊ ပြောကြ''

''ဒီနေ့ ပိတ်ရက်ဆိုတော့ လူစုံတယ်၊ လက်ဖက်သုပ်နဲ့ ရေနွေးနဲ့ဆို လုံလောက်ပါပြီ''

''ဟင်း....ဒါလေးတော့မလုပ်ပါနဲ့ကွာ၊ တို့တောင် မစားရက်ပါဘူးနော်၊ တခြားဥစ္စာပြော''

အုပ်စိုးပေးသွားသည့် အရီးတောင်းလက်ဖက်ထုပ်လေးကို ရည်ရွယ်၍ ပြောနေကြခြင်းဖြစ်သည်။ နုအေးခိုင်မှာ လက်ဖက်ကြိုက်ပုံရ၏။ အစားအသောက်များ သိမ်းဆည်းထားသည့် ဗီရိုလေးထဲမှ Super ကော်ဖီမစ်ထုပ်များကို အတွဲလိုက်ထုတ်ယူပြီး လက်ဖက်ထုပ်လေးကို မြန်မြန်ဆန်ဆန် သိမ်းဆည်းလိုက်ရှာသည်။

''ရော့.....ကြိုက်သလောက်ဖျော်သောက်ကြ၊ ဟိုမှာ သကြားဘူး၊ ကိတ်မုန့်လည်းရှိတယ်၊ ကျန်တဲ့သုံးယောက်ရော၊ မလာကြဘူးလား''

''လာမှာ၊ စာအုပ်ငှားဖတ်ဖို့ လမ်းထိပ်ကိုသွားကြတယ်''

အားလုံးထဲတွင် သီတာကြည်က အသက်အကြီးဆုံးဖြစ်ပြီး ရုံးဝန်ထမ်းတစ်ဦးဖြစ်သည်။ ဥမ္မာရီမှာ သူ့ညီမဖြစ်ကာ ကွန်ပျူတာသင်တန်းလာတက်ရင်း ညီအစ်မနှစ်ယောက်အဖော်ရနေ၏။ ကျန်လူများကတော့ ကျွန်မတို့နှင့် မတိမ်းမယိမ်းအရွယ်များပဲဖြစ်ကြသည်။

ပိတ်ရက်ဖြစ်လျှင် ဈေးကိုစုဝေး၍သွားချင်သွား၊ ဒါမှမဟုတ် မရောက်ဖူးသည့်နေရာလေးများကို သွားတတ်ကြ၍ ရွှေတိဂုံဘုရားကြီးကို ဖူးမြော်ခဲ့ရသည်။ ထိုအချိန်တွင် ကျွန်မ၏စိတ်က လေးမှုနှင့် ကြုံကြုံကို သတိရတတ်သေးသည်။ တစ်ချိန်က မျှော်လင့်တောင့်တမိသည့်အရာကို ဖူးတွေ့ရစဉ်မှာ ရင်တွင်းကြည်နူးမှုကြောင့် ဝမ်းသာပီတိဖြစ်ခဲ့ရသေး၏။ ဤသို့ အဆောင်သူအချင်းချင်း ညီညွတ်မှုကြောင့် အန်တီထားနှင့်အတူ ကျွန်မတို့လည်း စိတ်ချမ်းသာမိရ၏။

''ဟော.....တစ်စုတစ်ဝေးနဲ့ ဘာတွေသဘောကျနေကြတာလဲကွယ်''

အန်တီထားရောက်လာ၍ အားလုံး ကိုယ်ရှိန်သတ်သွားကြတော့သည်။ ခွက်ကြီးနှင့် ကော်ဖီဖျော်နေသူ၊ ကိတ်မုန့်လှီးသူများမှာ ကြောင်အမ်းအမ်းဖြစ်ကုန်ကြ၏။

''အန်တီထားရောက်လာတာနဲ့ အတော်ပဲ၊ တစ်ခါတည်းဝင်သောက်ဦးလေ၊ ဟော့.....အန်တီထားအတွက် အရင်ထည့်လိုက်၊ အန်တီထား လာ.....ဒီမှာထိုင်''

သီတာကြည်က သူထိုင်နေသောခုံကိုယူပြီး အန်တီထားကို အလိုက်တသိ နေရာပေးလိုက်သော်လည်း.....

''ထမင်းပဲစားကြတော့မယ်၊ ဒါတွေဘာကြောင့် သောက်နေကြတာလဲကွယ်၊ တော်ကြာ ထမင်းမစားနိုင်ဘဲ နေကြလိမ့်မယ်''

''ဒါက နုအေးခိုင် ဒကာခံတာပါ။ စောစောက သူ့ညော်သည်လာလို့လေ အန်တီထားရဲ့''

''ဟုတ်လား၊ ရည်းစားလားကွယ်၊ အဆောင်ကို ယောကျ်ားလေးလာရင် မျက်ခုံးခပ်လှုပ်လှုပ်ပဲ''

အမျိုးသားဧည့်သည်ဆိုလျှင် အန်တီထားက လက်ခံချင်ပုံမရပါ။ သို့ပေမယ့် သူမကြိုက်ကြောင်းကို သိစေရန် ချိုသာသောနည်းဖြင့် ပြောနေခြင်းဟု မြင်မိ၏။ နုအေးခိုင်မှာ လျှင်မြန်စွာ ငြင်းရှာပါ၏။

''မောင်နှမတွေပါ အန်တီထား။ ငြီးတော့ခိုင့်အစ်ကိုကရှိသွားပါတယ်''

www.burmeseclassic.com

www.burmeseclassic.com





"တော်ပါသေးရဲ့ကွယ်၊ အန်တီထားက သမီးတို့ကို စောင့်ရှောက်ဖို့ တာဝန်ရှိတယ်မဟုတ်လား။ မိန်းကလေးဆိုတာ အသွားအလာ၊ အနေအထိုင်ကအစ ဂရုစိုက်ရမယ်လေ၊ မင်းတို့ရဲ့အုပ်ထိန်းသူတွေက အန်တီထားဆီမှာ စိတ်ချလက်ချ အပ်သွားခဲ့ကြတာမဟုတ်လား။ ဘာပဲပြောပြော မင်းတို့ရဲ့ဘဝလုံခြုံဖို့ အန်တီထားဆီမှာ တာဝန်အပြည့်ရှိနေပါတယ်၊ အန်တီထားရဲ့စေတနာကိုတော့ နားလည်ကြပါကွယ်"

အပြင်ဆောင်များတွင် အန်တီထားလို ပြည့်ဝသောစိတ်ထားမျိုးရှိသူ ရှိနေပါလား။ ထို့ကြောင့်လည်း ဒေါ်လေးက ကျွန်မအား စိတ်ချလက်ချ ထားသွားခြင်းဖြစ်ပါလိမ့်မည်။

"သီတာ သိပါတယ် အန်တီထား၊ သီတာက အန်တီထားဆီမှာ တစ်နှစ်ကျော် နေလာခဲ့သူပါ၊ အဆောင်မှာနေကြတဲ့သူတွေအချင်းချင်း ကူညီစောင့်ရှောက်ဖို့နဲ့ သူတို့လေးတွေကို ညီအစ်မအရင်းတွေပမာ ဆုံးမတားဆီးပေးမှာပါ၊ စိတ်ချပါ အန်တီထားရယ်၊ သူတို့တွေမှာရှိတဲ့ အခက်အခဲကိုလည်း အန်တီထားဆီ တင်ပြပေးမှာပါ"

"ဝမ်းသာပါတယ် သီတာရယ်၊ ခုချိန်ထိ သင့်သင့်မြတ်မြတ်နဲ့ ဘာသံမှမကြားဘဲ နေလာကြတဲ့အတွက် မင်းတို့လေးတွေကို ကျေးဇူးလည်းတင်မိပါတယ်၊ ဒါပေမဲ့ မင်းတို့လေးတွေကို အန်တီထား ပြောချင်တာက မိန်းကလေးဆိုတာ အစောင့်အကြပ်တွေ ဘယ်လောက်ပဲထားထား ကိုယ့်ကိုယ်ကိုယ်စောင့်မှ လုံခြုံတာပါကွယ်၊ မင်းတို့လည်း သောက်ကြလေ၊ အေးကုန်တော့မယ်"

"ဟုတ်ကဲ့ပါ"

ကော်ဖီတစ်ခွက်နှင့် မုန့်တစ်ချပ်စီကို ပြိုင်တူလှမ်းယူကြစဉ် အပြင်မှသုံးယောက်လည်း ပြန်လာကြ၍ စည်ကားသွားတော့၏။

XXX

ဤသို့အနေကြာလာသည်နှင့် အမျှ ခင်မင်ရင်းနှီးမှု ပိုလာကြသလို အုပ်စိုးနှင့်ပါ အားလုံးသိကျွမ်းလာခဲ့ရသည်။ သို့ပေမယ့် ကျွန်မဘက်က အုပ်စိုးကိုရင်းနှီးမှုမပြခဲ့ပါ။ ယောကျာ်းတစ်ယောက်ကို ခင်မင်ချင်စိတ်မရှိသလို ခပ်ရှောင်ရှောင်ပင် နေခဲ့မိ၏။

"ခိုင့်သူငယ်ချင်းက မာနကြီးတယ်နော်၊ အုပ်စိုးလာတာ မကြိုက်ဘူးနဲ့တူတယ်"

"မဟုတ်ပါဘူး၊ သူက ဒီလိုပဲ နေတတ်လို့ပါ"

www.burmeseclassic.com

တသီးတခြားနေတတ်သည့် ကျွန်မကို ဤသို့မှတ်ချက်ချတတ်လေသည်။ အုပ်စိုးပြန်သွားသည့်အခါ နုအေးခိုင်က ကျွန်မကိုမေးလာလေပြီ။

''အုပ်စိုးကို မခင်ရဘူးလို့များ သန္နိဋ္ဌာန်ချထားလိုက်တာလား နွေ့ အလွန်ရယ်၊ ခိုင့်အစ်ကိုကိုတော့ သူ စိမ်းမဆန်ပါနဲ့ကွာ၊ အုပ်စိုးလာရင် စကားလေးဘာလေး ပြောပါဦးဟယ်''

အစက နုအေးခိုင်နှင့်အုပ်စိုးကို ဆွေမျိုးတော်ကြသည်ကို သံသယစိတ် ဖြစ်မိသော်လည်း အုပ်စိုး၏ ဆက်ဆံမှု၊ နုအေးခိုင်၏ တွယ်တာမှုတို့ကြောင့် မောင်နှမရင်းသံယောဇဉ်တစ်ခုကို အကြွင်းမဲ့ ယုံကြည်မိရပါ၏။

''ဟိုတစ်နေ့ကဆိုရင် အိမ်က ပို့လိုက်တဲ့ လူကြုံပစ္စည်းတွေလာပို့ရင်း ခိုင်မလာသေးလို့ စောင့်နေရှာတာ၊ ညှော်ခံတဲ့လူ တစ်ယောက်မှ မရှိကြဘူး၊ တကယ်ဆို တစ်ယောက်ယောက်က လက်ခံယူထားလိုက်ရင် ဖြစ်နေတာပဲ၊ အပြန်မှာ အဆောင်တံခါးတောင် ပိတ်သွားပြီလားမသိဘူး၊ သနားပါတယ်ကွာ''

''အလို.....ရှင့်အစ်ကိုက ရှင့်ကို ဘာပြောချင်လို့ စောင့်နေလဲမှ မသိတာ၊ ပြီးတော့ အန်တီထားကို ပေးခဲ့လည်း ဖြစ်တာပဲ၊ သက်သက်ဒုက္ခခံပြီး စောင့်နေတာ''

''ဒီလိုမပြောပါနဲ့ကွာ၊ အုပ်စိုးမျက်လုံးတွေက တစ်ယောက်ယောက်ကို ရှာဖွေနေသလိုပဲနော်၊ နောက်တစ်ခါလာမှ သေချာအောင် မေးကြည့်ရမယ်''

နုအေးခိုင်က မည်သူ့ကိုရည်ရွယ်ပြောနေမည်မှန်း မသိခဲ့သော်လည်း ယောကျ်ားတစ်ယောက်အပေါ် ရင်းနှီးချင်စိတ် မရှိတော့ပေ။ သူတို့နှင့်ရင်းနှီးခွင့်ရလေ၊ တစ်ဆင့်တိုးလာလေ။ ယောကျ်ားတစ်ဦးကြောင့် ကျွန်မ၏မာနကို ဘယ်တော့မှ ပြိုလဲ၊ ကျရှုံးမခံနိုင်ပါ။ သည်မာနကြောင့်ပင် အုပ်စိုး၏စိတ်ဝင်စားမှုကို ကျွန်မ ခံခဲ့ရသည်။

''ဒီတစ်ခါ အုပ်စိုးလာရင် မာနကြီးမနေပါနဲ့ နွေ့အလွန်ရယ်၊ မင်းကို ဟိုက လန့်နေတယ်''

''မာနဆိုတာ မိန်းမတွေရဲ့ တန်ဖိုးအရှိဆုံးအရာပါ ခိုင်ရယ်''

''အုပ်စိုးက ခိုင်တို့မရောက်ဖူးသေးတဲ့နေရာတွေကို ခေါ်သွားချင်တယ်တဲ့၊ တို့နှစ်ယောက်တည်းသွားရင် မသင့်တော်ဘူးလေ၊ တို့နှစ်ယောက်နဲ့အတူ မင်းပါလိုက်စေချင်တယ်၊ အဲဒါကို အုပ်စိုးက မင်းကို မပြောရဲဘူးဖြစ်နေတယ်''

''ဒါများကွာ အဆောင်က တစ်ယောက်ယောက် အဖော်ခေါ်သွားလည်း လိုက်ကြမှာပါ၊ တို့မှ မအားလပ်တာ''

စာနှင့်မျက်နှာ မခွာရလောက်အောင် အားလပ်ချိန် နည်းပါးခဲ့ရသည့် ဆေးကျောင်းသူတစ်ယောက်ကို အုပ်စိုးလည်း စာနာတတ်မှာပါ။ ကျွန်မအပေါ် စေတနာထားရှာသည့် အုပ်စိုးကိုတော့ ကျေးဇူးတင်မိရလေပြီ။

''ဟင့်အင်း၊ အုပ်စိုးက မင်းကိုပဲ လိုက်ပို့ချင်တာပါ၊ မင်းက ရန်ကုန်ကို ရောက်ဖူးခဲ့တာမှမဟုတ်တာ၊ ကျန်တာတွေက တို့တွေထက် ကြိုရောက်နေတဲ့သူတွေလေ၊ သူတို့

---

ကမ္ဘာပေါ်မှာ မြန်မာဖြစ်ရတာ သိပ်ဂုဏ်ယူမိတယ်၊
နိုင်ငံခြားသားတွေတောင် တို့မြန်မာပြည်ကြီးမှာရှိတဲ့ ဘုရားပုထိုးတော်တွေ၊
မြန်မာမှုအနုပညာလက်ရာတွေကို လေ့လာချင်လို့ မိုင်ပေါင်းများစွာ ဝေးကွာတဲ့နေရာကနေ
တကူးတကလာနိုင်ကြသေးတာပဲ ...

www.burmeseclassic.com

www.burmeseclassic.com


မှာ မသွားဖူးတဲ့နေရာမှ ရှိသေးရဲ့လားမသိဘူး''

ဟုတ်တော့လည်းဟုတ်ပါသည်။ ကျွန်မနှင့်အေးနုခိုင်က ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်လာကြတဲ့သူတွေဖြစ်ပြီး ရန်ကုန်မြို့တွင်းကို ပင် နှံ့နှံ့စပ်စပ် မရောက်ဖူးခဲ့ပါ။

''ရှေ့အပတ် တနင်္ဂနွေမှာ ဘုရားတွေစုံအောင် လိုက်ပို့မယ်တဲ့၊ လိုက်ခဲ့ပါ နွေအလွန်ရယ်...နော်၊ တို့နှစ်ယောက်က ရွှေတိဂုံဘုရားကြီးကိုပဲ ရောက်ခဲ့ကြတာမဟုတ်လား၊ ဆူးလေ၊ ကမ္ဘာအေး၊ စွယ်တော်၊ မယ်လမု၊ ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ အာလိန်ငါးဆင့်၊ ကျောက်တော်ကြီးနဲ့ ရွှေဘုန်းပွင့်၊ ဗိုလ်တထောင်ဘုရားတွေ ရှိသေးတယ်လေ''

နုအေးခိုင်ရှတ်ပြမှ ရန်ကုန်တွင် တန်ခိုးကြီးဘုရားများ ကျန်ရှိသေးပါလားဟု တွေးမိတော့၏။ ဘုရားဖူးဆိုလျှင်တော့ ကုသိုလ်ရသည့်အလုပ်မို့ ကျွန်မ မငြင်းနိုင်တော့။

''ဒါဆိုလည်း လိုက်ပါ့မယ်ကွာ၊ ပို့ပေးတဲ့လူ ကုသိုလ်ရအောင်လို့ပေါ့''

''ဟေး.....ဒါမှပေါ့ကွ''

''ဩော်....တော်တော်မသွားချင်ရှာဘူးပေါ့နော်''

''ဟုတ်ပါဘူးကွာ၊ တို့ရန်ကုန်ကိုလာချင်တဲ့ ရည်ရွယ်ချက်မှာ ဒါလည်းပါတယ်လေ၊ ပြီးတော့ ကျိုက်ထီးရိုး၊ ပုပ္ပား၊ မန္တလေးဘက်လည်း သွားချင်တယ်၊ ရှေးဟောင်းပုဂံဘုရားတွေကိုလည်း လေ့လာချင်တယ်၊ မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာတွေကိုလည်း မြတ်နိုးတယ်၊ ခိုင်တော့လေ ကမ္ဘာပေါ်မှာ မြန်မာဖြစ်ရတာ သိပ်ဂုဏ်ယူမိတယ်၊ နိုင်ငံခြားသားတွေတောင် တို့မြန်မာပြည်ကြီးမှာရှိတဲ့ ဘုရားပုထိုးတော်တွေ၊ မြန်မာမှုအနုပညာလက်ရာတွေကို လေ့လာချင်လို့ မိုင်ပေါင်းများစွာဝေးကွာတဲ့ နေရာကနေ တကူးတက လာနိုင်ကြသေးတာပဲ၊ ခိုင်က ကိုယ့်မြန်မာ့မြေပေါ်မှာနေပြီး မြန်မာပြည်အနှံ့ မရောက်ဖူးရင် ရှက်စရာကောင်းပါတယ်ကွာ''

နုအေးခိုင်က သူ့စိတ်ထဲမှ ခံစားရသမျှကို ပြောလာ၍ ကျွန်မလည်း ဖြည့်စွက်ပြောလိုက်မိ၏။

''အင်းလေးကန်ကြီးရဲ့ အလှသဘာဝနဲ့ ဖောင်တော်ဦးဘုရားကို ရော ကြားဖူးတယ်မဟုတ်လား''

''အေး...မေ့သွားလို့ပါ၊ အင်းလေး၊ တောင်ကြီး၊ ပင်းတယ၊ ပြင်ဦးလွင်၊ ဒါတွေက အထင်ကရမြို့တွေပဲလေ၊ ခိုင်က ကမ်းခြေမှာ အပန်းဖြေရုံကောက်ဖို့ထက် ဘုရားစုံပဲဖူးချင်တာ''

''ဟာ...ခုမှသတိရတယ်၊ တို့တွေသွားမယ့် ဆန်းဒေးမှာပဲ မသီတာကြည်တို့အုပ်စုက ပဲခူးကိုသွားမယ်ဆိုလား၊ မနေ့က သူတို့တိုင်ပင်သံကို ကြားလိုက်ရတယ်၊ ခေါ်ရင် ဘယ်လိုငြင်းရမလဲဟင်''

နှစ်ယောက်သား ခေါင်းချင်းရိုက်သွားရတော့၏။ တစ်ဆောင်တည်းအတူတူနေရ၍ ခင်မင်နေကြသူများ ဖြစ်နေသည့်အတွက် အားနာရပြန်သည်။ နှစ်ယောက်တည်း ခွဲထွက်လျှင်လည်း မကောင်းပါ။

''ဟုတ်ပြီ၊ ခိုင်အကြံရပြီ၊ သူတို့က မနက်စောစောထွက်မှာပဲ၊ တို့တွေက နေမြင့်မှသွားကြမယ်၊ ပြန်ရင် သူတို့ထက် စောစောပြန်ရောက်မှဖြစ်မှာ၊ ဒီတော့ နွေအလွန်က အချိန်ပိုရှိလို့ ကျောင်းသွားရမယ်ဆိုပြီးနေခဲ့၊ ခိုင်ကလည်း နေမကောင်းချင်ယောင်ဆောင်ပြီးကျန်ရစ်ခဲ့မယ်၊ အဲဒါ မကောင်းဘူးလား''

သူ့အကြံသည် ကျွန်မအတွက် အပန်းမကြီးသော်လည်း သူ့အတွက် ခက်ခဲသည့်ဟန်ဆောင်ခြင်းတစ်ခု ဖြစ်နေပါလိမ့်မည်။ သို့ပေမယ့် သူ့ဆန္ဒကို ကျွန်မက မတားပါ။

''အင်း.....အုပ်စိုးကိုတော့ ပြောထားရဦးမယ်၊ နွေအလွန်သာ လိုက်ဖြစ်ရင် သူသိပ်ဝမ်းသာသွားမှာပဲ၊ အုပ်စိုးက ဘယ်မိန်းကလေးနဲ့မှ ဒီလိုသွားလာဖူးတာမဟုတ်ပါဘူး၊ ခုမှ ဘယ်လိုဖြစ်သွားပါလိမ့်''

တစ်ခုခုကို စဉ်းစားတွေးတောဟန်ဖြင့် ခေါင်းလေးငဲ့စောင်းကာ ကျွန်မထံ ပြုံးစိစိဖြင့် ကြည့်နေရှာလေသည်။ ကျွန်မက သူ့လိုအချိန်မရ၍ အတွေးရေယဉ်ကြော နစ်မျောခြင်းမရှိ၊ စာအုပ်ကို ရှေ့ချကာ နား၊ မျက်စိ၊ ပါးစပ်နှင့်လက် နားရသည်မရှိပေ။ တစ်ခါတလေတော့လည်း နုအေးခိုင်ကို အားနာမိရ၏။ ညဉ့်နက်သန်းခေါင်အထိ စာကျက်ရခြင်းကြောင့် အတူနေသူကို စာနာမိပါ၏။ ကျွန်မနှင့် တစ်ခန်းတည်းပြီးနေရ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းအတွက် နုအေးခိုင် စိတ်ညစ်၊ စိတ်ပျက်နေမည်လား။ စာကြည့်မီးအိမ်လေး ထားပေးသော်လည်း စာကျက်သောအသံတိုးတိုးသည် သူ၏ နားတွင် နိစ္စဓူဝ ကြားနေရမည်ပင်။ ဤသို့ ကျွန်မအပေါ် အလိုက်သိ၊ နားလည်လွန်းသော အခန်းဖော်ကို ကျွန်မကလည်း ပြန်လည်၍သိတတ်ရပါမည်။ သူ့စိတ်ဓာတ်လေးကို ကျွန်မ နှစ်သက်၏။ ကျွန်မလို တစ်ကောင်ကြွက်များဘဝသည် မည်မျှအားငယ်ရပါသနည်း။ ဒေါ်လေးလို မေတ္တာကြင်နာမှုမျိုး နုအေးခိုင်ပေးတတ်၏။ ယုတ်စွအဆုံး ကျွန်မ စာကြည့်ချိန်မျိုးတွင် လက်ဖက်သုပ်(သို့မဟုတ်) ကော်ဖီမစ်(သို့မဟုတ်)စားစရာတစ်ခုခုကို လာချပေးတတ်သူပါပဲ။ ထို့ကြောင့် သူသည် ကျွန်မအတွက် လေးစားခင်မင်စရာ သူငယ်ချင်းကောင်းတစ်ယောက်ပင် မဟုတ်ပါလား။

''ခိုင်က အိမ်မှာဆို အားလုံးရဲ့ အလိုလိုက်ခြင်းကို ခံနေရတာ၊ ကိုယ်က တစ်ယောက်ယောက်ကို ပြန်ဂရုစိုက်ချင်တဲ့ အတွေးမျိုးရှိပေမယ့် ဆန္ဒက မပြည့်ဝခဲ့ပါဘူး၊ နွေအလွန်နဲ့တွေ့မှပဲ ခိုင့်တောင့်တမှုတွေ ပြည့်ခဲ့ရတာ၊ စိတ်မညစ်နဲ့နော်၊ ခိုင်က ဒီလိုပြုစုချင်တဲ့စိတ်မျိုးရှိတယ်''

''ဒါဆိုလည်း ချစ်သူထားလိုက်ပေါ့ ခိုင်ရယ်၊ ဘာခက်လို့လဲ''

''မလုပ်ပါနဲ့ကွာ၊ ခိုင့်ချစ်သူကို ရင်ထဲမှာပဲထားပြီး ချစ်ချင်တာ၊ အပြင်ထုတ်ပြီး မချစ်ချင်ဘူး၊ ခိုင်ပြောချင်တာက ကိုယ့်ထက်အငယ်တွေကို ဂရုစိုက်မှုမျိုးပါ၊ ခိုင့်မှာ မောင်တွေ၊ ညီမတွေ မရှိဘူး၊ အစ်ကိုတွေပဲရှိတာ''

''ဒါဆို ခိုင့်မှာ မောင်နှမ ဘယ်နှယောက်ရှိလို့လဲ''

''အစ်ကိုရင်းတစ်ယောက်၊ အုပ်စိုးကတစ်ယောက်၊ ခိုင်နဲ့ဆိုသုံးယောက်ပေါ့၊ မိဘလုပ်ငန်းကို အစ်ကိုကြီးက ဆက်ပြီးလုပ်နေတယ်၊ ခိုင်တို့မော်ကျွန်းအိမ်က အကြီးကြီးပဲ၊ တစ်ခါလောက် လိုက်လည်ရမယ်နော်၊ မငြင်းနဲ့''

ခုကတည်းက ကြိုတင်ပြောထားသည့်ပုံမျိုးဖြင့် မငြင်းနိုင်အောင် နုအေးခိုင်က ပြောနေပြန်သည်။ ကျွန်မကလည်း အားကျမခံပါ။

''ခိုင်လည်း နွေအလွန်တို့ပြည်ကို လိုက်ရမှာပဲ၊ ပြည်မြို့မှာလည်း ဘုရားတွေအများကြီးပဲလေ''

''ဟုတ်လား၊ လိုက်မှာပေါ့''

''တို့မှာ မိဘတွေမရှိကြတော့ဘူး ခိုင်၊ အဒေါ်အပျိုကြီးနဲ့ ကြီးပြင်းလာရတာ၊ အိမ်ပိုင်မရှိဘူး၊ လိုင်းခန်းမှာပဲ နေရတာပါ''

ကျွန်မ၏စကားကို နုအေးခိုင် ထိတ်လန့်အံ့ဩသွားလေမလား၊ ဒါမှမဟုတ် ကျွန်မအပေါ် အထင်အမြင် သေးသွားလေမလားဟုထင်မိခဲ့ပေမယ့်.....

''ဘာဖြစ်လဲကွာ၊ ဒါဟာရှက်စရာမှမဟုတ်တာ၊ ခိုင်လေ မင်းရဲ့ရိုးသားတဲ့စိတ်ဓာတ်လေးကို နှစ်သက်လို့ အားလုံးထဲမှာ မင်းကို အခင်မင်ဆုံးပါပဲ၊ အုပ်စိုးကိုတောင်

www.burmeseclassic.com

www.burmeseclassic.com


မင်းအကြောင်း ပြောပြမိသေးတယ်''

''ဟုတ်လား၊ ရှင့်အစ်ကိုက ကျွန်မကို ဘယ်လိုမှတ်ချက်ချခဲ့သလဲဟင်''

သိလိုစိတ်နှင့် မေးလိုက်သည့်စကားအတွက် နုအေးခိုင်မှာမပွင့်တပွင့် ပြုံးလာ၏။ ကျွန်မ လိုချင်သည့်အဖြေကို သူ့ထံမှ တော်တော်နှင့် မကြားခဲ့ရပါ။ စားပွဲပေါ်မှ နွမ်းနေသည့် နှင်းဆီပန်းလေးကိုသာ အဓိပ္ပာယ်မရှိ ငေးကြည့်နေမိ၏။

''နွေအလွန်ဟာ ရိုးသားအေးဆေးတဲ့ မိန်းကလေးတစ်ယောက်တဲ့၊ မျက်နှာလေးဟာ အမြဲတမ်းကြည်လင်အေးချမ်းနေတာပဲလို့ ပြောခဲ့တယ်၊ ခိုင့်အထင်တော့ အုပ်စိုးဟာ မင်းကိုချစ်နေပြီလား''

ထိုစကားလေးကို ပြောပြီး အခြားတစ်ဖက်သို့ စောင်းလှည့်အိပ်နေရှာသည့် နုအေးခိုင်ကို မည်သည့်စကားမျှ ထပ်မဆိုတော့ပါ။ မကြာမီတွင် ကျွန်မ၏စာကျက်သံမှတစ်ပါး အခန်းထဲတွင် မည်သည့်စကားသံမျိုးမှ မကြားရတော့ပေ။ ထို့ကြောင့် စောစောအိပ်ရာဝင်သွားသည့် နုအေးခိုင်အား သူ၏ဓာခြင်ထောင်လေးကို အသာချပေးလိုက်မိပါတော့သည်။

''ဒေါက်.....ဒေါက်''

အပြင်ဘက်မှ တံခါးခေါက်သံကြောင့် ထ၍ဖွင့်ပေးလိုက်သည့်အခါတွင်တော့.....

''အလို.....မဒွေးချောတို့က စောစောစီးစီး အိပ်စက်နေကြပါလား၊ မနက်က မမတို့တိုင်ပင်ထားကြတာ ပြောမလို့ ဟိုတစ်ယောက်ကို နှိုးလိုက်ကြဦး''

ပဲခူးသွားမည့်ကိစ္စပဲ ဖြစ်ပါလိမ့်မည်။ ခြင်ထောင်ကိုမ,ပြီး လှုပ်နှိုးနေခြင်းကြောင့် နုအေးခိုင်လည်းထလာရတော့သည်။

''ပဲခူးကိုသွားကြမလို့မဟုတ်လား၊ အင်း.....လိုက်မယ်လေ၊ ဒါပဲမဟုတ်လား၊ ခိုင်အိပ်ချင်လို့ပါ''

''ဘယ်လိုဖြစ်တာလဲ နုအေးခိုင်ရယ်၊ ကဲ.....အိပ်...အိပ်၊ ဘယ်နှခုနှစ်က အိပ်ရေးပျက်နေလဲမသိပါဘူး''

သီတာကြည်နှင့် ဥမ္မာရီတို့မှာ နုအေးခိုင်အား လက်လန်သွားကြ၏။ ဓာခြင်ထောင်လေးကို အသာပြန်ချပေးပြီးမှ.....

''ကားက တို့အသိကား စုပါရဖ်ပင်လေးပေါ့၊ ဒါမှဆံ့မှာ၊ နွေအလွန်လည်း လိုက်ရမယ်နော်''

''ပြောလို့မရသေးဘူး အစ်မရယ်၊ ကျွန်မက ကိစ္စပေါ်ချင်ပေါ်လာဦးမှာ''

မလိုက်နိုင်သည့်အတွက် ကြိုတင်ငြင်းထားမိ၏။ သို့ပေမယ့် သူတို့မျက်နှာပေါ်တွင် စိတ်ဆိုး၊ ငြူစူခြင်းမရှိကြပေ။ ကျွန်မအား နားလည်စွာဖြင့်.....

''အင်းလေ၊ အလုပ်များတတ်တဲ့ ဆေးကျောင်းသူလေးကိုတော့ မခေါ်ရက်တော့ပါဘူး၊ ပြန်လာရင်တော့ လက်ဆောင်ဝယ်လာပေးမယ်နော်''

''ဥမ္မာတို့လာတာနဲ့ စာကျက်ပျက်သွားပြီ၊ သွားမယ် နွေအလွန်၊ မမသိတာ လာတော့လေ''

ဤသို့ အလိုက်သိတတ်ကြလွန်းသည့် အဆောင်သူတွေပါပဲ။ သူတို့ပြန်ထွက်သွားမှ တံခါးကိုပြန်ပိတ်ပြီး စာပြန်ကျက်နေလိုက်၏။ နုအေးခိုင်ကဖြင့် တခေါခေါဖြင့် ဟောက်သံများကိုပင်ကြားနေရသည်။ ညနေက သင်တန်းမှာ ပင်ပန်းလာတယ်ထင်ပါရဲ့လေ။

XXX

''ဒေါက်....ဒေါက်...ဒေါက် နုအေးခိုင်.....နုအေးခိုင်''

တံခါးခေါက်သံနှင့်အတူ တစာစာအော်ခေါ်နေသောအသံများကြောင့် အိပ်ရာမှ အိပ်မှုန်စုံမွှားထကာ စားပွဲပေါ်မှ စာကြည့်မီးကို ခြင်ထောင်မ,ပြီး ဖွင့်လိုက်၏။

''ဟင်.....ခုမှ ၃ နာရီပဲရှိပါသေးလား''

တစ်ဖက်ခုတင်မှ နုအေးခိုင်ဆီအကြည့်ရောက်သွားလေရာ သူမကလည်း ကျွန်မနည်းတူ မီးအိမ်ခလုတ်ကိုဖွင့်နေသည်။

''နေမကောင်းဖြစ်နေလို့ မလိုက်နိုင်တော့တာ သွားပြောပေးပါလား နွေအလွန်ရယ်''

''ဘုရားမှာ ငါးပါးသီလခံထားတယ်၊ မလိမ်ချင်ဘူးကွာ''

''ကျွတ်စ်...မင်းကလည်းကွာ မုသားမပါ လက်ာမချောတဲ့၊ တံခါးမဖွင့်ပေးနဲ့ အထဲကပြောလိုက်ဟာ''

ကျွန်မ မကူညီပြန်လည်းမဖြစ်ပေ။ ထို့ကြောင့် တံခါးနားအသာ

www.burmeseclassic.com

www.burmeseclassic.com

တိုးကပ်သွားပြီး အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်ရ၏။

"မသီတာကြည်၊ နုအေးခိုင် လိုက်နိုင်မှာမဟုတ်တော့ဘူး။ ညက ကိုယ်တွေပူပြီး ကယောင်ကတမ်းတွေ အော်နေလို့ ကျွန်မလည်း မအိပ်ရဘူး"

"ဟယ်.....သိပ်စိုးရိမ်ရလား နွေအလွန်ရယ်"

"သက်သာသွားပါပြီ၊ အခု ဆေးရှိန်နဲ့ အိပ်နေရှာတယ်လေ"

"ဟုတ်လား၊ ဒါဆို အိပ်ပါစေတော့၊ မနိုးပါနဲ့တော့ကွယ်၊ ပဲခူးလည်း လိုက်နိုင်မှာမဟုတ်ပါဘူးလေ"

စိတ်ပူသံအဆုံး လက်လျှော့သံနှင့်အတူ ကျွန်မထံ တိုးတိတ်စွာ နှုတ်ဆက်လာ၏။

"ညီမရှိနေလို့ တော်သေးတာပေါ့နော်၊ ဆေးကျောင်းသူဆိုတော့ စိတ်မချစရာမရှိပါဘူး။ အိပ်..အိပ်၊ ပြန်အိပ်တော့နော်၊ တို့တွေပဲသွားလိုက်တော့မယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ပါးစပ်ကို လက်ဖြင့်အုပ်ပြီး ရယ်ချင်စိတ်ကို မနည်းကြီးထိန်းထားရသည်။ နှစ်ယောက်သား အိပ်ရာထက်တွင် အားပါးတရ ရယ်မိကြ၏။ သို့သော် အသံမထွက်ရဲပါ။ ရယ်ရလွန်း၍ ဗိုက်ကိုပင် ခေါင်းအုံးဖြင့် ဖိထားရသည်။ ခဏကြာမှ.....

"တော်တော့ကွာ၊ ပြန်အိပ်ကြမယ်"

နှစ်ဦးစလုံး မီးပိတ်ပြီး ပြိုင်တူ ပြန်အိပ်ရပေမယ့် တခွိခွိရယ်သံသဲ့သဲ့ကို နုအေးခိုင်ထံမှ ကြားရပြန်၏။

"ဟိတ်...အသံမထွက်နဲ့လေ"

သတိပေးလိုက်မှ ရယ်သံရပ်သွားလေတော့သည်။ သီတာကြည်တို့အခန်းတွင် အလုပြင်သံများ၊ လမ်းလျှောက်သံများ၊ စကားပြောသံများကို ကြားနေရ၍ ကျွန်မတို့နှစ်ဦး ဖြစ်ပျက်နေပုံကို သိမည့်ပုံမပေါ်ပါ။ သူတို့အသံနှင့်သူတို့ ဂရုပြုမိမည့်ပုံလည်းမပေါ်ပါ။ နာရီဝက်ခန့်အကြာတွင် ပြင်ဆင်ပြီးကုန်၍ တံခါးပိတ်၊ အပြင်ထွက် လမ်းလျှောက်နေသည့် ခြေသံများ၊ ထို့နောက် သွားမည့်ကားကို စောင့်နေသံများ စသည်တို့ကို အခန်းထဲမှ အတိုင်းသားကြားနေရပါ၏။ သည့်နောက် ကျွန်မလည်း မည်သည့်အချိန်မှ ပြန်အိပ်ပျော်သွားသည်မသိ။ ညက ညဉ့်နက်သွား၍ မျက်စိများမှာ ကျိန်းစပ်နေပါပြီ။ ထို့ကြောင့် အိပ်ပျော်သွားတော့သည်။

သို့သော် မည်မျှကြာသွားပြီမသိ။ ကျွန်မအား ပုတ်နှိုးလိုက် သည့်ခေါ်သံကြောင့် မျက်လုံးဖွင့်ကြည့်မိ၏။

"နွေအလွန်...နွေအလွန်၊ ထတော့လေ၊ ၇ နာရီထိုးနေပြီ၊ တို့တောင် ရေချိုးပြီးနေပြီ"

ထဘီရင်ရှားဖြင့် တဘက်ကို ပခုံးပေါ်တင်ပြီး ကျွန်မကို ပြုံးလျက်ကြည့်နေရှာသည့် နုအေးခိုင်မှာ ဆန္ဒတွေစောလွန်းနေသည်ဟု ထင်မိ၏။ သူမက သွက်လက်နေသလောက် ကျွန်မက နွေးကွေးနေမိသည်။

"ပဲခူးကို အန်တီထားပါလိုက်သွားတာတဲ့၊ စောစောက အိမ်ဖော်ကောင်မလေး ပြောသွားတယ်"

တော်ပါသေးရဲ့။ ကျွန်မအဖို့ 'သိသာသိစေ၊ မမြင်စေနဲ့'ဆိုသော စကားလို ဒေါ်လေးမေမေ စိုးရိမ်စိတ်ဝင်မှာကို စိုးပါသည်။

"အန်တီထားမမြင်တာဘဲ ကောင်းပါတယ် ခိုင်ရယ်"

ကျွန်မ၏ဆိုလိုရင်းကို နုအေးခိုင်က သဘောပေါက်လွယ်ပါသည်။ ကျွန်မအား မျက်လုံးလေးလှန်ကြည့်ပြီး.....

"ခိုင့်အစ်ကိုက လူရှုပ်လူပွေ မဟုတ်ပါဘူးနော်"

"တို့သိပါတယ်၊ ဒါပေမဲ့ ဒေါ်လေးက စိတ်ပူတတ်တယ်၊ သူအနားမှာမရှိပေမယ့် အန်တီထားကို စိတ်ချလက်ချ အပ်ထားတာကို ကြည့်ရင် ဒေါ်လေးနဲ့အန်တီထားမှာ တိတ်တဆိတ် အဆက်အသွယ်ရှိနေမှာပါ၊ အန်တီထားဟာ ဒေါ်လေးနဲ့ တစ်ခုခုပတ်သက်နေလိမ့်မယ်"

"သူငယ်ချင်းတွေများလားကွာ"

"သူငယ်ချင်းဆိုရင်လည်း ဖက်လဲတကင်းရှိကြမှာပေါ့နော်၊ သူတို့တွေ့စက အဲဒီလိုမဟုတ်ဘူး"

"ကဲပါကွာ..နောက်မှစဉ်းစားစမ်းပါ၊ တော်ကြာ ဟိုကိုယ်တော်က လာတော့မှာ၊ စောင့်နေရရင် အားနာစရာကြီးနော်"

"အေးပါ၊ ခိုင်သာလှလှပပလေးပြင်ဆင်ထား"

နုအေးခိုင်၏ မျက်စောင်းခင့်ဝင့်လေးကို ရလိုက်၏။ ထို့နောက် ကျွန်မလည်း ရေချိုးရန် ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com


မိလေပြီ။ သို့သော် ခြံဝတွင် တွေ့လိုက်ရသည်က အုပ်စိုးပင်ဖြစ်၏။

''ဟောတော့.....ဟိုမှာလာနေပြီ နိုင်ရေ''

''ဟယ်.....ဟုတ်ပါရဲ့ အုပ်စိုးကလည်း ဝီရိယကောင်းနေလိုက်တာ''

မကြာမီ အိမ်ဖော်မိန်းကလေး ရောက်လာရာ နုအေးနိုင်က.....

''ခုမှအိပ်ရာကထတုန်းလို့ ပြောလိုက်ဟေ့၊ တကတည်း.....ဖွဲ့ကောင်းလိုက်တာနော်''

မကျေမနပ်ပြောလိုက်သံလေးကို ရေချိုးခန်းထဲမှ ကြားနေရ၏။ အုပ်စိုးကလည်း အုပ်စိုးပါပဲလေ။ တစ်ညလုံး အိပ်ပျော်ရဲ့လားမသိ။ ဘာပဲဖြစ်ဖြစ် အားနာစရာတော့ ကောင်းနေလေပြီ။ ထို့ကြောင့် ခပ်မြန်မြန် လှုပ်ရှားလိုက်ရတော့သည်။

ရေချိုးအပြီးတွင် အဝတ်အစားလဲနေသော နုအေးနိုင်ကို တွေ့ရသည်။ ကျွန်မ၏အလှပြင်ချိန်က နုအေးနိုင်လို မကြာပါ။ နာရီဝက်အတွင်းတွင် အဆင်သင့်ဖြစ်နေပါပြီ။ သို့တိုင် အဝတ်အစားကို စိတ်တိုင်းမကျနိုင်သော နုအေးနိုင်မှာ တစ်ထည်ပြီးတစ်ထည်လဲ၍ မပြီးနိုင်ပါ။ သူ့ကိုပြန်စောင့်နေရ၏။

''ဒါလေးကောင်းမလား မသိဘူးနော်''

''နိုင်က ဘာဝတ်ဝတ်လှပြီးသားပါကွာ''

နက်ပြာရောင် ယောဝမ်းဆက်လေးကိုထုတ်ပြပြီး ကျွန်မထံ အကြံဉာဏ်တောင်းခံလာ၏။ ကျွန်မ၏အပြောကြောင့် နက်ပြာရောင်ယောလေးကိုပင် ထုတ်ယူဝတ်နေလေသည်။ နုအေးနိုင်၏အလှကိုတစိမ့်စိမ့်ကြည့်ပြီး ကျွန်မက.....

''အင်း.....နိုင်တစ်ယောက်တော့လေ အစ်ကိုနဲ့သွားတဲ့နေရာတောင် ဒီလောက်ပြင်ဆင်နေရင် ရည်းစားနဲ့သွားရင် ဒို့ထက်ပိုကြာမှာပဲနော်''

ထိုစကားလေးကို နုအေးနိုင်က မျက်လုံးလေးထောင့်ကပ်ကြည့်ပြီး မခို့တရို့လေး ပြုံးပြရှာသည်။ ပြီးနောက် ရှက်ရွံ့သွားပြီထင့်။ စားပွဲပေါ်မှ ပန်းလွယ်မိကျောင်းသားရေအိတ်လေးအား ကောက်ယူလွယ်လိုက်ပြီး.....

''ကဲ.....ပြီးပါပြီရှင်၊ ရယ်ဒီပါပဲနော်၊ လာ.....သွားစို့''

''တို့က အကြောင်းမဟုတ်ပါဘူး၊ အုပ်စိုးကို အားနာလို့ပါကွာ''

''ဟင်း.....ထားပါတော့လေ၊ ထားပါတော့''

ကျွန်မကို တွဲခေါ်ပြီး အဆောင်ထဲမှထွက်လာစဉ် ဧည့်ခန်းထဲတွင် အိပ်ပျော်နေသော အုပ်စိုးကိုတွေ့ရတော့

''ဟောတော်.....''

''ဖြစ်ရလေ အုပ်စိုးရယ်''

ပြိုင်တူရယ်မိကြ၏။ ထိုရယ်သံကြောင့် အုပ်စိုးတစ်ယောက် လန့်သွားပြီးနိုးလာရှာသည်။ အံ့မှိုင်းသွားသောမျက်နှာမှာ နေဝင်ခါနီး တိမ်တောက်လာသလို ရတ်တရက် ပြုံးယောင်သန်းလာသည်ကို တွေ့လိုက်မိ၏။ ဩော်.....ကျွန်မကိုရှက်သွားပြီထင်ပါရဲ့လေ။

XXX

''မနေ့က ယူတို့ကို ဘုရားမှာတွေ့လိုက်မိတယ်နော်၊ ပြောပြပါဦး၊ ဘေးကလူက ယူ့အမျိုးသားလား''

အတန်းဖော် နွယ်ဦးခင်က မေးလာ၍ သူ့နံဘေးမှ မျိုးမာလာလည်း စိတ်ဝင်စားစွာ နားထောင်ရှာ၏။

''မဟုတ်ပါဘူးကွာ၊ အဆောင်က သူငယ်ချင်းနဲ့ သူ့အစ်ကိုပါ''

''မဆိုးပါဘူးလေ၊ သူငယ်ချင်းရဲ့အစ်ကိုဆိုတော့ မျှော်လင့်ချက်ရှိနေတာပဲပေါ့၊ သူ့ကိုတဒင်္ဂတွေ့လိုက်မိတဲ့အချိန်မှာ သူ့မျက်လုံးတွေဟာ မင်းဆီမှာပဲရှိနေလို့ ခန့်မှန်းကြည့်မိတာပါ''

နွယ်ဦးခင်မှာ လူကဲခတ်မဆိုးပါ။ ထိုနေ့က အုပ်စိုး၏အကြည့်များ၊ ဂရုတစိုက်ရှိမှုများက ကျွန်မအဖို့ အားနာစရာဖြစ်ခဲ့ရ၏။ ရန်ကုန်မြို့ရှိ မရောက်ဖူးသော နေရာအစုံနှင့် ဘုရားများကို လိုက်ပို့ပေးခဲ့၍ ညနေစောင်းမှပင် ပြန်ရောက်ခဲ့ရသည်။ ထို့အပြင် စားသောက်ဆိုင် တစ်ခုတွင်လည်း နံနက်စာကို ကျွေးခဲ့သေး၏။ နုအေးနိုင်တော့ မသိပါ။ ကျွန်မမှာသာ အုပ်စိုးကို ကျေးဇူးတင်၊ အားနာမိပေပြီ။

''ဆေးကျောင်းသူတွေမှာ ရည်းစားထားဖို့ အချိန်ပိုမရှိဘူး နွယ်ဦးခင်ရဲ့''

''ကိုယ့်အပေါ်နားလည်တဲ့ အဲသူမျိုးဆိုရင်ရော.....''

www.burmeseclassic.com

www.burmeseclassic.com

"အင်း.....နားလည်သူဆိုရင်လည်း စဉ်းစားရဦးမှာပေါ့နော်၊ ဆရာဝန်ဖြစ်တဲ့အချိန်အထိဆိုရင် ဘယ်ချစ်သူက စိတ်ရှည်ရှည်ထားပြီး စောင့်နိုင်မှာတဲ့လဲကွာ"

"အားငယ်တတ်ရန်ကော ယူရယ်၊ ယူ့လိုအတွေးမျိုးသာရှိကြရင် တို့ဆေးကျောင်းသူတွေမှာ ဘယ်သူမှ ချစ်သူမရှာရဲကြတော့ဘူးပေါ့"

သူတို့မှ ကျွန်မရဲ့ဘဝကို မသိကြသေးတာပဲလေ။ သူတို့လို မိစုံဖစုံနှင့် ပြည့်စုံသူဟုပဲ ထင်ကြမည်ပေါ့။

"နာမည်က ဘယ်သူတဲ့လဲ နွေအလွန်"

"အုပ်စိုးတဲ့ကွာ"

"ဟင်း...နာမည်နဲ့လူနဲ့ လိုက်ပါပေတယ်ကွာ"

"ဂျီတီအိုင်ကျောင်းသား၊ ကဲ.. ဘာဆက်သိချင်ကြသေးလဲ"

သူတို့မမေးခင်မှာနောက်ဆက်တွဲအဖြေတစ်ခုကိုပါ ပြောချလိုက်၍ နှစ်ယောက်စလုံးမှာ ပြုံးတုံ့တုံ့ဖြင့် ပါးစပ်ပိတ်သွားကြတော့သည်။ နွယ်ဦးခင်က အရာရှိတစ်ဦး၏သားသမီးဖြစ်သလို မျိုးမာလာကလည်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ သားသမီးတွေပါပဲ။ သို့ပေမယ့် မာန်မာနမရှိကြ။ တွေ့စက တစ်ယောက်နှင့်တစ်ယောက်ဆက်ဆံရေးမှာ မရဲတရဲရှိကြသော်လည်း စာသင်နှစ်ဝက်တွင် ခင်မင်သော သူငယ်ချင်းများဖြစ်သွားကြ၏။ သူတို့က ခင်မင်စမှာ ကျွန်မကို ပြောပြခဲ့ဖူးပါသည်။

"နွေအလွန်ဆိုတဲ့ နာမည်လေးကြောင့် ဘယ်သူများဖြစ်မလဲလို့ တွေ့ချင်နေမိတာ၊ လူကိုတွေ့ရတော့ အရမ်းကိုခင်ချင်သွားတယ်လေ၊ အိုင်နဲ့ မျိုးမာလာက ယူ့ကိုရှာနေတဲ့ ဆန္ဒတွေပြည့်သွားရပြီပေါ့၊ နွေအလွန်ဆိုတဲ့နာမည်လေးကို မင်းရဲ့မိဘတွေက ဘယ်လိုစိတ်ကူးနဲ့ မှည့်ခဲ့တာလဲဟင်"

"မင်းတို့က ဘယ်လိုထင်လို့လဲ၊ ပြောကြပါဦး"

"မဟုတ်မှလွဲရော နွေအလွန်ဆိုတော့ မိုးပေါ့"

မျိုးမာလာ၏ လွတ်ခနဲပြောချလိုက်ပုံကြောင့် ကျွန်မမှာ ပြုံးလိုက်မိ၏။

"ဟုတ်လားဟင်"

နွယ်ဦးခင်၏အမေးကို ခေါင်းလေးခါပြမိသည့်အတွက် နှစ်ဦးသား ခေါင်းကုတ်သွားကြသည်။

"နွေနဲ့ပတ်သက်ရင် နွေဦး၊ နွေလယ်၊ နွေနှောင်းဆိုပြီး ပညတ်ချက်တွေ ရှိကြတယ်မဟုတ်လား၊ တို့ကို နွေပြီးလုလုအချိန်မှာ မွေးခဲ့တာလို့ ဒေါ်လေးမေမေက ပြောခဲ့တာ၊ နွေနှောင်းကာလမှာ ကျန်ရစ်ခဲ့တဲ့ ရော်ဝါသစ်ရွက်လေးတွေဟာ မိုးမစခင် တိုက်ခတ်လာတဲ့ လေကြမ်းကြမ်းနဲ့အတူ နွေအလွန်မှာ ကြွေလွင့်သွားကြရတယ်မဟုတ်လား၊ တို့ကိုမွေးတဲ့အချိန်က ပြတင်းပေါက်က တွေ့မြင်နေရတဲ့ မြင်ကွင်းလေးကြောင့် ဖေဖေက အတွေးရသွားပြီး ဒီနာမည်လေးကို ပေးခဲ့တာတဲ့လေ"

"ယူ့ဖေဖေက စိတ်ကူးကောင်းသားပဲနော်၊ ဒီလို ဒဿနပါတဲ့ အမည်မျိုးပေးတတ်တာ မဆိုးဘူး"

"ဟုတ်ပါ့၊ တို့မိဘတွေဆို မျိုးစန္ဒာ၊ မျိုးမာလာ၊ မျိုးသူဇာဆိုပြီး ဖေဖေ့နာမည် မျိုးတစ်လုံးကို ရှေ့မှာထားပြီး ပေးခဲ့တာ၊ ရိုးရိုးကြီးနော်"

"မဆိုးပါဘူး၊ နာမည်လေးက ဆန်းသားပဲ"

နွယ်ဦးခင်က မှတ်ချက်ချပြီး ထောက်ခံသော်လည်း မျိုးမာလာမှာ ခေါင်းလေးကို ဘယ်ညာခါယမ်းပြလာသည်။



www.burmeseclassic.com



"အိုင့်ဒက်ဒီရဲ့ 'ခင်'နဲ့ မာမီ့ရဲ့ 'ဦး'အမည်လေးကို ရှေ့မှာ နွယ်ထည့်လိုက်တော့ နွယ်ဦးခင်၊ သွယ်ဦးခင်၊ အောင်ဦးခင်ရယ်လို့ ဖြစ်လာကြတော့တာပေ့ါ၊ ကြိုက်ပါဘူးနော်"

"နာမည်ဆိုတာ လူတစ်ယောက်ရဲ့ ကံကြမ္မာလို့ ဆိုကြတယ်၊ တို့လေ နွေအလွန်လို ပူပြင်းခြောက်သွေ့တဲ့ ကန္တာရခရီးကြမ်းကြီးကို ဖြတ်ကျော်ရဦးမလားမသိဘူးကွာ"

ရင်ထဲက ခံစားမှုတစ်ခုကို ထုတ်ဖော်ပြောလိုက်မိပေမယ့် သူတို့က နားလည်ပုံမရကြပါဘူး။ ကျွန်မကိုသာ.....

"အမယ်လေး.....ပူတတ်ရန်ကောကွာ၊ တို့တော့ မဖြစ်သေးတဲ့ အနာဂတ်ကို ဘယ်တော့မှ ကြိုတွေးပြီး မပူမိဘူး၊ ဘဝကို ပျော်ပျော်ပဲ ကျော်ဖြတ်ချင်တယ်"

"အိုင်လည်း ဒီအတိုင်းပဲ"

ထိုသို့ပြောလာကြသည်။ သူတို့ဘဝနဲ့ ကျွန်မဘဝက တူမှမတူကြတာပဲလေ။ သက်ပြင်းမောကြီးကို ချလိုက်မိပါ၏။

"ဟိတ်.....ဘာတွေတွေးနေတာလဲ၊ ဟိုမှာ ဆရာလာနေပြီ"

တံတောင်ဖြင့်တို့လိုက်မှ စဉ်းစားခြင်းရပ်သွားရသည်။ သို့ပေမယ့် အတွေးထဲတွင် အုပ်စိုးဝင်ရောက်လာသည်ကိုတော့ ငြင်းမရနိုင်ပါလား။ သူ့အကြည့်၊ သူ့မျက်လုံး၊ သူ့အပြောများကို နားလည်နေသည့် ကျွန်မ တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ ရင်ဖွင့်လာမည့် သူ့စကားကို မည်သို့အဖြေပေးရပါမည်နည်း။

စကားပြောနေစဉ်မှာ စူးရှစွာကြည့်တတ်သည့် သူ့မျက်လုံးများ၊ ထိုမျက်လုံးလေးများတွင် ချစ်အရိပ်အယောင်လေးများကို တွေ့မြင်နေရပြန်တော့ ဟင်းခနဲသာ သက်ပြင်းချလိုက်ချင်ပါရဲ့လေ။

ကျွန်မ ကျောင်းကအပြန်တိုင်းမှာ ကားမှတ်တိုင်တွင် အမှတ်တမဲ့တွေ့ဆုံပုံမျိုးဖြင့် ရောက်ရောက်နေတတ်သည့် အုပ်စိုး။ ကြိုတင်လာစောင့်နေမှန်း သိနေပေမယ့် ရှောင်ထွက်ဖို့ ခပ်ခက်ခက်ပါလား။

ယောကျာ်းတစ်ယောက်ရဲ့ ရိုးသားခြင်းဟာ မျက်လုံးအကြည့်မှာ ပေါ်လွင်ပေမယ့်လည်း အုပ်စိုးနဲ့ ကျွန်မတို့ရဲ့ တွေ့ဆုံမှုက အချိန်တိုတိုပဲရှိပါသေးတယ်ကွယ်။ ပြီးတော့လည်း အပေါ်ယံကြည့်ပြီး သိတာထက် အတွင်းစိတ်ကို မြင်အောင်ကြည့်တတ်ဖို့ လိုအပ်မည်ဟု ထင်ပါသည်။

XXX

"သမီးရေ နေ့လယ်က မင်းဒေါ်လေး လာသွားတယ်ကွယ်"

အန်တီထားကပြောလာ၍ ကျွန်မမှာ ခရီးရောက်မဆိုက် ဝမ်းသာလုံးဆို့သွားရ၏။

"ဟင်...ဟုတ်လား၊ ဒေါ်လေးက သမီးကို စောင့်တောင်မစောင့်ဘူး၊ ဘာတွေမှာသွားသေးလဲဟင် အန်တီထား"

"အလုပ်ကိစ္စနဲ့ ရောက်လာတာလေ၊ ရှေ့လထဲမှာ မန္တလေးကို ပြောင်းဖို့ရှိတယ်တဲ့၊ ပရိုမိုးရှင်းနဲ့ပေ့ါ"

"ဟယ်.....ဒါဆို ဒေါ်လေးနဲ့ ပိုဝေးပြန်ပြီပေါ့၊ ဒေါ်လေးမှာက အဖော်ရှိတာမဟုတ်ဘူး၊ ဒုက္ခပါပဲ"

ဝမ်းသာခြင်းမှ မဆုံးသေးပေ။ ဝမ်းနည်းစရာက ဖြစ်လာရလေပြီ။ ပြည်မှာအခြေတကျနေလာပြီးမှ ပြောင်းရွှေ့ရမည်ဆိုပြန်တော့လည်း စိတ်မကောင်းဖြစ်ခဲ့ရ၏။

"သိပ်လည်းစိတ်မကောင်းဖြစ်မနေပါနဲ့ သမီးရယ်၊ သမီးရဲ့နောင်ရေးအတွက် မပူပင်ရအောင် စီစဉ်ထားပါတယ်၊ ပြီးတော့ အန်တီထားလည်းရှိနေတယ်၊ ဘာတွေတွေးပူနေသလဲကွယ်"

"ဒေါ်လေးမေမေက သမီးကို စောင့်ရှောက်နိုင်ပေမယ့် သမီးကတာဝန်မကျေခဲ့ဘူးမဟုတ်လား၊ ဒေါ်လေးရဲ့အနားမှာနေပြီး မပြုစုနိုင်ခဲ့ဘူး အန်တီထားရယ်"

"အိုကွယ်...ကိုယ်ကကျောင်းတက်နေရသူပဲလေ၊ ဘယ်လိုလုပ်ပြီး ပြုစုနိုင်မှာလဲ၊ အန်တီထားပြောချင်တာက သမီးရဲ့ဒေါ်လေးကိုချစ်ရင် ဆရာဝန်ဖြစ်အောင်သာ ကြိုးစားစမ်းပါကွယ်၊ သမီးဒေါ်လေးက သူ့တူမကို ဆရာဝန်မကြီး သိပ်ကိုဖြစ်စေချင်နေတာ၊ နေ့လယ်ကတောင် အန်တီထားကို ပြောသွားသေးတာ"

ကျွန်မ၏ရည်ရွယ်ချက်ကလည်း ဆရာဝန်ဖြစ်ရေးပါပဲ။ ဒါမှလည်း အန်တီထားပြောသလို ဆရာဝန်မကြီးဖြစ်ပြီး ဒေါ်လေးနှင့်အတူတူနေနိုင်ခွင့် ရမှာပဲမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ.....ရေချိုးလိုက်ဦး၊ ဒါမှ လန်းသွားမှာ၊ ပြီးရင် ထမင်းစားကြ ပေါ့၊ ဒီနေ့ သမီးအကြိုက် ပဲကုလား ဟင်းနဲ့ ဆိတ်သားချက်ထားတယ်"

အန်တီထား၏စကားများသည် ကျွန်မ၏ခံစားမှုများ ပေါ့သွားစေရန် ပြောလိုက်သည့်စကားဖြစ်မှန်းသိနေ၍ နွေးထွေးသောခြေလှမ်းများဖြင့် အန်တီထား၏ရှေ့မှ ထွက်လာမိလေပြီ။

အခန်းထဲရောက်မှ အန်တီထားပေးလိုက်သည့် စာအိတ်ရှည်လေးကို ဖောက်လိုက်ရာ တစ်ထောင်တန် ငွေစက္ကူတစ်ထပ်နှင့် အတူ စာတစ်စောင်ကိုတွေ့ရ၍ ဖတ်ကြည့်လိုက်မိသည်။

သမီး....

"ဒီစာကို သမီးဖတ်နေချိန်မှာ ဒေါ်လေးမေမေ ပြည်ကိုပြန်ရောက်နေမှာပါကွယ်၊ ဒေါ်လေးမေမေလည်း မကြာခင်မှာ မန္တလေးကို ပြောင်းရလိမ့်မယ်၊ ဒါပေမဲ့ သမီးအတွက်ကို အရာရာအဆင်ပြေအောင် ဒေါ်လေးမေမေ စီစဉ်ပေးခဲ့ပါတယ်၊ လိုအပ်သမျှကို အန်တီထားကိုသာပြောလိုက်ပါ။

သမီးကို ဒေါ်လေးမေမေ တစ်ခုပဲတိုက်တွန်းချင်တယ်၊ ရာထူးယူပြီး မန္တလေးကို ပြောင်းရရင် ကောင်းမလား၊ အလုပ်ထွက်ပြီး ပြည်မှာပဲအခြေချရင် ကောင်းမလား၊ အပြင်းပြင်းစဉ်းစားရမှာ ဒီတစ်ခုတည်းရှိ... ဖြစ်ရမယ်ဆိုတာပါ၊ ဒါပေမဲ့ သမီးလေးရှေ့ရေးအတွက်ပါ၊ မကြာခင်မှာတော့ တစ်ခုခုကို ဆုံးဖြတ်နိုင်မယ်လို့ ဒေါ်လေးမေမေ ထင်ပါတယ်၊ အင်းလေ သမီးကို ဆုံးဖြတ်နိုင်ရင်လည်း သမီးက ဒေါ်လေးမေမေသာဘောပဲလို့ ပြောဦးမှာပဲမဟုတ်လား။

ပြည်က သမီးသူငယ်ချင်းနှစ်ယောက်လည်း အဓေးသင်တက္ကသိုလ်တက်ပြီး ရုံးမှာလုပ်အားပေးနေကြတယ်၊ သမီးကို သူတို့လည်း သတိရနေကြ ပါတယ်လို့ ပြောပေးပါတဲ့၊ သမီးလည်း စာကြိုးစားပြီး ဆရာဝန်ဖြစ်ဖို့ကိုသာ အဓိကထားပါ၊ တခြားအကြောင်းအရာတွေ တွေးမနေနဲ့နော်၊ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ။

ချစ်တဲ့

ဒေါ်လေးမေမေ

စာလေးကိုပိတ်လိုက်ပြီး ဒေါ်လေးအကြောင်းကို တွေးမိ၏။ ဒီနေ့ ဒီအချိန်အထိ တစ်ကိုယ်တည်းနေနိုင်သည့် ဒေါ်လေးသည် ကျွန်မအပေါ် သံယောဇဉ်ကြီးလွန်းသူပါပဲ။ သူ့အတွေးထဲတွင် ကျွန်မသာရှိနေပြီး ကျွန်မဘဝရှေ့ရေးကို အလေးထားသူဖြစ်သဖြင့် တစ်ခါတလေတော့လည်း ကျွန်မသည် အတ္တကြီးသူ တစ်ယောက်ဖြစ်နေပါလိမ့်မည်။ သို့ပေမယ့် ကျွန်မ၏အတ္တထက် ဒေါ်လေးအပေါ် ချစ်လွန်းသောတူမတစ်ယောက်အဖြစ်သာ မြင်စေချင်ပါသည်။ ဒေါ်လေးနှင့်မတွေ့လိုက်ရသည့်အတွက် စိတ်ထဲမှာသိပ်တော့ မကျေနပ်ချင်ပါ။ အိမ်မှာမတွေ့လည်း ကျောင်းအထိလိုက်လာရင် ဖြစ်ရဲ့သားနဲ့ ဒေါ်လေးရယ်။ ငွေများကို ရေတွက်ကြည့်ရာ ငါးသောင်းတိတိ။ ထိုငွေများမှာ ဒေါ်လေးစုဆောင်းထားခြင်းတော့ ဖြစ်ဟန်မတူပါ။ အားလုံးမှာ အသစ်များချည်းဖြစ်နေ၏။ ငွေများစွာရ၍ ဝမ်းသာရသော်လည်း ထိုငွေများစွာကို ဒေါ်လေးမည်သို့ရပါမည်နည်း။ တစ်စုံတစ်ယောက်ထံမှ ချေးငှားလာခြင်းမျိုးဆိုလျှင် ကျွန်မကြောင့် ဝန်ထုပ်ဝန်ပိုးတစ်ခုမဖြစ်စေချင်ပေ။

"ဟိတ်.....ဘာစာတွေဖတ်နေလဲဟင်၊ ပြစမ်း.....ပြစမ်း"

အခန်းထဲဝင်လာသော နုအေးနိုင်မှာ ပင်ပန်းမှုကို အလေးမထားနိုင်လောက်အောင် ကျွန်မ၏လက်ထဲမှစာလေးကို အတင်းပင် ဆွဲလုဖတ်လိုက်သည်။

"ဟယ်.....မင်းရဲ့ဒေါ်လေး မေမေစာပဲ၊ နိုင်က အုပ်စိုးဆီကလားလို့၊ လန့်သွားတာပဲ"

စာကိုဆက်မဖတ်ဘဲ ပြန်ချထားလိုက်တော့၏။ ပြီးမှ မောလာဟန်ဖြင့် လက်ကလေးနှင့် ယပ်ခတ်နေပြန်သည်။

"ဟူး.....မောလိုက်တာနော်၊ ခဏနားပြီးမှ ရေချိုးရမယ်၊ မင်းရောအခုမှရောက်တာမဟုတ်လား၊ အန်တီထားတော့ မနေ့ကကိစ္စကို မသိဘူး နွေအလွန်၊ တို့နှစ်ယောက်ကို အဆောင်မှာကျန်ခဲ့တယ်ပဲထင်နေတာ၊ ဟီ.....ဟိ"

"မတွေ့တာပဲကောင်းပါတယ် နိုင်ရယ်၊ မနေ့ကတွေ့သွားရင် ဒေါ်လေးကို အန်တီထား ပြန်ပြောလိုက်မှ စိတ်မကောင်းဖြစ်သွားပါဦးမယ်၊ နေ့လယ်က ဒေါ်လေးမေမေ ဒီကိုရောက်လာတယ်လေ၊ တို့နဲ့တောင် တွေ့မသွားလိုက်ရပါဘူး"

"ဟင်.....တော်သေးတာပေါ့နော်၊ နွေအလွန့်ဒေါ်လေးကို နိုင်တောင်တွေ့ချင်လိုက်တာ၊ တူမထက် အဒေါ်က ပိုချောနေမလားပဲနော်"

"ဒေါ်လေးမေမေက တို့ထက် ပိုချော၊ ပိုလှ၊ ပိုခံ့တာပေါ့ နိုင်ရာ၊ က္ကန္ဒြေရှိပြီး ကျက်သရေရှိတဲ့ အလှ

www.burmeseclassic.com



မျိုးကို ပိုင်ဆိုင်ထားတာ၊ ဒါတောင် တို့ရှိနေလို့ပေါ့ ခိုင်ရယ်၊ ဒေါ်လေးကို ချစ်ကြိုက်တဲ့ယောကျ်ားတွေက အများကြီးပေါ့၊ အဲဒီထဲက ဦးဖေသော်ဆိုတာ ဒေါ်လေးရဲ့ ငယ်ချစ် ဦးပေါ့လေ၊ သူ့ကို တို့က ဒေါ်လေး မေမေနဲ့ သဘောမတူဘူး''

ဦးဖေသော်၏မျက်နှာကို ပြောနေရင်းမှ ပြန်လည်မြင်ယောင်လာမိပြန်သည်။ ကျွန်မ မရှိတော့သည့် ပြည်မှာ ဦးဖေသော်အတွက် ပိုမို လွတ်လပ်နေပြီလား၊ သို့မဟုတ် ကျွန်မကိုပေးထားသည့် ဒေါ်လေး၏ကတိများ ဖောက်ဖျက်နေမည်လား။ ဖြစ်နိုင်ခြေမရှိသော်လည်း ကျွန်မဘက်က စိုးရိမ်ကြီးခြင်းသာ ဖြစ်နေပါလိမ့်မည်။

''မင်းက ဘာကြောင့်သဘောမတူရတာလဲ နွေအလွန်''

ထိုအမေးအတွက် ကျွန်မ၏ အဖြေမှာ မရေရာ၊ မသေချာ။ တိတိကျကျ ဖြေဆိုနိုင်သည်မှာ.....

''ဒေါ်လေးမေမေကို ချစ်လို့ပေါ့ ခိုင်ရယ်''

ထိုစကားလေးကို နုအေးခိုင်မှာ ခေါင်းလေးကို ဖြည်းလေးစွာ ခါပြီးနောက် နှုတ်ခမ်းလေးကွေးညွှတ်ရုံသာ ပြုံးပြရှာ၏။

''အဲဒါချစ်တာမဟုတ်ဘူးလေ၊ တကယ်ဆို မင်းရဲ့ဒေါ်လေးကိုချစ်ရင် မင်းဘက်က နားလည်ပေးနိုင်ရမယ်၊ သူတို့ချစ်သူချင်း ပေါင်းဆုံခွင့်ပေးနိုင်ရမှာပေါ့ကွာ၊ တကယ်ချစ်တဲ့သူအချင်းချင်း ပေါင်းကြပါစေလား''

ပင့်သက်မောကို ဖွဖွချလိုက်မိ၏။ ကျွန်မဘက်မှ မည်သူမျှ ခံစားမပေးကြပါလား။ ချစ်တဲ့သူချင်း ပေါင်းဆုံသည့်တစ်နေ့ ဒုက္ခပင်လယ်ဝေပြီး ကျန်ရစ်ခဲ့မည့် ကျွန်မကို မည်သူမှ နားလည်မပေးကြပေ။ ရင်မောစွာ ကျန်ရစ်ခဲ့ရလေပြီ။

XXX

''အုပ်စိုးဘက်က ခိုင်တာဝန်ယူတယ် နွေအလွန်၊ သူ့ကိုပြန်ချစ်လိုက်ပါကွာ''

ဒုတိယနှစ်အရောက်တွင် ကျွန်မထံမှ ငြိမ်သက်နေသည့်အတွက် အုပ်စိုးက နုအေးခိုင်ကို ချဉ်းကပ်ခြင်းကြောင့် ထိုစကားမျိုး ပြောလာခြင်းပဲဖြစ်ပေမည်။

''အုပ်စိုးကို ခိုင့်မိဘတွေက ခေါ်ယူစောင့်ရှောက်ထားပြီး ပညာဆက်သင်ခွင့်ကို ခုချိန်ထိ ထောက်ပံ့ပေးနေပေမယ့် ခိုင်နဲ့အုပ်စိုးက မောင်နှမဆိုရင် မမှားပါဘူး နွေအလွန်ရယ်၊ သူ့ရဲ့ရိုးသားမှုကို မင်းလည်းသိပြီးဖြစ်မှာပါ''

အဖြေမပေးသေးပါဘဲနှင့် သူနှင့်သွားလာချိန်တိုင်း ကျွန်မနှင့်အတူ နုအေးခိုင်လည်းပါ၏။ သူ့စိတ်ဓာတ်ကို အနီးကပ်လေ့လာချိန် သဘောမကျစရာဟူ၍မတွေ့ခဲ့။ အချစ်သည် ရိုးသားခြင်းကို မြစ်ဖျားခံပြီးမှ တွယ်တာခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ မြတ်နိုးခြင်း၊ ကြင်နာခြင်း၊ ယုယခြင်း စသည့်မြစ်ခွဲများစွာ စီးဆင်းခြင်းသဘောမျိုးကိုဆောင်သည့် အချစ်မြစ်ကြီးတစ်ခုထဲသို့ ပေါင်းဆုံစီးဝင်သွားခြင်းဖြစ်မည်ဟု ထင်မိသည်။

''တို့လည်း သင်တန်းပြီးတော့မယ်ဆိုတော့ မော်ကျွန်းကိုပြန်ရတော့မှာပါ၊ ဒီတော့ မင်းတို့နှစ်ယောက်ကို ချစ်သူအဖြစ် မြင်သွားချင်တယ် နွေအလွန်၊ ဖြစ်နိုင်ရင် အုပ်စိုးကို အဖြေပေးလိုက်ပါတော့လားကွာ''

''အောင်သွယ်ခဘယ်လောက်ရသလဲ ခိုင်''

ထိုစကားလေးကြောင့် ပြုံးသည်ဆိုရုံလေး နှုတ်ခမ်းလေးက ကွေးညွှတ်သွားရှာ၏။ နုအေးခိုင်သည် တကယ်ပဲ မောင်နှမပီသသူတစ်ယောက်ဟု တွေးမိသည်။

''ခိုင်က အုပ်စိုးကို နွေအလွန်ဆိုတဲ့မိန်းကလေးနဲ့ သဘောတူတယ်၊ မင်းရင်ထဲက အုပ်စိုးအပေါ် ဘယ်လိုသဘောထားသလဲဟင်၊ မင်းသဘောမကျစရာမျိုးရှိရင် ပြောလေ၊ သူ့ကိုပြင်ခိုင်းရမယ်''

''ဖွတ်ပါပဲလားကွာ''

''အချစ်မှာ နောက်ကျတိုင်း ကောင်းတာမဟုတ်ဘူးလေ၊ အုပ်စိုးဟာ မင်းအတွက် ချစ်သူကောင်းပီသစေရမယ်၊ စိတ်ချ''

သနားစရာ နုအေးခိုင်ပါလား။ အုပ်စိုးဘက်ကတာဝန်ယူလွန်းသော နုအေးခိုင်အဖြစ်ကို ကျွန်မပင် သနားလာရ၏။

''မင်းဟာ ဆရာဝန်လောင်းမဟုတ်ဘဲ သာမန်မိန်းကလေးဆိုရင်လည်း အုပ်စိုးနဲ့ သဘောတူမှာပါ၊

www.burmeseclassic.com

www.burmeseclassic.com

တို့မိသားစုမှာ ငွေတို့ ဂုဏ်တို့ မက်မောကြတာမျိုးမဟုတ်ပါဘူး၊ ခိုင့်မိဘတွေက ရိုးသားအေးဆေးကြတဲ့သူတွေပါကွာ''

ဒါတွေ ကျွန်မသိပြီးသားပါပဲလေ။ အုပ်စိုးကို အဖြေမပေးသေးခြင်းမှာ ကြိုးရှည်ရှည်နှင့် လှန်ထားခြင်းမျိုးတော့မဟုတ်ပေ။ ကျွန်မ၏ဘဝ၊ ကျွန်မ၏ပညာရေးက ဆုံးခန်းတိုင်ခြင်းမရှိသေးလို့ပဲဖြစ်ပါ၏။ ဆရာဝန်ဖြစ်ရန် ငါးနှစ်ကျော်ခန့် ဖြတ်သန်းလျှောက်လှမ်းရပါဦးမည်။ ရည်ရွယ်ချက်မပြည့်မီအချိန်တွင် အချစ်ကို မျှိုသိပ်နိုင်ခြင်းသာ အကောင်းဆုံးဖြစ်ပါမည်။

''ခိုင်က အုပ်စိုးကိုသိပ်ချစ်တာပဲနော်''

ထိတ်လန့်သော မျက်ဝန်းအစုံဖြင့် ကျွန်မထံ ဖျပ်ခနဲ လှမ်းကြည့်၏။ ကျွန်မစကားသည် သူမအတွက် အဓိပ္ပာယ်တစ်မျိုးသက်ရောက်နိုင်ခြင်းကြောင့် ဖြေရှင်းချက်ကို လျင်မြန်စွာထုတ်လိုက်ရသည်။

''မောင်နှမအရင်းတွေလို သံယောဇဉ်ရှိတာမျိုးကို ပြောတာပါကွာ''

''တို့တွေက ငယ်ငယ်ကတည်းက မောင်နှမတွေလို နေလာကြတာပဲလေ၊ ခိုင့်ကို အစ်ကိုကြီးတစ်လှည့်၊ အုပ်စိုးတစ်လှည့် ထိန်းကျောင်းလာကြတာ၊ တကယ့်မောင်နှမရင်းတွေပဲ ဖြစ်လိုက်ပါတော့လားလို့ တစ်ခါတစ်ခါ တွေးမိပါတယ်''

''တို့မှာ ရည်ရွယ်ချက်မပြည့်သေးဘူး ခိုင်ရာ''

နုအေးခိုင်၏ သက်ပြင်းချသံနှင့်အတူ တံတွေးမျိုချသံကိုပင် ကြားလိုက်မိ၏။ ကျွန်မထံ ငြိုးငယ်သော မျက်ဝန်းလေးနှင့် မျက်တောင်လေး မေးစင်းကာ နှစ်သိမ့်စကားဆိုလာပြန်သည်။

''အုပ်စိုးလည်း ပညာတစ်ပိုင်းတစ်စနဲ့ပါကွာ၊ ရည်ရွယ်ချက်ပြည့်မှ လက်ထပ်ကြပေါ့၊ ခိုင်ဆိုလိုချင်တာက ခိုင့်မျက်စိရှေ့မှာ မင်းတို့ချစ်သူဘဝရောက်သွားတာကို မြင်ချင်တယ်၊ ဒါမှ မော်ကျွန်းကို စိတ်ချလက်ချ ပြန်ရမှာပေါ့၊ နို့မို့ဆို လိပ်ခဲတည်းလည်းဖြစ်နေရမှာ''

''တို့နားလည်ပါပြီကွာ၊ ခိုင်မပြန်ခင်တော့ ဆန္ဒတွေ ပြည့်ဝလာရမှာပါ၊ ကျေနပ်တော့နော်''

''တကယ်နော်''

လက်ညှိုးလေးထောင်ကာ အငမ်းမရမေးလာသည့်စကားကြောင့် ခေါင်းလေးကို အသာအယာညိတ်ပြလိုက်ရာ ကျွန်မ၏ကိုယ်လုံးလေးအားပွေ့ဖက်ပြီး ဝမ်းသာနေရှာသေးသည်။ သို့ပေမယ့် ကျွန်မကတော့ လမ်းလျှောက်ရင်း လမ်းပျောက်သွားမှာကို စိုးရိမ်မိသူပမာ အချိန်မတန်ဘဲ ပန်းတစ်ပွင့်ကို ဖွတ်အတင်းပွင့်ခိုင်းစေချင်သည့်ဆန္ဒမျိုး မရှိသည်ကတော့ အမှန်ပင်ဖြစ်၏။

XXX

''နွေအလွန်.....''

ဘတ်စ်ကားပေါ်တက်ခါနီးမှ အနောက်မှခေါ်လာသောအသံကြောင့် လည်ပြန်လှည့်ကြည့်မိရာ အုပ်စိုးကိုတွေ့လိုက်ရ၍ မတက်ဖြစ်တော့ဘဲ ချန်နေမိ၏။ အုပ်စိုးက ကျွန်မရှိရာ လျှောက်လာသည်။

''အချိန်ရရင် ကျွန်တော့်ကို အချိန်နည်းနည်းလောက် ပေးနိုင်မလားဗျာ''

''ဒီနေရာမှာပဲပြောလေ''

''ဟုတ်ကဲ့၊ နွေအလွန်ထွက်အလာကို ကျွန်တော်စောင့်နေတာပါ၊ နုအေးခိုင်က ကျွန်တော့်အကြောင်း ပြောထားပြီးသားဖြစ်ပါလိမ့်မယ်''

''အင်း.....''

''ဒါဆို အဖြေပေးဦးလေ''

ထိုမောင်နှမနှစ်ယောက်၏စိတ်ဓာတ်က တူညီနေကြ၏။ သူ့ထံ တစ်ချက်ကြည့်ပြီး ဖြေမိသည်။

''ခိုင်မပြန်ခင် သိရမှာပါ၊ ခုတော့ ကျွန်မ မစဉ်းစားရသေးဘူး၊ ဟော.....ဟိုမှာ ဘတ်စ်ကားလာနေပြီ၊ ကျွန်မ သွားတော့မယ်နော်''

''တကယ်ပြောတာနော်၊ ကျွန်တော် ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလားဟင်''

''အောင်စာရင်းကို ကြိုသိဖို့ မစဉ်းစားနဲ့လေ၊ ရှင်ဖြေနိုင်ရင် အောင်မှာပေါ့၊ သွားပြီနော်''

ချောင်ချိသော ဘတ်စ်ကားပေါ်တက်လာပြီး နေရာရ၍ ထိုင်လိုက်၏။ ဘတ်စ်ကားအထွက်တွင် ကျွန်မရှိရာကို ရပ်ကြည့်ကျန်ရစ်ခဲ့သည့် အုပ်စိုးက ကျွန်မထံလက်ပြရှာသည်။ ခုန်လာသောရင်ကို အသာထိန်းပြီး စဉ်းစားမိရာ အုပ်စိုးကို ကျွန်မ ချစ်

www.burmeseclassic.com

www.burmeseclassic.com



မိပြီလားမသိ။ အဖြေက ဆုံးဖြတ်၍ မရနိုင်သေးပေ။

အချစ်သည် အေးချမ်းသည်ဟု ဆိုကြသော်လည်း ကျွန်မ၏ရင်ထဲတွင် ပူလောင်ရှုပ်ထွေးနေပါပြီ။ စဉ်းစားရခက်သော ပုစ္ဆာအတွက် အဖြေရလာသည့်တစ်နေ့ကတော့ မှတ်စုစာအုပ်တစ်အုပ်ရှာဖွေစဉ် နုအေးခိုင်၏ ဒိုင်ယာရီစာအုပ်လေးကို ဖတ်မိသည့်အချိန်ကပဲဖြစ်လေသည်။ ထိုဒိုင်ယာရီလေးသည် နုအေးခိုင် မသိမ်းမိသည့် သူမ၏မွေ့ရာအောက်မှ တွေ့ခဲ့ရသောကြောင့် ကျွန်မ မမြင်နိုင်အောင် လျှို့ဝှက်ထားခြင်းသာဖြစ်ပေမည်။

ဒိုင်ယာရီလေး၏အစတွင်.....

"နုအေးခိုင်၏အချစ်မှတ်တမ်း" ဟု ရေးထား၍ စိတ်ဝင်စားစွာဖတ်ကြည့်မိရာ "ငယ်စဉ်ဘဝမှ သံယောဇဉ်ဖြစ်ခဲ့ရသူတစ်ယောက်အကြောင်း" ပဲဖြစ်၏။ ထိုသူမှာ အခြားမဟုတ်။ "အုပ်စိုး" ပဲဖြစ်လေသည်။ ကျွန်မ အံ့သြသွားမိပါပြီ။

"ရန်ကုန်ကိုလာချင်တာ အုပ်စိုးကိုလွမ်းလို့ပါကွယ်"

"ဖေနဲ့မေက ခိုင်တို့နှစ်ယောက်ကို လက်ထပ်ထားဖို့ စီစဉ်ထားပါတယ်၊ ခိုင် ပျော်လိုက်တာ အုပ်စိုးရယ်"

စာရွက်တစ်ရွက်ချင်းကို လှန်ဖတ်ရင်းမှ အုပ်စိုးနှင့်ပတ်သက်သည့် အမှတ်တရလေးများကို ဖတ်မိရသည်။

"အုပ်စိုးရယ် တိတ်တခိုးချစ်ခဲ့ရတဲ့ ခိုင့်ကိုဘေးမှာထားပြီး တခြားမိန်းကလေးနဲ့ ကြည်နူးနေလိုက်တာကွယ်"

"ခိုင်ဘယ်လိုလုပ်ရမှာလဲဟင်။ အုပ်စိုးကို ခိုင်သိပ်ချစ်တယ်။ ဒါပေမဲ့ နွေအလွန်ကလည်း ခိုင့်အချစ်ဆုံးသူငယ်ချင်း။"

"ခိုင် ဆုံးဖြတ်လိုက်ပါပြီ။ အုပ်စိုးကို ရင်ထဲကပဲ တစ်သက်လုံးချစ်နေတော့မယ်နော်။ ကိုယ်ချစ်ရသူ စိတ်ချမ်းသာဖို့ ခိုင်နောက်ဆုတ်ပေးပါတယ်ကွယ်။ နွေအလွန်ရဲ့အချစ်ကို အုပ်စိုး ထာဝရပိုင်ဆိုင်နိုင်ပါစေ။"

ဆက်မဖတ်ဖြစ်လောက်အောင် ရင်တုန် ထိတ်လန့်သွားရသူက ကျွန်မပါ။ အချိန်များစွာထိ နုအေးခိုင်က မျိုသိပ်ထားနိုင်သည့်အတွက် အံ့သြခြင်းနှင့်အတူ သနားမိရပါပြီ။ ဒါကြောင့်လည်း နုအေးခိုင်ပြောခဲ့သည့်အတိုင်း 'တကယ်ချစ်တဲ့သူ



အဲဒီထဲမှာ
ရှင်သီလာအောင်
မိန်းကလေး
တစ်ယောက်ရဲ့
ခံစားမှုအကြောင်းလေးကို
ဖတ်ရပါလိမ့်မယ်၊
အုပ်စိုးဆိုတဲ့
လူတစ်ယောက်ကို
ချစ်နေတဲ့
ဖြစ်ရပ်မှန်
ဇာတ်လမ်းလေး
တစ်ပုဒ်ဆိုလည်း
မမှားပါဘူး。。。

www.burmeseclassic.com

www.burmeseclassic.com

ချင်း ချစ်ကြပါစေ'တော့လေ။ အုပ်စိုးအပေါ် သိပ်ချစ်လွန်းသည့် နုအေးခိုင်တစ်ယောက် စိတ်ချမ်းသာစေချင်ပါသည်။

သို့ပေမယ့် ကျွန်မရှေ့တွင် ဟန်ဆောင်ကောင်းသည့် နုအေးခိုင်ကိုတော့ သူမ ဝမ်းသာနိုင်မည့်အဖြေကိုပေးနိုင်ရန် ကျွန်မ ဆုံးဖြတ်နိုင်လေပြီ။ ထိုဒိုင်ယာရီလေးဖတ်ရပြီးနောက်တစ်နေ့တွင်.....

"အုပ်စိုးကိုချိန်းလိုက်တော့ ခိုင်၊ သူ့ကိုအဖြေပေးလိုက်တော့မယ်"

မထင်မှတ်သည့် စကားလေးတစ်ခွန်းကြောင့် နုအေးခိုင်၏မျက်နှာလေးမှာ ဝမ်းမြောက်မှုကြောင့် လက်ခနဲ ဝင်းပသွားတော့သည်။ ကျွန်မထံ မယုံကြည်စွာ ထပ်မေးရှာ၏။

"အုပ်စိုးကို အဖြေပေးတော့မယ်ပေါ့နော်"

"ဟုတ်တယ် ခိုင်၊ သူ့ကို အရမ်းသနားလာပြီ၊ ဟိုတစ်နေ့က မိုးရွာထဲမှာရောက်လာတာ၊ သူ့တစ်ကိုယ်လုံး စိုရွဲနေတာပဲ၊ အဲဒီအချိန်မှာ သူ့ကိုချစ်သွားမှန်း ကိုယ့်ကိုယ်ကိုယ် သိလိုက်မိတာ"

မိုးရွာထဲမှာ တကယ်ရောက်မလာပါဘဲနှင့် လုပ်ကြံပြောမိခြင်းကြောင့် နုအေးခိုင် ခွင့်လွှတ်နိုင်ပါစေ။

"ဒါဆို အုပ်စိုးကိုချစ်တယ်လို့ အဖြေပေးတော့မယ်ပေါ့နော်"

"ဟင်း.....သူ့ကိုသွားပြီး ကြိုပြောမပြလိုက်နဲ့နော်၊ သိသွားရင်တော့ မချစ်နိုင်ပါဘူးလို့ဖြေလိုက်မှာ"

"မပြောပါဘူးကွယ်၊ အုပ်စိုးကို ချစ်တဲ့အတွက်ပဲ ခိုင်က ကျေးဇူးတင်ချင်တာပါ၊ ပြီးတော့ ဝမ်းလည်းသာတယ်၊ ပျော်လည်းပျော်မိတယ်"

ရယ်နေရှာသော မျက်ဝန်းထဲတွင် ရစ်ဝဲလာသော မျက်ရည်ကြည်လေးများပင် ကျွန်မ တွေ့မိပါ၏။ နု အေးခိုင်သည် ချစ်ခြင်းတစ်ခုကို နှလုံးသားတွင် မျိုသိပ်ထားနိုင်သည့် မိန်းကလေးတစ်ယောက်ပါပဲလား။ ချစ်တတ်သည့်အသည်းနှလုံးကို ပိတ်ပင်ထားသည့်အတွက် ပင်ပန်းလှပါပြီ။ သူ့ရင်ထဲတွင် ဝမ်းသာ၊ ဝမ်းနည်းခြင်း နှစ်မျိုးလုံးကို ခံစားနေရမှန်း ကျွန်မ သိနေမိသည်။

"ခိုင်လည်း ရှေ့အပတ်ထဲမှာ မော်ကျွန်းကိုပြန်ရမှာ နွေအလွန်၊ မင်းအားရင်လည်း ခေါ်သွားနိုင်ရင်ကောင်းမှာ၊ ဒါမှ ဖေတို့မေတို့နဲ့ တွေ့ရတာပေါ့"

"နောက်တော့တွေ့ရမှာပေါ့ကွာ၊ အမျိုးတွေဖြစ်လာရင် အတူတူနေချင်နေရမှာပေါ့"

"အုပ်စိုးက တောမှာပျော်တဲ့သူမဟုတ်ဘူး နွေအလွန်ရဲ့၊ သူက ငယ်ငယ်ကတည်းက မြို့ကိုတမ်းတခဲ့တာ၊ ခိုင့်မိဘတွေပြောတော့ အုပ်စိုးဟာ မြို့ပေါ်က လူကုံထံအသိုင်းအဝိုင်းက အကြောင်းတစ်ခုကြောင့် မွေးပြီးပစ်ထားခဲ့တာဖြစ်မယ်လို့ပြောတယ်၊ ဒါကြောင့်လည်း သူ့ပုံစံက နုသန့်ပြီး မြို့သားတစ်ယောက်လို ချောနေတာပေါ့နော်"

ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်သည်။ အုပ်စိုးသည် နုအေးခိုင်အမွှမ်းတင်သည့်အတိုင်း တောသားတစ်ယောက်ပုံမျိုးမပေါက်သော်လည်း ဝတ်စားဆင်ယင်ပုံမှာ တောခလေ့၊ တောဟန်၊ အငွေ့အသက်လေးများပါနေ၏။

"မော်ကျွန်းမှာတော့ အုပ်စိုးကို ချစ်တဲ့သူ ရှိနေမှာပေါ့နော်"

"အုပ်စိုးကို စိတ်ဝင်စားပြီးလာ တောင်းချင်ကြတာပေါ့၊ ဒါပေမဲ့ ခိုင်က ရန်တွေ့လွှတ်တာ၊ ဒါက ငယ်ငယ်တုန်းကပေါ့နော်၊ ကြီးပြင်းလာချိန်မှာ အစ်ကိုတွေကို လွှတ်လပ်ခွင့်ပေးပြီး မသိချင်ယောင်ဆောင်နေလိုက်တယ်၊ သူတို့ကိုက ချစ်သူမထားကြတာပါ"

"ဒါဆို အုပ်စိုးကို တိတ်တိတ်လေးခိုးချစ်နေတဲ့ နောက်ပိုးမလေးတော့ ရှိချင်ရှိနေမှာနော်၊ အင်းလေ အုပ်စိုးကလည်း ချောပြီး ယောကျ်ားပီသတာကိုး၊ ချစ်သူဖြစ်ရင်တော့ စိတ်ချရပါ့မလားမသိဘူး"

ထိုစကားလေးသည် နုအေးခိုင်၏ရင်ကို တိုက်ရိုက်ထိမှန်စေမည့် စကားလေးဖြစ်နေသလို သူ့မျက်နှာမှာ ရွာတော့မည့်မိုးလို ချက်ချင်း မည်းမှောင်သွားလေပြီ။ ဟန်ဆောင်ကောင်းသည့် နှလုံးသားကန့်လန့်ကာကို ဆွဲဖွင့်လိုက်သည့်သဘောမျိုးသက်သက်ရယ်ပါ။ ပင်ပန်းလွန်းလှပါတယ် နုအေးခိုင်ရယ်။ ကျွန်မ၏ စေ့စေ့အကြည့်ကို သူက မျက်နှာလွှဲသွားလေသည်။

XXX

www.burmeseclassic.com

www.burmeseclassic.com


အန်တီထား၏ သစ်ခွရုံနံဘေးရှိ ခုံတန်းလေးပေါ်တွင် ထိုင်စောင့်နေရှာသည့် အုပ်စိုး။ ကျွန်မရောက်လာသည်နှင့် မျှော်လင့်ချက်ကြီးကြီးဖြင့် စောင့်မျှော်နေမှန်း သိသာနေသည်။ ကျွန်မကို ခရီးဦးကြိုပြု၏။

''ထိုင်ပါ ကိုအုပ်စိုး''

သူ့ဘေးတွင် ကျွန်မက ထိုင်လိုက်ရာ ဝမ်းသာအယ်လဲဖြစ်သွားလေသည်။ ထိုနေ့က အဆောင်သူများနှင့် အန်တီထားတို့ မရှိကြ၍လည်း အုပ်စိုးအပေါ် ဤမျှလောက် အခွင့်အရေးပေးခဲ့ခြင်းပဲဖြစ်ပါ၏။

''နိုင်က ရုပ်ရှင်လက်မှတ်ဝယ်လာပြီး လူရှင်းပေးထားတဲ့အတွက် ကျွန်မ ကျေးဇူးတင်မိတယ်၊ အဲဒါဟာ ကိုအုပ်စိုးကြောင့် ငွေကုန်ကြေးကျခံပြီး စီစဉ်ပေးနိုင်ခဲ့တဲ့ နိုင့်ရဲ့ပါးနပ်မှုတစ်ခုပါပဲ ကိုအုပ်စိုး''

''နုအေးနိုင်အပေါ် အထင်မလွဲပါနဲ့ နွေအလွန်၊ ဒီလိုလုပ်ခဲ့တာ ကျွန်တော်တို့ကို သဘောရိုးနဲ့ ကူညီတာပါ၊ ကျွန်တော်ဟာ အခွင့်အရေးယူတတ်တဲ့ ယောကျ်ားမျိုး မဟုတ်ပါဘူး''

ပျာပျာသလဲ ဖြေရှင်းချက်ပေးလာ၍ ခပ်ထေ့ထေ့ကြည့်ကာ ချိုသာစွာပြုံးလိုက်မိ၏။ ကျွန်မ ပြောချင်သည့်စကားကို ရိပ်စားတတ်ခြင်း မရှိသူပါပဲ။

''အဲဒီသဘောမျိုးပြောနေတာ မဟုတ်ပါဘူး ကိုအုပ်စိုး၊ လူတစ်ယောက်ရဲ့ အခက်အခဲကို နောက်ကွယ်ကနေ ကယ်တင်ကူညီတဲ့သူကို ရှင်ဘယ်လိုသဘောထားမလဲဟင်''

''ကျေးဇူးတင်မိမှာပါ''

''ဒါပဲလားရှင်၊ သူ့စိတ်ခံစားကလေးကိုရော မလေးစားတော့ဘူးလား''

မျက်စလေးချီပြီး ပြန်မေးလိုက်မှ အုပ်စိုးက အသာခေါင်းညိတ်ပြ၏။ သူ့စိတ်ထဲတွင် မဆီမဆိုင်စကားမျိုး ပြောနေသည်ဟု ထင်ချင်ထင်ပါလိမ့်မည်။ မျက်နှာအမူအရာမှာ ညည်းညူစိတ်ပျက်သည့် အရိပ်အယောင်မျိုးကို တွေ့မြင်နေရသည်။

''ဒါဆိုရင် ကူညီတဲ့သူမှာ တော်ရုံစိတ်ခံစားမျိုး မထားဘဲနဲ့ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ကူညီချင်တဲ့ စေတနာထက်ပိုလွန်တဲ့ မေတ္တာမျိုးနဲ့ ကူညီခဲ့တာရော ရှင်လက်ခံရဲ့လား''

''ဒါကတော့ သွေးသားစိတ်ခံစားမျိုးနဲ့ ဖြစ်ပါလိမ့်မယ်''

ကျွန်မ၏ မပွင့်တပွင့်ရယ်သံကြောင့် ပဟေဠိဖြင့်ကြည့်လာ၏။ သူတို့နှစ်ဦးအပေါ် သံသယဖြစ်နေပြီဟု ထင်သွားပြီး ထပ်ဆင့်ဖြေ၏။

''နုအေးနိုင်နဲ့ ကျွန်တော်က မောင်နှမတွေပါ နွေအလွန်၊ ယုံပါ''

''မယုံကြည်လို့ စွပ်စွဲနေတာ မဟုတ်ပါဘူး၊ ရှင်တို့က သွေးသားရင်းတွေမှ မဟုတ်ဘဲရှင်၊ ရှင့်အပေါ် ချစ်နေတဲ့ နိုင့်အချစ်တွေကို တကယ်ပဲမသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား၊ နိုင်ဟာ တစ်ဖက်သတ်အချစ်နဲ့ ရှင့်ကို တိတ်တခိုး ချစ်နေသူပါ''

လေးထောင့်စပ်စပ်မျက်လုံးများမှာ ဝိုင်းခနဲဖြစ်သွား၍ အုပ်စိုးတကယ်မသိကြောင်း ထင်ရှားနေလေပြီ။

''ရှင်နဲ့နုအေးနိုင်ကို တစ်နေ့နေ့မှာ လက်ထပ်ပေးဖို့ မိဘတွေက ရည်ရွယ်ထားတာကိုရော ရှင်သိရဲ့လား''

''ဗျာ.....ကျွန်တော်နဲ့ နုအေးနိုင်ကို''

အံ့သြထိတ်လန့်၍ သူ့နှုတ်ခမ်းများ တရွရွဖြစ်နေတော့သည်။ ထိုအကြောင်းကိုလည်း တကယ်မသိခြင်းမှာ မေးစရာပင်မလိုတော့ပါ။ ခဏချိန်မှ သူ့ရင်တွေ လှုပ်ရှားနေရပေပြီ။

''ဟုတ်ပါတယ်၊ နိုင်ဟာ ရှင့်အပေါ် သိပ်ချစ်တတ်သူပါ၊ ဘယ်လောက်အထိလဲဆိုရင် သူ့နှလုံးသားကို စတေးခံပြီး စွန့်လွှတ်ချစ်တတ်သူပါ၊ ပြီးတော့ ဟန်ဆောင်ကောင်းခဲ့တယ်၊ ကျွန်မကို နားချပြီး ရှင့်ကို အကူအညီပေးခဲ့တဲ့သူပါ၊ နိုင့်မှာ မြင့်မြတ်တဲ့နှလုံးသားရှိနေတယ် ကိုအုပ်စိုး၊ နိုင့်ကို ကျွန်မ သိပ်လေးစားမိတယ်၊ ဒီတော့ အရှုံးပေးပြီးသား မိန်းကလေးတစ်ယောက်အပေါ် ကျွန်မ အနိုင်မယူရက်ဘူး''

ကျွန်မပြောလာသည့်စကားကို ငြိမ်သက်စွာ နားထောင်နေရှာ၍ ကျွန်မက အုပ်စိုးကို ကျေးဇူးတင်မိရသည်။ ထိုမှ သူတို့နှစ်ဦး၏ သံယောဇဉ်အတိမ်အနက်ကို ခန့်မှန်းမြင်နိုင်ပါပြီ။

''ရှင်နဲ့ကျွန်မရဲ့ သံယောဇဉ်ဆိုတာက တိုတောင်းလှတဲ့ အချိန်

www.burmeseclassic.com

ကလေးအတွင်းမှာပါ၊ ခိုင်နဲ့ရှင့်ရဲ့ သံယောဇဉ်က ရှည်ကြာလွန်းလှပါတယ်၊ ဒါကြောင့် ပိုပြီးခိုင်မြဲနေပါလိမ့်မယ်၊ အချစ်ဆိုတာ သံယောဇဉ်ရှိမှ ခိုင်မြဲတတ်တာပါ၊ ခိုင့်အပေါ် ရှင် ပြောင်းလဲပြီးချစ်နိုင်ရင် အားလုံး စိတ်ချမ်းသာကြမှာပါ၊ မဖြစ်နိုင်ဘူးလို့ ယူဆရင်တော့ ရှင်သိထားရမှာက ရှင့်ကို ငယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ခိုင့်မိဘ၊ ရှင့်အပေါ် အနစ်နာခံ ချစ်နေရှာတဲ့ နုအေးခိုင်၊ ပြီးတော့ ရှင်ကိုယ်တိုင် စိတ်ဆင်းရဲနေကြရမှာပါပဲ''

''ဟာဗျာ...ဘာတွေဖြစ်ကုန်ကြပြီလဲ၊ ကျွန်တော်တော့ ဘာကိုမှ နားမလည်နိုင်တော့ဘူး''

''ရှင်နားလည်အောင် ကျွန်မရှင်းပြပေးနေတာပေါ့၊ ဒါကိုမှ လက်မခံချင်ဘူးဆိုရင် ဒီဒိုင်ယာရီလေးကို ဖတ်ကြည့်ပါ၊ အဲဒီထဲမှာ ရှင်သိလာအောင် မိန်းကလေးတစ်ယောက်ရဲ့ ခံစားမှုအကြောင်းလေးကို ဖတ်ရပါလိမ့်မယ်၊ အုပ်စိုးဆိုတဲ့ လူတစ်ယောက်ကို ချစ်နေတဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းလေးတစ်ပုဒ်ဆိုလည်း မမှားပါဘူး၊ ရှင်သိထားရမှာက ကိုယ့်အပေါ် မွေးစားခဲ့တဲ့ ကျေးဇူးရှင်မိသားစုကို ငဲ့ညှာရမယ်၊ ပြန်လည်ကျေးဇူးဆပ်တတ်ရမယ်၊ ဒီဒိုင်ယာရီလေးကို ရှင်သုံးသပ်ကြည့်ဦးပေါ့၊ ကျွန်မ ခိုင့်ကိုခေါ်လာပါ့မယ်''

ကျွန်မကို မတားဆီးပါ။ ကံတရားသည် နုအေးခိုင်ဘက်တွင် ရှိနေမှန်းသိခဲ့၍ ကျွန်မလည်း စိတ်လက်ပေါ့ပါးစွာ နုအေးခိုင်ထံသို့ ထွက်လာမိသည်။ အိပ်ရာပေါ်တွင် စာအုပ်ဖတ်နေသည့် နုအေးခိုင်မှာ လှုပ်ရှားသောစိတ်ကို တည်ငြိမ်အောင်ထိန်းရင်း လက်လျှော့ထားပုံရပါ၏။

''ခိုင်.....''

စာအုပ်လေးကို စားပွဲပေါ်ပစ်တင်ပြီး လဲလျောင်းနေရာမှ ထထိုင်လိုက်သည်။ လျှင်မြန်လွန်းပါဘိ။

''အုပ်စိုးပြန်သွားပြီလားဟင်၊ သူသိပ်ဝမ်းသာသွားမှာပဲနော်''

ဆွေးမြည့်မြည့်ဖြင့် လက်မှိုင်ချသွားပုံကြောင့် နုအေးခိုင်အပေါ် အုပ်စိုးနှင့်ပတ်သက်၍ မည်သည့်ခံစားမှုမျှ မရှိစေချင်တော့ပါ။ သူ့လက်ကလေးကိုဆွဲပြီး.....

''မပြန်သေးပါဘူးကွာ၊ အုပ်စိုးက မင်းနဲ့တွေ့ချင်လို့တဲ့၊ ခဏလိုက်ခဲ့ဦး''

''ဘာကိစ္စနဲ့ တွေ့ချင်တာလဲကွာ၊ မင်းတို့ကို အနှောင့်အယှက် မပေးချင်ဘူး။ ချစ်စခင်စဦးမှာ ပျော်ပျော်ပဲနေကြပါကွာ၊ ခိုင်အလိုက်သိပါတယ်''

''မဟုတ်ဘူးကွာ၊ ဟိုမှာ ပြဿနာတက်နေလို့ပါ၊ မော်ကျွန်းက အုပ်စိုးချစ်သူ လိုက်လာတယ် ခိုင်''

''ဘယ်သူလဲ၊ ဘယ်ကောင်မ လိုက်လာတာလဲ၊ သူပြောတဲ့ ပေါက်တတ်ကရစကားတွေကို မယုံလိုက်ပါနဲ့ နွေအလွန်ရယ်၊ ခိုင်လိုက်ရှင်းပေးပါ့မယ်၊ လာ.....လာ''

ကျွန်မ၏လက်ကိုဆွဲကိုင်ပြီး ဒရောသောပါး အပြေးလေးလှမ်းလာကြတော့သည်။ အုပ်စိုး၏ရှေ့ရောက်သည့်အခါတွင်.....

''ဘယ်မလဲဟင်၊ ပြန်သွားပြီလား''

''မပြန်ပါဘူး၊ ဟိုမှာ သူ့လက်ထဲက ဒိုင်ယာရီပိုင်ရှင်မိန်းကလေးပေါ့၊ သူက အုပ်စိုးရဲ့ချစ်သူအစစ်ပဲ ခိုင်''

''ဟယ်.....ဒါ.....ဒါ ခိုင်ရှာနေတဲ့ ဒိုင်ယာရီလေးပဲ၊ ပေးဟာ၊ ဒီကိုဘယ်လိုရောက်လာတာလဲဟင်''

''သူ့ရဲ့ပိုင်ရှင်အစစ်ကို ဖတ်ဖို့ပေးလိုက်တာပေါ့၊ တကယ်ချစ်တဲ့ သူအချင်းချင်း ချစ်ကြစေချင်တယ်လေ၊ ရှင်လည်း ခိုင့်ကို နားလည်ပြီပေါ့နော်၊ ကျွန်မကို ခွင့်ပြုကြပါဦး၊ မနက်ဖြန်အတွက် စာကျက်စရာရှိနေသေးလို့ပါ''

''နွေအလွန် ခိုင်ရှင်းပြပါရစေလား''

ကျွန်မနောက် ပြေးလိုက်လာပြီး တောင်းပန်ရန်ကြိုးစားပေမယ့် ခေါင်းခါပြပြီး ခြေစုံရပ်လိုက်မိ၏။ ပြီးနောက် နုအေးခိုင်မျက်ဝန်းလေးနှင့် ဆုံအောင်ကြည့်ပြီး.....

''တို့လိပ်ပြာသန့်သန့်နဲ့ မင်းကို ကူညီပေးလိုက်တာပါ၊ တို့မှာ ဘာသံသယ၊ ဘာအထင်လွဲမှုမှ မရှိပါဘူး၊ မင်းရဲ့ဒိုင်ယာရီလေးကို မထင်မှတ်ဘဲ ဖတ်မိတဲ့အတွက် တောင်းပန်ပါရစေ၊ မင်းကိုတို့ နားလည်ခွင့်လွှတ်တယ် ခိုင်''

နုအေးခိုင်အား အုပ်စိုးထံပြန်ပို့ပေးပြီး သူတို့၏ ဘက်တစ်ဖက်စီ

www.burmeseclassic.com

www.burmeseclassic.com


အား ထိဆက်ပေးလိုက်သည်။ ငြင်းဆန်ခြင်းမပြုကြပေ။ ကျွန်မ၏လုပ်ရပ်အား မှင်တက်စွာ မလှုပ်မယှက်ဘဲ ငြိမ်သက်စွာရှိနေကြ၏။

"ဘယ်တော့မှ မခွဲမခွာဘဲ ရာသက်ပန် ပေါင်းဆုံ ချစ်နိုင်ကြပါစေ"

သူတို့အနီးမှ နားလည်စွာ ထွက်လာခဲ့ရလေပြီ။ အဆောင်ထဲဝင်ခါနီး ပြန်ငဲ့ကြည့်ချိန်တွင် အုပ်စိုးရင်ခွင်ထဲခိုဝင်ပြီး တင်းကျပ်စွာ ဖက်တွယ်လိုက်သည့် ချစ်သူနှစ်ဦးကဖြင့် ကျွန်မကို ဂရုပြုမိတော့မည် မဟုတ်ပေ။ ကျွန်မသာမဟုတ်ပါ။ ပတ်ဝန်းကျင်ရှိ သက်ရှိ၊ သက်မဲ့ အရာဟူသမျှကို သူတို့ ဂရုစိုက်နိုင်မည်မထင်တော့ပါ။ အနှစ်နှစ်အလလက သိမ်းဆည်းထားသည့် ခံစားမှုအစုစုတို့သည် တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ပွင့်အန်ထွက်လာသည့်အလား။ အချစ်စစ်၊ အချစ်မှန်ကို တွေ့ရှိနေကြပါပြီ။ အုပ်စိုး၏နှလုံးသားတွင် ကျွန်မရှိနေမှန်းသိသော်လည်း ကျွန်မကျေနပ်ပါသည်။

အဖြေပေးမည့်နေ့၌ အုပ်စိုး၏လက်ထဲသို့ နုအေးခိုင်၏ဒိုင်ယာရီစာအုပ်လေးပေးပြီးဖတ်စေခဲ့ခြင်း၊ ခိုင်နှင့်အုပ်စိုးအတွက် အဆင်ပြေအောင်ဆောင်ရွက်ပေးခဲ့ခြင်းတို့အတွက် အချစ်ရေ့နေမလေးဟု အများကထင်ချင်ထင်ကြပါစေတော့။

နွေအလွန်ဆိုသည့် မိန်းမတစ်ယောက်သည် မည်သူမျှမလုပ်နိုင်သည့်အလုပ်ကို လုပ်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူခြင်းများစွာဖြင့် အုပ်စိုးဆိုသည့် ယောကျ်ားတစ်ယောက်ကို သူ၏နှလုံးသားထဲမှ ဆွဲဖယ်ထုတ်ပစ်နိုင်သည်အထိ သူမအသည်းက ခိုင်မာပါသည်။

မော်ကျွန်းကိုပြန်သွားကြသည့် ချစ်သူနှစ်ဦးအား သင်္ဘောဆိပ်အထိ လိုက်ပို့နှုတ်ဆက်နိုင်သည့် ကျွန်မကို အဆောင်သူတွေက အံ့ဩလေးစားခဲ့ကြသော်လည်း ခံစားမှုမရှိသည့် ကျွန်မနှလုံးသားတွင် မည်သည့်ဒဏ်ရာမျှ ထင်မကျန်ရစ်ခဲ့ကြောင်း သူတို့မသိခဲ့ကြပါ။ သိအောင်လည်း ကျွန်မနှုတ်က မည်သူ့ကိုမျှ ဖွင့်ပြောမိလိမ့်မည်မဟုတ်ချေ။

**နောက်လဆက်ဖတ်ပါရန်**

**လေးစားစွာဖြင့်**

ထက်ထက်ဦးဝေ

**အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်**

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ **ဆရာကြီးဆရာလှ** အကြောပြုပြင်ရာဌာနမှ-

ဆရာကြီး၏သား **ဆရာဦးရဲဝင်း**

ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။

ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ၊ကျင်နာ ၊

ခြေသေလက်ကစ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများတို့အချိန်တိုတိုဖြင့်

ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းဖွင့်လှစ်နေရာ**

၇/ခ၂၀၊ ဗိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့၊

အမှတ် (၄၃) ဒေဝါသိကာဒေါ်ဆိုင်၍နွယ်သာဂီမှတ်တိုင်တွင်ဆင်းပါ၊

ဖုန်း - ၀၉ ၇၃၁၀၀၂၅၀

ဆေးခန်းဖွင့်ချိန်၊ ၊ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)

အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး

ဤဆေးခန်းတွင် ရနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# သန်းမြင့်ဦး

## ချစ်မိမှား

မျက်ခုံးလေးက မထူမပါး၊ မျက်တောင်တွေက ကော့ကော့၊ မျက်လုံးအစုံက စိန်ရောင်လက်နေသလို အရောင်တဖျတ်ဖျတ်။ နှာတံက တောင်ကုန်းမို့မို့ကဲ့သို့ အောက်သို့ပြေလျောလျော၊ မထူမပါးနှုတ်ခမ်းနှစ်လွှာက လေးကိုင်းသဏ္ဍာန်၊ ရေကြည်သောက်လျှင်မြင်ရမလောက် မှတ်ထင်ရသည့် လည်တိုင်ကြော့ရှင်း၊ လည်ကုပ်ပေါ်သို့ ကျဆင်းနေသည့် ဆံကေသာတို့က ရွှေဝါရောင်။

မျက်နှာတင် ချောမောလှပသည်မဟုတ်သေးပါ။ ခန္ဓာကိုယ်အဆစ်အပေါက်ကလည်း အချိုးအစား ကျနပြေပြစ်သည်။ ပါးပါးလျားလျား ဝတ်ဆင်ထားသည့် နက်ပြာရောင် လက်ရှည်အင်္ကျီအောက်ရှိ ဘရာစီယာအတွင်းမှ ရွှေရင်အစုံက အပြင်သို့ရုန်းထွက်တော့မည့်အတိုင်း မို့မို့တင်းတင်း။ ဝမ်းဗိုက်ခပ်ရှပ်ရှပ်၊ မလေးရှားပါတိတ် ပြောင်ထဘီ နက်ပြာရောင်အောက်မှ ပေါင်တံနှစ်သွယ်က ကြွားကြွားရွားရွား။

မည်သို့ပင်ဆိုစေ သူလေးသည် ချောသည်၊ လှသည်၊ တောင့်တင်းသည်၊ ဖြောင့်သည်။ ပြီးတော့ ရဲတင်းသည်။

www.burmeseclassic.com

www.burmeseclassic.com


"အစ်ကို့ဆီမှာ ဖတ်စရာစာအုပ်တွေက အစုံပဲနော်၊ ကေသီတော့ မနက်ပိုင်းအချိန်တွေ မပျင်းရတော့ဘူးပေါ့နော်"

စာအုပ်စင်ပေါ်မှ စာအုပ်တွေကိုရွေးပြီး လှမ်းပြောလာသည့် သူလေး၏အသံက သာယာသည်၊ ကြည်လင်သည်။

"ညီမရဲ့နာမည်က ကေသီတဲ့လား"

သန်းဦးက လေအေးလေးဖြင့် မေးလိုက်မိသည်။

သူလေးသည် သန်းဦးဘက်ဆီသို့ ပြုံးမျက်နှာလေးဖြင့် သမင်လည်ပြန်လှည့်ကြည့်လျက် တစ်ဆက်တည်း.....

"ကေသီ့ရဲ့ နာမည်အပြည့်အစုံက ကေသီထွေးပါ အစ်ကို၊ ညီမက နှင်းဆီစေရာညကလပ်မှာ ညပိုင်းအဆိုတော်လေ၊ ဒါကြောင့် မနက်ဘက်ဆို ကေသီက အားနေတာ၊ အခါတိုင်းနေ့တွေတုန်းက စားလိုက်၊ အိပ်လိုက်လုပ်နေတာ၊ ကေသီ့ရဲ့အခန်းဖော် ဇာခြည်ပြောတော့မှ ဒီမှာ စာရေးဆရာ အစ်ကိုသန်းဦးရှိတယ်ဆိုတာရယ်၊ အစ်ကို့ဆီမှာ ဖတ်စရာစာအုပ်တွေ အများကြီးရှိနေတယ်ဆိုတာ သိတာနဲ့ အစ်ကို့ဆီကို လာပြီးမိတ်ဆက်ရင်း စာအုပ်လာပြီးငှားတာလေ၊ ကေသီနှစ်အုပ်သုံးအုပ်လောက် ယူသွားမယ်၊ ရတယ်မဟုတ်လား အစ်ကိုစာရေးဆရာ"

ပြောပုံဆိုပုံလေးက သွက်လက်သည်၊ ရဲတင်းသည်။

အသက်လေးဆယ်ကျော်သည်အထိ လူပျိုကြီးဘဝတွင်နေခဲ့သည့် သန်းဦး၏ရင်ထဲမှာ ဘာရယ်မသိရသော ဝေဒနာတစ်ရပ်ကို ခံစားမိသလိုရှိသည်။ ကေသီထွေး၏ကိုယ်ပေါ်မှ ထွက်ပေါ်နေသည့် ကိုယ်သင်းနံ့လေးကြောင့်လည်း စိတ်မှာ အတိုင်းမသိ လှုပ်ရှားမိသလိုရှိနေသည်။

ကေသီထွေးကတော့ ဒါတွေကို သိပုံမရ။ သူလိုချင်သည့်စာအုပ်ကိုသာ သဲကြီးမဲကြီး ရှာဖွေနေသည်။

အနည်းဆုံး မိနစ်နှစ်ဆယ်ခန့် ကြာသွားသည်။ ထိုအချိန်ကျမှ ကေသီထွေး စာအုပ်ရှာဖွေ၍ ပြီးသွားသည်။

"ဒီသုံးအုပ်ယူသွားမယ် အစ်ကို၊ အစ်ကိုရေးတဲ့ စာအုပ်တစ်အုပ်လည်းပါတယ်၊ ဖတ်ပြီးသွားတဲ့ စာအုပ်တွေကို မနက်ဖြန် လာပြီးပို့ပေးမယ်နော်၊ ရတယ်မဟုတ်လား"

ကေသီထွေးက လက်ထဲမှ စာအုပ်သုံးအုပ်ကိုထောင်ပြရင်း ပြောသည်။ သန်းဦးက ခေါင်းကိုအသာအယာ ညိတ်ပြလိုက်မိသည်။ နှုတ်မှတော့ ဘာမှမပြောဖြစ်လိုက်။

ကေသီထွေး ထွက်သွားသည်။ သူ့ရင်တွေ ပူပြီးကျန်ရစ်သည်။ အာခေါင်တွေခြောက်ပြီးကျန်ရစ်သည်။ ဘာရယ်မသိရသော ဝေဒနာတစ်ရပ်ကိုလည်း ခံစားနေရသည်။

XXX

သည်ကနေ့ သူ အပေါင်းအသင်းစာရေးဆရာများနှင့်စုပြီး ––စားသောက်ဆိုင်ဆီသို့ သွားခဲ့ကြသည်။ သည်ကနေ့ သူ့စာအုပ်ဖောင်ပိတ်သည့်နေ့ဖြစ်သည်။ ထို့ကြောင့် သူ ဒကာခံဖို့ အပေါင်းအသင်း စာရေးဆရာများကို ခေါ်ခဲ့ခြင်းဖြစ်သည်။

စားပွဲတွင်ထိုင်မိကြသည်နှင့် စားပွဲထိုးလေးတစ်ယောက်ကအနားသို့ရောက်လာ၏။ သူနှင့်အပေါင်းအသင်းတစ်စုက စားစရာသောက်စရာများကို မှာကြားသည်။

"ကိုသန်းဦးကတော့ ရေးတိုင်းအလုပ်ဖြစ်နေတော့တာပဲနော်၊ အေးဗျာ...အားကျတယ်၊ တကယ်...တကယ်"

မျက်နှာချင်းဆိုင်တွင်ထိုင်နေသည့် ရေးဖော်ရေးဖက် နေမြင့်က သန်းဦးကိုလှမ်း၍ပြောသည်။ သန်းဦးက ပြုံးရုံပြုံးပြလိုက်သည်။ ဤတွင် ဘေး၌ထိုင်နေသည့် အောင်သူဝင်းက

"ဒီဆရာက စာရေးတဲ့ဘက်မှာသာ စွံတာ၊ တခြားကိစ္စဘက်မှာတော့ ခင်ဗျားလောက်မစွံဘူးဗျ၊ ဟား.....ဟား.....ဟား"

ထုံးစံအတိုင်း သန်းဦး ဘာမှပြန်မပြော။ စားပွဲထိုးလေးချပေးလာသည့် ရမ်ပုလင်းကိုဖွင့်၍ အရက်ခွက်များထဲသို့ ငှဲ့ထည့်ပေးနေမိသည်။ မျက်စိထဲမှာတော့ ကေသီထွေးဆိုသည့် မိန်းမပျိုလေး၏ အသွင်က တရစ်ဝဲဝဲ။

သူတို့ သောက်ရင်းစားရင်း

www.burmeseclassic.com

အချိန်က တဖြည်းဖြည်းကုန်ဆုံးလာသည်။ အားလုံးလည်း မူးနေကြပြီဖြစ်သည်။ သန်းဦး အိမ်ပြန်မှဖြစ်တော့မည်ကို သဘောပေါက် သိနားလည်လိုက်ရာမှ ထိုင်ရာကထရပ်လိုက်မိသည်။

“ဘာလဲ၊ ဆရာက စောစောစီးစီး အိမ်ပြန်တော့မလို့လား၊ အိမ်မှာ စောင့်မျှော်နေတဲ့လူလည်း မရှိဘဲနဲ့ဗျာ၊ အေးအေးဆေးဆေးထိုင်ပြီးသောက်ပါဦးလား”

နေမြင့်က သန်းဦးကိုပြော၏။

သန်းဦးက ထိုင်ခုံကို နောက်သို့တွန်းရွှေ့ရင်း.....


“အိမ်ပြန်ပြီး အေးအေးဆေးဆေး နားချင်သေးတယ်ဗျာ၊ ဆရာတို့ဘာသာ အေးအေးဆေးဆေး သောက်ပြီးနေခဲ့ကြပါ”

“ပြောမရလည်း ပြန်တော့ပေါ့ဗျာ၊ ကဲ.....ကဲ ပြန်.....ပြန်”

ထို့နောက် သူတို့ရှေ့မှောက်မှ လှည့်ထွက်ခဲ့သည်။ တက္ကစီကားဖြင့် အိမ်သို့ပြန်ခဲ့သည်။ အိမ်တံခါးသော့ဖွင့်ပြီး အိမ်ထဲသို့အဝင်မှာပင် ရှူရှိုက်နေကျ ကိုယ်သင်းနံ့လေးကို ရလိုက်ခြင်းနှင့်အတူ.....

“အစ်ကို့ကို ကေသီစောင့်နေတာ ကြာလှပြီ၊ စာအုပ်ပြန်အပ်ပြီး အသစ်တွေငှားချင်လို့လေ၊ ကေသီ ဒီနေ့ နေသိပ်မကောင်းလို့ အလုပ်မဆင်းနိုင်ဘူး”

ကေသီထွေးသည် သန်းဦး ဘာမှမပြောမီ ဘေးကနေဖြတ်၍ အိမ်ထဲသို့ဝင်သွားသည်။



သန်းဦး၏ကိုယ်၌ လည်းပတ်နေကြသည့် သွေးကြောများ ပူနွေးဆူဝေလာသလိုရှိသည်။ သောက်ထားသည့်အရက်က သူ့စိတ်ဆင်ရိုင်းကို ရှေ့ဆီသို့ ဖွတ်အတင်း တွန်းပို့ပေးလိုက်သလိုရှိသည်။

ထို့ကြောင့်လည်း သန်းဦးက ကေသီထွေးအနားသို့ တိုးကပ်သွားလျက် နောက်မှ လက်နှစ်ဖက်ဖြင့် ရစ်သိုင်းပွေ့ဖက်လိုက်မိသည်။ ကေသီထွေး မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွား၏။ သန်းဦး၏လက်တွင်းမှ ရုန်းထွက်ရန်ကြိုးစားရင်း.....

“ဒီလိုမလုပ်ပါနဲ့ အစ်ကို၊ မတော်ပါဘူး အစ်ကို၊ လွှတ်ပါနော်”

သို့တစေ သန်းဦးသည် ဖက်ထားသည်ကို လွှတ်မပေးဘဲ ဖွတ်အတင်းပင် ကေသီထွေး၏ ပါးပြင်နှစ်ဖက်ကို ဘယ်ပြန်ညာပြန် နမ်းရှုပ်ရင်း ရှေ့ဆီသို့ တွန်းခေါ်လာခဲ့မိသည်။ ကေသီထွေးသည် သန်းဦး ခေါ်ဆောင်ရာဆီသို့ တရွေ့ရွေ့ဖြင့် ပါလာရင်း နောက်ဆုံး အတွင်းခန်းထဲရှိ ခုတင်ပေါ်သို့ ပစ်လဲကျသွားတော့သည်။

ညသည် မည်းမည်းမှောင်လျက်.....။

xxx

“အား.....ကျွတ်.....ကျွတ်”

သန်းဦး အိပ်ရာကနိုးတော့ နေရောင်မှာ သူ့အခန်းတွင်းသို့ပင် ဝင်ရောက်နေပြီဖြစ်သည်။ နာရီကိုလှမ်းကြည့်လိုက်မိတော့ ၁၁ နာရီပင်ခဲ့နေပြီဖြစ်သည်။ ညကသောက်တာ

www.burmeseclassic.com

www.burmeseclassic.com



များသွားသဖြင့် ခေါင်းထဲက ထိုး ကိုက်လာ၍ စုတ်သပ်၍ ညည်းလိုက်မိသည်။

သူ အိပ်ရာပေါ်မှာလှိမ့်လိုက်မိတော့ မာကျော့ကျော့အရာတစ်ခုနှင့် သူ့ကျောပြင် ထိတွေ့လိုက်ရ၍ သူ ယူကြည့်လိုက်မိသည်။ ဆံညှပ်ကလေးတစ်ခုဖြစ်နေသည်။ ထိုဆံညှပ်လေးကိုမြင်တော့မှ ညကအဖြစ်အပျက်များကို ရေးတေးတေးမှတ်မိလာသည်။

သူ မနေ့ညက ပြန်လာတော့ တော်တော်မူးနေပြီ။ အိမ်အဝင်တွင် ကေသီထွေးနှင့်တွေ့ခဲ့သည်။ နောက် သူ ကေသီထွေးကို.....



သန်းဦးက ဆံညှပ်လေးကို ကိုင်ရင်း သူ့ခုတင်ဘေးရှိ စာရေးစားပွဲပေါ်သို့ ကြည့်လိုက်မိသည်။ သူ ဘောလ်ပင်များထည့်သည့် ခွက်ထဲရှိ ဘောလ်ပင်များကြားတွင် စာရွက်လေးတစ်ရွက် ညှပ်လျက်သား တွေ့ရသည်။ သူ အလျင်စလို ယူဖတ်လိုက်မိသည်။ လက်ရေးဝိုင်းဝိုင်းလေးများကိုတွေ့ရသည်။ စာမှာ အလောတကြီးရေးသွားပုံဖြစ်၍ လက်ရေးများက သော့လှသည်။

အစ်ကိုရယ်

အစ်ကိုတော့ အကြီးအကျယ် မှားသွားပြီနဲ့ တူတယ်။ ကေသီ အစ်ကို့ကို ခင်လည်းခင်ပါတယ်။ အစ်ကို့ရဲ့စာတွေကိုဖတ်ပြီး အစ်ကို့ကို လေးလည်းလေးစားပါတယ်။

တော်ရုံတန်ရုံ မိန်းကလေးတစ်ယောက်အနေနဲ့ အစ်ကို့ရဲ့အချစ်ကိုသာ ရမယ်ဆိုရင် အရမ်းကိုကံကောင်းမှာပဲ။

ဒါပေမဲ့ ကေသီကတော့ အစ်ကိုချစ်တာ ကို မလိုချင်ဘူး။ ကေသီအင်မတန် လေးစားနေရတဲ့လူတစ်ယောက် ကေသီ့ကြောင့် တစ်သက်လုံး ဒုက္ခရောက်သွားမှာကို မလိုချင်ဘူး။

ဘာကြောင့်လဲဆိုတော့ ကေသီ့မှာ အိပ်ချ်အိုင်ဗွီရောဂါရှိနေတယ် အစ်ကို။

အဲဒါကြောင့် အစ်ကိုချစ်မှာကို ငြင်းဖို့ လုပ်ခဲ့တာပါ။ အမှန်အတိုင်းပြောရရင် ကေသီ့ကြောင့် အစ်ကို ရောဂါရမှာကို အရမ်းစိုးရိမ်မိ တယ်။

အခုတော့ အားလုံးလွန်ကုန်ပြီ။

ကေသီ့ကို ခွင့်လွှတ်ပါ အစ်ကို။ ကေသီ အခု အစ်ကိုနဲ့ဝေးတဲ့ နေရာတစ်နေရာကို အပြီး အပိုင် ထွက်သွားပါပြီ။

ဒါပါပဲ အစ်ကို

ဝေဒနာသည်မလေး

ကေသီထွေး

စာကဆုံးသွားလေပြီ။ သန်းဦးသည် ဟူးခနဲနေအောင်ပင် လေပူများကို မှုတ်ထုတ်လိုက်မိတော့သည်။

သူ အမှားကြီးမှားသွားပါပကောလား။

သည်အတိုင်းဆိုလျှင် သူသည် ကေသီထွေးကဲ့သို့ပင် ရောဂါဝေဒနာ ခံစားရချေတော့မည်လားမသိ။

ရင်မှာ တင်းကျပ်သလို ခံစားလိုက်ရသည်။ အလိုလိုနေရင်း ကိုယ်တွေပူခြစ်လာသလို ခံစားလိုက်ရသည်။ ဩော်.....မည်သူမပြု မိမိမှုဆိုသည့်စကားသည် သူ့ကိုများ ရည်ညွှန်းခဲ့လေရော့လားမသိတော့။

သန်းမြင့်ဦး

www.burmeseclassic.com

www.burmeseclassic.com



# လျှမ်းထက်
## မမေ့နိုင်သူများ

ကျွန်တော်တို့မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ထုတ်ဝေသော ကြေးမုံသတင်းစာကြီးတွင် အောက်ဖော်ပြပါခေါင်းစဉ်ဖြင့် ဖော်ပြထားသော စိတ်ဝင်စားဖွယ်ရာသတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရသည်–

**''နယ်သာလန်ရှိ အန်းဖရန့်ပြတိုက်သို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး သွားရောက်''**
**အမ်စတာဒမ်၊ မတ်လ–၂၄**

လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်းက ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် အန်းဖရန့်၏ နေ့စဉ်မှတ်တမ်းအမည်ရှိ ကျော်ကြားသည့်စာအုပ်ပေါင်း ၃၀၀ ခန့်ကို လူရမ်းကားများက ဖျက်ဆီးမှုဖြစ်ပွားခဲ့ပြီးနောက် မတ်လ ၂၄ ရက်နေ့တွင် နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့ရှိ အန်းဖရန့်အထိမ်းအမှတ်ပြတိုက်သို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး သွားရောက်ကြည့်ရှုခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


အန်းဖရန့်အထိမ်းအမှတ်ပြတိုက်သို့ မိမိသွားရောက်ခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း ငြိမ်းချမ်းမှုရရှိရေးအတွက် တွန်းအားပေးလုပ်ဆောင်ချက်ဖြစ်ကြောင်း အာဘေးက ပြောကြားသည်။

ဒုတိယကမ္ဘာစစ်အတွင်းက စစ်ရာဇဝတ်မှုများကျူးလွန်ခဲ့သည့် ဂျပန်စစ်အရာရှိများအား မြှုပ်နှံထားသည်ဟု စွပ်စွဲခံရသည့် တိုကျိုမြို့မှ ယာဆူကူနီဗိမာန်သို့ ယမန်နှစ်၊ ဒီဇင်ဘာလအတွင်းက သွားရောက်ခဲ့ခြင်းကြောင့် ဂျပန်ဝန်ကြီးချုပ် အာဘေးအား တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ပယ်ပယ်နယ်နယ် ဝေဖန်ပြစ်တင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်းကာလက နာဇီလက်အောက် ကျရောက်ခဲ့သည့် အမ်စတာဒမ်မြို့မှ ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်တစ်ဦးက ၎င်း၏ နေ့စဉ်မှတ်တမ်းများကို စာအုပ်အဖြစ် ရေးသားထားခြင်းဖြစ်သည်။ ယင်းစာအုပ်ကို အန်းဖရန့်၏နေ့စဉ်မှတ်တမ်းဟု အမည်ပေးခဲ့သည်။

အဆိုပါစာအုပ်သည် ဒုတိယကမ္ဘာစစ်အတွင်း ဂျူးလူမျိုးတို့ ခံစားရသော ဆိုးရွားသော အဖြစ်အပျက်များကို သင်္ကေတပြနိုင်ခဲ့သည်။

လက်ရှိ ဂျပန်ဝန်ကြီးချုပ် အာဘေး၏ အဘိုးတော်စပ်သူ နိုဘူဆူကီကီရှီမှာ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်အစိုးရအဖွဲ့၌ စက်မှုဝန်ကြီးအဖြစ် စစ်ကြီးပြီးဆုံးသည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ဂျပန်နိုင်ငံ စစ်ရှုံးပြီး လက်နက်ချချိန်တွင် ဖမ်းဆီးခံရသော်လည်း မည်သည့်စွဲချက်မျှ ရုံးတင်မခံရဘဲ စစ်ပြီးခေတ် ဂျပန်အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။

**ဘီဘီစီ**

ဤသတင်းကိုပင် လူအများစိတ်ဝင်စားဖွယ်ကောင်းသော ခေါင်းစဉ်အမျိုးမျိုးနှင့် ကျွန်တော်တို့မြန်မာနိုင်ငံမှထုတ်ဝေသော ဂျာနယ်များတွင် ခတ်ပုံသာကေ ဝေဝေဆာဆာဖြင့် ဖော်ပြခဲ့သည်သာမက အမေရိကန်ပြည်ထောင်စုမှ စီအင်န်အင်န်ရုပ်သံလွှင့်အစီအစဉ်ကလည်း အကျယ်တဝင့် ထုတ်လွှင့်ပေးခဲ့သဖြင့် နိုင်ငံတကာသို့ ထူးထူးခြားခြား ဂယက်ရိုက်ခဲ့သည့်သတင်းဖြစ်ခဲ့သည်။ ထိုကဲ့သို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့၊ အန်းဖရန့်အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ခြင်းမပြုမီ ၁၀ ရက်ခန့်က ဂျပန်နိုင်ငံမှထုတ်ဝေသော သတင်းစာများနှင့် ရုပ်သံလွှင့်အစီအစဉ်များတွင် အန်းဖရန့်၏ နေ့စဉ်မှတ်တမ်းစာအုပ်များနှင့် ဆက်စပ်နေသည့် စာအုပ်စာတမ်းများ၊ ယင်းစာအုပ်များ၏ ကြေညာချက်များကို ဖျက်ဆီးခဲ့သည့် သံသယရှိသူ လူရမ်းကား လူငယ်များအား ဂျပန်ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးနေသည်ဟု ဖော်ပြခဲ့ကြသည်။ ထိုသတင်းမှတ်တမ်းများအရ တိုကျိုမြို့တော်ဧရိယာအတွင်းရှိ အများပြည်သူဆိုင်ရာ စာကြည့်တိုက်များနှင့် စာအုပ်ဆိုင်များမှ အန်းဖရန့်၏နေ့စဉ်မှတ်တမ်းစာအုပ် အုပ်ရေ ၃၀၀ ကျော် ဖျက်ဆီးခြင်းခံခဲ့ရသည်ကို ရှာဖွေတွေ့ရှိရသည်ဟု တိုကျိုမြို့တော်ရဲအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းမီဒီယာများကို ထုတ်ဖော်ပြောဆိုခဲ့သည်။

ဂျပန်အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကမူ ထိုကဲ့သို့ လုပ်ရှားမှုကို စတင်လုပ်ရှားသူများမှာ အလုပ်လက်မဲ့ ၃၆ ဦးဖြစ်သည်ဟုဆိုသော်လည်း ထိုသူတို့၏ နာမည်များကို ထုတ်ဖော်ပြောပြခြင်းမရှိခဲ့။ တိုကျိုမြို့တော်ရဲတပ်ဖွဲ့အနေဖြင့် ထိုအကြမ်းဖက်မှုတွင် နောက်ကွယ်မှပါဝင်သူများရှိနိုင်သဖြင့် ထိုသူများကို ထုတ်ဖော်ရန် ကြိုးပမ်းလျက်ရှိသည်ဟု ဆိုသည်ဟု ဂျပန်နိုင်ငံမှထုတ်ဝေသော သတင်းစာများနှင့် ဂျပန်ရုပ်သံလွှင့် အင်န်အိတ်(ချ်)ကေအဖွဲ့က ထုတ်လွှင့်သွားခဲ့သည်။

အမှန်အားဖြင့် အန်းဖရန့်၏ နေ့စဉ်မှတ်တမ်းကိုသော်လည်းကောင်း၊ အန်းဖရန့်၏ အမည်ကိုသော်လည်းကောင်း ကျွန်တော်တို့စာဖတ်ပရိသတ်နှင့် မိတ်ဆွေဖွဲ့ပေးရန်မလိုဟု ယူဆပါသည်။ အန်းဖရန့်၏ နေ့စဉ်မှတ်တမ်း Diary of Anne Frank ရုပ်ရှင်ကားကြီးကို လွန်ခဲ့သော အနှစ် ၅၀ ခန့်က ရန်ကုန်မြို့၊ မြို့လယ်ရုပ်ရှင်ရုံကြီးတစ်ရုံတွင် ရက်သတ္တပတ်ပေါင်းများစွာ ပြသခဲ့ရာ ဝင်ငွေများစွာရရှိသော ရုပ်ရှင်ကားကြီးတစ်ကားဖြစ်ခဲ့သည်။ ထိုစာအုပ်အား လွန်ခဲ့သော နှစ် ၅၀ ခန့်ကပင် ကွယ်လွန်သူ စာရေးဆရာကြီး မောင်နေဝင်းက "မှောင်

www.burmeseclassic.com

www.burmeseclassic.com

ထဲမှမှတ်တမ်း''အမည်ဖြင့် လုံးစေ့ပတ်စေ့ ဘာသာပြန်ဆို၍ ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ အန်းဖရန့်နှင့်ပတ်သက်သော ဆောင်းပါးများကိုလည်း ကျွန်တော်တို့လေးစားရသော စာရေးဆရာကြီးများက မဂ္ဂဇင်းများ၊ ဂျာနယ်များတွင် ဆောင်းပါးများ ရေးသားဖော်ပြခဲ့ကြပြီးဖြစ်ပါသည်။ ထိုစာအုပ်အား အင်္ဂလိပ်ဘာသာ၊ ဂျာမန်ဘာသာ၊ ဂျပန်ဘာသာ၊ ပြင်သစ်ဘာသာအပါအဝင် ဘာသာပေါင်း ၃၂ မျိုး ဘာသာပြန်ဆိုထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

အမှန်အားဖြင့် ဤစာအုပ်သည် စာဖတ်သူများအဖို့ စိတ်ဝင်စားဖွယ်မရှိဟု ဆိုရမည်ဖြစ်ပါသည်။ မှန်ပါသည်။ ဤစာအုပ်သည် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားစက နေ့စဉ်မှတ်တမ်းသာဖြစ်၏။ ထိုမှတ်တမ်းကို ရေးသားခဲ့သူမှာ အထင်ကရပုဂ္ဂိုလ်ကြီးတစ်ဦးမဟုတ်ပါ။ သာမန်မြီးကောင်ပေါက် ဂျူးမကလေးတစ်ဦးသာဖြစ်သည်။ ထိုစာအုပ်ပါ ဖြစ်ရပ်များမှာလည်း စတင်ရေးသားချိန်မှ နောက်ဆုံးမှတ်တမ်း ရေးသားသည်အထိ ၂ နှစ်ကျော်ကာလများသာဖြစ်၏။ ထိုတိုတောင်းသော နှစ်ကာလအတွင်း သူကြုံတွေ့ရသမျှ၊ သူမြင်သမျှ၊ သူခံစားရသမျှ၊ သူမျှော်မှန်းသမျှကို သူရေးတတ်သလိုရေး၍ မှတ်တမ်းတင်ထားခြင်းဖြစ်၏။ သို့ဖြစ်၍ ဤမြီးကောင်ပေါက် ဂျူးမကလေးတစ်ယောက်ရေးသော နေ့စဉ်မှတ်တမ်းသည် အဘယ်ကြောင့် ဟိုးဟိုးကျော်ခဲ့ရသနည်း၊ အဘယ်ကြောင့် အောင်မြင်ပေါက်ရောက်သော မှတ်တမ်းစာအုပ်ဖြစ်ခဲ့ရသနည်းဆိုသည်မှာ စဉ်းစားစရာဖြစ်၏။ သို့သော် အန်းဖရန့်၏ နေ့စဉ်မှတ်တမ်းကို သေသေချာချာ ဖတ်ရှု လေ့လာကြည့်မည်ဆိုလျှင် မှတ်တမ်းရေးသူရော၊ ရေးဟန်၊ အကြောင်းအရာများပါ ထူးထူးခြားခြား စိတ်ဝင်စားဖွယ်ကောင်းသည်ကို တွေ့ရမည်ဖြစ်၏။

အန်းဖရန့်သည် သူ့အသက်အရွယ်နှင့်မလိုက်အောင် စာစုံဖတ်သဖြင့် သူ့မှတ်တမ်းမှာ ထူးထူးခြားခြား ထက်မြက်နေသည်ဟု ဆိုရမည်ဖြစ်၏။ သာမန် ၁၃နှစ်သမီးတစ်ယောက်အဖို့ တစ်နေ့တာ သွားလာလှုပ်ရှားနေရသည့် သုံးထပ်ရုံးအိုကြီးတစ်ရုံး၏ အပေါ်ဆုံး၊ အထပ်ခိုးကလေးထဲမှ ကမ္ဘာ့နိုင်ငံအသီးသီးမှ တသိမ့်သိမ့်တုန်ခဲ့ရသော ဤမှတ်တမ်းကိုရေးသားနိုင်သည်မှာ အံ့ဖွယ်သရဲသာဖြစ်သည်။ သူနေ့စဉ် တွေ့ဆုံနေရသူများမှာလည်း သူ့ဖခင်၊ သူ့မိခင်၊ သူ့အစ်မ၊ သူတို့မိသားစုနှင့် အတူပုန်းအောင်းနေသော သွားစိုက်ဆရာတစ်ဦးသာ ဖြစ်၏။

မှန်ပါသည်။ အန်းဖရန့်၏ နေ့စဉ်မှတ်တမ်းသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ လူထုအားလုံးအား လှုပ်ရှားစေခဲ့သည်။ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ရုပ်ရှင်အဖြစ် ရိုက်ကူးပြသခဲ့သောအခါတွင်မူ သန်းပေါင်းများစွာသော လူငယ်များ၏ အသည်းနှလုံးကို ထိုးဖောက်ဝင်ရောက်သွားခဲ့သည်။ ထိုနေ့စဉ်မှတ်တမ်းပြဇာတ်အား တစ်ချိန်က နာဇီဂျာမန်တို့ လွှမ်းမိုးခဲ့သော ဂျာမနီနိုင်ငံ၊ ဘာလင်မြို့ ပြဇာတ်ရုံကြီးတွင် စင်

ဤလောကငရဲခန်းများတွင်
ပိုလန်နိုင်ငံရှိ ငရဲခန်းမှာ
ကမ္ဘာကျော်အောင် နာမည်ဆိုးခဲ့သည်။
ဤလောက ငရဲခန်းများ၌
ဂျူးလူမျိုးပေါင်း ၁၀ သန်းနီးပါးအား
ကွပ်မျက်ခဲ့ကြသည် ...


www.burmeseclassic.com

www.burmeseclassic.com




ဘင်ပြသခဲ့သောအခါ ထောင်ပေါင်းများစွာသော ပြဇာတ်ကြည့်ပရိသတ်သည် အန်းဖရန့်အတွက် ဆုမွန်ကောင်းတောင်းခဲ့ကြ၏။

ဤအန်းဖရန့်၏နေ့စဉ်မှတ်တမ်း ပေါ်ပေါက်လာစေခဲ့သည့် နောက်ခံဖြစ်စဉ်ကို အလျဉ်းသင့်သဖြင့် တင်ပြရမည်ဖြစ်သည်။ ၁၉၃၃ ခုနှစ်၊ ဇန်နဝါရီလတွင် ဂျာမန်နိုင်ငံတော်၏ အဓိပတိအဖြစ် တာဝန်ယူခဲ့သော နာဇီပါတီခေါင်းဆောင်ကြီး ဟစ်တလာသည် တတိယဂျာမနီနိုင်ငံတော်အား နှစ်ပေါင်းတစ်ထောင် တည်တံ့စေရမည်ဟု ကြွေးကြော်ခဲ့ပြီး ဂျာမနီနိုင်ငံအား အဘက်ဘက်မှ တိုးတက်အောင် ဆောင်ရွက်ခဲ့သည်သာမက စစ်အင်အားကို တိုးချဲ့ပြီး စစ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ဥရောပတိုက်တွင် ရူပါ,ပါဝါဟု ကင်ပွန်းတပ်ခဲ့ရသည့် အင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ရာမှ စစ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ရောမ–ဘာလင်–တိုကျို စစ်မဟာမိတ်ဖွဲ့၍ ဗြိတိသျှနှင့် ပြင်သစ်မဟာမိတ်နိုင်ငံများအား ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ခဲ့ရာမှ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင်မူ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာခဲ့သည်။

စစ်ကြီးစတင်ဖြစ်ပွားပြီး ၁၉၄၀ ပြည့်နှစ် ကုန်ဆုံးသည်အထိ နာဇီဂျာမနီနိုင်ငံအဖို့ ဒုတိယကမ္ဘာစစ်ကြီးတွင် အောင်ပွဲခံရန် သေချာသလောက်ဖြစ်ခဲ့သည်။

ဥရောပတိုက်နိုင်ငံအသီးသီးသည် နာဇီဂျာမန်တပ်မတော်၏ လျှပ်တစ်ပြက်စစ်ဆင်ရေးကြောင့် လပိုင်း၊ ရက်ပိုင်းအတွင်း ခြွင်းချက်မရှိ လက်နက်ချခဲ့ကြရသည်။ ဘယ်(လ်)ဂျီယန်နိုင်ငံနှင့် အန်းဖရန့်တို့ ဟော်လန်နိုင်ငံတို့မှာ ရက်အနည်းငယ်အတွင်း အညံ့ခံခဲ့ရသည်။ အစဉ်အလာကြီးမားသော ပြင်သစ်နိုင်ငံတော်ပင်လျှင် ရက်သတ္တာ ၆ ပတ်အတွင်း လက်နက်ချခဲ့ရသည်။ ဗြိတိသျှနှင့် မဟာမိတ်တပ်ပေါင်းစုသည် ကစဉ့်ကလျား ဆုတ်ခွာခဲ့ရပြီး ဥရောပတိုက်မှ ခွာစစ်ပြုခဲ့ရကာ ဗြိတိန်နိုင်ငံမှာ တစ်ကောင်ကြွက်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ရ၏။ နာဇီဂျာမန်တို့၏ စကြာတံဆိပ် အောင်လံတော်ကြီးသည် ဥရောပတိုက် နိုင်ငံအသီးသီးရှိ မြို့တော်ကြီးများ၏

www.burmeseclassic.com

www.burmeseclassic.com

အဆောက်အအုံများထိပ်တွင် တလူလူလွင့်ခဲ့သည်။ ဤသို့နှင့် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဟစ်တလာသည် အမေရိကန်ပြည်ထောင်စုသို့ စစ်ကြေညာခဲ့ပြီး ဒုတိယကမ္ဘာစစ်ပွဲကြီးကို တိုးချဲ့ခဲ့သည်။ ဤသို့ ဒုတိယကမ္ဘာစစ်ကြီး ဆင်နွှဲနေသည့်အချိန်တွင် နာဇီဂက်စတာပို အထူးထောက်လှမ်းရေးအဖွဲ့၏ တာဝန်တစ်ရပ်မှာ ဂျူးလူမျိုးများကို အစုလိုက်အပြုံလိုက် သုတ်သင်ရှင်းလင်းရန်ဖြစ်သည်။ ဂျူးလူမျိုးများကို အစုလိုက်အပြုံလိုက် သုတ်သင်ရှင်းလင်းရာတွင် ပြည်သူလူထု၏ မျက်ကွယ်၌ ပြုလုပ်ခဲ့ကြသည်။

ချွေးတပ်စခန်းများ၊ အထူးပြုစုပေးသောစခန်းများ (Special Treatment)ဟု လှပသော ဝေါဟာရများနှင့် ကင်ပွန်းတပ်ထားသည့် စခန်းများတွင် ဥရောပတိုက် နိုင်ငံအသီးသီးမှ ဂျူးလူမျိုးများ၊ နာဇီဝါဒကို ဆန့်ကျင်သူများ၊ မဟာမိတ် စစ်သုံ့ပန်းများကို နည်းလမ်းအမျိုးမျိုးနှင့် နှိပ်စက်ညှဉ်းပန်းခဲ့ကြသည်။ ဂျူးလူမျိုးများကိုမူ အစုလိုက်အပြုံလိုက် ဓာတ်ငွေ့လွှတ်၍ သတ်ဖြတ်ခဲ့ကြသည်။

ဤလောကငရဲစခန်းများတွင် ပိုလန်နိုင်ငံရှိ ငရဲစခန်းမှာ ကမ္ဘာကျော်အောင် နာမည်ဆိုးခဲ့သည်။ ဤလောကငရဲစခန်းများ၌ ဂျူးလူမျိုးပေါင်း ၁၀ သန်းနီးပါးအား ကွပ်မျက်ခဲ့ကြသည်။ အန်းဖရန့်တို့မိသားစု သမိုင်းအဆက်ဆက် ကြောင့်ကြမဲ့ နေထိုင်ခဲ့ကြသော ဟော်လန်နိုင်ငံ ကိုလည်း နာဇီဂျာမန်တို့ သိမ်းပိုက်သည်နှင့် ပထမတွင် ဂျူးလူမျိုးများသည် ကြယ်ဝါရောင် ရင်ထိုး,ထိုးကြရသည်။ စက်ဘီးစီးနင်းခြင်း မပြုရန်ကိုလည်း တင်းတင်းကျပ်ကျပ် တားမြစ်သည်။ အမ်စတာဒမ်မြို့တော်အတွင်း ပြေးဆွဲနေသည့် ဓာတ်ရထားများစီးနင်းခွင့်ကိုလည်း ပိတ်ပင်လိုက်၏။



ည ၈ နာရီကျော်လျှင် မည်သည့် ဂျူးအမျိုးသား၊ အမျိုးသမီးများမဆို ပြည်သူ့အပန်းဖြေ ပန်းခြံများတွင် အနားယူခွင့်မရ။ ဂျူးလူမျိုးများပိုင်ဆိုင်သော ပစ္စည်းများကို တရားမဲ့ သိမ်းယူခဲ့ကြသည်သာမက ဂျူးလူမျိုးများကို တစ်သုတ်ပြီးတစ်သုတ် ဆင့်ခေါ်၍ လောကငရဲစခန်းဟူသော ချွေးတပ်စခန်းများသို့ ဆင့်ခေါ်ခဲ့ကြသည်။ ဤစခန်းများသို့ ပို့ဆောင်ရာတွင် တိရစ္ဆာန်များတင်သော မီးရထားတွဲများတွင် အစုလိုက်အပြုံလိုက် ပို့ဆောင်ပေးခဲ့ပြီး မီးရထားလမ်းမရှိသော နေရာများတွင် ခြေကျင်သွားကြရသည်။

သို့ဖြစ်၍ ဂျူးလူမျိုးများအဖို့ နာဇီတပ်များ ဆင့်ခေါ်သည့် ချွေးတပ်စခန်းများသို့ သွားရောက်၍ ဘဝဇာတ်သိမ်းကြမည်လော၊ သို့မဟုတ် နာဇီဂျာမန် ဂက်စတာပိုများလက်တွင်းမကျအောင် ပုန်းရှောင်ကြမည်လောဟူသော လမ်းနှစ်သွယ်ကို ရွေးကြရတော့၏။

အန်းဖရန့်၏ဖခင်ဖြစ်သူ အော်တိုဖရန့်မှာ အရှည်မျှော်တတ်သူဖြစ်၏။ အရေးကြုံလျှင် သူတို့မိသားစု ပုန်းအောင်းခိုလှုံရန် နေရာတစ်ခုအား စီစဉ်ထားပြီး သူတို့ ထိုနေရာတွင် ပုန်းအောင်းနေစဉ်တွင် အစစအရာရာ ကူညီမည့် ဟော်လန်အမျိုးသား မိတ်ဆွေများကို ဆက်သွယ်ထားသည်။ ငွေရေးကြေးရေး၊ လိုအပ်သော ရိက္ခာ၊ ဆေးဝါးပစ္စည်း ဝယ်ခြမ်းရေးတို့ကိုလည်း ကြိုတင်၍ စနစ်တကျ စီစဉ်ထားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အန်းဖရန့်၏ဖခင် အော်တိုဖရန့်သည် သူတို့ နာဇီ ဂက်စတာပိုတို့ဘေးအန္တရာယ်မှ ပုန်းရှောင်မည့်နေရာမှာ အမ်စတာဒမ်မြို့၊ ပရင့်ဆန်ဂရန်လမ်းမကြီးပေါ်ရှိ သုံးထပ်အဆောက်အအုံဟောင်းကြီး၏ မျက်နှာကြက် ထပ်ခိုးကလေးဖြစ်သည်။ ပထမတွင် ထိုအထပ်ခိုးလေးတွင် အန်းဖရန့်၏ မိခင်၊ ဖခင်နှင့် အစ်မ မာဂေါ့တို့ ပုန်းအောင်းနေခဲ့ကြသည်။ ရက်အနည်းငယ်အတွင်း အော်တိုဖရန့်နှင့် ခင်မင်သူ ဖန်ဒန်၊ ဖန်ဒန်၏ဇနီး၊ ဖန်ဒန်၏သား ပီတာဖန်ဒန်နှင့် သွားစိုက်ဆရာ ဒူဆဲဆိုသူတို့ ပူး ပေါင်း၍ နေထိုင်ခဲ့ကြသည်။ ထိုကျဉ်းမြောင်းလှသော အထပ်ခိုးလေးတွင် သူတို့ရှစ်ဦးသည် နှစ်နှစ်ကြာ ပုန်းအောင်းနေခဲ့ရသည်။ ထိုအခန်းထဲမှပင် လျှို့ဝှက်ရေဒီယိုမှ စစ်သတင်းများ ခိုးနားထောင်ခဲ့ပြီး အားတက်ရမှု၊ စိတ်သောကဝေဒနာအဖြာဖြာ ခံစားရမှုကို အန်းဖရန့်က သူ့နေ့စဉ်မှတ်တမ်းတွင် အသေးစိတ်ရေးသားဖော်ပြခဲ့၏။ သူ့နေ့စဉ်မှတ်တမ်းတွင် လူရှစ်ယောက်၊ သုံးထပ်တိုက် အိုတိုက်ဟောင်းကြီး၏ အထပ်ခိုးကလေးအတွင်း နှစ်နှစ်တာကာလ၏ ဘဝရုပ်ပုံလွှာများကို ရေးပြသည်မှာ ဖတ်ရှုသူတို့၏ အသည်းဘဝင်ကို ထိခိုက်စေသည်။ ပုန်းအောင်းနေသူတို့၏ စိတ်ကြည်နူးရမှု၊ တက်ကြွမှု၊ စိတ်အားငယ်ရမှု၊ ထိတ်လန့်ချောက်ချားရမှု၊ ရွှင်မြူးရမှုတို့မှာ စိတ်ဝင်စားဖွယ်ရာကောင်းလှ၏။ ဥပမာအားဖြင့် ၁၉၄၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် မဟာမိတ်တပ်ပေါင်းစု၏ ကမ်းခြေတက် D Day နေ့ကြီး ဆင်နွှဲသောအခါ အန်းဖရန့်အဖို့ ရက်လအနည်းငယ်အတွင်း ကျောင်းပြန်တက်ရတော့မည်ဟု မျှော်လင့်ခဲ့ပုံကို ရေးထားသည်ကို ဖတ်ရှုရသူများအဖို့ စိတ်သောကဝေဒနာအဖြာဖြာ ကြုံရတော့၏။

ဤ အန်းဖရန့်၏ နေ့စဉ်မှတ်တမ်းသည် ဝမ်းသာကြည်နူးမှုနှင့် နိဂုံးမချုပ်ခဲ့တော့။ ၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် နယ်သာလန်နိုင်ငံ၊ ဒတ်(ချ်)အမျိုးသား နာဇီများနှင့် ဂျာမန်ဂက်စတာပိုအဖွဲ့ဝင်များသည် အန်းဖရန့်တို့ ပုန်းအောင်းနေသော ရုံးခန်းအား စီးနင်းဝင်ရောက်ခဲ့ကြပြီး အထပ်ခိုးကလေးအတွင်း ပုန်းအောင်းနေသူအားလုံးအား ဖမ်းဆီးခဲ့သည်။ သူတို့အားလုံးအား ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော နာမည်ဆိုးဖြင့် ကျော်ကြားနေသော ချွေးတပ်ရဲခန်းကြီးဖြစ်သော အော့စ်ဝစ်စခန်းသို့ ပို့ဆောင်ခဲ့သည်။ နာဇီအလိုတော်များနှင့် ဂျာမန်ဂက်စတာပိုအဖွဲ့ဝင်များ အန်းဖရန့်တို့ အခန်းအား စီးနင်းရှာဖွေစဉ်ကာလက သူတို့ပုန်းအောင်းနေသော အခန်းလေးအတွင်း ရစရာမရှိအောင် မွှေနှောက်ရှာဖွေခဲ့သည်။ ရက်သတ္တ တစ်ပတ်ခန့်ကြာမြင့်သည်နှင့် ထိုရုံးဟောင်းကြီးမှ အလုပ်သမားတစ်ဦးက ထိုအခန်းအား ရှင်းလင်းရာတွင် ကြမ်းပြင်ပေါ်ရှိ စာရွက်အဟောင်းများ၊ သတင်းစာအဟောင်းများကြားတွင် အန်းဖရန့်၏ နေ့စဉ်မှတ်တမ်းကို တွေ့ရသည်။ ထိုမှတ်တမ်းစာအုပ်အား တွေ့ရှိသူရုံးလုပ်သားက ဂျူးလူမျိုးများ အပေါ် သံယောဇဉ်ရှိသူ အဲလီနှင့် မီယက်ဆိုသော ဒတ်ချ် အမျိုးသမီးနှစ်ယောက်အား ပေးထားခဲ့၏။

၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဆိုဗီယက်တပ်နီတော် (ယနေ့ရုရှား)က ထိုအော့စ်ဝစ်စခန်းအားသိမ်းပိုက်သောအခါ ထိုစခန်းမှ ကံကောင်းထောက်၍ အသက်မသေ လွတ်မြောက်ခဲ့ရသူများတွင် အန်းဖရန့်၏ဖခင်ဖြစ်သူ အော်တိုဖရန့်ပါဝင်လာခဲ့သည်။ သို့သော် အန်းဖရန့်၊ သူမ၏အစ်မဖြစ်သူ၊ မိခင်နှင့်အတူ ပုန်းအောင်းခဲ့သူအားလုံးမှာ ဒုက္ခမျိုးစုံကို ခံစားခဲ့ရ ကွယ်လွန်ခဲ့ရသည်။

ထိုစာအုပ်အား ဖခင်ဖြစ်သူက ပုံနှိပ်ထုတ်ဝေခဲ့ရ ဟိုးဟိုးကျော်ခဲ့သည်။ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဘာသာပေါင်း ၃၂ ဘာသာ ပြန်ဆို၍ ထုတ်ဝေခဲ့သည်။ နယ်သာလန်နိုင်ငံအစိုးရသည် အန်းဖရန့်အထိမ်းအမှတ်ပြတိုက်ကို အန်းဖရန့်တို့မိသားစု ပုန်းအောင်းခဲ့သော ရုံးအိုကြီးနေရာတွင် တည်ဆောက်သည်ဟု သိရှိရပါကြောင်း။ ။

လှမ်းထ

ကျမ်းကိုး – (၁) Diary of Anne Frank

(၂) Internet

www.burmeseclassic.com

www.burmeseclassic.com



ငွေသွန်

# အမုန်းကြွေး

www.burmeseclassic.com

www.burmeseclassic.com



အမေ့အိမ်ကို ကျွန်မက ပေါက်ဈေးအတိုင်း ဝယ်ခဲ့ရတယ်။ ရတဲ့ငွေနဲ့ တိုက်ခန်းပြန်ဝယ်တဲ့ အကြံကို ကျွန်မက အခုမှ သိခဲ့ရတာပါ။ အမေ မတရားဘူးလို့ ကျွန်မဘက်က ပြန်မပြောရဲပါဘူး။ ဘာ့ကြောင့်လဲဆိုရင် အမေက ကျွန်မကို မွေးခဲ့တဲ့သူလေ။ အမေ့ကြောင့် ငရဲ မကျချင်ပါဘူး။ ကျွန်မ ဆုတောင်းချင်တာက ကျွန်မကို ငရဲမပေးပါနဲ့ အမေရယ်ဟုသာ.....

---

နာမည်နဲ့
လိုက်အောင်
ချမ်းသာချင်တဲ့
မိန်းမ၊
သူနေချင်တဲ့
ဘဝမျိုး
အဖေက
မဖြည့်ဆည်း
ပေးနိုင်တော့
...

ကျွန်မ အမေ့ကို မမုန်းပါဘူး။ ဒါပေမဲ့ နာကြည်းမိတယ်။ အမေဟာ သားသမီးငါးယောက်မွေးပြီး လေးယောက်ကျန်ခဲ့ချိန်မှာ ကျွန်မကိုပဲ စိတ်ဒုက္ခလာပေးတတ်တယ်။ ကျန်သားသမီးတွေကို စိတ်ဒုက္ခမပေးခဲ့ပါဘူး။

"မိသီ.....ညည်းမောင်အတွက် တိုက်ခန်းဝယ်ပေးဦး၊ ရော့.....ကျုပ်စုထားတဲ့ငွေ၊ လိုတာစိုက်ပေး"

"ဒီမှာနေလည်း ဖြစ်တာပဲ အမေရယ်"

"တော်.....တိတ်စမ်း၊ ကျုပ်သားအတွက် နောင်ရေးစိတ်ချရအောင် လုပ်ပေးထားရမယ်၊ တစ်ထော်အတွင်း ကျုပ်လိုချင်တယ်"

ဒါပေမဲ့ အမေ့ရဲ့တစ်ချက်လွှတ်အမိန့်အတိုင်း ကျွန်မက သမီးလေးနဲ့တိုင်ပင်ပြီး မဖြစ်ဖြစ်အောင် ငွေစိုက်ဝယ်ပေးခဲ့ရတယ်။ တစ်ခုတော့ ကောင်းပါတယ်။ အမေဟာ အထပ်မြင့်အပေါ်ကနေ မဆင်းနိုင်သလို ကျွန်မကလည်း ဒူးမကောင်းတဲ့အကြောင်းပြချက်နဲ့ အမေ့ဆီ နေ့တိုင်းမသွားနိုင်တော့ဘူး။ အဲဒါကိုတော့ အမေက နားလည်ပေးလို့ ကျေနပ်မိပါရဲ့။ ဒါပေမဲ့လည်း အမေ့တိုက်ခန်းအတွက် အိမ်အကူတစ်ယောက် ရှာပေးထားရပါတယ်။

"အမေရေ.....အဘွားရဲ့အသံကို မကြားရတော့ ပျင်းသလိုလိုတော့ရှိသား၊ သမီးတွေးမိတာက အဘွားက အမေ့အပေါ် ကောင်းပါတယ်၊ တစ်ခါတစ်ခါ ဘာကြောင့်များ မုန်းတီးတာလဲ မသိဘူးနော်၊ ပြီးတော့ ဘဘနဲ့ ကြီးကြီးလည်း အဝေးမှာနေကြတော့ အဘွားဒဏ်ကို မခံရဘူး၊ လေးလေးကိုတော့ အဘွားက လူပျိုဖြစ်လို့လားမသိဘူး၊ သိပ်ချစ်တာပဲနော်"

သမီးလေးက ကျွန်မထင်တဲ့အတိုင်း အရွယ်ရောက်လာတော့ စဉ်းစားတတ်ပြီလေ။ သူ့အဘွားက သူ့အမေအပေါ် ဘယ်လောက်မုန်းမုန်း သူက မငြိုငြင်ရှာဘူး။ အမေက သူ့မြေးကိုတော့ချစ်တယ်။ ဒီတော့ မြေးအဘွားနှစ်ယောက်ရဲ့ ဆက်ဆံရေးမှာ အဖုအထစ်မရှိဘူး၊ ကျွန်မနဲ့သာ အဖုအထစ်ရှိခဲ့တာပါ။

ကျွန်မက မှန်ရင်မှန်တဲ့အတိုင်း တုတ်ထိုးအိုးပေါက်ပြောတတ်တော့

www.burmeseclassic.com

www.burmeseclassic.com



အမေနဲ့မတည့်ဘူး။ ဒါပေမဲ့ မလိမ်ဘူး၊ မညာဘူး မှန်ရာကိုပြောရဲတယ်။ အမေ့အပေါ်မှာ မကျေနပ်ရင်လည်း သားသမီးဝတ္တရားရှိတဲ့အတိုင်း အမေ့ကို လုပ်ကျွေးတယ်။ အမေတမ်းတလိုက်တာနဲ့ ကျွန်မက မဖြစ်ဖြစ်အောင် လုပ်ပေးတာပါ။ ဒါနဲ့များ ကျွန်မအပေါ် ဘာကြောင့်များ မုန်းတီးစိတ်ဝင်နေရတာလဲလို့ အကြိမ်ကြိမ်မေးနေမိတယ်။

''ညည်းမသိဘူးလား၊ ညည်း အဖေ ကျုပ်ကို ဒုက္ခတွေနဲ့ ထားသွားကတည်းက အမုန်းမိုးတွေက ညည်းအပေါ်မှာ စုပြုံကျလာတာလေ၊ ကျုပ်မှာ ကလေးသုံးယောက်အပြင် ညည်းရဲ့ ကိုယ်ဝန်ပါ လွယ်ထားရသေးတယ်၊ ညည်းကို လူ့လောကကြီးထဲ ရောက်မလာအောင် အမျိုးမျိုး ကျုပ်လုပ်ခဲ့တယ်၊ ဟင်း... ညည်းက ကံဆိုးချင်တော့ ကျုပ် ဗိုက်ထဲမှာ အမြစ်တွယ်နေပြီလေ''

ကျွန်မက ဒါကြောင့်မို့ထင်ပါတယ်။ ခေါင်းကြောမာပြီး တစ်ဇွတ်ထိုးစိတ်အပြည့်ရှိတယ်။ ဒေါသထွက်လွယ်သလို စိတ်ပြေမြန်တတ်ပါတယ်။ ဒါပေမဲ့ နာကြည်းစရာရှိရင်တော့ သေတဲ့ထိ မမေ့တတ်ဘူး။

''အမေ.....ကျွန်မကို ဘာကြောင့်မုန်းတာလဲဟင်''

အမေက ကျွန်မမျက်နှာကို စေ့စေ့ကြည့်ရင်း အမုန်းမီးတောက်တွေနဲ့ ဒေါသအခိုးအလျှံတွေက ပြည့်လို့ပေါ့။

''ညည်းအဖေက ကျုပ်ကိုရှာမကျွေးဘဲ ထွက်သွားပြီး ကိုယ်လွတ်ရုန်းထွက်သွားတယ်လေ၊ ဟင်း..... မပြောချင်ပါဘူး၊ ပြန်ပြောရင် ပြန်စိတ်နာစရာပေါ်လာမယ်''

ကျွန်မက အမေ့ကို နှစ်သိမ့်တဲ့အနေနဲ့.....

''ဩော်.....အမေရယ်၊ အဖေလည်း စိတ်ညစ်ပြီး ထွက်ပေါက်ရှာသွားတာနေမှာပါ၊ အိမ်ထောင်ပြုသွားတာမှ မဟုတ်ဘဲလေ''

''တော်စမ်းပါအေ၊ မိန်းမကို ကလေးသုံးယောက်၊ တစ်ဗိုက်နဲ့ ပစ်ထားခဲ့တယ်၊ တရားဘောင်ဝင်သွားရင်လည်း ထားတော့၊ ခွင့်လွှတ်နိုင်ကောင်းရဲ့၊ အခုတော့ ခြေရာဖျောက်ပြီး ထွက်သွားတာ၊ သူလုပ်မကျွေးနိုင်လို့ နောက်လင်ယူတော့ဆိုတဲ့ သဘောနဲ့ ဥပေက္ခာပြုသွားတာပါအေ၊ ဒီတော့ ကျုပ်ကလည်း နောက်လင်ယူလိုက်တာပေါ့၊ သူ့ကလေးတွေ ဘယ်သူက လုပ်ကျွေးမှာလဲ''

''အစ်မနဲ့ အစ်ကိုကြီးပြောတော့ အမေက သူတို့ကို ရက်ရက်စက်စက် ခိုင်းခဲ့တယ်ဆို၊ ဈေးရောင်းမကုန်ရင် ရိုက်တယ်၊ ဈေးဗန်းမှောက်ကျရင်လည်း ရိုက်တယ်တဲ့''

အမေက ဖြေရှင်းချက်မပေးခဲ့ပေ။ ဒီတော့ ကျွန်မက ဆက်မေးမိတယ်။

''အမေဟာ အဖေနဲ့ရတဲ့ ကလေးတွေအပေါ် သိပ်အနိုင်ကျင့်တာပဲနော်၊ အဲဒီအထဲမှာ ကျွန်မက ပထမဆုံး အနိုင်ကျင့်ခံရသူပဲ''

ဒီစကားကို ပြောပြီးတဲ့နောက်မှာ အမေဟာ ကျွန်မအပေါ် တစ်လတိတိ စကားမပြောတော့ဘူး။ အမေစိတ်ဆိုးသွားပြီမှန်း သိလိုက်ပေမယ့် ကျွန်မကို ကြာကြာစိတ်မဆိုးဘူးဆိုတာ အမေ စကားပြန်ပြောတဲ့နေ့မှာ သိသွားတယ်။

''ကျုပ်ကို ဟန်းဆက်ကောင်းကောင်းတစ်လုံး ဝယ်ပေးစမ်း''

www.burmeseclassic.com

www.burmeseclassic.com


"အမေက အသက်ကြီးမှ ဘာလုပ်ဖို့လဲ"

အမေက ကျွန်မရှိရာကို မျက်စောင်းကြီးထိုးလိုက်ပြီး.....

"ကျုပ်သားက ကုမ္ပဏီမှာ လုပ်နေတာအေ့"

"သြော်...အမေ့သားအတွက်ကိုး"

ပထွေးနဲ့ရတဲ့ကလေးကို ဦးစားပေးနေတာက အမေဟာ ကျွန်မတို့မောင်နှမရဲ့ ဝင်ငွေကြေးတွေကို ဆပ်ခိုင်းနေတာလားလို့ တွေးလိုက်မိတယ်။ ပထွေးဆိုပေမယ့်လည်း ဦးကံကြီးက စိတ်ထားကောင်းပါတယ်၊ ဘယ်လောက်ထိလဲဆိုရင်...

"ရော့...မိသီ၊ နောက်ဖေးယူသွားတော့"

အမေတို့မိသားစု စားနေတဲ့ ပိုတဲ့အစားအစာတွေဆို အမေက ကျွန်မကို မကျွေးပေမယ့် ဦးလေးကံက ကျွန်မစားဖို့ ယူသွားခိုင်းတာပါ။ အဲဒီလို မလုပ်ရင်တော့.....

"မယ်တင့်ရေ..အိမ်ကိုလာဦး"

"ဖိုးခင်ရေ.....ရော့...မင်းတို့မိသားစုစားဖို့"

ဆိုပြီး သူ့အလုပ်ကို လုပ်ကိုင်ပေးတဲ့သူတွေကို ခေါ်ပေးဦးမှာပါ။ ဒါကို ဦးလေးကံက သိပြီး ကျွန်မကို ခိုးကျွေးရှာတယ်။ အဲဒီလောက်အထိ အမေက ကျွန်မအပေါ် စေတနာသဒ္ဓါတရားမရှိခဲ့ဘူး။ အမေ့ရဲ့ လုပ်ချပ်ကို ပတ်ဝန်းကျင်ကသိရင် ကျွန်မအပေါ်သနားကြမလား၊ အမေ့ရဲ့ ခံစားမှုကို မှန်တယ်လို့ ယူဆကြမလား။ အမေ့ရဲ့ အဖေနဲ့ပတ်သက်တဲ့ အမုန်းတရားကို ကျွန်မတို့က ပေးဆပ်နေရတာပါ။

**XXX**

အဖေဆုံးသွားတော့ အစ်ကိုကြီးက ကျွန်မကို အကြောင်းကြားလာတယ်။ အဖေဟာ သမီးကြီးနဲ့ အတူနေရင်း ဆုံးပါးခဲ့တာပါ။ အဆင်မပြေတဲ့ အစ်မအတွက် ကျွန်မက တစ်လတစ်ကြိမ် ထောက်ပံ့ပေးခဲ့တယ်။ အဲဒါကို အမေက မသိသလို ကျွန်မကလည်း အမေသိအောင် ပြောမပြချင်ပါဘူး။ သားသမီးကောင်းဆိုတာ မိဘအခက်အခဲကို ကိုယ့်အခက်အခဲလို့ ထင်မှတ်ပြီး ဖြေရှင်းပေးနိုင်ရမယ်၊ ကူညီပေးနိုင်ရမယ်လေ။

အဖေဟာ လောကကြီးထဲမှာ ရှိနေဆဲအချိန်မှာ ကျွန်မတို့မောင်နှမတွေက အသက်အရွယ်ကြီးလာတဲ့ အဖေ့ကို ပြုစုစောင့်ရှောက်ဖို့ အစ်မကြီးနဲ့ထားမှ အဆင်ပြေမယ်လို့ဆုံးဖြတ်လိုက်ကြတယ်။ ဒါကြောင့်မို့လည်း အစ်ကိုကြီးနဲ့ ကျွန်မက အဖေ့အတွက် သီးခြားထောက်ပံ့ခဲ့ပါတယ်။ အဖေမကွယ်လွန်မီ ပြောသွားတဲ့စကားရှိပါတယ်။ အဲဒါကတော့.....

"မစိန်ငွေက နာမည်နဲ့လိုက်အောင် ချမ်းသာချင်တဲ့မိန်းမ၊ သူနေချင်တဲ့ဘဝမျိုး အဖေက မဖြည့်ဆည်းပေးနိုင်တော့ နားပူနားဆာလုပ်လာတဲ့အချိန်မှာ အဖေက သူနဲ့ဝေးရာကို ထွက်သွားခဲ့တယ်၊ ကိုယ့်သားသမီးလေးတွေကို ထားရစ်ခဲ့တာတော့ အဖေ မတရားဘူးပေါ့၊ အဖေ့ရည်ရွယ်ချက်က ကျောက်တူးသမားဘဝနဲ့ ကျောက်အောင်ရင် သူ့ဆီပြန်မယ်ပေါ့ကွယ်၊ ဒါပေမဲ့ ကံကပေးမလာတော့ ရောဂါရပြီး အဖေပြန်လာခဲ့ရတယ်၊ မစိန်ငွေကိုလည်း နောက်အိမ်ထောင်ပြုလိုက်လို့ စိတ်မဆိုးဘူး၊ သူ့လုပ်ရပ် မှန်တယ်လို့ ထင်မိတယ်၊ သူ့ကိုတော့ အဖေဒီမှာရှိတယ်လို့ မပြောကြပါနဲ့ကွယ်"

အဖေက အမေ့ဘက်ကနေ စာနာအတွေးနဲ့ ပြောနေပေမယ့် အဖေ့ကို အမေ့နှလုံးသားထဲက

**သမီးက အပေါင်းအသင်းကို ရွေးပေါင်းတတ်တယ်။ သူ့အပေါ်ကောက်ကျစ်ပြီး ပြိုင်ဆိုင်လာရင် ချက်ချင်း ဥပေက္ခာပြုဖို့ဝန်မလေးတတ်ဘူး...**

www.burmeseclassic.com

www.burmeseclassic.com

သတိရတော့မှာ မဟုတ်ပါဘူး။ အတိတ်တံခါးကို အမုန်းတံခါးသော့နဲ့ ခတ်ပိတ်ထားလိုက်ပြီဆိုတာ အဖေသိအောင်လို့ ကျွန်မက မပြောချင်တော့ပါဘူး။ အဖေကတော့ အခုအချိန်မှာ သူလုပ်ခဲ့တဲ့အမှားကို တောင်းပန်ချင်နေပုံပါပဲ။ ကျွန်မက အမေ့စိတ်ကို သွေးတိုးစမ်းတဲ့အနေနဲ့.....

"အဖေ့ကို သတိမရဘူးလား အမေ"

"ခုချိန်မှာ ပြန်တွေ့ရင်တောင် သတ်ပစ်လိုက်ချင်တယ်၊ ညည်း အဖေအကြောင်း ဘာမှလာမပြောနဲ့"

အမေဆိုးတာဟာ ပထွေးဖြစ်တဲ့ ဦးကံကြီးတောင် မခံနိုင်ပါဘူး။ ဦးလေးကံလည်း အမေ့ပစ်ပစ်ကြောင့် အရင်ဆုံးသွားခဲ့ရှာတယ်။ အမေကတော့ ခုချိန်ထိ မာနတံခွန်ထူလို့ ဒေါသတိုင်ကို မောဟမြေကြီးမှာ စိုက်ထားဆဲပါပဲလေ။ အမေ့ကို နိုင်တဲ့သူက ဦးလေးကံနဲ့ရထားတဲ့ သားပါပဲ။ သူကတော့ လက်ညှိုးညွှန်ရာ ရေဖြစ်နေတဲ့သူပါ။

ကျွန်မရဲ့အထက်က အစ်ကိုလေးကျတော့ လူပျိုပေါက်အရွယ်မှာ အပြင်းဖျားပြီး ဆေးမကုနိုင်လို့ ဆုံးခဲ့ရှာပါတယ်။ သူရှိနေရင်လည်း အမေ့အတွက်နဲ့ စိတ်သောကဖြစ် မှာ အမှန်ပဲလေ။ စောစောစီးစီး လူ့လောကထဲက ထွက်သွားတာ အကောင်းဆုံးပဲဖြစ်မှာပါ။

အဖေဆုံးသွားပြီးချိန်မှာ အစ်ကိုကြီးက အဖေ့အတွက် ထောက်ပံ့မှုကို ရပ်သွားတယ်။ အစ်မကြီးက ကျွန်မဆီပဲ ဆက်တောင်းခဲ့ပြန်ပါတယ်။

"အဖေ့ကို အစ်မက ပြုစုခဲ့ရတာပဲ ညီမလေးရယ်၊ အစ်မလည်း အဆင်ပြေတာ မဟုတ်ပါဘူး။ အစ်ကိုနဲ့ ညီမတို့ ပေးတဲ့ငွေက အဖေ့ဆေးဖိုးပဲရှိတာပါ၊ ဒီကြားထဲမှာ အဖေ လူမမာကြီးကို ပြုစုခဲ့ရတဲ့တာဝန်က အစ်မရဲ့ အချိန်တွေ၊ ငွေတွေကို ပေးဆပ်ခဲ့ရတာပါကွယ်၊ မင်းတို့လိုမဟုတ်ပါဘူး"

ဒီတော့ ကျွန်မက မေးလိုက်တယ်။

"အစ်မကို လူ့လောကကြီးထဲ ရောက်အောင် ဘယ်သူက မွေးခဲ့တာလဲ"

ဒီစကားကြောင့် အစ်မကြီးက မျက်နှာပျက်သွားတယ်။ အစ်မကြီးချို့တဲ့တာကို ကျွန်မ နားလည်ပါတယ်။ သူ့ကို အဆင်မပြေမှန်းသိလို့ ထောက်ပံ့ချင်ပေမယ့် သူများတွေကို အပြစ်ပြောချင်တာမျိုးတော့ လက်မခံနိုင်ပါဘူး။ ကျွန်မသာ သူ့နေရာမှာဆိုရင် ဘယ်သူ့အကူအညီမျိုးမှ မတောင်းခံဘဲ ကျွန်မအဖေကို ကျွန်မတစ်ယောက်တည်းပဲ ပြုစုမှာပါ။

"ညည်းသာ ငါ့နေရာမှာဆိုရင် ဒီလိုစကားမျိုး ပြောထွက်မှာလား မိသီ"

"အမေက ကျွန်မနဲ့ လာနေတာရော၊ အစ်မသာဆိုရင် ခေါ်တင်ထားမှာလားဟင်၊ အမေ့တာဝန်က အဖေ့ထက်ပိုပြီး ကရိကထများပါတယ်၊ အမေ့အလိုကျ ဖြည့်ဆည်းပေးရ၊ အမေ့မကျေနပ်ချက်တွေကို ခေါင်းငုံ့ခံရနဲ့ ကျွန်မကမိဘအတွက် ပိုပြီးပေးဆပ်ခဲ့ရသူပါ အစ်မ၊ ဒါပေမဲ့ ကျွန်မ တစ်ချက်ညည်းညူခဲ့သလား၊ ဘယ်မောင်နှမဆီကရော မျှော်ကိုးစိတ်နဲ့ တောင်းခံခဲ့ဖူးလို့လားဟင်၊ မိဘဆိုတာကို ရွေးချယ်ပိုင်ခွင့်မရှိတဲ့ ကျွန်မတို့ ကံတရားကို အပြစ်ပုံချနေလို့ရော ရလို့လား၊ ဘုရားဟောတဲ့ထဲမှာ မိဘကို လုပ်ကျွေးပြုစုခြင်းက မင်္ဂလာတစ်ပါးပဲ မဟုတ်လား အစ်မရယ်"

အစ်မက နှုတ်ပိတ်သွားတော့တယ်။ နောက်တော့ ကျွန်မနဲ့ အဆက်အသွယ်မလုပ်တော့တဲ့အထိ ကျွန်မရဲ့စကားက အစ်မကြီးရဲ့ရင်ထဲကို မြားတစ်စင်းလို စိုက်ဝင်သွားခဲ့ပြန်တယ်။ ဩော်..ကျွန်မသံယောဇဉ်ကြီးတဲ့ အစ်မကလည်း ကျွန်မကို ဥပေက္ခာပြုသွားခဲ့ပြန်တယ်လေ။

ကျွန်မမှာ အစ်ကိုကြီးတစ်ယောက်ပဲ ကျန်ပါတော့တယ်။ ကျွန်မက အစ်ကိုတွေကို ချစ်တတ်တယ်။ အစ်ကိုကြီးက ကျွန်မကို ထိန်းကျောင်းရင်း ဈေးရောင်းထွက်ခဲ့ရတဲ့သူ။ ဒီတော့ ကျွန်မက မောင်နှမတွေအားလုံးထဲမှာ အစ်ကိုကြီးကို အဖေလို၊ အစ်ကိုလို ခင်တွယ်တဲ့သူပါ။ ကျွန်မ သိတတ်စမှာ အစ်ကိုလေးက ဆက်ထိန်းခဲ့ပါတယ်။ ဒါပေမဲ့ ထိန်းကျောင်းပေးရင်း အပြင်းဖျားပြီး ဆုံးပါးခဲ့ရှာတယ်။ ဒါကြောင့်မို့လည်း အစ်ကိုအရွယ်တွေ့ရင် ကျွန်မက ခင်မင်မိပါတယ်။ မောင်

www.burmeseclassic.com

www.burmeseclassic.com



နှမစိတ်နဲ့ အကူအညီတွေပေးမိတယ်။ ကျွန်မဘက်က ဖြူစင်တဲ့ မေတ္တာတရားကို သူတို့ကလည်း နား လည်ကြပါတယ်။

XXX

သမီးလေးက တစ်ဦးတည်းသော သမီးလေးဖြစ်နေတော့ သူ့မှာ ကစားဖော်တွေ၊ ကျောင်းသွားဖော်တွေကို ခံ့မင်တယ်။ ပြီးတော့ ကျွန်မလိုပဲ အစ်ကိုအရွယ်တွေဆို ခင်မင်တတ်တယ်။ ဒါပေမဲ့ ကျွန်မတို့ခေတ်နဲ့ သူတို့ခေတ်က တူတာ မဟုတ်ဘူးဆိုတော့ သမီးကို ကျွန်မက စည်းတစ်ခုနဲ့ တားဆီးသတိပေးထားရတယ်။

"ယောက်ျားလေးတွေနဲ့ပေါင်းရင် တရင်းတနှီးမနေရဘူးနော်၊ အခုခေတ်ကလေးတွေက လက်ရဲဇက်ရဲနဲ့ ကိုယ့်အပေါ် ကောက်ကျစ်တတ်တယ်ကွယ်"

"မြတ်နိုး နားလည်ပါတယ် အမေရယ်၊ ဒေါ်အေးအေးသီရဲ့သမီးမှာ သူ့အမေလိုစိတ်ဓာတ်မျိုးရှိပါတယ်"

သမီးလေးနဲ့ ကျွန်မတို့ မတူတဲ့အချက်က သမီးက အပေါင်းအသင်းကို ရွေးပေါင်းတတ်တယ်။ သူ့အပေါ် ကောက်ကျစ်ပြီး ပြိုင်ဆိုင်လာရင် ချက်ချင်း ဥပေက္ခာပြုဖို့ဝန်မလေးတတ်ဘူး။ နောက်ပြီး ကျွန်မသမီးလေးက ဖြူဖြူချောချောနဲ့ ချစ်စရာကောင်းတယ်။ မိန်းကလေးချင်းတောင် သူ့ကိုငေးကြည့်ရတဲ့သူ။ သမီးလေး အရွယ်ရောက်လာတာနဲ့အမျှ ကျွန်မက သမီးရှေ့ရေးကိုတွေးပူပြီး ရင်လေးနေမိတယ်။

"အမေ.....သမီးကို ရည်းစားစာလာပေးလို့ ယူလာတယ်၊ ရော့.. အမေဖတ်ကြည့်"

သမီးက ကျွန်မနဲ့ ပွင့်ပွင့်လင်းလင်း တိုင်ပင်တတ်တယ်။ သမီးလေးကို တက္ကသိုလ်ရောက်အောင် ပညာရေးနဲ့ပတ်သက်ပြီး ကျွန်မက ဆုံးမခဲ့လို့ အခုဆိုရင် သမီးလေးက ဘွဲ့တစ်ခုကို ရခဲ့ပြီးပါပြီ။ အမေဖြစ်စေချင်တဲ့ဘဝမျိုးရောက်အောင်ကြိုးစားခဲ့ရှာတယ်။ ပြီးတော့ သမီးက ရိုးရိုးကျင့်၊ မြင့်မြင့်ကြံစိတ်ရှိထား



ကလေးတွေကို
မုန့်ကျွေးနေကျဆိုတော့
ကလေးသဘာဝ
အကြောက်အလန့်မရှိဘဲ
လိုက်သွားမိတာပေါ့။
အဲဒီမှာပဲ ကျွန်မကို
မတရားကျင့်ဖို့
ကြံလာတော့
သူ့လက်ကိုကိုက်ဆွဲပြီး
ကျွန်မက အတင်း
ထွက်ပြေးခဲ့ရတယ်။
ကြောက်လွန်းလို့
သေးတွေတောင်
ထွက်ကျတဲ့အထိပါပဲ
...

www.burmeseclassic.com

www.burmeseclassic.com

တော့ သူ့ဘဝတက်လမ်းကို ရှာဖွေတယ်လေ၊ ဒီတော့ ကုမ္ပဏီတစ်ခုမှာ အလုပ်ရခဲ့တယ်။

ကျွန်မထက်စာရင် သမီးလေးရဲ့ဘဝက ကံကောင်းပါတယ်။ ဘဝနိမ့်ကျခဲ့တဲ့ ကျွန်မ၊ စားစရာမရှိလို့ ရေသောက်၊ ဗိုက်မှောက်နေခဲ့ရတဲ့ ကျွန်မ၊ ပတ်ဝန်းကျင်ကကျွေးတဲ့ ထမင်းကြမ်းနဲ့ ငါးပိရည်ကျဲကို မြိန်ရေရှက်ရေ စားခဲ့ရတဲ့ ကျွန်မ။ အမေကပေးထားခဲ့လို့ ကျွန်မကို မွေးစားခဲ့တဲ့ လင်မယားကို ခြေဆုပ်လက်နယ် နင်းနှိပ်ပေးပြီးမှ အိပ်ခဲ့ရတဲ့ ကျွန်မ။ အမေ့ရဲ့ ရက်စက်ခြင်းတွေ၊ ဥပေက္ခာပြုခြင်းတွေ အားလုံးအားလုံးကို ခါးစည်းခံခဲ့ရတဲ့ ကျွန်မအဖြစ်မျိုး သမီးလေးကို ဘယ်တော့မှ အဖြစ်ခံမှာမဟုတ်ပါဘူး။ ဒါဟာ သမီးလေးအပေါ်ထားတဲ့ ကျွန်မရဲ့ မိခင်မေတ္တာပါပဲ။

အမေနဲ့ပတ်သက်ပြီး ကျွန်မရဲ့ မမေ့နိုင်တဲ့အဖြစ်တစ်ခု ရှိခဲ့ပါတယ်။ အမေ နောက်အိမ်ထောင်ပြုသွားတဲ့အချိန်မှာ ကျွန်မတို့မောင်နှမတွေ တကွဲတပြားစီ ဖြစ်သွားကြရတယ်။ ဆွေမျိုးထဲက ရင်းနှီးသူတွေဆီမှာ ကျွန်မတို့မောင်နှမတွေ ရောက်ခဲ့ကြတယ်။ တစ်မြို့တစ်နယ်စီ ရောက်သွားချိန်မှာ အားငယ်ခြင်းတွေနဲ့ ငိုခဲ့ရတဲ့ မျက်ရည်တွေက မကုန်ခန်းနိုင်ပါဘူး။ အစ်ကိုကြီးနဲ့ အစ်မက အတူတူနေရတာလည်း ကုသိုလ်တစ်မျိုးပါပဲ။

"မိသီ ညီမလေး၊ အားမငယ်နဲ့နော်၊ အစ်ကိုကြီးတို့ ပြန်ဆုံကြမယ်၊ ရောက်တဲ့နေရာမှာ ပျော်အောင်နေနော်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ကျွန်မက မျက်ရည်စက်လက်နဲ့ အစ်ကိုကြီးကို ခေါင်းညိတ်ပြခဲ့ရတယ်။ အစ်ကိုကြီးလည်း ကျွန်မကို မျက်တောင်မခတ်ဘဲ ကြည့်နေရှာခဲ့တယ်။ ကျွန်မကိုခေါ်သွားတဲ့ ကြီးကြီးနဲ့ဘဘလည်း စိတ်မကောင်းကြဘူးပေါ့။ ကျွန်မ ဘာကြောင့်များ ကံဆိုးရသလဲလို့ ကိုယ့်ကိုယ်ကိုယ်ပြန်မေးနေမိတယ်။ အဲဒီအချိန်က ကျွန်မက ၈ နှစ်သမီးလောက်ပဲရှိပါသေးတယ်။ မွေးစားမိဘတွေဟာ ကျွန်မကို အိမ်ထဲမှာထားခဲ့ပြီး သူတို့က တစ်ပတ်၊ ဆယ်ရက်ထိကြာအောင် ပြန်မလာတော့ဘူး။ ကျွန်မကို ပတ်ဝန်းကျင်နဲ့ အပ်ထားခဲ့ကြတယ်။



"ကောင်မလေး၊ နင်ထမင်းမစားရသေးဘူးလား၊ လာလေ၊ ဒီမှာလာစားတော့"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

တကယ်တမ်းမှာ မွေးစားမိဘတွေက ထမင်းလခ ပေးထားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မ စားခဲ့ရတာက ထမင်းကြမ်းနဲ့ ငါးပိရည်ကျဲကျဲ၊ ဒါမှမဟုတ်ရင် ထမင်းကြမ်းနဲ့ ထန်းလျက်ခဲ။ အသားဆိုတာ အိပ်မက်တောင် မမက်ရဲပါဘူး။ ကျွေးမွေးသူတွေကို မျက်နှာငယ်လေးနဲ့ မော့ကြည့်နေရတဲ့ဘဝ။ အို.....ကျွန်မသမီးလေး ကျွန်မလိုဘဝမျိုး ဘယ်တော့မှ မဖြစ်စေရပါဘူး။

ကလေးဘဝဆိုတော့ အဖော်တွေနဲ့ ကစားလိုက်ကြ၊ ရေဆင်းကူးလိုက်ကြနဲ့ ဘဝဆိုတာ ဘာမှန်းနားမလည်သေးတဲ့အရွယ်။ အဲဒီအရွယ်မှာပဲ ကစားဖော်တစ်ယောက်ရဲ့ ဦးလေးဆိုသူက ကျွန်မကို မုန့်ကျွေးဖို့ဆိုပြီး ခေါ်လာတယ်။ ကျွန်မက မျက်နှာသိဖြစ်နေတာရယ်၊ သူလာတိုင်းလည်း ကျွန်မတို့ကလေးတွေကို မုန့်ကျွေးနေကျဆိုတော့ ကလေးသဘာဝ အကြောက်အလန့်မရှိဘဲ လိုက်သွားမိတာပေါ့။ အဲဒီမှာပဲ ကျွန်မကို မတရားကျင့်ဖို့ကြိုးစားတော့ သူ့လက်ကိုကိုက်ခဲ့ပြီး ကျွန်မက အတင်းထွက်ပြေးခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လွန်းလို့ သေးတွေတောင် ထွက်ကျတဲ့အထိပါပဲ။ အဲဒီအိမ်ကို ကျွန်မက မသွားရဲတော့ပါဘူး။

ကံကောင်းလို့ ကျွန်မက ရေ တိမ်မနစ်ခဲ့တာပါလား။ အိပ်လည်း မအိပ်ရဲ၊ အပြင်လည်းထွက်မကစား ရဲနဲ့ ကျွန်မက အိမ်ထဲမှာပဲ နေခဲ့ တယ်။ အဲဒီနေ့ညမှာပဲ မွေးစားမိဘ တွေ ပြန်လာကြမှ ကျွန်မ ကောင်း ကောင်းအိပ်ပျော်သွားရတယ်။

နောက်နေ့ နေ့လယ်ရောက် တော့ ကျွန်မရှိရာကို အမေရောက် လာပါတယ်။ ကျွန်မက အရမ်းဝမ်း သာသွားတာပေါ့။

"အမေ.....သမီး အမေနဲ့ပြန် လိုက်ပါရစေနော်"

ကြောက်ကြောက်ရွံ့ရွံ့နဲ့ပြော လိုက်မိတယ်။ ကိုယ့်အမေနဲ့အတူ ကျွန်မကို အမေနိုပ်စက်စက်၊ ရိုက် ပဲရိုက်ရိုက် နေဖို့ဆုံးဖြတ်မိတော့ အမေက.....

"လျှာရှည်မနေနဲ့၊ ဒီမှာပဲနေရ မယ်၊ ငါက စီးပွားရေးလုပ်နေတာ၊ ညည်းကို ခေါ်မထားနိုင်ဘူး"

"သမီး မနေချင်တော့လို့ပါ အမေရယ်၊ သမီး အမေနဲ့နေပါရ စေ၊ နော်.....နော်"

အမေက ကျွန်မရဲ့ခံစားချက်ကို မသိဘူး။ ကျွန်မက ငိုယိုပြီး လိုက် မယ်ပြောလေ ကျွန်မကို ဆိတ်ဆွဲ လိုက်၊ ခေါင်းခေါက်လိုက်၊ ရိုက် လိုက်လုပ်လေပေါ့။ ရင်ထဲက ပြော မထွက်တဲ့ ခံစားချက်ကို အမေမသိ လို့ဘဲဆိုပြီး ကျွန်မလက်လျှော့သွား ရတယ်။ နောက်မှ သိရတာက

အမေက ကျွန်မ စားသောက်ဖို့ ငွေ လာပေးသွားတယ်။ ဒါပေမဲ့ အရွယ် ရောက်လာတဲ့ သမီးလေးအတွက် အဝတ်အစားဝယ်ပေးဖို့ သတိမရပါ ဘူး။ ချက်ချင်းပဲ သဘော်နဲ့ပြန်သွား တယ်လေ။ မျက်ရည်တွေနဲ့ အမေ့ ကိုကြည့်နေရုံကလွဲပြီး ကျွန်မ ဘာ မှမတတ်နိုင်တော့ပါဘူး။

"ဩော်...စီးပွားရေးလုပ်ရင်း အချိန်လုလာရတဲ့ အမေ့ကို သမီး ကျေးဇူးတင်ပါတယ်၊ အမေ့အသိ စိတ်ထဲမှာ သမီးရှိလို့ ကျေနပ်မိပါ တယ် အမေ"

ဒီစကားတစ်ခွန်းကို ကျွန်မက စိတ်မချမ်းမြေ့စွာနဲ့ပဲ ပြောလိုက်မိ တယ်။ အဲဒီလို ကိုယ့်ဘဝကိုယ် ကျောင်း၊ ကိုယ့်ရန်ကိုယ်ရှောင်ရင်း နဲ့ ကြီးပြင်းလာတော့ ကျွန်မကို သနားတဲ့ လူကြီးတွေက အပျို ပေါက် ကျွန်မကို ဝိုင်းဝန်းစောင့် ရှောက်ပေးကြတယ်။ အဝတ်အစား ကအစ ဝယ်ခြမ်းပေးပြီး တကယ့် ကို သဘောရိုးနဲ့ မြင့်မြတ်စိတ်ရှိသူ တွေပါပဲ။ အဲဒီလိုနဲ့ ကျွန်မဘဝက မှဲ့တစ်ပေါက်မစွန်းဘဲ နေနိုင်ခဲ့ပါ တယ်။

XXX

"မိသီ၊ ညည်း ရန်ကုန်လိုက် ခဲ့တော့၊ ညည်းမောင်ကို ထိန်းရ မယ်"

အမေ့စကားကို ကျွန်မဘက် ကဝမ်းသာလွန်းလို့ ရင်ဆို့လုမတတ် ဖြစ်သွားခဲ့ရတယ်။ အမေက သူ့

သားကိုထိန်းဖို့ ကျွန်မကို ပြန်ခေါ် သွားပေမယ့် အမေ့စိတ်က အရင်လို မပြောင်းလဲပါဘူး။ ကျွန်မက အိမ် ဖော်တစ်ယောက်လို နေခဲ့ရပါ တယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘဝက အမေ့အရိပ်မှာနေရတာ လုံခြုံတယ် လို့ ကျွန်မ တွေးမိတယ်။ အမေက မကျေးလည်း ရောက်တဲ့အရပ်မှာ ကျွန်မကိုသနားပြီး ကျွေးတဲ့သူ တွေနဲ့ဆုံခဲ့ရတယ်။ ပထွေးကလည်း သဘောကောင်းရှာပါတယ်။ နောက် တော့ ကျွန်မဘဝအတွက် ကျွန်မရဲ့ ဘဝခရီးဖော်ကိုရှာမိတယ်။

"ငါ့ဘဝက ဒီအတိုင်းနေလို့ ပြောင်းလဲလာမှာမဟုတ်ဘူး၊ ဒီတော့ အမှီရှာမှဖြစ်မယ်"

အဲဒီအကြံအစည်နဲ့ပဲ ကျွန်မက ဦးနိုင်နဲ့ ခိုးရာလိုက်သွားတော့တယ်။ ဦးနိုင်ဆိုတာက ကျွန်မတို့အိမ်ဘေး မှာ ငှားနေတဲ့သူပါ။ အညာကနေ မြို့လာပြီး စီးပွားရှာတဲ့သူ။ ဒီတော့ ရိုးသားကြိုးစားပြီး ကျွန်မအပေါ် သစ္စာရှိမယ့်ယောကျ်ားကို ကျွန်မက ရွေးချယ်လိုက်တာပါပဲ။ အဲဒါကို အမေက ဒေါသူပုန်ထပြီး ကျွန်မကို စိတ်ဆိုးပြန်တယ်။ အိမ်ပေါ်မတက် ရဆိုတဲ့ တစ်ချက်လွှတ်အမိန့်နဲ့ ကျွန်မကို ပစ်ထားလိုက်တော့တယ်။

"သီ.....ဝမ်းနည်းနေသလား ဟင်"

"ဟင့်အင်း၊ ကျွန်မ ဝမ်းမနည်း ပါဘူး ဦးနိုင်"

"ဦးနိုင်ကိုယူလို့ အနေဆင်းရဲ ပေမယ့် သီ့ကို စိတ်ချမ်းသာအောင် ထားပါ့မယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com

ဦးနိုင်က မုန့်လက်ဆောင်း ရောင်းတယ်။ မနက်ဆိုရင် ဈေးထွက်ဖို့ပြင်ဆင်ပြီး မနက် ၁၀ နာရီလောက်ဆို ဆိုင်းထမ်းနဲ့ ဈေးထွက်သွားတယ်။ ညနေမှာ ပြန်လာပြီး ကျွန်မစားချင်ရာကို ထွက်စားကြတယ်။ အညာသားပေမယ့် ကပ်စေးမနဲရှာပါဘူး။ တစ်ခါတလေမှာ ကျွန်မက ဦးနိုင်နဲ့လိုက်သွားပြီး ဈေးထိုင်ရောင်းခဲ့တယ်။

အမေနဲ့ အလှမ်းဝေးတဲ့နေရာလေးမှာ အိမ်ငှားနေကြပြီး ပျော်ရွှင်စရာဘဝလေးကို စိတ်ချမ်းချမ်းသာသာနဲ့ လျှောက်လှမ်းခဲ့ကြတယ်လေ။ နောက်တော့ ကျွန်မပါ ဦးနိုင်နဲ့အတူ မုန့်တီနဲ့အသုပ်ကို လိုက်ရောင်းတယ်။ ကျွန်မတို့ရဲ့ဆိုင်က လမ်းဘေးတစ်နေရာပါပဲ။ ကျွန်မက မောင်တစ်ထမ်း၊ မယ်တစ်ရွက်နဲ့ ငွေကိုရှာဖွေတတ်လာပါပြီ။ တကယ့်လက်တွေ့ဘဝမှာ လူပင်ပန်းပေမယ့် စိတ်ချမ်းသာခဲ့တယ်။ လင်မယားနှစ်ယောက်က ဒိုးတူပေါင်ဖက်လုပ်ကိုင်ရင်း စီးပွားရှာ ငွေစုခဲ့တယ်။ သုံးနှစ်အတွင်းမှာ အိမ်ပိုင်လေးနဲ့ နေလာနိုင်တယ်။ ငါးနှစ်လောက် မစားရက်၊ မသောက်ရက်စုဆောင်းထားတဲ့ ဦးနိုင်ရဲ့ငွေတွေကြောင့် ကျွန်မတို့ စိတ်ချမ်းသာမိတာ အမှန်ပါ။

နောက်တော့ သမီးလေးကို မွေးခဲ့တယ်။ သမီးက အကျိုးပေးတဲ့ ကလေးလို့ ဆိုရမလားမသိဘူး။ သူ့ကိုမွေးပြီး သုံးနှစ်အရွယ်မှာ ထီဆုကြီးထပေါက်ခဲ့တယ်။ ဒါနဲ့ပဲ ကျွန်မက အမေနဲ့ ပြန်ဆက်သွယ်လိုက်တယ်။ အဲဒီအချိန်မှာ အမေက စီးပွားရေးမကောင်းတော့ဘူးပေါ့။ ဦးလေးကံလည်း သေဆုံးသွားခဲ့ပြီ။ အမေလည်း စိတ်ဓာတ်ကျသွားတယ်။ မောင်လေးက တက္ကသိုလ်ပညာသင်တန်းလန်းနဲ့ အလုပ်လုပ်နေရရှာတယ်။ အမေတို့သားအမိကို မြင်တော့ ကျွန်မ စိတ်မကောင်းဖြစ်မိပါတယ်။

''ဒီမှာ မိသီ၊ ကျုပ်တို့အိမ်မှာ လာနေပါလားအေ၊ ညည်းမောင်က မကြာခဏ အလုပ်ကိစ္စနဲ့ ခရီးထွက်ရတယ်၊ ကျုပ်က တစ်ယောက်တည်းနေရတော့ အရေးအကြောင်းဆိုရင် အဖော်ကမရှိနဲ့''

အမေ့ဆီက ဒီစကားကိုကြားရရုံနဲ့ ကျွန်မက ပြောင်းနေဖို့ ဆုံးဖြတ်ပြီးသားပါ။ ဒါကြောင့်မို့ ဦးနိုင်နဲ့တိုင်ပင်ပြီး အိမ်ကို အိမ်ငှားနဲ့ထားပြီး ကျွန်မတို့မိသားစုက အမေ့အိမ်ကို ရောက်လာရတော့တယ်။

''မိသီ.....ညည်းကိုယ်ညည်း ဘဝင်မမြင့်နဲ့၊ ညည်း ဒီဘဝရောက်အောင် တွန်းပို့ခဲ့တာ ကျုပ်နော်''

အမေက အခုလို မကျှော့တိုင်ထုလိုက်သေး။ ကျွန်မက မေးလိုက်ချင်ပါတယ်။ ဒါဆို အမေပစ်ထားခဲ့လို့ ကျွန်မက ကိုယ့်ကိုယ်ကိုယ် လုံခြုံအောင် မထိန်းနိုင်ဘဲ ဘဝပျက်ရင်ရော အမေ ဒီစကားမျိုးပြောဦးမှာလားလို့ပါ။ ဘာပဲဖြစ်ဖြစ် အမေက ကျွန်မရဲ့မိခင်တစ်ယောက်ပါ။ အမေ့ကြောင့်လည်း ကျွန်မသမီးလေးကို ကျွန်မလိုဘဝမျိုးမရောက်အောင် ကျွန်မက ရင်အုပ်မကွာ စောင့်ရှောက်ရမယ်ဆိုတဲ့အသိမျိုးရှိလာရတယ်။ ဒီအတွက် အမေ့ကို ကျေးဇူးတင်မိပါတယ်။

''သီရေ ကိုယ်တို့သမီးလေး ကြီးလာလို့ ချစ်သူရှိနေရင် တို့မိဘတွေဆီ ခေါ်လာဖို့ ပြောဦးနော်''

''သိပါတယ် ဦးနိုင်ရယ်၊ ရှင်က အဖေတစ်ယောက်ပဲ၊ ကျွန်မသမီးက အခုမှ ငယ်တုန်းအရွယ်ပဲ ရှိပါသေးတယ်''

''ဩော်.....မင်းက အမေမို့ သမီးကို အနီးကပ်စောင့်ရှောက်နိုင်လို့ပါကွာ''

ဦးနိုင်က သူ့သမီးလေးကို ကလေးအရွယ်ကတည်းက သည်အတွေးမျိုး ရှိထားသူပါ။ ဒါပေမဲ့ လည်းကံတရားက ကျွန်မတို့မိသားစုကို မညှာမတာ ခွဲရက်ခဲ့ပြန်တယ်။ ဦးနိုင်ဟာ အဖျော်မျိုးစုံကို ဆိုင်ခန်းနဲ့ သားသားနားနား ရောင်းချနိုင်ချိန်ရောက်မှ အရင်ကပင်ပန်းခဲ့တဲ့ဒဏ်တွေကြောင့် ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးခဲ့ရတယ်။ သမီးလေး ၁၀ နှစ်သမီးအရွယ်မှာ ဖခင်မဲ့ဘဝကို ရောက်ခဲ့ရပြီလေ။

မိသားစုကို ကောင်းကောင်းထားချင်တဲ့ ကျေးဇူးရှင်ကြီးအတွက် ကျွန်မက ဖြေမဆည်နိုင်ဘူးပေါ့။ ရှေ့ဆက်ပြီး ကျွန်မတို့ စားဝတ်နေရေးအတွက် ဘယ်လိုဘယ်ပုံ ဆက်လျှောက်ရမယ်ဆိုတာ ကျွန်မက စဉ်းစားရပြီလေ။ ဒါပေမဲ့ ကျွန်မဟာ စိတ်ဓာတ်မာကျောသူပါ။ ဘဝရေ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ကြီးကို ဘယ်တက်နဲ့လှော်ရမလဲ၊ ဘယ်ခရီးကို ဘယ်လမ်းကနေ ဖြောင့်ဖြောင့်သွားနိုင်မလဲဆိုတာမျိုး ကျွန်မက ဦးနိုင်ကျေးဇူးကြောင့် လျှောက်လှမ်းတတ်နေပါပြီရှင်။

"ဟင်း.....ဟင်း၊ မိသီတစ်ယောက်တော့ အခုမှ ငါ့ဘဝနဲ့တူသွားပြီ၊ ညည်းလည်းမုဆိုးမ၊ ကျုပ်လည်းမုဆိုးမ၊ ဟီး.....ဟီး"

ကြည့်ပါဦး။ အမေဟာ ဘာကြောင့်များ ကျွန်မအပေါ် ယှဉ်ပြိုင်မှုတွေနဲ့ ဝမ်းသာနေရပါသလဲလေ။



ကျွန်မက နားမလည်နိုင်လောက်အောင်ပါပဲလား။ သမီးအတွက် စိတ်မကောင်းဖြစ်ပေးနေရမှာကို သူ့နှုတ်က အခုလို ဖွင့်ပြောပြနေသေးတယ်။ အမေ့စိတ်မှာ ကျွန်မနဲ့ပတ်သက်ရင် ဘယ်လိုအငြိုးတွေကြောင့် ဖျောက်ဖျက်မရနိုင်သေးတာလဲ။ ကျေပါတော့ အမေရယ်။

XXX

သမီးက အချိန်တန်တော့ သူ့ချစ်သူကောင်လေးကို ခေါ်လာပြတယ်။ ကောင်လေးကလည်း မွန်မွန်ရည်ရည်လေးနဲ့ အားကိုးထိုက်သူလေ။ သမီးကို ယှဉ်ပြိုင်ပိုးနေတဲ့ နှစ်ဦးအနက် ကျွန်မရွေးချယ်ပေးတဲ့ သူကိုပဲ သူက လက်ခံခဲ့တယ်။ ချစ်သူဘဝမှာ ကျွန်မက ဟိုသွားဒီသွားလုပ်တာမျိုး မကြိုက်ဘူး။ စကားပြောရင် အိမ်မှာပဲ ပြောပေါ့။ အပြင်သွားရင်တော့ကျွန်မပါ လိုက်ပေးတယ်။ ကျွန်မ မအားရင် အိမ်ကကောင်မလေးနဲ့လွှတ်တယ်။

ကောင်လေးက သမီးကို ညီမ လေးလို သဘောထားတတ်လို့ ကျွန်မက ကျေနပ်ရပြန်တယ်။ တစ်ချိန်မှာ သူတို့နှစ်ဦးကို လက်ထပ်ပေးဖို့ ကျွန်မက စိတ်ကူးထားပြီး သားပါ။ ဒီကြားထဲ ကောင်လေးကို လည်း နားလည်အောင် ပြောပြထားရတယ်။

"အန်တီက တစ်ချိန်မှာ လက်ထပ်ပေးမှာနော် သား၊ မင်းလည်း အိမ်ထောင်တစ်ခု ထူထောင်နိုင်ဖို့ ကြိုးစားပါ၊ အန်တီတို့လည်း ဟိုတုန်းက မပြည့်မစုံဘဝနဲ့ ကြိုးစားလာလို့ ခုချိန်မှာ ဒီဘဝမျိုးနေရတာပါကွယ်"

"စိတ်ချပါ အန်တီ၊ ကျွန်တော် အန်တီ့သမီးကို ပြည့်စုံအောင်ထားနိုင်မှ ယူမှာပါ"

"အေးကွယ်၊ ပြည့်စုံအောင်ထားဖို့ကို မရိုးမသားနည်းနဲ့တော့ ငွေမရှာဖွေပါနဲ့လား၊ မင်းသာ ရိုးသားစိတ်ရှိရင် တိုက်နဲ့ကားနဲ့မထားနိုင်ရင်နေပါစေ၊ အန်တီ့အိမ်ပေါ်လာနေခိုင်းမယ်နော်"

သမီးနှင့်လည်း ကျွန်မက ခွဲနိုင်သူမဟုတ်တဲ့အတွက် ကောင်လေးကို အဆုံးစွန်ဆုံးစကားမျိုး ပြောထားလိုက်တော့တယ်။ ခုလိုပြောထားမှ ကျွန်မရဲ့စိတ်သဘောကို ကောင်လေးက သိမြင်လာမှာပေါ့ရှင်။ ကောင်လေးက စီးပွားရေးသမားလေးပါ။ တစ်လလောက်ပျောက်သွားလိုက်၊ အိမ်ရောက်လာလိုက်နဲ့။ သမီးကပြောတော့ နယ်ဘက်မှာ စီးပွားရေးလုပ်နေတယ်တဲ့။

၆ လလောက်အကြာမှာ ကောင်လေးက သူဝယ်ထားတဲ့ တိုက်ခန်းကို လိုက်ပြခဲ့တယ်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com

တော့ သမီးအတွက် ကားတစ်စီး လည်းဝယ်လိုက်တယ်။ ကျွန်မက ဒီ ကလေးရဲ့စီးပွားရေးရှာဖွေပုံတော် တယ်လို့ ချီးကျူးလို့မှမဆုံးခင် ဥပဒေနဲ့မလွတ်ကင်းတဲ့ မူးယစ်ဆေး ဝါးတွေ သယ်ဆောင်ဖြန့်ဖြူးခဲ့လို့ ထောင်ကျသွားတော့တယ်။ တရား မဝင်ပစ္စည်းတွေနဲ့ ရောင်းဝယ်ပြီး ရတဲ့ငွေနဲ့ ဝယ်ခဲ့တဲ့ ဥစ္စာပစ္စည်း တွေလည်း ပြည်သူ့ဘဏ္ဍာအဖြစ် အသိမ်းခံလိုက်ရတယ်လေ။ ကျွန်မ မှာ ရှက်လို့မဆုံးတော့ပါဘူး။ သမီး လေးလည်း တော်တော်ခံစားသွား ရရှာတယ်။

တော်သေးတာပေါ့။ အမေက အိမ်ပြောင်းသွားတော့ သမီးလေး ကိစ္စကို သိမသွားခဲ့ဘူး။ အမေသာ သိရင် ကျွန်မကို လှောင်ဦးမှာ အသေအချာပါပဲ။ ရိုးသား ကြိုးစား ပြီး ရှာဖွေခဲ့တာ သမ္မာအာဇီဝဖြစ်ဖို့ တော့ လိုတာပေါ့ရှင်။ ကိုယ့်တစ် မျိုးသားလုံးကို သေစေနိုင်တဲ့ လူ ညွှန့်တုံးစေမယ့် လုပ်ရပ်မျိုးကိုတော့ ကျွန်မကခွင့်မလွှတ်နိုင်ပါဘူး။ အဲဒါ ကြောင့် သမီးလေးကို မှာထားရ တယ်။

“အိမ်ထောင်ရေးဆိုတာ ခက် ခဲနက်နဲတဲ့ ပုစ္ဆာတစ်ပုဒ်ကို အဖြေ ထုတ်ရသလိုပဲ သမီး၊ အတွက်မှား ရင် အဖြေမှားမှာပဲ၊ အဖြေမှန်အောင် တွက်ဖို့ဆိုတာ ဉာဏ်သုံးရတယ်ကွဲ့၊ စဉ်းစားဉာဏ်မရှိရင်တော့ အဖြေမှန် မရဘဲ တလည်လည်ဖြစ်နေမှာပဲ”

“တော်ပါပြီ အမေရယ်၊ သမီး အိမ်ထောင်ပြုဖို့လည်း မစဉ်းစား တော့ပါဘူး၊ ချစ်သူလည်းမရှာတော့ ပါဘူး၊ အမေနဲ့ပဲနေတော့မယ်”

“သာဓုပါတော်.....သာဓုပါ”

ကျွန်မက သမီးကို ပြုံးပြီး ကြည့်နေမိတယ်။ စိတ်ထဲမှာတော့ ကျေနပ်နေတာပေါ့ရှင်။ သမီးလေး ကို မျက်စိအောက်က အပျောက်မခံ ချင်တဲ့ ကျွန်မက အခုလို သမီး လေးက ဖွင့်ပြောလာတော့ ဝမ်းသာ သွားတယ်။ ဒါပေမဲ့ တစ်ဖက်မှာ လည်း မျိုးဆက်ပြတ်မှာကို စိတ် မကောင်းဖြစ်မိပြန်တယ်။

“နောက်တော့လည်း ဖူးစာရှင် တွေ့မှာပေါ့ သမီးရယ်”

သမီးက ကျွန်မစကားကိုကြား လား၊ မကြားလားမသိပါ။ ပြတင်း အပြင်ဘက်ကို တွေတွေလေးငေး ကြည့်နေတယ်။ အချစ်ဦးဆိုတာ မမေ့နိုင်တဲ့သူလို့ ပြောကြတော့ သမီးလေးရဲ့အချစ်ရေးဟာ နိဒါန်း အစကတည်းက သေဆုံးသွားခဲ့ရပြီ လို့ ကျွန်မ တွေးမိပါတော့တယ်။

ဒီတော့ သမီးလေးကို သနား တဲ့စိတ်နဲ့ ကျွန်မက သမီးလေး စိတ် ချမ်းသာအောင်ထားတယ်။ သူလို ချင်တာကို စက္ကန့်မခြားဘဲ ကျွန်မက ဝယ်ပေးခဲ့တယ်။ သမီးက လိမ္မာတဲ့ မိန်းကလေးပါ။ ကျွန်မဝယ်ပေးတာ ကို သူက တော်သင့်ရုံလောက်ပဲ ဝယ်ခိုင်းတယ်။ အကောင်းစားမျိုး ကို သူက မတောင့်တတတ်ဘူးလေ။ ကျွန်မကို ညာတာတဲ့သဘောပါပဲ။

အိမ်မှာက သမီးရယ်၊ ကျွန်မ ရယ်၊ အိမ်ဖော်မိန်းကလေးရယ်ပဲရှိ တော့ သမီးလေး အလုပ်သွားရတဲ့ ရက်တွေမှာ ကျွန်မက ပျင်းကျန်ခဲ့ ရတယ်။ သမီးလေး အလုပ်ကပြန် လာတဲ့လမ်းဆီကို ငေးမျှော်ကြည့်ပြီး စောင့်နေခဲ့ရတယ်။ တစ်ခါတလေ ကျွန်မက သမီးကို ဖယ်ရီပေါ်လိုက် တင်ပေးပြီးမှ ဖယ်ရီကားလေးထွက် သွားရာကို ငေးမောကျန်ရစ်ခဲ့ရ တယ်။ ဒါကြောင့်မို့ သမီးဟာ ကျွန်မရဲ့ဘဝ၊ ကျွန်မရဲ့ကမ္ဘာ၊ ကျွန်မ ရဲ့အသည်းနှလုံးဆိုရင်လည်း မမှား ပါဘူး။

XXX

“အမေ့ဆီများ ရောက်လာပါ ဦးလားအေ”

“အမေ့မြေးက Overtime တွေ နေ့ရောညရောဆိုတော့ မအားဘူး အမေ”

အမေက ကျွန်မကို မဲ့ပြုံးတစ် ခုဖန်ဆင်းပြီး ‘တော်တော်သိ’ဆိုတဲ့ အဓိပ္ပာယ်မျိုးပါတဲ့ မျက်ဝန်းတွေနဲ့ ကြည့်တော့တယ်။

“အခုတလော နေမကောင်း ခဏခဏဖြစ်တယ်အေ၊ အစား အသောက်မကောင်းဘူး၊ ဘာစား ချင်မှန်းမသိပါဘူး”

“ကြေးအိုးသောက်မလား အမေ၊ ကျွန်မ သွားဝယ်ခိုင်းလိုက် မယ်လေ”

အမေ့မျက်နှာလေး ဝင်းလက် သွားပြီး အင်းမလုပ်၊ အဲမလုပ်နဲ့၊ အမေ့အကြိုက်ကို ကျွန်မက သိနေ ပြီးသားပါ။ ကြေးအိုးအပြင် ကြက် သားသုပ်နဲ့ အစိမ်းကြော်ပါ အမေ

www.burmeseclassic.com

www.burmeseclassic.com





မှာနေကျ။ သို့ပေမယ့် ဒီတစ်ခါတော့ အမေ့နှုတ်ဖျားက ပြောမထွက်ပါလား။

"ကောင်မလေးရေ အန်တီ ဝယ်တဲ့ ခေါက်ဆွဲကြော်နဲ့ ကြေးအိုးဆိုင်ကို သိတယ်နော်၊ အဲဒီဆိုင်မှာ ကြက်ကြေးအိုးတစ်ပွဲနဲ့ ကြက်သားသုပ်၊ အစိမ်းကြော်တစ်ပွဲစီ သွားဝယ်ပေးနော်၊ မြန်မြန်လုပ်ခိုင်းဦး"

"ဟုတ်ကဲ့ အန်တီ"

ကျွန်မက တစ်သောင်းတန်တစ်ရွက်ကိုပေးလိုက်တော့ ကောင်မလေးလည်း သွက်သွက်လက်လက် ထွက်သွားပါတယ်။ ကျွန်မက အမေ့မျက်နှာကို စကားပြောဖို့ ကြည့်လိုက်တော့ အို.....အမေ့မျက်လုံးအိမ်မှာ မျက်ရည်တွေ ရစ်ဝဲလို့ပါလား။ ထူးထူးဆန်းဆန်းဖြစ်နေလို့ အမေပြောလာမယ့်စကားကို ကျွန်မက နားထောင်နေမိတယ်။

"ညည်းမောင် မိန်းမယူသွားတယ် မိသီ"

"ရှင်....."

ကျွန်မ အံ့ဩသွားတယ်လေ။ မောင်လေးအိမ်ထောင်ပြုသွားတာကို အမေက ကျွန်မကို မတိုင်ပင်ခဲ့ဘူး။ အသိမပေးဘဲထားခဲ့တယ်။

"ဟုတ်တယ် မိသီ၊ ယူလာတဲ့ မိန်းမက စရိုက်ဆိုးဆိုးထဲက၊ ကျုပ်က သားရှင်ဖြစ်နေတော့ သူတို့အကြိုက်ကို လိုက်လျောပါတယ်၊ မင်္ဂလာလက်မှတ်လေးထိုးပြီး ဧည့်ခံပွဲလေး လုပ်ပေးလိုက်တယ်၊ ပြီးတော့ သားကိုမခွဲနိုင်လို့ ချွေးမကိုပါ အိမ်ပေါ်ခေါ်ထားရတယ်အေ"

"ဟင်.....ဒီအကြောင်းတွေ ကျွန်မကို တိုင်ပင်ပါရော့လား"

"ဒီအိမ်က ကောင်မလေးကို မပြောပြနဲ့လို့ မှာထားလို့ပါအေ၊ ဘာကြောင့်လဲဆိုရင် ကျုပ်ချွေးမက ကျုပ်မျှော်လင့်ထားတဲ့ ချွေးမမျိုး မဟုတ်လို့ပဲပေါ့၊ ရိုင်းလိုက်သမှလွန်ပါရော၊ ယောက္ခမကို ကက်ကက်လန် ပြန်ရန်တွေ့တယ်၊ ကျုပ်ကို အီး.....ဟီး.....ဟီး၊ ညည်းက အဲဒီလို တုံ့ပြန်ဖူးလို့လား၊ ကျုပ် သိပ်ရင်နာတယ် မိသီ၊ ကျုပ်သားကိုလည်း စိတ်ဆိုးတယ်၊ ဒီလိုအဆင့်အတန်းမရှိတဲ့ မိန်းကလေးမျိုးကိုယူလာခဲ့လို့လေ"

အမေမျက်ရည်ကျပုံကိုကြည့်ပြီး ကျွန်မက စိတ်ထဲမကောင်းတော့ပါဘူး။ မာနကို တံခွန်လိုလွှင့်ထူထားတဲ့အမေက ချွေးမနဲ့ကျမှ လက်မြှောက်အရှုံးပေးနေရပါလား။ အမေ့ရဲ့ မာန်မာနတွေ ဘယ်ရောက်ကုန်ပြီလဲလို့ မေးလိုက်ချင်ပါတယ်။

"အမေ တော်တော်ဝမ်းနည်းနေပြီလားဟင်၊ အမေ့သားရော ဘယ်သွားသလဲ"

"သူ့မယားနောက် လိုက်သွားတယ်လေ၊ ကျုပ်မှာဖြင့် သူ့ကိုချစ်လိုက်ရတာ၊ သူကတော့ အမေ့ကိုထားခဲ့ပြီး မယားနောက်ပါသွားပြီအေ၊ အီး.....ဟီး.....ဟီး"

"မငိုပါနဲ့ အမေရယ်၊ အမေ့သား စိတ်ပျက်တဲ့တစ်နေ့ အမေ့ရင်ခွင်ထဲ ပြန်ဝင်လာမှာပါ၊ အမေ့နား မှာ သမီးရှိနေတယ်လေ၊ အမေက ဘာဝမ်းနည်းစရာလိုလဲ၊ အမေစား

www.burmeseclassic.com

ချင်တာပြော၊ ဒီအိမ်မှာနေရတာ မပျော်ရင် သမီးအိမ်မှာလိုက်နေပါလားဟင်''

ဒီလိုလည်း အမေက လိုက်ချင်ပုံမရပေ။ သူ့စိတ်ထဲတွင် သူ့သားပြန်အလာကို စောင့်ချင်ပုံပါ။ ကျွန်မက အလိုက်တသိနဲ့ သက်ပြင်းကိုသာ ချလိုက်မိတော့တယ်။

''ကျုပ်သားလေး ဟိုမှာ စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့ ဖြစ်နေပြီလားအေ၊ အမေကို ထားရက်တဲ့သား၊ ဝဋ်လည်မယ်ဆိုတာ ပြောလိုက်စမ်းပါအေ''

အမေ့မျက်ရည်တွေကိုကြည့်ပြီး ကျွန်မက 'အခုမှ လက်သည်းဆိတ်မှ လက်ထိပ်နာတတ်ပြီလားအမေ' လို့ မေးလိုက်ချင်ပါတယ်။ ကျွန်မက အမေ့ဝဋ်ကြွေးကို မယူပါဘူး။ ဒါကြောင့်လည်း စိတ်ချမ်းသာတဲ့ဘဝနဲ့ အေးအေးလူလူ နေနိုင်ခဲ့တယ်။ အမေ့မေတ္တာကို မရခဲ့ပေမယ့် အမေ့ကျေးဇူး ကျွန်မမှာရှိနေပါတယ်။

''အမေ့သားကို ကျွန်မ ပြောပေးပါ့မယ်နော်၊ အမေသာ အစားကိုဝင်အောင်စားလိုက်ဦး''

အမေက ညှိုးငယ်တဲ့မျက်နှာနဲ့ ကျွန်မကို ကျေးဇူးတင်တဲ့အကြည့်မျိုးနဲ့ ကြည့်နေပါတယ်။ အမေ့မျက်ဝန်းတွေဟာ မှုန်မှိုင်းနေတော့တယ်။ အမေ့နှုတ်ခမ်းပေါ်က မာနစကားသံတွေက ပျောက်ကွယ်ကုန်တဲ့အပြင် အားမတန်၍ မာန်လျှော့သည့်အလား သူ့သားကို သိပ်တွေ့နေချင်ပုံပါပဲ။

''အမေ.....''

**သားသမီး**
**ဆိုတာ**
**မီးပဲတဲ့၊**
**မီးလိုပူလောင်မှု**
**သောကတွေကို**
**ပေးပေမယ့်**
**မိဘရဲ့ မေတ္တာ**
**ရေစင်ကြောင့်**
**အေးငြိမ်းစေရတယ်၊**
**မိဘရင်မှာ**
**ငြိမ်းချမ်းသွား**
**ရတယ်နော်**
**...**

ကျွန်မရဲ့ စကားသံတိုးတိုးခေါ်သံကို အမေက မျက်လုံးလေးလှန်ကြည့်လိုက်တယ်။ ကျွန်မက အမေ့ကို ပြောပြလိုက်တယ်။

''အမေ့သားကို အမေ သိပ်ချစ်သလားဟင်''

''ဘယ်လိုမေးလိုက်တာလဲအေ၊ သိပ်ချစ်တာပေါ့၊ ညည်းရော ညည်းသမီးကို မချစ်ဘူးလား''

''ဟုတ်တယ်နော် အမေ၊ သားသမီးဆိုတာ မီးပဲတဲ့၊ မီးလိုပူလောင်မှုသောကတွေကိုပေးပေမယ့် မိဘရဲ့မေတ္တာရေစင်ကြောင့် အေးငြိမ်းစေရတယ်၊ မိဘရင်မှာ ငြိမ်းချမ်းသွားရတယ်နော်''

''ဒါပေါ့အေ၊ သားသမီးက ဘယ်လောက်ပဲဆိုးဆိုး မိဘဆိုတာ အဆန်မရှိ၊ အစုန်ပဲရှိကြသူတွေမဟုတ်လား၊ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံရှိလို့လား''

အမေက သူ့သားနဲ့ပတ်သက်ပြီး ကျွန်မကို မကျေနပ်တဲ့မျက်ဝန်းတွေနဲ့ ပြန်ရှင်းပြနေတယ်။

''အဲဒါဆို သမီးကို ဘာကြောင့်မုန်းရတာလဲ အမေရယ်၊ အမေ့ကို သမီးက ဒုက္ခပေးဖူးလို့လားဟင်၊ အမေ့အပေါ် ဆိုးခဲ့သလား၊ အမေ့ဆန္ဒကို မဖြည့်ဆည်းပေးခဲ့လို့လား၊ အမေ့ရဲ့ရေစုန်ကိုမရပေမယ့် သမီးမှာ ရေဆန်ရှိတာ အမေအသိပါနော်''

အမေက ကျွန်မကို စူးစိုက်ကြည့်နေပြီး စိတ်မကောင်းခြင်းဟန်နဲ့ မျက်ရည်တွေ ရစ်ဆိုင်းလာပါတယ်။

www.burmeseclassic.com


"ငယ်ငယ်ကဆိုရင် အမေ ထားခဲ့တဲ့ သူစိမ်းတွေကြားထဲမှာ သမီးက မျက်နှာငယ်ငယ်နဲ့ နေခဲ့ရတယ်၊ အမေ့မှာ သမီးမိန်းကလေး ဆိုတဲ့အသိနဲ့ သမီးရဲ့အန္တရာယ်ကို အမေတွေးခဲ့ဖူးသလား၊ ငွေကြေး ထောက်ပံ့ပေးပြီး အဝတ်အစားလုံခြုံအောင် ဆင်ယင်ပေးဖို့ အမေ သတိရဖူးသလားဟင်၊ သနားတဲ့သူတွေ ပေးကမ်းတဲ့ အဝတ်အစားလေးတွေကို သမီးဝတ်ခဲ့ရတယ်၊ သမီးဘဝက မိဘရှိပေမယ့် သူတောင်းစားသာသာ နေခဲ့ရတဲ့ဘဝပါ အမေ၊ ပြီးတော့....."

"တော်...တော်ပါတော့ သမီးရယ်၊ အမေ မှားခဲ့မိပါတယ်၊ ညည်းအဖေအပေါ် နာကြည်းတဲ့အမုန်းစိတ်တွေက ညည်းအဖေသွေးဖြစ်တဲ့ ညည်းတို့မောင်နှမတွေကို ကလဲ့စားပြန်ချေချင်တယ်၊ ဒါပေမဲ့ အမေ မလုပ်ပါဘူး၊ အမေ့ဘက်ကို ညည်းတို့ စာနာကြည့်စမ်း၊ ကလေးတွေကို ကျွေးမွေးပြုစုချိန် အမေ့မှာမရှိဘူး၊ စီးပွားရေးလုပ်မှ ငွေရမယ်၊ ငွေရရင် ညည်းတို့ကို ပို့ပေးနိုင်မယ်ဆိုတဲ့ အတွေးသာရှိခဲ့တာပါ၊ ကျန်တာကို အမေ မစဉ်းစားနိုင်ဘူး၊ အဲဒါကြောင့်မို့ ကိုယ်နဲ့ခင်မင်သူတွေဆီ ထားခဲ့ရတာပါအေ၊ ဒါကြောင့် လည်း ညည်းတို့မောင်နှမတွေ ဘဝကျောင်းက အောင်မြင်လာကြတာ မဟုတ်လား"

အမေက စကားရှည်ကြီးကို ပြောရင်း မောသွားဟန်နဲ့ နားလိုက်တယ်။ အမေ့ရဲ့ နိမ့်တုံမြင့်တုံ ရင်အစုံကိုကြည့်ပြီး ကျွန်မက ရေအေးအေးတစ်ခွက် တိုက်ပေးလိုက်တယ်။ ရေသောက်ပြီးတဲ့အခါမှာတော့ အမေဟာ ကျွန်မရဲ့လက်ကလေး တစ်ဖက်ကို ဆွဲကိုင်လိုက်ပါတယ်။

"ညည်းကို အမေတောင်းပန်တယ် မိသီ၊ ညည်းအိမ်ထောင်ကျပြီး ကောင်းစားတော့လည်း အမေ့ကို ကျော်လွှားတော့မယ်ဆိုတဲ့ အတွေးနဲ့ ကျုပ်က မာနကြောင့် မနာလိုဖြစ်ခဲ့မိတယ်၊ မုဒိတာစိတ်မျိုး မမွေးမိဘူး၊ မိသီ အမေ့ကို ခွင့်လွှတ်ပါအေ၊ ကျုပ်မှားခဲ့မှန်း ကျုပ်သိခဲ့ပါပြီ သမီးရယ်"

အမေ့ထံက သမီးလို့ခေါ်လိုက်သံက ကျွန်မနားထဲတွင် ချိုစိမ့်အေးကာ ဝင်ရောက်လာပါတယ်။ အမေ့နှုတ်က "သမီး"လို့ ကျွန်မကို တစ်ခါမှ မခေါ်ခဲ့ဖူးပါဘူး။ ကျွန်မမှာ ဝမ်းသာလိုက်လှဲ့တဲ့ အမူအရာနဲ့ အမေ့ကို ပြေးဖက်လိုက်တော့တယ်။ ဝမ်းသာလွန်းလို့ ကျွန်မ မျက်ရည်တွေ ရစ်ဝဲကျလာရပြီလေ။

"အမေ....."

"သမီး....."

အမေ့မျက်ဝန်းမှ စီးစွတ်ကျလာတဲ့ မျက်ရည်တွေကို ကျွန်မက တယုတယ သုတ်ပေးလိုက်တယ်။ အမေဟာ ကျွန်မရဲ့လက်ကလေးကို ဆုပ်ကိုင်ပြီး ကျွန်မကိုကြည့်တယ်။ အမေနဲ့ မျက်လုံးချင်းဆုံတဲ့ခဏ အကြည့်လေးများ ပေါင်းဆုံသွားကြတော့ ကျွန်မ စိတ်ချမ်းသာလိုက်တာ။

"အမေ.....အမေရယ်"

"သမီး.....သမီးရယ်"

"အမေ့ကို သမီးချစ်တယ်၊ ဘယ်တော့မှ မမုန်းဘူးနော်"

"အေးပါကွယ်၊ အမေသိပါတယ် သမီးရယ်"


ကျွန်မတို့သားအမိနှစ်ဦးရဲ့ အဆင်ပြေမှုကို အမေနဲ့ သက်ဆိုင်သူတွေအားလုံး တွေ့စေချင်လိုက်တာ။ တကယ်တော့ အမေက သားသမီးကိုချစ်တဲ့အချစ်ကို ရင်ထဲမှာ ထားချစ်တတ်တဲ့ အမေဖြစ်နေတာကို ကျွန်မ သိခဲ့ရပါပြီ။ အခုတော့ အဖေ့အပေါ်မှာထားတဲ့ အမုန်းတရားလည်း ပျောက်သွားပြီဖြစ်တာကို ကျွန်မက သိလိုက်ရတယ်။ သြော်.....အမေ.....အမေ၊ ကျွန်မရဲ့အမေ၊ ကျွန်မ ချစ်တဲ့အမေ၊ မိဘအပေါ် အနွံအတာခံခြင်းဟာ သားသမီးကောင်းတို့ပြုရမယ့် ဝတ္တရားတစ်ခုအဖြစ် တစ်ကမ္ဘာလုံးမှာရှိတဲ့ သားသမီးတိုင်းကို ကျွန်မက ပြောလိုက်ချင်ပါတော့တယ်ရှင်။

**အမေဟာ....**
**ဘယ်လိုပဲဆိုးဆိုး....**
**ဘယ်လောက်ပဲမုန်းမုန်း....**
**ဘာကြီးပဲဖြစ်ဖြစ်....**
**အမေဟာ အမေပါပဲ။**

လေးစားစွာဖြင့်
နွေအလွန်

www.burmeseclassic.com

www.burmeseclassic.com



# လှမိုး

ပြည်ရေး

# ကိုလိုနီခေတ်အရာရှိဦးမှ အင်္ဂလိပ်အထောက်တော်

၁၉၃၉ ခုနှစ်ခန့်ကဟုထင်ပါသည်။ နေ့၊ လ၊ ရက် တိတိကျကျကို မမှတ်မိတော့။ ကျွန်တော်သည် ထိုစဉ်ကာလက လျှမ်းလျှမ်းတောက်၊ ဟိုးဟိုးကျော်နေသော စာရေးဆရာကြီး ရွှေဥဒေါင်း၏ "နှာခံတော်" ဝတ္ထုကြီးကို ဖတ်ရှုခဲ့ရ၏။ ထိုဝတ္ထုကြီးမှာ အင်္ဂလိပ်-မြန်မာ နဝမတန်းတွင် အပိုဖတ်စာ စာအုပ်အဖြစ် ပြဋ္ဌာန်းထားသော စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ကျွန်တော့်အစ်မများ၊ ဦးလေးများမှာ အထက်တန်းကျောင်းသားများ၊ ကျောင်းသူများဖြစ်သဖြင့် သူတို့စာအုပ်များကို ကျွန်တော်ဖတ်ရှုခဲ့မိခြင်းဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်မှာ ပဉ္စမတန်း ကျောင်းသားတစ်ဦးသာဖြစ်ရာ နှာခံတော်ဝတ္ထုမှ ဇာတ်လမ်းဇာတ်ကွက်များသည်လည်းကောင်း၊ ဇာတ်ဆောင်များသည်လည်းကောင်း အမှန်တကယ်ရှိသော ပုဂ္ဂိုလ်များ၊ အမှန်တကယ်ဖြစ်သော ဖြစ်စဉ်များဟု ထင်ခဲ့သည်။

www.burmeseclassic.com

အထက်ဖော်ပြပါ ''နာခံတော်''ဝတ္ထုမှာ တောင်ငူခေတ်၊ အနောက်ဘက်လွန်မင်းလက်ထက် နတ်သျှင်နောင်၏ လွမ်းမောတသဖွယ် ဖြစ်ရပ်ဖြစ်၏။ စာရေးဆရာကြီး ရွှေစကြာ၏ ဝတ္ထုရေးနည်းအတတ်ပညာကြောင့် ဇာတ်ဆောင်များမှာ အသက်ဝင်လျက်ရှိရာ ထိုစာအုပ်အား ဖန်တစ်ရာတေအောင် ဖတ်ရှုမိရာမှ သမိုင်းနောက်ခံဝတ္ထုများကို လက်လှမ်းမီသလောက် ရှာဖွေဖတ်ရှုမိသည်။ အထူးသဖြင့် စာရေးဆရာကြီး ရွှေစကြာ၏ ''ကုန်းဘောင်ပြင်သစ်''မှာ လက်ထက်တော်ကလေးဟု မြန်မာလူထုက ကင်ပွန်းတပ်ခံရသော ရတနာပုံမန္တလေးခေတ်မှ မြန်မာဘုရင့်တပ်မတော် တပ်မှူး ကလေးနှင့် နန်းတော်ကြီးအတွင်း အမှုထမ်းနေသော ပြင်သစ်အရာရှိတစ်ဦး၏ ဆွတ်ပျံ့ဖွယ်အချစ်ဇာတ်လမ်းဖြစ်သည်။ အလားတူ သမိုင်းနောက်ခံဝတ္ထုများတွင် ရတနာပုံခေတ်က နိုင်ငံခြားသား အထောက်တော်များ၏ စွန့်စားခန်းများမှာ သည်းထိတ်ရင်ဖိုဖွယ်ဖြစ်သဖြင့် ကျွန်တော်သည် ယနေ့ထိ ထိုဝတ္ထုကြီးများကို တသသဖြစ်ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ တက္ကသိုလ်ပရဝုဏ်ရောက်ခဲ့ရပြီး အင်္ဂလိပ်ဘာသာကို လူလူသူသူ ဖတ်ရှုနိုင်သောအခါ ဗြိတိသျှစာရေးဆရာမကြီး တင်နီဆင်ဂျက်ဆီ၏စာအုပ်ကို သဲသဲမဲမဲ ဖတ်ရှုခဲ့မိသည်။ (ထိုစာအုပ်အား ကွယ်လွန်သူစာရေးဆရာကြီး မြသန်းတင့်က ''ယွန်းခင်ခင်''ဟု မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့ပြီး အခြား ကလောင်အမည်မမှတ်မိသော စာရေးဆရာကြီး တစ်ဦးကလည်း ထိုစာအုပ်အား ''ယွန်းရုပ်နတ်မယ်'' အမည်ဖြင့် ဘာသာပြန်ဆိုထုတ်ဝေပြီးဖြစ်ပါသည်။) ထိုဝတ္ထုအား စာရေးဆရာမကြီး တင်နီဆင်ဂျက်ဆီသည် စိတ်ကူးဉာဏ်ကွန့်မြူး၍ ရေးခဲ့သောဝတ္ထုဟု ဆိုရမည်ဖြစ်သော်လည်း ထိုခေတ်က ရတနာပုံ မန္တလေးမြို့၏ အခြေအနေနှင့် ဇာတ်ဆောင်အများမှာ တကယ်ရှိခဲ့သော ပုဂ္ဂိုလ်များနှင့် ထိုခေတ်က အခြေအနေမှန်တို့ကို စနစ်တကျလေ့လာ၍ ရေးခဲ့ခြင်းဖြစ်၏။ စာရေးဆရာမကြီး တင်နီဆင်ဂျက်ဆီသည် ၁၉၂၇ ခုနှစ်ခန့်က မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့၏။ သူသည် ထိုစဉ်က မြန်မာနိုင်ငံဘုရင်ခံ ဆာဟာကုတ်ဘတ္တလာနှင့် ခင်မင်ရင်းနှီးသူဖြစ်၏။ သို့ဖြစ်၍ သူ မြန်မာနိုင်ငံတွင် ဘုရင်ခံ၏ဧည့်သည်အဖြစ် လာရောက်နေထိုင်စဉ် ရတနာပုံခေတ်တွင် မန္တလေးနေပြည်တော်သို့ သွားရောက်ခွင့်ရခဲ့ကြသည့် ဗြိတိသျှအမျိုးသားများ ရေးသားပြုစုသော အစီရင်ခံစာများ၊ ဗြိတိသျှအမျိုးသားအထောက်တော်များ၏ မှတ်တမ်းများ၊ လျှို့ဝှက်အစီရင်ခံစာများကို စနစ်တကျ လေ့လာသုတေသနပြုခွင့်ရခဲ့သည်သာမက ထိုစဉ်ကာလက မန္တလေးမြို့တွင် ဝတ်လုံလိုက်နေသော မစ္စတာ ရော့ဒ်နီဆွမ်ပဲဟိုးဆိုသူထံမှလည်း မှတ်တမ်းမှတ်ရာအချို့ ရရှိသဖြင့် အထက်ဖော်ပြပါ ''ယွန်းခင်ခင်''ဝတ္ထုကို ရေးသားနိုင်ခြင်းဖြစ်၏။

လက်ကားလေဒီ(ယွန်းခင်ခင်)သည် နန်းတွင်းအပျိုတော် မတ်တီကာလိုဂရီဒီ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ တစ်ပိုင်းဖြစ်သည်။ ဝတ္ထုထဲတွင်မူ ''ဖန်နီ''(Fanny)အမည်ခံသော ဇာတ်ဆောင်အဖြစ် ရေးသားဖော်ပြထား၏။ ဂရိလူမျိုးနှင့် မြန်မာအမျိုးသမီးတို့မှ ပေါက်ဖွားသူဖြစ်၏။ အင်္ဂလန်နိုင်ငံတွင် ပညာသင်၍ မြန်မာနိုင်ငံသို့ပြန်လာပြီးနောက် မင်းတုန်းမင်းလက်ထက်ကပင် ဆင်ဖြူမရှင်မိဖုရားကြီး၏ အဆောင်တော်တွင် နန်းတွင်းအပျိုတော်ဖြစ်လာသည်။ စုဖုရားလတ်၏ အတိုင်ပင်ခံ လက်စွဲအဖြစ် မင်းသမီးဘဝမှ မိဖုရားကြီးဘဝရောက်၍ ပါတော်မူသည့်တိုင်အောင် နန်းတော်တွင်းအရေးဟူသမျှကို ခရေစေ့တွင်းကျ သိခွင့်ရခဲ့သူဖြစ်၏။

ထိုအပျိုတော်သည် သီပေါဘုရင်၏နန်းတွင်းသို့ တံခါးမရှိ၊ ဓားမရှိ ဝင်နိုင်၊ ထွက်နိုင်သော မွန်ဆီယာဘွန်ဗီလျှံဆိုသူ ပြင်သစ်ကုန်သည်တစ်ဦးနှင့် ချစ်ခင်စုံမက်ရာမှ တိတ်တိတ်ပုန်းဇနီးဖြစ်ခဲ့ရ၏။ ထိုအချိန်တွင် ပြင်သစ်တို့သည် မီးရထားလမ်းဖောက်လုပ်ရန်၊ ကျောက်တွင်းတူးရန်၊ ဘဏ်တိုက်ဖွင့်ရန် အစီအစဉ်များ၊ စာချုပ်များ ရေးဆွဲရန် စီမံနေသည့်အချိန်ဖြစ်၏။ ဤလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဘွန်ဗီလျှံ ပါရီသို့ ခေတ္တပြန်သွားရာ၌ ဘွန်ဗီလျှံသည် ပြင်သစ်အမျိုးသမီး တစ်ယောက်ကို လက်ထပ်ထိမ်းမြား၍ မန္တလေးသို့ ခေါ်လာခဲ့၏။ ဤတွင် နန်းတွင်းသူဖန်နီကိုအဆက်ဖြတ်ခဲ့၏။

အချစ်ကြီးသလောက် အမျက်ကြီးခဲ့သော ဖန်နီ


www.burmeseclassic.com

www.burmeseclassic.com

သည် ဘွန်ဗီလျံ၏ စီမံကိန်းများ ပျက်ပြားစေသော လက်စားချေမှုကို ပြုခဲ့၏။ ဤဆောင်ရွက်မှုကြောင့် ဘွန်ဗီလျံ၏ စီးပွားရေးသိုက်ကြီး ပြိုကွဲ၊ ကျိုးပေါက်သွားခဲ့ရ၏။ ပြင်သစ်ကောင်စစ်ဝန် မွန်ဆီယာအား(စ်)၏ ပြင်သစ်အင်ပါယာချဲ့ထွင်ရေး မျှော်လင့်ချက်လည်း ပျောက်လွင့်သွားရ၏။ သီပေါဘုရင်နှင့် စုဖုရားလတ်လည်း ရွှေနန်းစည်းစိမ် ဆုံးရှုံး၍ မြန်မာအမျိုးသားအားလုံးလည်း သူ့ကျွန်ဖြစ်ကြရချေသည်။ ပြင်သစ်အမျိုးသား ဘွန်ဗီလျံ၏ သစ္စာမဲ့မှုကို လက်စားချေရန် ဂရိ–မြန်မာ ကပြားမလေးသည် ကင်းဝန်မင်းကြီး၏ ဘာသာပြန်စာရေးလေးအား မျက်နှာချိုသွေး၍ ပြင်သစ်–မြန်မာ စာချုပ်မိတ္တူကို ဗြိတိသျှသူလျှို အီတလီကောင်စစ်ဝန် အန်ဒရီနိုကို ပေးအပ်လိုက်ခြင်းဖြင့် ဘွန်ဗီလျံကို လက်စားချေလိုက်ခြင်းဖြစ်၏။

ဤဝတ္ထုသည် တကယ့်ဖြစ်ရပ်မှန်ကို အခြေခံ၍ ရေးသားခြင်းဖြစ်သည်။ မှန်ပါသည်။ ထိုစဉ်ကာလက သူလျှိုလုပ်ငန်းကို အင်္ဂလိပ်တို့သည် မြန်မာ့မြေပေါ်တွင် ရတနာပုံခေတ်မတိုင်မီကပင် တစိုက်မတ်မတ် ပြုလုပ်ခဲ့ကြသည်။ ဘကြီးတော်နှင့် သာယာဝတီမင်းများလက်ထက်တွင် ထိုလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာခဲ့ကြသည်။ မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်များတွင် အထွတ်အထိပ်သို့ ရောက်ခဲ့ရသည်။ အထူးသဖြင့် သီပေါမင်း နန်းတက်စတွင် ဗြိတိသျှအထောက်တော်များသည် ပျားပန်းခတ်မျှ ခြေရှုပ်ခဲ့ကြသည်။ သီပေါမင်းနန်းတက်စက ဗြိတိသျှသံမှူးမှာ မစ္စတာရှောဖြစ်၏။ လက်ထောက်သံမှူးနှစ်ယောက်မှာ မစ္စတာပီရာဖွန်နှင့် ဆာအာသာဖယ်ရာ၏တူဖြစ်သူ မစ္စတာဖယ်ရာတို့ဖြစ်သည်။ ၎င်းတို့နှင့်အတူ ဆရာဝန်တစ်ယောက်နှင့် စာတိုက်ဗိုလ်တစ်ယောက် အတူနေထိုင်ကြသည်။ ထိုသံမှူးအဖွဲ့သည် ရွှေတစ်ချောင်း မြောင်းပေါင်အနီး ဗြိတိသျှတို့သံဝင်းတွင် အိန္ဒိယတိုင်းရင်းသား စစ်သား ၂၀ နှင့် နေထိုင်ကြသည်။ သံတဲကျောင်းနေရာတွင်လည်း သာသနာပြု ဘုန်းတော်ကြီးများ နေထိုင်ကြ၏။

အထက်ဖော်ပြပါ သံတဲကျောင်းနှင့် သံမှူးနေအိမ်များသည် ဗြိတိသျှသူလျှိုလုပ်ငန်း ဌာနချုပ်များသာဖြစ်လေသည်။ ထိုဂေဟာများတွင်နေထိုင်သူ ဗြိတိသျှသူလျှိုများသည် နန်းတွင်းမှ သတင်းများရယူရန် နည်းလမ်းအမျိုးမျိုးကို အသုံးချခဲ့ကြသည်။ အထူးသဖြင့် နန်းတွင်း



www.burmeseclassic.com

www.burmeseclassic.com



သူများ၊ မြန်မာဘုရင်ထံတွင် အမှုထမ်းနေကြသော နိုင်ငံခြားသံများထံမှ လျှို့ဝှက်သတင်းများကို နှိုက်ယူခဲ့ကြသည်။ ယခုရေးသားဖော်ပြမည့် ဗြိတိသျှအထောက်တော်မှာမူ အထက်ဖော်ပြပါ သံမှူးဝန်ထမ်းနှင့် သာသနာပြုဝန်ထမ်းများထဲမှမဟုတ်ပါ။ ဗြိတိသျှဘုရင်မကြီး၏ အိန္ဒိယတပ်မတော်မှ စစ်ထောက်လှမ်းရေးအရာရှိတစ်ယောက်ဖြစ်သော ဗိုလ်မှူး ဒေါက်ကလပ်မက္ကနီလ် (Major Douglass Macneill) ဆိုသူဖြစ်ပါသည်။ သူ၏ဖြစ်ရပ် မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

သီပေါမင်း နန်းတက်ခဲ့သည်ကစ၍ မှူးမတ်ဝန်ကြီးများ၏ အသင်းအပင်းများအတွင်း အကွဲကွဲအပြားပြားဖြစ်လာခဲ့သည်။ ထိုကွဲပြားချက်ကို အခွင့်ကောင်းယူ၍ ဗြိတိသျှနှင့် ပြင်သစ်တို့သည် နန်းတွင်းအရေးများအတွင်း စွက်ဖက်ခြင်း၊ သူလျှိုများထားရှိခြင်းများကို ပိုမိုပြုလုပ်လာခဲ့ကြ၏။ ထိုစဉ်က အီတလီအမျိုးသားတစ်ဦးဖြစ်သော ချီဗာလီးယားအင်ဒရီနို (Chevalier Andereino) ဆိုသူသည် ထိုအချိန်က မန္တလေးမြို့တွင်နေထိုင်လျက် ဗြိတိသျှအမျိုးသားပိုင် ဧရာဝတီမီးသင်္ဘောကုမ္ပဏီ၏ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ အီတလီအစိုးရ၏ ကောင်စစ်ဝန်သံမှူးအဖြစ်လည်းကောင်း၊ ဗြိတိသျှအမျိုးသားပိုင် ဘုံဘေဘားမားသစ်ကုမ္ပဏီ၏ ကိုယ်စားလှယ်အဖြစ်လည်းကောင်း တာဝန်များကို ဆောင်ရွက်ခဲ့သည်။ သူသည် အီတလီသံမှူးတာဝန်များအပြင် အင်္ဂလိပ်တို့၏ ကိုယ်စားလှယ်အဖြစ်လည်း ဆောင်ရွက်နေရသဖြင့် နန်းတွင်းမှရရှိသော နိုင်ငံရေးသတင်းများကို အောက်မြန်မာနိုင်ငံ ဗြိတိသျှကော်မရှင်နာမင်းကြီးထံ သတင်းပို့ခဲ့၏။

ထိုကာလက မန္တလေးနန်းတော်၌ အရေးအကြောင်းတစ်စုံတစ်ရာ ဖြစ်ပွားလာသည်နှင့်တစ်ပြိုင်နက် မန္တလေးသို့ အဆောတလျင် ချီတက်သွားရန် နယ်ခြားတပ်စခန်းမြို့ဖြစ်သော သရက်မြို့တွင် ဗြိတိသျှတပ်များကို အသင့်စုရုံးထားပြီးဖြစ်နေစေ၏။ ဧရာဝတီမီးသင်္ဘောကုမ္ပဏီမှ မီးသင်္ဘောများကိုလည်း လက်နက်အပြည့်အစုံ တပ်ဆင်လျက် သရက်မြို့တွင် ဆိုက်ကပ်ထားစေခဲ့သည်။ အမှန်အားဖြင့် သီပေါမင်းနန်းတက်ပြီးနောက် အင်္ဂလိပ်–မြန်မာဆက်ဆံရေးမှာ ပြေလည်မှုမရှိရကား အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဗြိတိသျှအစိုးရသည် ၁၈၈၀ ပြည့်နှစ်ကပင် တတိယအင်္ဂလိပ်–မြန်မာစစ်ပွဲ မလွဲမသွေ ဖြစ်ပွားရပေတော့မည်ဟု မျှော်လင့်ထားခဲ့၏။ ထို့ကြောင့်လည်း စစ်ရေးပြင်ဆင်မှုများကို လူမသိသူမသိ ကြိုတင်ပြင်ဆင်ထား၏။ ထောက်လှမ်းရေးသမားများကလည်း ခြေသွက်လာခဲ့ကြ၏။

အိန္ဒိယနိုင်ငံ၊ ဗြိတိသျှဘုရင်မကြီး၏ စစ်ထောက်လှမ်းရေးအဖွဲ့မှ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော အထောက်တော် မေဂျာဒေါက်ကလပ်မက္ကနီလ်သည် ၁၈၈၁ ခုနှစ်၊ ဒီဇင်ဘာလဆန်းတွင် ကုန်သည်တစ်ဦးအသွင်ယူကာ သရက်မြို့သို့ရောက်လာသည်။ ထိုစဉ်က ဧရာဝတီမီးသင်္ဘောကုမ္ပဏီမှ ရှင်စာပု၊ ရှုဝံစသည့် သင်္ဘောများသည် ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံနှင့် သီပေါမင်းပိုင် အထက်မြန်မာနိုင်ငံအကြား ခရီးသည်များနှင့် ကုန်စည်များကို အစုန်အဆန် ပြေးဆွဲလျက်ရှိကြသည်။ မေဂျာဒေါက်ကလပ်သည် အထက်ဖော်ပြပါ ဧရာဝတီမီးသင်္ဘောကုမ္ပဏီပိုင် သင်္ဘောတစ်စီးတွင် ခရီးသည်ကုန်သည်တစ်ဦးအဖြစ် လိုက်ပါ၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြန်မာတို့တည်ဆောက်ထားသော ခံတပ်မြို့များ၏ အခြေအနေအရပ်ရပ်ကို စုံစမ်းထောက်လှမ်းရန် စီစဉ်ခဲ့၏။


ထိုစဉ်က မှတ်တမ်းများအရ သီပေါမင်းလက်ထက်တွင် ကုန်းကြောင်းစစ်ဘက်ဌာနနှင့် ရေကြောင်းစစ်ဘက်ဌာနတို့ သီးခြားဖွင့်လှစ်ထားသော်လည်း အမြဲတမ်းစစ်တပ်ထားရှိရေးမှာ အနည်းငယ်ချို့ယွင်းမှုများရှိ၏။ သို့သော် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် ခံတပ်များ၊ ခံကတုတ်များ တည်ဆောက်ထားသည်။ အဘယ်ကြောင့်ဆိုသော် သရက်မြို့တွင် တပ်စခန်းချထားသော ဗြိတိသျှအစိုးရတပ်များမှာ ဘုရင်မကြီး၏ အမြောက်တပ်မဟာ အမှတ်(၂၃)မှ တပ်ရင်းတစ်ရင်း၊ အမှတ်(၁၉)ဘုရင်မကြီး၏ ခြေလျင်တပ်မဟာတစ်ခု၊ အမှတ်(၅)မဒရပ်ခြေလျင်တပ်မဟာတစ်တပ်တို့ဖြစ်သည်။ စစ်တန်းလျားများကိုလည်း အခိုင်အမာ ဆောက်ထားကြသည်သာမက ခံတပ်တစ်ခုကိုလည်း အခိုင်အမာ တည်ဆောက်ထားပြီးဖြစ်ရာ ဗြိတိသျှတို့ဘက်မှ ကျူးကျော်ရေးစစ်ပွဲဆင်နွှဲရန် ပြင်ဆင်နေသည်မှာ ထင်ရှားပေသည်။ သို့ဖြစ်၍ မြန်မာ

www.burmeseclassic.com

တို့ဘက်မှလည်း ငြိမ်းငြိမ်းချမ်းချမ်း အေးအေးဆေးဆေး နေထိုင်ရန်အချိန်မဟုတ်ဟု ယူဆကာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ခံတပ်များ၊ ကတုတ်များ တည်ဆောက်ထားသည်မှာ ဘာဆန်းသလဲဟု ဆိုရမည်ဖြစ်၏။ ထိုအချိန်တွင် အင်္ဂလိပ်တို့သည် အထက်မြန်မာနိုင်ငံတွင် ငွေလုံးငွေရင်းနှင့် စီးပွားရေးကုမ္ပဏီကြီးများ ဖွင့်ရန်လည်း ကြံစည်နေသည်။ ဤသို့အားဖြင့် တစ်ဖက်မှ စစ်ပြင်ဆင်လျက် တစ်ဖက်မှ စီးပွားရေးကို လက်ဝါးကြီးအုပ်ရန် ကြံစည်နေရကား မြန်မာတို့ဘက်မှလည်း နယ်ခြားစခန်းဖြစ်သော ''မင်းလှမြို့''နှင့် ၎င်း၏တစ်ဖက်ကမ်းတွင်ရှိသော ဂွေးချောင်းရွာအနီးတွင် ခံတပ်များကို စတင်တည်ဆောက်ကြ၏။

မင်းလှခံတပ်အခြေဘက်မှကပ်၍ စီးသွားပြီး တစ်ဖက်ကမ်း ဂွေးချောင်းခံတပ်၏ မြစ်ကမ်းပါးအခြေသို့ စီးသွား၏။ ဧရာဝတီမြစ်အတိုင်း အောက်ဘက်မှ အထက်သို့ ဆန်တက်လာလျှင် ၎င်းရေစီးကြောင်းအတိုင်း ဆန်တက်ရမည်ဖြစ်သည်။ ထိုရေစီးကြောင်းအတိုင်း ဆန်တက်လာသော ရန်သူသင်္ဘောများ၊ သမ္ဗန်များအား ခံတပ်နှစ်ခုကြားမှ စိစိညက်ညက် ကြေမွသွားအောင် ခံတပ်များမှ အမြောက်ကြီးများနှင့် ပစ်ခတ်နိုင်သည်။

ထိုခံတပ်များကို တည်ဆောက်ရာတွင် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ပြင်သစ်အင်ဂျင်နီယာ၊ အီတလီအင်ဂျင်နီယာများနှင့်အတူ နိုင်ငံခြားမှပြန်လာသော မြန်မာလူငယ်များက ပူးပေါင်းကူညီခဲ့ကြ၏။ ထိုလူငယ်များမှာ ပြင်သစ်နိုင်ငံရှိ စစ်တက္ကသိုလ်



ထိုခံတပ်များကို တည်ဆောက်ရာတွင် ပြင်သစ်လူမျိုး အင်ဂျင်နီယာများနှင့် အီတလီအင်ဂျင်နီယာများဖြစ်သော ကိုမိုတိုနှင့် မိုလီနာရီတို့လည်းပါဝင်သည်ဟုဆိုသည်။ မင်းလှခံတပ်မှာ မြေပေါ်တွင် ရိုးရိုးတည်ဆောက်ထားသော ခံတပ်ဖြစ်သည်။ ၎င်းနှင့် မျက်နှာချင်းဆိုင်မြစ်တစ်ဖက်ကမ်းတွင်ရှိ ဂွေးချောင်းခံတပ်မှာမူ မြေကြီးထဲတွင် တည်ဆောက်ထားသော ခံတပ်ဖြစ်လေသည်။ မင်းလှခံတပ် တည်ဆောက်ထားသော ဧရာဝတီမြစ်ကမ်းနဖူးနေရာမှာ စစ်အမြင်ဖြင့်ကြည့်လျှင် ထူးထူးခြားခြား အချက်အချာကျသော နေရာတစ်နေရာဖြစ်သည်ဟု ဆိုရမည်ဖြစ်၏။ ဧရာဝတီမြစ် ရေစီးကြောင်းသည်

ကျောင်းများတွင် သွားရောက်လေ့လာခဲ့သူများနှင့် ခံတပ်တည်ဆောက်ခြင်းအတတ်ပညာကိုလည်းကောင်း၊ အနောက်တိုင်း စစ်သေနင်္ဗျူဟာများကိုလည်းကောင်း သင်ကြားခဲ့သူများဖြစ်၏။ ဤခံတပ်များ၏ အခြေအနေမှာ မြန်မာတို့၏ စစ်ပြင်ဆင်ထားမှုအရပ်ရပ်၊ မြန်မာရေတပ်မတော် ပြင်ဆင်ထားမှု၊ ထိုစဉ်ကာလက အထက်မြန်မာနိုင်ငံ ဘုရင့်တပ်မတော်၏ အမြဲတမ်းစစ်တပ်အင်အား၊ ထိုစဉ်က မြန်မာတပ်မတော်၊ အမြောက်တပ်ရှိ အမြောက်တို့၏ ပစ်ခတ်နိုင်သည့်စွမ်းအင်တို့ကို ဗြိတိသျှဘုရင်မကြီး၏ စစ်ဘက်အာဏာပိုင်များက အသေးစိတ်သိလိုသည်။ သို့ဖြစ်၍ ဤဆောင်းပါးအထက်တစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် ဖော်ပြခဲ့သည့်အတိုင်း အိန္ဒိယစစ်ထောက်လှမ်းရေး ဌာနမှ မေဂျာဒေါက်ကလပ်သည် ရောဝတီမီးသင်္ဘော ကုမ္ပဏီမှသင်္ဘောဖြင့် အရပ်သားကုန်သည်တစ်ဦးအသွင် ယူ၍ မန္တလေးမြို့တော်သို့ လိုက်ပါလာခဲ့၏။

သူသည် ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ခံတပ်များကို အသေးစိတ်လေ့လာခဲ့သည်။ ထိုခံတပ်မြို့များကို သူဝင်ရောက်ကြည့်ရှုခွင့်မရသော်လည်း ရပ်သူရပ်သားများထံမှ မေးမြန်းထောက်လှမ်းသည်။ ထိုခံတပ်များရှိရာသို့ အနီးကပ်သွားရောက်ပြီး ဓာတ်ပုံရိုက်ကူးခြင်း၊ ပုံကြမ်းဆွဲခြင်းများ ပြုလုပ်ခဲ့၏။ ထိုခံတပ်များ တည်ဆောက်စဉ်က ပါဝင်ခဲ့သော ဒေသခံရွာသူရွာသားများထံမှ ခံတပ်များ၏ အကျယ်အဝန်း၊ အတိုင်းအတာ၊ အနီးအဝေး အချက်အလက်များကို စိတ်ရှည်ရှည်ထား၍ စုံစမ်းလေ့လာသည်။

ထို့ပြင် သရက်မြို့နှင့် မန္တလေးမြို့အကြား၊ ရောဝတီမြစ်ကြောင်းတစ်လျှောက်တွင် ရန်သူတို့ ရောဝတီမြစ်ကြောင်းအတိုင်း ချီတက်လာပါက တားဆီးခုခံ ကာကွယ်နိုင်သည့်နေရာများကိုလည်း မှတ်ယူခဲ့သည်သာမက စစ်ရေးတွင် အလွန်အရေးပါသော မြေပုံကြမ်းများကို ရေးဆွဲသွားခဲ့သည်။

မေဂျာဒေါက်ကလပ်မက္ကနီလ်သည် ထောက်လှမ်းရေးသမားကောင်းတစ်ယောက်ဖြစ်သည့်အားလျော်စွာ ပတ်ဝန်းကျင်လေ့လာမှုကို နည်းလမ်းအမျိုးမျိုးနှင့် လေ့လာသည်။ သီပေါမင်းပိုင် အထက်မြန်မာနိုင်ငံရှိ မြို့ရွာကြီးငယ်များ၊ လူဦးရေ၊ စီးပွားရေးအခြေအနေများကို စူးစမ်းလေ့လာ မှတ်တမ်းတင်ခဲ့သည်။ ထို့အတူ ထိုစဉ်ကာလက ရတနာပုံနေပြည်တော်ရှိ မြန်မာ့တပ်မတော်၏ အင်အားအတိအကျကို မှတ်တမ်းယူနိုင်ခဲ့၏။ သူ့မှတ်တမ်းအရ ထိုစဉ်က မြန်မာဘုရင့်တပ်မတော်တွင် ခြေလျင်တပ်သား ၁၃၂၄၅ ယောက်၊ မြင်းတပ်သား ၂၅၀၀၊ အမြောက်တပ်သား ၅၀၀၊ စုစုပေါင်းအင်အား ၁၆၂၄၅ ယောက်ရှိသည်ဟု သိရ၏။

အထောက်တော် မက္ကနီလ်သည် အထက်ဖော်ပြပါ မြန်မာတို့၏ စစ်အင်အားအခြေအနေသာမက လက်နက်ခဲယမ်းမီးကျောက်ပြုလုပ်သော စက်ရုံတို့၏အခြေအနေ၊ ထိုစက်ရုံများမှ ထုတ်လုပ်သော အမြောက်၊ သေနတ်တို့၏ စွမ်းအင်များကိုပါ လက်တစ်ဆုံးနှိုက် သတင်း ရယူနိုင်ခဲ့၏။

အထောက်တော် မက္ကနီလ်သည် ထိုစဉ်ကာလက မြန်မာမင်းပိုင် ဗန္ဓုလသင်္ဘောနှင့် ရေနန်းယဉ်ကျေး သင်္ဘောများ၏ သံကိုယ်ထည်၊ အလျားအနံနှင့် လက်နက်တပ်ဆင်ထားခြင်း ရှိ၊ မရှိကိုလည်း လေ့လာနိုင်၏။ ထိုစဉ်က ဟိုးဟိုးကျော်နေသော သပြေတန်းခံတပ်၊ စစ်ကိုင်းအဝေရာခံတပ်နှင့် အင်းဝရှိ ဆင်ကျုံးခံတပ်များ၏ အကျယ်အဝန်း၊ အမြင့်၊ အလျားအနံ အတိအကျ ထိုခံတပ်များရှိ ရဲမက်အင်အား၊ အမြောက်အင်အားဝ သာမက ရန်သူများ ရောဝတီမြစ်ကြောင်းအတိုင်း ချီတက်လာပါက မြစ်ကြောင်းအား ပိတ်ဆို့စေမည့် အစီအစဉ်များပါ မှတ်ယူခဲ့နိုင်သဖြင့် ဗြိတိသျှအထောက်တော် မေဂျာဒေါက်ကလပ်မက္ကနီလ်၏ ထောက်လှမ်းရေးအစီရင်ခံစာမှာ ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော အစီရင်ခံစာဟု ဆိုရမည်ဖြစ်၏။

မြန်မာတပ်မတော်၏ စစ်ရေးဆိုင်ရာ အချက်အလက်များကို ထုထုထည်ထည်၊ တိတိကျကျ သိခွင့်ရခဲ့သည်မှာ အံ့ဖွယ်သရဲဖြစ်သည်။ ထိုအစီရင်ခံစာအား အခြေပြု၍ ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံသိမ်းပိုက်ရေးစီမံချက်ကို ရေးဆွဲသည်ဟု သိရ၏။ ဗြိတိသျှအထောက်တော်၏ဇာတ်လမ်းမှာ ဤတွင်နိဂုံးမချုပ်ခဲ့။ ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံသို့ ချီတက်သိမ်းပိုက်သောအခါ ဗြိတိသျှဘုရင်မကြီး၏ တပ်မတော်တွင် လက်ထောက်စစ်ရေးနှင့် စစ်ထောက်ချုပ်အဖြစ် လိုက်ပါခဲ့ရ မင်းလှခံတပ်တိုက်ပွဲ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုကြပါကြောင်း။ ။

လှမိုး (ပညာရေး

ကျမ်းကိုး – (၁) The Lacquer Lady By- T.Jesse
(၂) မြန်မာစစ်ပွဲနှင့် မင်းလှခံတပ် နတ်မောက်ဘုန်းကျော်
(၃) မြန်မာ့သမိုင်းနှင့်ဆက်နွှယ်သော အနောက်နိုင်ငံသားများ ဒေါ်ကြန်

www.burmeseclassic.com

www.burmeseclassic.com

# ရှင်လွှန်းဝယ်

## ရင်နင့်ပန်းလေးနှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com


အေးမြတ်နွယ်၏မျက်နှာမှာ တဖြည်းဖြည်း စူပုတ်လာတော့သည်။ ချိန်းတွေ့တိုင်း အမြဲနောက်ကျနေတတ်တဲ့ ချစ်သူပြည့်ဟိန်းကို လည်း ဒေါသဖြစ်လာရသည်။ ပြည့်ဟိန်းကို နောက်ကျလျှင် မကြိုက်ကြောင်း မကြာခဏ ပြောခဲ့ဘူးသည်။ ဒါလည်း နားထောင်သည် မရှိ။ နောက်ကျမြဲနောက်ကျသဖြင့် အေးမြတ်နွယ်က.....

"နပိုလီယန်က ဝါတာလူးစစ်ပွဲမှာ အချိန် နှစ်နာရီနောက်ကျလို့ စစ်ရှုံးခဲ့ရတာနော် ကို၊ ကိုကလည်း အမြဲတမ်းနောက်ကျတယ်၊ ကိုက လုပ်ငန်းကြီးလုပ်နေတဲ့လူပါ၊ အချိန်မလေးစားတဲ့ အလုပ်ရှင်က သူ့အလုပ်သမားတွေကို အချိန်လေးစားကြပါလို့ ဘယ်လိုပြောမလဲ"

"မြတ်ကလည်းကွာ၊ မတွေ့လိုက်နဲ့၊ တွေ့လိုက်ရင် ဆုံးမနေတာပဲ၊ ကိုယ်က မြတ်ရဲ့ကျောင်းသား မဟုတ်ဘူးနော်"

ကိုက ထိုကဲ့သို့ မှန်ကုပ်ကုပ် ပြောလာမှ မြတ်က အရယ်နှင့် လျှော့လိုက်သည်။ ပွင့်ပွင့်လင်းလင်း ပြောရလျှင် ကိုသည် မြတ်လိုချင်သောစံနှုန်းနှင့် လုံးဝကိုက်ညီသူတစ်ယောက်မဟုတ်။ မြတ်က အထက်တန်းပြဆရာမ။ ဆရာမမို့ဆရာလုပ်ခြင်းမဟုတ်။ မြတ်ရဲ့ပင်ကိုဗီဇကိုက အချိန်တိကျမှုကြိုက်သည်။ စည်းကမ်းရှိမှုကြိုက်သည်။ ပစ္စည်းဆိုလျှင် ယူသည့်နေရာပြန်ထား။ ကိုကတော့ ဘာလုပ်လုပ်၊ ဘာပစ္စည်းကိုင်ကိုင် ကြုံသည့်နေရာထား၊ တွေ့ရာထား၊ လိုမှ ဘာပျောက်တယ်၊ ညာပျောက်

နောက်အိမ်ထောင်ထူလျှင်
မွေးထားသည့်
သမီးတွေရဲ့ဘဝ
လုံခြုံမှုနည်းသည်။
အချို့ပထွေးများကသာ
သမီးပမာ
စောင့်ရှောက်သည်။
ပထွေးအများစုက
မယားပါသမီးကို
လက်တည့်စမ်းချင်သည်။
ထိုကဲ့သို့သော
အသိုက်အမြုံ၌
ကြီးပြင်းရသော
မိန်းကလေးတွေအတွက်
ဘဝလုံခြုံမှု
နည်းလှသည်
...

www.burmeseclassic.com

www.burmeseclassic.com

တယ် လုပ်တတ်လွန်းသည်။

စည်းစနစ်နှင့် အမှတ်သည်းခြေကြီးသော မိန်းမတစ်ယောက်က ကိုယ်နှင့် ဘယ်လိုမှ ပုံစံ (Type)မတူသော ယောက်ျားတစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ထားသည်မှာ မဟာအမှားလို့ ထင်စရာ။ သို့ပေမယ့် မတူတာတွေကို တူအောင်ညှိလို့ ရလေမလားဟူသော မျှော်လင့်ချက်လေးဖြင့် ဆက်ပြီးလက်တွဲခဲ့ခြင်းဆိုလျှင် မမှားပေ။ လေးငါးနှစ်ကြီး လက်တွဲခဲ့ပြီး လက်တွဲလို့မဖြစ်ဘူးဆိုကာ လမ်းခွဲခဲ့လျှင် ကိုယ်က မိန်းကလေး၊ နစ်နာစရာရှိလျှင် ကိုယ်ကနစ်နာမည်။ ထို့ပြင် "ဆရာမတစ်ယောက်လုပ်နေပြီး"ဟု မေးငေါ့တာလည်း မခံနိုင်။

လက်ထဲတွင်ကိုင်ထားသော ဘောလ်ပင်က စားပွဲအောက်သို့ လိမ့်ကျသွားသဖြင့် ကုန်းကောက်လိုက်စဉ် ဆံထုံး၌ပန်ထားသော နှင်းဆီပန်းက ပြုတ်ကျသွားသည်။

"ဟယ်.....နမြောစရာ"

ပန်းလေးကို နမြောတသစိတ်နှင့်အတူ ဖျတ်ခနဲ မိနှင်းကို သတိရမိသည်။

မြတ်အပေါ် အစစအရာရာ သိတတ်သည့် မိနှင်း။ ဆံထုံးမှာ ပန်လို့ မခိုင်တခိုင်ဖြစ်နေလျှင် အသည်းယားလိုက်တာနော်ဟုဆိုကာ ကျကျနန ခိုင်အောင်ပန်ပေးတတ်သည်။

ဩော်.....မိနှင်းရယ်.....

"ဟိတ်.....မြတ်"

"အမယ်လေး..ကိုရယ်..လန့်လိုက်တာ"

မိနှင်းဆီ စိတ်ရောက်သွား၍ ကိုရောက်လာတာကို မမြင်မိချေ။ ကိုက ကားသော့နှင့် ပိုက်ဆံအိတ်ကို စားပွဲပေါ်တင်ရင်း.....

"ကိုယ်လာတာ မမြင်နိုင်အောင် ဘာတွေအတွေးများနေတာလဲ"

"ဘာမှအတွေးများတာမဟုတ်ပါဘူး ကိုရယ်၊ မိနှင်းလေးကို သတိရလို့ပါ"

ကို့မျက်နှာက ကွက်ခနဲပျက်သွားသည်။ ကိုသည် နှစ်ယောက်အတူတွေ့လျှင် သူစိမ်းတစ်ယောက်အကြောင်းပြောတာ မကြိုက်သဖြင့် မြတ် အသာငြိမ်နေလိုက်သည်။ ကို့ကို သေချာကြည့်ပြီး နှာခေါင်းရှုံ့မိပြန်သည်။ ကိုဝတ်ထားသည့် အပြာနုရောင် ရှပ်အင်္ကျီက လှတော့လှပါရဲ့။ သို့သော် အပေါ်ဆုံးကြယ်သီးတစ်လုံးက ပြုတ်နေသည်။ ကိုသည် တန်ဖိုးကြီးအဝတ်အစားမှ ရှိသေရကောင်းမှန်းမသိ။ ညဉ့်နက်လို့ အိမ်ပြန်ရောက်လျှင် အဝတ်အစားမလဲဘဲ ထိုအဝတ်အစားအတိုင်း အိပ်ချင်အိပ်တတ်ကြောင်း တစ်ခါက ပြောဖူးသည်။

အနားမှာလာရပ်သော ဝိတ်တာလေးကို ကို့အကြိုက် သဘောသီးဖျော်ရည်မှာပြီး ဒီဘက်ပြန်လှည့်လိုက်သောအခါ မြတ်ရဲ့အကြည့်က ကို့ခြေထောက်ဆီသို့ ရောက်သွားသည်။

"ဘယ်လိုလုပ်တာလဲ ကို၊ သူ့ဘာသာ ပြုတ်ကျနေတဲ့ပန်းကို ဘာဖြစ်လို့ နင်းချေရတာလဲ"

မြတ်ခေါင်းပေါ်က ပြုတ်ကျခဲ့သော နှင်းဆီပန်းကို ကိုသည် အကြောင်းမဲ့နင်းထားသဖြင့် မြတ်ဒေါသနှင့်မေးလိုက်သည်။ ကိုက မြတ်ထံသို့ မျက်လုံးလှန်ကြည့်၍ မခိုးမခန့်ဟန်နှင့်ကြည့်သည်။ ထိုအမူအရာကို မြတ် နည်းနည်းမှ မကြိုက်။

"မြတ်ဖြစ်နေပုံက သောက်ရေပုံးထဲ ဖိနပ်ပြုတ်ကျလို့ အော်နေပုံပါလား၊ အောက်မှာပြုတ်ကျနေတဲ့ ပန်းက ကိုယ်မနင်းလည်း သူများခြေထောက်အောက် ရောက်သွားမှာပဲလေ"

မြတ် မျက်လုံးပြူးသွားသည်။ ဒါဟာ နိမိတ်ပုံလေလား။ တစ်စုံတစ်ရာကို လက်ဆုပ်လက်ကိုင်မပြနိုင်ပေမယ့် ဝါးတားတားအသိတစ်ခု။

XXX

"ဒေါ်လေးရာ မြတ် ရှုပ်ရှုပ်ယှက်ယှက်တွေမကြိုက်တာ သိရဲ့သားနဲ့၊ မြတ်တစ်ယောက်တည်းပေမယ့် မြတ်အလုပ် မြတ်နိုင်ပြီးသားပါ၊ ပြီးတော့ အခုခေတ် အိမ်မှာ သူစိမ်းတစ်ယောက်ကို ခေါ်ထားဖို့ဆိုတာ လွယ်တာမှတ်လို့၊ မြတ်က အိမ်မှာအမြဲရှိနေတဲ့လူမဟုတ်ဘူး၊ မတော် မြတ်အပြင်ထွက်နေတုန်း အိမ်ကပစ္စည်း ရှိသမျှအကုန်မသွားလို့ အေးမြတ်နွယ်တို့ ခါလီကျန်ခဲ့လိမ့်မယ်"

မြတ်ရှေ့ကုလားထိုင်မှာထိုင်နေသော အသက် (၁၈)နှစ်အရွယ်

www.burmeseclassic.com

www.burmeseclassic.com




မိန်းကလေးက မြတ်ကိုမော့ကြည့်သည်။ ဘယ်လိုကြည့်သလဲ မြတ်တွေးမနေ။ အပျိုကြီးပေါက်စပီပီ စေ့စေ့ပေါက်ပေါက်နှင့် ဒေါ်လေးတို့မဝင်သာသော စကားတွေနှင့် ပိတ်ပစ်လိုက်သည်။

မြတ်ဘေးတွင်ထိုင်နေသော ဒေါ်လေးက စိတ်မရှည်သလို သက်ပြင်းချသည်။ ဒေါ်လေးက မြတ်အမေ၏ ညီမအငယ်ဆုံး။ မအူပင်မှာနေခဲ့သည်။ မြတ်ကတော့ ရန်ကုန်မှာ ကျောင်းဆရာမ။ မိဘတွေချန်ရစ်ခဲ့သော ပစ္စည်းများနှင့် မြတ်အေးအေးဆေးဆေး စားသောက်နိုင်ပေမယ့် လုပ်ကိုင်နေသော ဝန်ထမ်းအလုပ်ကိုမူ မစွန့်လွှတ်ခဲ့။

ဒေါ်လေးက မြတ်အတွက် စိုးရိမ်လို့ပြောတာကိုတော့ လက်ခံပါသည်။ မနက်စာစားပြီး မြတ် တစ်နေကုန် ကျောင်းမှာစာသင်ရင်း အချိန်ကုန်၊ ကျောင်းဆင်းတော့ ဗိုင်းကျူရှင်တွေလိုက်သင်၊ တစ်ခါတလေ ည ၉ နာရီမှ အိမ်ရောက်သည့်အခါလည်းရှိသည်။ ညဉ့်နက်သောအခါ ထမင်းကို ဖြစ်ဖြစ်မြောက်မြောက် မစားဖြစ်။

''ဗိုင်းတွေကို လွှတ်လိုက်လို့ပြောတော့လည်း လူကိုထိရင်ထိ၊ ဝါသနာကိုတော့ မထိလေနဲ့တဲ့၊ ညည်းပဲအပြောကောင်း မိမြတ်၊ ညည်းအတွက် လက်တိုလက်တောင်းခိုင်းဖို့ ရိုးသားတဲ့ ကလေးမတစ်ယောက် လိုအပ်တာကိုတော့ ညည်း ငြင်းလို့မရဘူးမဟုတ်လား''

နောက်တစ်ကျော့ ပြန်ရစ်လာသောစကားကြောင့် မြတ်ရှေ့၌ထိုင်နေသော မိန်းကလေးဆီသို့အကြည့်ရောက်သွားသည်။ အသက်က (၁၆)နှစ်၊ (၁၇)နှစ်၊ စိတ်ကစားတတ်သည့်အရွယ်။ အသားဖြူဖြူ၊ သေးသေးနှင့် ရိုးသားဟန်တော့ရှိသည်။



ကိုယ့်ဒူးကို
ယုံလို့မရသည့်
ခေတ်၌
လူယုံသတ်၍
သေရသည်က
အများအပြား။
မိနှင်းကို ရိုးသား၍ဟု
ဘယ်လောက်ယုံယုံ
ကံကိုတော့
မယုံရဲချေ. . .

သို့သော် အခုခေတ်မှာ လူရိုးဆိုတာ သချိုင်းမှာပဲရှိတော့သည်။ အထက်တန်းလွှာတွေရဲ့ကြားမှာ မကြာခဏ ကြားနေရသည်က အိမ်ဖော်နှင့် အိမ်ရှင် မတော်တရော်ဖြစ်လို့၊ အိမ်ဖော်က အိမ်ရှင်မရှိခိုက် တန်ဖိုးရှိ လက်ဝတ်လက်စားတွေ အကုန်မသွားတာတွေ။ စိတ်ချရသည့် အိမ်ဖော်ဆိုသည်က ခပ်ရှားရှား။

တချို့များဆိုရင် ပစ္စည်းယူတာ အိမ်ရှင်မိသွားတဲ့အခါ အိမ်ရှင်ရဲ့ အသက်အန္တရာယ်ကိုတောင် ရန်လုပ်သွားသတဲ့။

''ကဲပါ မြတ်ရယ်၊ ဒေါ်လေးပြောနေတာ သမီးအတွက်ပါ၊ ဒီကလေးမအတွက် ဒေါ်လေး အစစအရာရာ တာဝန်ယူတယ်၊ မိန်းကလေးခမျာ ကံဆိုးရှာတယ်၊ အဖေဆုံးပြီး မကြာဘူး၊ အမေကနောက်အိမ်ထောင်ထူတယ်၊ ထုံးစံအတိုင်းပေါ့အေ၊ လက်လုပ်လက်စားဆိုတာက မသောက်မစား ခပ်ရှားရှား

www.burmeseclassic.com

www.burmeseclassic.com

မောင်မင်းကြီးသားကလည်း ဘာမို့လဲ၊ သောက်သောက်စားစားပေါ့၊ မိန်းကလေး ငယ်တုန်းတော့ ကိစ္စမရှိဘူး၊ အခု ကလေးမက အရွယ်ရောက်လာပြီ၊ ဘယ်လိုလုပ် အရက်သောက်တဲ့ပထွေးနဲ့ အတူတူထားလို့ ဖြစ်မှာတဲ့လဲ၊ လူတစ်ယောက်ဘဝ ကယ်ကောင်းပါတယ်အေ''

ဒေါ်လေးက ရှေ့နေအလိုက်ကောင်းနေသည်။ ပြန်စဉ်းစားကြည့်တော့လည်း မြန်မာနိုင်ငံတွင် မိခင်တွေ နောက်အိမ်ထောင်ထူလျှင် မွေးထားသည့် သမီးတွေရဲ့ဘဝ လုံခြုံမှုနည်းသည်။ အချို့ပထွေးများကသာ သမီးပမာ စောင့်ရှောက်သည်။ ပထွေးအများစုက မယားပါသမီးကို လက်တည့်စမ်းချင်သည်။ ထိုကဲ့သို့သော အသိုက်အမြုံ၌ ကြီးပြင်းရသော မိန်းကလေးတွေအတွက် ဘဝ လုံခြုံမှု နည်းလှသည်။

''အခုလည်း သမီးဆီ ဖုန်းမဆက်ဘဲ ချက်ချင်းရောက်လာရတာကလည်း သူ့ပထွေးက အတော်အတင့်ရဲလာသကိုး၊ မိန်းမက ဈေးရောင်းသွားတော့ အိမ်မှာရှိတဲ့ မယားပါသမီးကို ဖင်ပုတ်ခေါင်းပုတ် လုပ်လာတော့တာ''

ကောင်မလေးကို လှမ်းကြည့်တော့ မျက်နှာရဲကာ ခေါင်းငုံ့နေသည်။

''မင်းနာမည် ဘယ်လိုခေါ်သလဲ မိန်းကလေး''

''နှင်းပန်းပါ အန်တီ''

''တယ်.....မိနှင်း ဘယ်လိုခေါ်လိုက်တာလဲ၊ မြတ်က ညည်းအစ်မအရွယ်ပဲရှိသေးတာ၊ မမလို့ခေါ်လေ''

အန်တီဟုခေါ်လိုက်သဖြင့် မြတ်ရဲ့မျက်နှာ ရှုံ့မဲ့သွားစဉ် ဒေါ်လေးက မိန်းကလေးကို ဟန့်လိုက်သည်။ မိန်းကလေးက စိုးထိတ်သော မျက်ဝန်းများဖြင့် မြတ်ကို မော့ကြည့်ရှာသည်။

''ဒေါ်လေးကို အားနာလို့၊ နောက်ပြီး မိန်းမချင်းလည်း ကိုယ်ချင်းစာလို့ သူ့ကိုခေါ်ထားရမှာ၊ ဒေါ်လေးလည်း မြတ်ရဲ့စိတ်ကို သိနေတာပဲ၊ တစ်ခုခုဖြစ်လာရင် ဘယ်လိုလုပ်မလဲ''

''မိနှင်းကြောင့် ဘာမှမဖြစ်စေရပါဘူး မမရယ်၊ လခကိုလည်း မမပေးချင်သလောက်ပေးပါ၊ မိနှင်းအိမ်ကိုတော့ မပြန်ပါရစေနဲ့ မမရယ်''

မိန်းကလေးက တကယ့်ကို ခဲခဲယယ တောင်းပန်နေခြင်းဖြစ်သည်။

မြတ်က ဒေါ်လေးကို လှမ်းကြည့်ကာ.....

''ဒေါ်လေး ဘယ်တော့ပြန်မှာလဲ''

''မနက်ဖြန်၊ သန်ဘက်ခါပေါ့ မြတ်ရယ်''

''သူ့အဝတ်အစားတွေကကော ဒါအကုန်ပဲလား''

ကော်ဇောထက်၌ ကျွတ်ကျွတ်အိတ်နှင့်ထုပ်ထားသော အဝတ်အစားအိတ်ကိုကြည့်ပြီးမေးတော့...

''ဟုတ်တယ်လေ''

''မြတ်ခေါ်ထားမယ်လေ၊ ဒီမှာ မိနှင်း၊ တစ်ခုတော့ မမမှာထားမယ်၊ အပြင်လူတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက်လုပ်တာ မကြိုက်ဘူး၊ မမက ဒါဆို ဒါဖြစ်အောင်လုပ်၊ အတွန့်တက်တာ မကြိုက်ဘူး၊ အဲဒါ ကြိုပြောထားတာနော်''

''စိတ်ချပါ မမ၊ မိနှင်း ကြိုးစားပါ့မယ်''

XXX

တကယ်တမ်း မိနှင်းနှင့်အနေကြာလာတော့မှ မိနှင်း၏ ရိုးသားမှု၊ ကြိုးစားမှုများကို မြတ် အသိအမှတ်ပြုရတော့သည်။ ရောက်စတုန်းကတော့ မလုပ်တတ်၊ မကိုင်တတ်နုံအသော မိနှင်းကို မြတ် အတော်စိတ်ဆိုးရသည်။ ခရမ်းချဉ်သီး လှီးထားဆိုသည်ကို ပါးပါးမလှီးဘဲ ဆင်နားရွက်လောက် လှီးထားသဖြင့် မြတ် ဒေါသဖြစ်ကာ.....

''မိနှင်း လာပါဦး၊ ဒါကဘာလုပ်ထားတာလဲ''

အိမ်ရှေ့တွင် တံမြက်စည်းလှည်းနေသော မိနှင်း ချက်ချင်းရောက်လာကာ မြတ်ကိုင်ထားသော ခရမ်းချဉ်သီးပန်းကန်ကိုကြည့်ပြီး...

''ခရမ်းချဉ်သီးလှီးထားတာပါ မမ''

''ဒါလား လှီးထားတာ၊ သေးသေးနုပ်နုပ်ကလေးမလှီးဘဲ ဒီတိုင်းလှီးထားတော့ ဘယ်လိုလိပ်ထားမှာလဲ၊ ညည်း ခေါင်းလေးသုံးဦး''

ခရမ်းချဉ်သီးပန်းကန်ကို စားပွဲခုံပေါ် ဆောင့်ချပြီး ဩဇာခန်းထဲသို့

www.burmeseclassic.com

www.burmeseclassic.com


ထွက်လာပြီးမှ မသင်လို့မသိ၊ မပြ လို့မမြင်ဖြင့် အမြဲတမ်းရန်ဖြစ်နေရမည်ကို ကြိုမြင်ယောင်လာသဖြင့် မီးဖိုချောင်သို့ပြန်ဝင်ကာ ငြိမ်ကုပ်ရပ်နေသော မိနှင်းကို.....

''လာ.....ဒီမှာကြည့်၊ တစ်ခါပဲပြထားမယ်၊ နောက်တစ်ခါ ဆင်နားရွက်ထပ်လုပ်လို့ကတော့ မအူပင်ပြန်ပို့ပစ်မယ်''

မြတ်ရဲ့ခြိမ်းခြောက်မှုကပဲ ထိရောက်တာလား၊ မိနှင်းရဲ့ဗီဇကိုက တစ်ခါသင်ပြလျှင် တတ်လွယ်ခြင်းပဲလားမသိ။ ဒါက ဒီလို၊ ဒီလိုလုပ်ဟု ပြောပြောသင်သင်လုပ်တော့ သေချာဂရုစိုက်လိုက်ကြည့်သည်က စိတ်ကျေနပ်စရာပင်။

ဘယ်အရာပဲဖြစ်ဖြစ် တစ်ခါပဲ သင်ပြလိုက်ရုံနှင့် နောက်တစ်ခါ လှည့်ကြည့်စရာမလိုအောင် လုပ်ဆောင်ထားတတ်သည်။ လုပ်ရေးကိုင်ရေးနှင့်ပတ်သက်၍ စိတ်ကျေနပ်မှုရပြီးနောက် မိနှင်း၏ ကိုယ်ကျင့်တရားနှင့် စရိုက်ကို သိချင်သေးတာမို့ စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

ပိုက်ဆံအိတ်ကို အလွယ်တကူ စားပွဲပေါ်တင်ထားတာမျိုး ပြုလုပ်ပြီး အပြင်မှ အကဲခတ်ကြည့်သော အခါ ကိုင်ကြည့်၊ ဖွင့်ကြည့်တာမရှိ။ အခန်းသန့်ရှင်းရေးလုပ်ပြီး ပြန်ထွက်သည်။ ဟိုစပ်စု၊ ဒီစပ်စုကြည့်တာ၊ နှမ်းတာမျိုးမရှိသဖြင့် စိတ်အနည်းငယ်ချရသည်။ ဒါ့အပြင် အချို့အိမ်တွေမှာ ပြောနေတာ ကြားဖူးသည်။ အိမ်မှာ ဘာစားစရာတွေထားထား၊ အိမ်ရှင်မရှိလျှင် အိမ်အကူတွေက ယူစားသည်ဆိုသောစကား။

မြတ်ကတော့ တစ်ခုယူဆမိတာက ထိုအိမ်ရှင်မျိုးက ကိုယ့်အိမ်မှာနေသည့် အလုပ်သမားကို မဝရေစာကျွေးပေလို့သာ အိမ်ဖော်က ယူစားခြင်းဖြစ်မည်။ ဤတွင် တချို့က ကျွေးပါလျက်နှင့် ယူစားသည်ဆိုတာကတော့ သူ့စရိုက်နှင့် ဆိုင်ပေလိမ့်မည်။ မြတ်က အိမ်မှာရှိတာကလည်း သူနှင့်ကိုယ်မှ လူနှစ်ယောက်တည်း။ ထို့ကြောင့် အိမ် ရှင်၊ အိမ်ဖော် ခွဲမနေဘဲ အတူစားလိုက်သည်။

မိနှင်း၌ ဆင်းရဲပေမယ့် အကျင့်ကောင်းများစွာရှိနေသည်။ မြတ် စိတ်မချရမည့်အဖြစ်မျိုး တစ်ခုမှ မတွေ့ရသဖြင့် စိတ်အေးရသည်။ နောက်ပိုင်း အပြောအဆို၊ အနေအထိုင် အစစအရာရာ မြတ် သွန်သင်ဆုံးမနိုင်ခဲ့သဖြင့် မိနှင်းက ကြမ်းတမ်းသောစရိုက်များပျောက်ကာ မြတ်ဆင်ယင်ပေးသည့် အဝတ်အစားများဖြင့် ကျောက်ရိုင်းတုံးလေးကနေ တောက်ပြောင်လာခဲ့သည်။

မေတ္တာဆိုသည်မှာ အလျားအနံ မရှိပေမယ့် အသွားအပြန်ရှိသည်ဆိုသော စကားအတိုင်း မောင်နှမမရှိသော မြတ်က မိနှင်းကို ညီမငယ်တစ်ယောက်ကဲ့သို့ သဘောထားသလို မိနှင်းကလည်း မြတ်အပေါ် အစ်မကြီးတစ်ယောက်လို သဘောထားကာ တစ်ခါတလေ စိတ်တိုင်းမကျ၍ အော်ငေါက်သည့်အခါ ငြိမ်ကုပ်နေတတ်ပြီး ကလန်ကဆန် တစ်ခါမှမလုပ်ခဲ့ပေ။

ထို့ပြင် မိနှင်းသည် သမီးလိမ္မာတစ်ယောက်လည်းဖြစ်သည်။ သူ့အတွက် မြတ်က စားရေး၊ နေရေး ဝတ်ရေး စီစဉ်ပေးသဖြင့် အပိုကုန်စရာ ဘာမှမရှိ။ တစ်လတစ်လရသော လခလေးတွေကို ကျစ်ကျစ်ပါအောင်စုပြီး သူ့အမေဆီ ပို့ပေးတတ်သည်။ အခွင့်အရေးလည်း ပိုမယူတတ်။

မိနှင်း မြတ်ဆီမှာ နှစ်နှစ်၊ သုံးနှစ်အတွင်း ဘာပြဿနာမှမရှိခဲ့။ ဤနှစ်နှစ်၊ သုံးနှစ်အတွင်း မိနှင်းသည် အရိပ်ထဲတွင် တစ်နေကုန်နေခဲ့၍လားမသိ။ ငွားငွားစွင့်စွင့်နှင့် လှပသော ပန်းကလေးတစ်ပွင့်ဖြစ်လာသည်။ ဘဝကံဆင်းရဲ၍ သူများအိမ်တွင် အိမ်ဖော်ဖြစ်လာပေမယ့် ရုပ်ရည်ကံခေသူမဟုတ်။ ထိုအချိန်က မိနှင်းအသက် (၁၉)နှစ်ပြည့်ခဲ့၏။

မြတ်က မိနှင်းအရွယ်ရောက်လာသဖြင့် ချစ်ရေးချစ်ရာကိစ္စများ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်လာမည်စိုးသဖြင့် ဈေးဝယ်ပင်ပေးမထွက်ချင်။ မိနှင်းက နုံသည်။ ပေါက်တတ်ကရကောင်များနှင့်ကြုံကြိုက်ပြီး မြတ်အပေါ် မဟုတ်တာကြံမည်စိုးသည်။ ကိုယ့်ဒူးကို ယုံလို့မရသည့်ခေတ်၌ လူယုံသတ်၍သေရသည်က အများအပြား။ မိနှင်းကို ရိုးသား၍ဟု ဘယ်လောက်ယုံယုံ ကံကိုတော့ မယုံရဲချေ။

XXX

www.burmeseclassic.com

www.burmeseclassic.com

မြတ်အပေါ်အစ်မတစ်ယောက်လို သဘောထားသော မိနှင်းက မြတ်ချစ်သူ ပြည့်ဟိန်းအပေါ်တွင်လည်း အစ်ကိုတစ်ယောက်ကဲ့သို့ သဘောထားသည်။ ဒါက မြတ်အမြင်။ ကိုကတော့ မြတ်လိုမဟုတ်။

မိနှင်းနှင့်မြတ် ထမင်းအတူစားတာ၊ အခွင့်အရေးပေးတာ ဘာတစ်ခုမှမကြိုက်။ တစ်ခါက မိနှင်းနှင့်မြတ် ထမင်းအတူစားနေတုန်း ကို ရောက်ချလာသည်။ ထမင်းဝိုင်းတွင် မိနှင်းကိုမြင်တော့ မျက်နှာပျက်သွားပြီး.....

"မြတ်က ကိုယ့်စကားကို အလေးမထားဘဲကိုး၊ ဟော့...မင်း ထမင်းမြန်မြန်စားစမ်း၊ ဇိမ်နဲ့ အီလေးဆွဲစားနေ၊ သိုးသိုးသွက်သွက်ကိုမရှိဘူး"

မြတ်နှင့်ကိုရဲ့ကြား၌ မတူညီသော အချက်တစ်ခု၌ ထိုအရာလည်းပါသည်။ မြတ် နားလည်ထားသော စနစ်နှင့် စည်းကမ်းက ကို နားလည်ထားသောအရာနှင့်မတူ။ ကိုကတော့ ပိုက်ဆံရှိလူတန်းစားပီပီ လူတန်းစားခွဲခြားသည့်စိတ်ဓာတ်အပြည့်ရှိသည်။ အလုပ်ရှင်က ထိပ်မှာ၊ အလုပ်သမားက အောက်မှာ အမြဲရှိနေရမည်ဟု ခံယူထားသည်။ ဘယ်ဝန်ထမ်း၊ ဘယ်ရာထူးဖြစ်ဖြစ် သူ့ရှေ့ရောက်လျှင် လက်နောက်ပစ်နေမှကြိုက်တတ်သည်။ နောက် ခပ်ဖားဖားပြောတတ်သူတွေရဲ့စကားကို နားယောင်လွယ်သည်။ အမှား၊ အမှန် စဉ်းစားမှုနည်းသည်။ ဒေါသကို ရှေ့တန်းတင်ကာ ရှေ့နောက်မစဉ်းစားဘဲ လုပ်ပစ်လိုက်၏။ ပြီးမှ လက်လွန်ခြေလွန်။

ထိုသူများက ကို့ရဲ့အလုပ်သမားတွေမို့ မြတ် ဝင်မပြောသာ။ ဆိုင်သူတွေမဟုတ်သေးတာကြောင့်လည်း ဝင်မပြောချင်။ သို့သော် မြတ်ရဲ့အိမ်ရိပ်အောက်မှာ အလုပ်လုပ်နေသည့် မြတ်ရဲ့အလုပ်သမားကိုတော့ သူလိုရာပုံသွင်းနေသည်ကို မြတ် လက်မခံနိုင်။ ထို့ကြောင့်....

"သခင်နဲ့ကျွန် ဆက်ဆံရေးခေတ်က ကုန်ပါပြီ ကို၊ အခုခေတ်မှာ လူတိုင်း ပိုက်ဆံရှိရှိ၊ ဆင်းရဲရဲ၊ တန်းတူ လူ့အခွင့်အရေးတွေ ရနေကြပြီ၊ သူတို့ကို ကျွန်ပုံစံဆက်ဆံရင် တရားဥပဒေက လက်ပိုက်ကြည့်နေမယ်များ ထင်နေသလား၊ ပြီးတော့ မြတ် ဘယ်တော့မှ အဲဒီလိုလုပ်မှာမဟုတ်ဘူး"

"မြတ်သဘောထားကို ကိုယ်လက်ခံပါတယ်၊ ဒါပေမဲ့ မြတ် သူကို ပသလွန်းရင် မြတ်ကို ပြန်ဒုက္ခပေးမှာစိုးလို့ပြောတာ၊ ကိုယ်က ဦးချိုးထားမှ ဦးကျိုးမှာ"

ပြတ်သားသည်ဆိုတာထက် ရက်စက်လွန်းသော အတွေးရှိတတ်သည့် ကို့ကို မြတ်က ပခုံးတွန့်ပြလိုက်သည်။ ဒါကိုပင် ကိုသဘောပေါက်လိမ့်မည်။ မြတ်ဆိုတာက သူများအပေါ် အမြဲတမ်းဆရာလုပ်နေခဲ့သူ။ ကိုယ့်အယူအဆတွေ မှန်သည်ဟုမှတ်ယူပြီး ရပ်တည်နေသူ။

"ကို့စေတနာကို မြတ်က ကျေးဇူးတင်ပါတယ်၊ မေတ္တာဆိုတာ အသွားအပြန်ရှိတယ်၊ ကိုယ်က သူ့အပေါ် မေတ္တာထားနေလျက်နဲ့ ကိုယ့်အပေါ် မဟုတ်တာလုပ်ကြံသွားမယ်ဆိုရင်လည်း ဘယ်တတ်နိုင်မလဲ"

XXX

လူတွေ အဝင်အထွက်၊ အမေ အမြန်းတွေကြားထဲ၌ မြတ် ရက်လွန်း၍ သေသွားချင်သည်။ ရဲတွေကလည်း တစ်ခုပြီးတစ်ခု မေးဌ မပြီး။ တော်ကြာ ဘာသိချင်၍ခ

လူမဆန်သူတွေအတွက်နှင့်
လူကောင်းတွေက ခံနေရသည်ဆိုလျှင် လောကကြီးက မတရား။
မကောင်းသောသူတွေ ကောင်းစားသော ခေတ်ကြီးဆိုတာကို
ရှုံ့ရှာမုန်းတီးစက်ဆုပ်သည်...

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ ရဲတွေရောက်လာတိုင်းလည်း တိုက်ခန်းတွေက တံခါးတွေဟပြီး ချောင်းကြည့်စပ်စုနေကြသည်။

သာမန်ဆိုရင်တော့ ဘာအရေးလဲ။ သို့သော် ပြည်သူ့ဝန်ထမ်းကျောင်းဆရာမတစ်ယောက်အနေနဲ့တော့ သို့လော.....သို့လော ထင်စရာပင်။

မြတ်ကတော့ ငိုရလွန်းလို့ မျက်နှာများပင် မို့အစ်နေသည်။ ထမင်းလည်းစားမဝင်။ ဒေါ်လေးတို့လည်း ရောက်လာကာ မည်ကဲ့သို့ချော့ကျွေးကျွေး မရ။ မျက်လုံးထဲ မိနှင်း၏မျက်နှာလေးပဲ မြင်ယောင်ကာ ယူကျုံးမရသည့်စိတ်၊ မခံချင်စိတ်များဖြင့် အိပ်မပျော်၊ စားမဝင်။ ထိုလူယုတ်မာအား ဖမ်းမိပါစေ၊ ထောင်ဒဏ်ကြီးကြီးကျပါစေဟု ဆုတောင်းမိသည်။ ဆုတောင်း၍မသင့်မှန်းတော့သိသည်။ သို့သော် လူဆန်သူတွေအတွက်နှင့် လူကောင်းတွေက ခံနေရသည် ဆိုလျှင် လောကကြီးက မတရား။ မကောင်းသောသူတွေ ကောင်းစားသောခေတ်ကြီးဆိုတာကို ရွံရှာမုန်းတီးစက်ဆုပ်သည်။

ရဲတွေရောက်လာလို့ ဖြေရသည့်မေးခွန်းတွေကလည်း အပ်ကြောင်းထပ်နေပြီ။

''အဲဒီနေ့က ဒေါ်အေးမြတ်နှယ် ဘယ်မှာရှိနေခဲ့သလဲ''

''အဲဒီနေ့က အင်္ဂါနေ့ ကျောင်းတက်ပါတယ်၊ မနက် ၇ နာရီကနေ အိမ်ကနေထွက်ပြီး ကျောင်းလာတယ်၊ ညနေ ၆ နာရီမှ အိမ်ကို ရောက်ပါတယ်''

''အိမ်ကိုရောက်တော့ ထူးခြားတယ်လို့ စိတ်ထဲထင်မိပါသလား''

ရဲတွေကတော့ သူတို့တွေရဲ့ တာဝန်ဝတ္တရားအတိုင်း စေ့စေ့ပေါက်ပေါက်မေးနေသည်။ မြတ်ကိုယ်တိုင် ထိုနေ့ကို ပြန်စဉ်းစားကြည့်မိသည်။

အဲဒီနေ့က အိမ်ပြန်ချိန် ခါတိုင်းထက် အနည်းငယ်စောသည်။ မှတ်မှတ်ရရ ၆ နာရီထိုးဖို့ ငါးမိနစ်အလို။ နာရီကြည့်မိခြင်းက ပိုက်ဆံအိတ်ထဲမှာ အိမ်ပြင်သော့ယူရင်း ကြည့်မိသောကြောင့်ဖြစ်သည်။

အိမ်ပြင်တံခါးဖွင့်ပြီး သစ်သားတံခါးကို ခေါက်လိုက်တော့ အိမ်ထဲကအသံမကြားရ။ တံခါးကိုတွန်းလိုက်တော့ တံခါးက ချက်မချထား။ ပွင့်သွားသောကြောင့်.....

''အိမ်တံခါးပိတ်မထားဘူး၊ တော်တော်ပေါ့လျော့တာပဲ''ဟု အပြစ်တင်မိလိုက်သေးသည်။ အိမ်ထဲရောက်တော့ ဖိနပ်စင်မှ အိမ်စီးဖိနပ်လဲစီးရင်း အိမ်အထဲ မီးဖိုချောင်ဘက် လှမ်းကြည့်ရင်း.....

''မိနှင်း.....''

ဟု လှမ်း၍ခေါ်လိုက်သေးသည်။ ပြန်ထူးသံမကြားရချေ။ မီးဖိုချောင်ဘက်လျှောက်လာပြီး.....

''ဟေ့.....မိနှင်း ခေါ်မကြားအော်မကြား ဘာတွေလုပ်နေတာလဲ''

မီးဖိုချောင်ထဲလည်းမတွေ့၊ ရေချိုးခန်း၊ အိမ်သာထဲလည်းမရှိ။ ထိုအချိန် စိတ်က စိုးထိတ်စပြုလာသည်။ မိနှင်း ပစ္စည်းတွေ လစ်ပြေးသွားသလားဟူသော စိုးရိမ်စိတ်ဖြင့် မိနှင်းအခန်းဆီသို့ အပြေးတစ်ပိုင်းလျှောက်လာသည်။ တံခါးကိုတွန်းအဖွင့် မြင်လိုက်ရသောအရာကြောင့် မြတ်သည်.....

''အား.....''

ကြောက်လန့်တကြားအော်ဟစ်ကာ ထိုနေရာ၌ ဖင်ထိုင်လျက်လဲကျသွားသည်။ အိပ်ခန်း၏ ထုပ်တန်းပေါ်တွင် တွဲလောင်းကြီးဖြစ်နေသည့် မိနှင်း။ ဖက်ကျိုးကျ၍ သေဆုံးနေသော မိနှင်းကို မကြည့်ရဲ။ ကြောက်ရွံ့သဖြင့် ထိုအခန်းထဲမှ ကယောင်ကတမ်း ပြေးထွက်ခဲ့မိသည်။

''ပျောက်ဆုံးသွားတဲ့ ပစ္စည်းတွေကို မှတ်မိသလား ဒေါ်အေးမြတ်နွယ်''

အတွေးများပျံ့လွင့်နေတုန်း ရဲအရာရှိ၏ နောက်ထပ်မေးခွန်းတစ်ခုကို လက်ခံရမိသည်။ မြတ် ပြေးဝင်လာမိသည့်အခန်းက မြတ်ရဲ့အခန်း။ မြတ်ရဲ့အခန်းက ရှာဖွေမွှေနှောက်ထားသည့် လက္ခဏာများမရှိပေမယ့် မှန်တင်ခုံအောက်ကအံဆွဲဟနေသဖြင့် ဖွင့်ကြည့်မိတော့ မြတ်ဝတ်ဆင်နေကျ စိန်နားကပ်တစ်ရန်၊ စိန်လော့ကက်သီးနှင့် လက်စွပ်တစ်ကွင်း ပျောက်ဆုံးနေသည်။

အရင့်အရင်နေ့တွေတုန်းကလည်း မြတ် ဤကဲ့သို့ပင် အံဆွဲထဲသော့မခတ်ဘဲ ထားခဲ့နေကျ။ မိနှင်းက အခိုးအဝှက်မရှိခြင်းကြောင့် ပေါ့

ပေါ့ပြင်ထားမိခြင်း။ ယခုတော့ သူနီးအတွက် အဆင်သင့်။ ရော့...ယူပါဟု ချပေးခဲ့သည့်နှယ်။

ထိုပစ္စည်းများအတွက် မြတ်ဝမ်းမနည်း။ အိမ်၌ တစ်ယောက်တည်းကျန်ခဲ့သော မိနှင်းက ထိုသူနီးကို မခုခံနိုင်ဘဲနေခဲ့ရသည်။ အဆိုးဆုံးက မိနှင်းကို ရင်ခွဲရုံသို့ပို့သော အခါ ရလာသည့် ဆေးစစ်ချက်ကြောင့် မြတ် ကြက်သီးများတဖြန်းဖြန်းထကာ မိနှင်းအတွက် ပို၍ယူကျုံးမရဖြစ်မိသည်။

ဘုရားရေ.....မည်ကဲ့သို့သော လူယုတ်မာက ပစ္စည်းယူ၊ လူသတ်၊ မုဒိမ်းမှု သုံးခုစလုံးကို တစ်ချိန်တည်းမှာ ကျူးလွန်ခဲ့ပါသနည်း။

"သေဆုံးသူမိန်းကလေးရဲ့နာမည်က....."

"နှင်းပန်းပါ"

"သူနဲ့ပတ်သက်ပြီး သံသယရှိသူ အမျိုးသားတစ်ယောက်ယောက်ကို သတိထားမိသလား"

ရဲများ၏မေးခွန်းကြောင့် မြတ်ခေါင်းယမ်းမိသည်။ သို့သော် တစ်နေကုန် တစ်နေခန်း အိမ်ပြင်ထွက်နေရသော မြတ်က နောက်မှာကျန်ခဲ့သည့် မိနှင်း ဘာတွေလုပ်နေလဲ၊ ဒါမှမဟုတ် အိမ်ထဲမှာပဲ တစ်ချိန်လုံးရှိနေသလား အာမ မခံနိုင်။ ဒါပေမဲ့ မိနှင်းနှင့် သုံးနှစ်နီးပါး နေလာခဲ့ခြင်းကြောင့် ရည်းစားသနံ့ထားတာ၊ ယောက်ျားလေးတွေနှင့် ရှုပ်ရှုပ်ယှက်ယှက်နေတတ်တာ တစ်ခါမှမကြားဖူးချေ။

မြတ် စဉ်းစားမိတာက မိနှင်းက တစ်ခါတလေ မေ့လျော့တတ်သည်။ ဈေးကအပြန် တံခါးပိတ်ဖို့ မေ့လျော့နေခဲ့ခြင်းကြောင့် တစ်ဦးတစ်ယောက်က ဝင်ရောက်လာခြင်းပဲလား။

တကယ်တမ်းမှာမူ "ငါလည်းမလုပ်ရဘဲ ငါ့အပြစ်တင်"ဆိုသည့် စကားအတိုင်း မြတ်ကြောင့်ပဲ မိနှင်းက ဖြစ်သွားရသလို မအူပင်ဘက်က အမျိုးများရဲ့ အပြစ်တင်ခြင်းကို ခံရသည်။ ဒေါ်လေးကမူ.....

"တစ်နေ့ကျရင် အမှုမှန်ပေါ်မှာပါ မြတ်ရယ်၊ ပတ်ဝန်းကျင်ကို သိပ်အရေးမလုပ်ပါနဲ့၊ ကိုယ်လည်း ဘယ်ဖြစ်စေချင်ပါ့မလဲ၊ ဟုတ်တယ်မဟုတ်လား"

XXX

"ဒေါက်.....ဒေါက်"

"ဘယ်သူလဲ"

"မြတ်ပါ ကို"

မြတ်ပါဆိုသည့်အသံကြောင့် သူလန့်သွားသည်။ ယခုဆို မြတ်နှင့် စကားပြောရသည်မှာ ခပ်လန့်လန့်။ စိတ်အလိုမကျလျှင် ထအော်တတ်သည်။ ယခု ဘာစိတ်ကူးပေါက်၍ အိမ်ရှေ့တည့်တည့် ရောက်လာခဲ့သည်မသိ။

"လာပြီ.....မြတ်"

တီဗွီရီမုတ်ကွန်ထရိုးကို စားပွဲပေါ်သို့တင်ခဲ့ပြီး တံခါးအနီးလျှောက်လာခဲ့သည်။ တံခါးဖွင့်လိုက်သော အခါ.....

"ဟင်....."

မြတ်နှင့်အတူ ရဲတွေကိုမြင်လိုက်ရသဖြင့် သူထိတ်လန့်သွားကာ အသံကိုထိန်းရင်း.....

"မြတ် သူတို့က....."

"မြတ်တို့ကို စကားပြောခွင့်ပေးပါဦး ကို"

သူ ခေါင်းညိတ်မိသလား၊ ခေါင်းခါမိသလားမသိ။ မြတ်နှင့်အတူ ရဲများက ဆိုဖာထက်တွင်ထိုင်နေကြပြီ။ သူ တုန်လှုပ်ချောက်ချားသည့်စိတ်များကိုထိန်းရင်း လွတ်နေသည့်ခုံထက်၌ သတိကြီးစွာထိုင်လိုက်သည်။

"ဒီကြယ်သီးလေးကို သိတယ်မဟုတ်လား ကို"

မြတ်လက်ထဲက ကြယ်သီးကြောင့် သူ ထခုန်မိမတတ်။ သို့သော် မျက်လုံးပေါင်းများစွာရဲ့ အောက်၌ ဟန်ကိုယ့်ဖို့လုပ်ကာ......

"ဘာလို့သိရမှာလဲ မြတ်ရယ်၊ ကြယ်သီးလေးတစ်လုံးနဲ့ပတ်သက်ပြီး အလုပ်ရှုပ်နေသေးတယ်"

"အလုပ်မရှုပ်ပါဘူး ကို၊ အခုမှ ရှုပ်နေတဲ့အရာတွေ ရှင်းသွားတော့မှာပါ၊ ဟိုတစ်နေ့က မြတ်နဲ့ကို တွေ့တဲ့နေ့က ကိုဝတ်လာတဲ့ အကျီရဲ့ကြယ်သီးနဲ့ ဒီကြယ်သီးဟာ အတူတူပါပဲ၊ ဒီကြယ်သီးက မိနှင်းရဲ့ခုတင်အောက်ကတွေ့ခဲ့တာ"

သူ ထိုင်ရာမှ ဝုန်းခနဲထလိုက်သည်။ သူ့ကိုစိုက်ကြည့်နေသည့်လူများကို ဂရုမစိုက်နိုင်တော့။

"မြတ် မင်း ငါ့ရဲ့သိက္ခာကို စော်ကားတာလား"

မြတ်က သူ့ကိုတည်ငြိမ်စွာ

www.burmeseclassic.com

ကံဆိုးမလေး
နှင်းပန်း
တစ်ယောက်
ဖြစ်လေရာဘဝ၌
ဤကဲ့သို့သော
အဖြစ်ဆိုးနှင့်
ဝေးနိုင်ပါစေကြောင်း
ဆုတောင်းရင်း
...

ော့ကြည့်နေပြီး သူ့ဘေးနားသို့ ရဲ
နှစ်ယောက် ရောက်လာကာ ပခုံးကို
ထားသဖြင့် သူအတင်းရုန်းကန်မိ
သည်။ မြတ်ကို ဒေါသတကြီးကြည့်
လိုက်တော့ မြတ်က မျက်ရည်များ
ိုးပိုးပေါက်ပေါက်ကျလာကာ.....

"မြတ်ကို ခွင့်လွှတ်ပါ ကို"

"နေပါဦး၊ မိနှင်းကို ငါစော်ကားပါတယ်ဆိုတာ ဘာနဲ့ အထောက်အထားပြမလဲ၊ သူ့ဘာသာ ဘယ်ကကောင်ကိုခေါ်ပြီး လွှန်ကျူးသလဲမသိ၊ ငါ့ကိုလာစွပ်စွဲတာ၊ ငါက မင်းချစ်သူပါ အေးမြတ်နွယ်"

"ကို ယောက်ျားပဲ၊ ကိုယ်ကျူးလွန်ထားတဲ့ အပြစ်တစ်ခုကို ရဲရဲဝံ့ဝံ့ ဝန်ခံရဲရမယ်၊ ရတယ်လေ၊ ကိုက သက်သေလိုချင်ရင် ပြရတာပေါ့၊ ဟိုတစ်နေ့က ဝတ်ခဲ့တဲ့အကျႌရဲ့ကြယ်သီးနဲ့ ဟောဒီကြယ်သီး တိုက်ကြည့်တာပေါ့"

သူ ဖွတ်အတင်းငြင်းကာ.....

"ဟုတ်ရင်ဟုတ်၊ မဟုတ်လို့ကတော့ ခင်ဗျားတို့ကို အသရေဖျက်မှုနဲ့ တရားပြန်စွဲမယ်"

ဒေါသသည် အမှားကိုပဲဖြစ်စေသည်။ ပြည့်ဟိန်းထုတ်ပေးသည့် အကျႌရဲ့ကြယ်သီးနှင့် အေးမြတ်နွယ်လက်ထဲ၌ရှိသော ကြယ်သီးမှာအတူတူ။ ဒါ့အပြင်.....

"နှင်းပန်းရဲ့ လက်သည်းကြားထဲက အသားစကိုစစ်တဲ့သွေးအဖြေနဲ့ ကိုပြည့်ဟိန်းရဲ့သွေးအဖြေဟာ အတူတူပါပဲ"

ပြည့်ဟိန်းနှင့်တွေ့သောတစ်ရက်၌ လက်မထပ်ခင် နှစ်ယောက်စလုံး သွေးစစ်ကြည့်လျှင်ကောင်းမည်ဟု မြတ်ပြောခဲ့သဖြင့် ပြည့်ဟိန်းက မစစ်ချင်စစ်ချင်နှင့် စစ်ခဲ့သည်။ အေးမြတ်နွယ်ကမူ ပြည့်ဟိန်းကို သံသယရှိလာသည်နှင့် အတူ ရဲများထံမှ ကျူးလွန်သူရဲ့သွေးအဖြေ သိရသောအခါ ပြည့်ဟိန်းနှင့်တူလေမလား သိချင်ခဲ့သည်။ စစ်ကြည့်လိုက်သောအခါ ထိုနေ့တစ်ရက်လုံး မြတ် ဝမ်းနည်းနာကျင်စွာ ငိုခဲ့ရသည့်အကြောင်းများ ပြည့်ဟိန်းအား မသိစေချင်တော့ပေ။

ပြည့်ဟိန်းရဲ့ အော်ဟစ်သံ၊ ကြိမ်းမောင်းသံများကို အေးမြတ်နွယ်တစ်ယောက် ခေါင်းငုံ့ခံရင်း....

"မမရဲ့တာဝန်ကျေပါတယ်နော် မိနှင်းရယ်"


ကံဆိုးမလေး နှင်းပန်းတစ်ယောက် ဖြစ်လေရာဘဝ၌ ဤကဲ့သို့သော အဖြစ်ဆိုးနှင့် ဝေးနိုင်ပါစေကြောင်း ဆုတောင်းရင်း အေးမြတ်နွယ်၏နှလုံးသားကမူ.....॥ ॥

ရှင်လွန်းမယ်



www.burmeseclassic.com

www.burmeseclassic.com



# ရပ်ကွက်အာဃာ

ဦးဝင်းမြိုင်
၊သရုပ်ဆောင်၊

www.burmeseclassic.com

www.burmeseclassic.com




ဒီလအတွက် ဗီဒီယိုဇာတ်လမ်းလေးနဲ့ မိတ်ဆက်မပေးခင်မှာ ပရိသတ်ကြီးနဲ့ သွေးနွေးချင်တာလေးတွေ ရှိနေပါတယ်။ တစ်နေ့ပေါ့။ ကျွန်တော် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး ကုမ္ပဏီတစ်ခုကို ရောက်သွားပါတယ်။ သွားရတဲ့အကြောင်းရင်းကတော့ မှတ်ဇင်းထဲထည့်ဖို့ ဇာတ်လမ်းအတွက် ဓာတ်ဝင်ခန်း ပုံလေးတွေ သွားတောင်းတဲ့နေ့ပေါ့။ အဲဒီဗီဒီယိုကုမ္ပဏီ Producer က ကျွန်တော့်ကိုမေးတယ်။ "ဦးဝင်းမြိုင်ရဲ့ အရင်တုန်းက ရဲအရာရှိလုပ်ခဲ့တာဆိုတော့ မေးရဦးမယ်၊ ခိုးမှုဟာ အာမခံပေးလို့ရလား"တဲ့။ "မရပါဘူး"လို့ဖြေတယ်။ ဒီတော့ သူက ဆက်မေးတယ်။ "ဗီဒီယိုတွေ၊ သီချင်းခွေတွေ ခိုးကူး ပြီးဖြန့်တာရော ခိုးမှုမဟုတ်ဘူးလား"တဲ့။ မေးတဲ့အထဲမှာ အဖြေပါတယ်လေ။ "ခိုးကူးတယ်ဆိုကတည်းက ခိုးမှုပေါ့"လို့။ "ဒါဆိုရင် ခိုးကူးတဲ့ ခိုးမှုကျတော့ ဘာလို့ အာမခံပေးတာလဲ"တဲ့။ ကဲ.....မှတ်ကရော။








www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း ဥပဒေနဲ့ကင်းကွာခဲ့တာ နှစ်ပေါင်း အစိတ်သုံး ဆယ်လောက်ရှိပြီဆိုတော့ မှတ်မိသလောက်တော့ ရှင်းပြပါတယ်။ အစက ဗီဒီယိုအက်ဥပဒေနဲ့ ထိထိရောက်ရောက် တားမြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ခေတ်ကြီးရဲ့တိုးတက်မှုအရှိန်အဟုန်က မြန်လွန်းတော့ ခိုးကူးတဲ့နည်းပညာတွေတိုးတက်လာတယ်။ တိုးတက်လာတယ်ဆိုတာ နိုင်ငံတော်ကြီး ကောင်းကျိုးအတွက်ဆိုရင်တော့ ကောင်းတာပေါ့။ ဒါပေမဲ့ တိုင်းပြည်ရဲ့ စီးပွားရေးကို တစ်ခန်းတစ်ကဏ္ဍက ပံ့ပိုးပေးနေတဲ့ ရုပ်ရှင်နဲ့ ဗီဒီယိုလုပ်ငန်းကြီးကို ယိုင်နဲ့ရုံမကဘူး၊ ပျောက်ကွယ်သွားအောင်ပါ ခိုးကူးခွေက ခြိမ်းခြောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com




ဟိုတလောက မြို့ထဲတစ်နေရာမှာ ခိုးကူးခွေဖမ်းလိုက်တယ်။ ရုံမတင်ရသေးတဲ့ ရုပ်ရှင်ကားကြီးတစ်ကား အပါအဝင် ဗီဒီယိုဇာတ်ကား သုံးဆယ်ကျော် ဖမ်းမိလိုက်တယ်။ တရားခံကို နေ့ချင်းပဲ အာမခံပေးလိုက်တယ်။ အာမခံပေးလိုက်လို့ ရဲကိုလည်း အပြစ်ပြောလို့မရဘူးလေ။ ဗီဒီယိုအက်ဥပဒေက ပြဋ္ဌာန်းထားတဲ့အတိုင်းပဲ လုပ်ရတာ။ ခိုးမှုရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်က ရာဇသတ်ကြီး ပုဒ်မ ၃၇၈ မှာ ''တစ်ဦးတစ်ယောက်သောသူ၏လက်ရှိမှ ထိုသူသဘောမတူဘဲ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခုကို ယူရန်ကြံရွယ်၍ ထိုသို့ယူရန်ကိစ္စအလို့ငှာ ထိုပစ္စည်းကို ရွှေ့စေလျှင် ထိုသူသည် ခိုးမှုကျူးလွန်သည်မည်၏'' တဲ့။ ခိုးမှုကျူးလွန်သူကို အမှုစစ်ဆေးနေစဉ်မှာ အာမခံမပေးဘဲ ချုပ်ထားရတဲ့အပြင် ပြစ်မှုထင်ရှားရင် သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ ဖော်ပြထားပါတယ်။

ရာဇသတ်ကြီးမှာ ဖော်ပြထားတဲ့ ခိုးမှုမှာ ပစ္စည်းကိုယူသွားတာမပြောနဲ့၊ ထားတဲ့နေရာကနေ မရိုးမဖြောင့်သောသဘောနဲ့ ရွှေ့စေတာနဲ့တင် ခိုးမှုမြောက်နေပါပြီ။ ဒါ နစ်နာသူတစ်ဦးတစ်ယောက်ပဲရှိသေးတာနော်။ ဗီဒီယို ခိုးကူးခွေကိစ္စမှာ ထုတ်လုပ်သူအနေနဲ့ ဇာတ်လမ်းကောင်းရှာဝယ်၊ သရုပ်ဆောင်ကောင်းတွေငှား၊ စက်ပစ္စည်းကိရိယာတွေငှား၊ အလုပ်သမားတွေငှား၊ ကျွေးမှုမွေးမှုတွေ တာဝန်ယူ၊ စိတ်ပင်ပန်းမှု၊ လူပင်ပန်းမှုတွေနဲ့ ဖန်တီးထုတ်လုပ်လိုက်တဲ့ ဇာတ်လမ်းတစ်ပုဒ်၊ ဇာတ်ကားတစ်ကားကို အလွယ်တကူ ခိုးကူးပြီး ခိုးဖြန့်လိုက်တာ ထုတ်လုပ်သူတစ်ဦးကိုတင်မကသေးဘူး။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုပါ မရိုးမဖြောင့်တဲ့စိတ်နဲ့ ရိုက်ချိုးလိုက်တာပါ။ ဒီလိုကျူးလွန်သူတွေကို အာမခံ မပေးတဲ့အပြင် ပြင်းထန်တဲ့ပြစ်ဒဏ်ကိုပါ ချမှတ်သင့်တယ်လို့ ထင်ပါတယ်။ အခုတော့ အသေးစားခိုးမှုလောက်တောင် ပြစ်ဒဏ်က မပြင်းထန်ဘူးဆိုတော့ ဖမ်းမိလည်း အေး

www.burmeseclassic.com

ဆေးပဲဆိုပြီး ခိုးကူးခွေပြဿနာက ဥပဒေရဲ့ထိပ်ကိုပုတ်ပြီး ဆော့နေလေရဲ့။

နိုင်ငံတကာကို ရင်ပေါင်တန်းရမယ့် ရုပ်ရှင်နဲ့ဗီဒီယို ထုတ်လုပ်ဖြန့်ချိမှုဟာ ခိုးကူးခွေနှိပ်စက်တာနဲ့တင်ယိုင်နဲ့နဲ့ဖြစ်နေပါပြီ။ ဒီကိစ္စကို နိုင်ငံတော်အနေနဲ့လည်း အရေးတယူနဲ့ ဖြေရှင်းပေးဖို့ လိုနေပါပြီ။ ရုပ်ရှင်နဲ့ ဗီဒီယိုအက်ဥပဒေကို ပြင်ဆင်ပြီး ထိရောက်စွာပြဋ္ဌာန်းဖို့ လိုအပ်နေပါပြီ။ နိုင်ငံတကာနဲ့ယှဉ်ရင် မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုဟာ DRAMA နဲ့ ဟာသ နှစ်မျိုးပေါ်မှာပဲ မှီခိုနေရတာပါ။ ဖန်တီး တီထွင်မှုတွေနဲ့ ပတ်သက်လာရင် နောက်ဆုံးတန်းမှာ ရောက်နေကြရတာပါ။ ထုတ်လုပ်သူ အဆင်ပြေပါမှ ရုပ်ရှင်နဲ့ ဗီဒီယိုလောကကို ကျားကန်နိုင်မှာပါ။ နိုင်ငံတော်အနေနဲ့ ခိုးကူးခွေပပျောက်သွားအောင် ဥပဒေပြု နှိမ်နင်းပေးပါလို့ တင်ပြချင်ပါတယ်။


နိုင်ငံတော်ရဲ့တာဝန်ပြီးတော့ ကျွန်တော့်ရဲ့တာဝန်ပိုင်းပါ။ ကျွန်တော့်တာဝန်က ပရိသတ်ကြီးကို ဒီလအတွက် ဗီဒီယိုဇာတ်ကားသစ်တစ်ကားနဲ့ မိတ်ဆက်ပေးဖို့ပါ။ ဒီလဇာတ်ကားလေးကတော့ ဟာသဇာတ်ကားလေးတစ်ကားပါ။ ရွှေကန့်ကော် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက စီစဉ်ပြီး ဇာတ်ညွှန်း မင်းညီ၊ ဒါရိုက်တာ နေပိုင်ရိုက်ကူးတဲ့ ''ရပ်ကွက်အထာ''ဆိုတဲ့ ဗီဒီယိုဟာသဇာတ်ကားလေးပါ။ ဒီဇာတ်ကားလေးမှာ အကယ်ဒမီ ခန့်စည်သူ၊ ရွှေမှုံရတီ၊ စိုးမိုးကြည်၊ ကောင်းဆက်ထူး၊ ထူးခြား၊ ဦးဝင်းမြိုင်နဲ့ သရုပ်ဆောင်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

''ရပ်ကွက်အထာ''ဆိုတဲ့ ဇာတ်ကားနာမည်အတိုင်းပေါ့။ ရပ်ကွက်ထဲမှာ စရိုက်မျိုးစုံ၊ လူမျိုးစုံ၊ ပြဿနာမျိုးစုံကို ရောသမမွှေထားတဲ့ ဟာသမြောက်တဲ့ အဖြစ်မျိုးစုံကို ဇာတ်လမ်းဆင်ပြီး ရိုက်ပြထားတာပါ။ ဆိုပါစို့၊ ခန့်နောင်ဆိုတဲ့ လူငယ်လေးတစ်ယောက်၊ သူက ပရဟိတ စိတ်အပြည့်ရှိတယ်။ လူတကာကို ကူညီချင်တယ်။ ဒါ ကြောင့် သူ့ကို ရပ်ကွက်ထဲမှာ လူကြီးလူငယ်မရွေး ချစ်ကြတယ်။ သူ့မှာ အစ်မအပျိုကြီးတစ်ယောက်ရှိတယ်။ မခင်နှောင်းတဲ့။ ခန့်နောင်ရဲ့စိတ်ဓာတ်လေးကို သိရအောင် သူတို့ရဲ့ အိမ်တွင်းရေးပြဿနာလေးတစ်ခုကို ပြောပြမယ်။ အပျိုကြီး မခင်နှောင်းဆီကို အိမ်ဖော်ပွဲစားက အိမ်ဖော်ရှာလာပေးပြီး ပွဲစားခရယ်၊ လခ (၃)လခ ကြို



www.burmeseclassic.com

ထုတ်မယ်ပြောတယ်။ မခင်နှောင်းက တစ်ပတ် စမ်းခိုင်းကြည့်မယ်၊ အသုံး တည့်တော့မှ ပွဲခပါ ပေါင်း ပေးမယ်တဲ့။ ခန့်နှောင်က ဘယ်လိုဝင်ရှင်းလဲဆိုတော့ မရှိန္ဓမ်းပါးလို့ လုပ်စားသူ တွေကို မနှိမ်ဖို့၊ ဆင်းရဲ သူတွေကိုထောက်ပံ့တာ မင်္ဂလာတရားနဲ့ ညီတယ် ဆိုပြီး ပိုက်ဆံထုတ်ပေး လိုက်တယ်။ သိပ်မကြာ ပါဘူး။ အိမ်ဖော်က မချေ မင်နဲ့ မကျေနပ်ရင်အလုပ် ဖြုတ်လိုက်၊ အခုပြန်မယ် လို့ပြောရော။ မခင်နှောင်း က နင်တို့ယူထားတဲ့ငွေ တွေ ဘယ်လိုရှင်းမလဲဆို တော့ ပွဲစားနဲ့ရှင်းတဲ့။ ခန့်နှောင်က အိမ်ဖော်ပြန်ချင်ရင် ပြန်ပါစေဆိုပြီး မုန့်ဖိုးပါ ထပ်ပေးလိုက်သေးတယ်။



နောက်တစ်ယောက်က ဦးညွန့်ရွှေတဲ့။ တပ်မတော်က ဗိုလ်ကြီးဘဝနဲ့ အနားယူလာတဲ့ စစ်ပြန်စစ်မှုထမ်းဟောင်းကြီး။ နေရာတကာမှာ တစ်သွေး၊ တစ်သံ၊ တစ်မိန့်။ ရေဘူးပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲလိုချင်တယ်ဆိုတာမျိုးပေါ့။ ဦးညွန့်ရွှေမှာ တစ်ဦးတည်းသော သမီးလေးရှိတယ်။ သက်ထားတဲ့။ နိုင်ငံခြားကပြန်လာတာ မကြာသေးဘူး။ သမီးကို နိုင်ငံခြားက ဓလေ့စရိုက်တွေ နိုင်ငံခြားမှာထားခဲ့ဖို့ မြန်မာပြည်မှာ မြန်မာ့ဓလေ့စရိုက်အတိုင်းနေဖို့ အမိန့်ထုတ်၊ တပည့်ကျော် တိုးကြီးက သမီးလေးတစ်ယောက်တည်းရှိတာ စိတ်ချမ်းသာသလိုနေပါစေလို့ ဝင်ပြောတော့ တိုးကြီး နားရင်းအုပ်ခံရပါလေရော။ ဦးညွန့်ရွှေနဲ့ သမီးသက်ထားအဖြစ် ဦးဝင်းမြင့်နဲ့ ရွှေမှုံရတီတို့က သရုပ်ဆောင်ထားပါတယ်။

တစ်နေ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရေချမ်းက ရပ်ကွက်အတွင်း လမ်းခင်းဖို့ ကိစ္စ အစည်းအဝေးခေါ်တယ်။ ဦးညွန့်ရွှေက တစ်အိမ်ဘယ်လောက်ပေးရမယ်၊ မပေးရင် အရေးယူမယ်ဆိုပြီး အမိန့်ထုတ်ခိုင်းတယ်။ ခန့်နှောင်က ဒါ ရပ်ကွက်ဖြစ်ကြောင်း၊ စစ်တပ်မဟုတ်ကြောင်း၊ ခေတ်စနစ်ပြောင်းသွားပြီ ဖြစ်ကြောင်း၊ ဒီမိုကရေစီ ခေတ်မှာ ပြည်သူ့ဆန္ဒသာ အရေးကြီးကြောင်း၊ ဆင်းရဲမွဲတေသူတွေကို အတင်း လည်ပင်းမညှစ်သင့်ကြောင်း၊ လမ်းခင်းရန် လိုအပ်တဲ့ငွေကို ရန်ပုံငွေပွဲစီစဉ်၍ ရှာသင့်ကြောင်း ပြောတော့ ရပ်ကွက်နေလူအများက ခန့်နှောင်ကို ဝိုင်းပြီး ကောင်းချီးပေးကြတဲ့အတွက် ဦးညွန့်ရွှေ ရှက်ရမ်းရမ်းပြီး အစည်းအဝေးက ထပြန်သွားတယ်။

သက်ထားက ဈေးကအပြန် လမ်းမှာ Facebook သုံးလာတယ်။ တိမ်တိုက်ဆိုတဲ့ကောင်လေးနဲ့ ဝင်တိုက်မိတယ်။ သက်ထားက မတောင်းပန်တဲ့အပြင် သူကဦးအောင်ကောတော့ ပြဿနာတက်တာပေါ့။ အိမ်နားကို ရောက်လာတော့ ဦးညွန့်ရွှေနဲ့ ထပ်ပြီးပြဿနာတက်တာပေါ့။ ဒီပြဿနာကို ခန့်နှောင်က ဝင်ရှင်းလိုက်လို့ ခန့်နှောင်နဲ့ သက်ထား ခင်သွားကြတယ်။ ခန့်နှောင်က သက် ထားလှကြောင်း၊ သူ့အဖေက စစ်ထွက်ကြီးဖြစ်တဲ့ အကြောင်း အစ်မခင်နှောင်းကို ပြောပြတော့ မခင်နှောင်းက စစ်ဆိုရင် ရေကိုတောင် စစ်မသောက်ချင်အောင် မုန်းကြောင်း၊ ဦးညွန့်ရွှေကိုစိတ်နာကြောင်းပြောတော့ ခန့်နှောင်က ဘာဖြစ်လို့ ဦးညွန့်ရွှေကို စိတ်နာတာလဲလို့ မေးတာပေါ့။ မခင်နှောင်းက မအီမလည်နဲ့၊ တစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ခုခုပဲ။ တိမ်တိုက်အဖြစ် ထူးခြားက သရုပ်ဆောင်ထားပါတယ်။

ရပ်ကွက်ထဲမှာ ထောင့်ငါးရာတန် ဖုန်းတွေ မဲဖောက်တော့ အုပ်ချုပ်ရေးမှူး အမျိုးတွေချည်း မဲပေါက်တော့ တိုင်ကြ တောကြနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးပြုတ်လို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးအသစ် ရွေးတဲ့ အခါ ခန့်နောင်က လူတိုင်းချစ်ခင်လေးစား ခံရတဲ့သူ၊ ဦးညွန့်ရွှေက တပ်က အရာရှိ ဟောင်းဆိုတော့ ဒီနှစ်ယောက်ပဲ အလား အလာကောင်းတာ။ သူတို့နှစ်ယောက်ပဲ ပြိုင် ကြရမှာ။

တိမ်တိုက်က သက်ထားကိုကြိုက်နေ ကြောင်း အရက်ဝိုင်းမှာ ပြောတဲ့အခါ တိုးကြီး က သူ့ဆရာက မင်းလိုကလေကချေနဲ့သဘော တူမှာမဟုတ်ဘူးလို့ပြောတော့ တိမ်တိုက်နဲ့ တိုးကြီး ငြိကြတာပေါ့။ တိမ်တိုက်က သူ့ကိုယ် မှာထိုးထားတဲ့ တက်တူးတွေကိုပြတယ်။ တိုး ကြီးက သူ့လည်ပင်းမှာထိုးထားတဲ့ တက်တူးကို ပြတယ်။ တိမ်တိုက်က မင်းလည်ပင်းက ညှင်း ကွက်တွေကိုဖုံးအောင် ထိုးထားတာလို့ရိတော့ တိုးကြီးတင်းသွားသလို တိမ်တိုက်နေမကောင်းလို့ ဆေးခန်းမှာ ဆေးထိုးတာကိုအော်တော့ တက်တူး ထိုးတာတော့ ငြိမ်ခံပြီး ဆေးထိုးတာကျတော့ အော်တယ်ဆိုပြီး ရိပြန်ပါရော။ အင်း.... ရပ်ကွက်ထဲမှာ၊ ရပ်ကွက်ထဲမှာ။

သက်ထားဈေးဝယ်တာကို ဦးညွန့်ရွှေလိုက်ပို့ရင်း ဆိုင်ရှေ့မှာ ရပ်စောင့်နေတုန်း မခင်နှောင်း ဆိုင်ရှေ့ကို ဖြတ်လာတာတွေ့တော့ ဦးညွန့်ရွှေက ဝမ်းသာအားရ “ခင်နှောင်း”လို့ ခေါ်လိုက်တယ်။ မခင်နှောင်းက ၁၆ နှစ်သမီးလို မျက်စောင်းထိုးပြီး အဖက်မလုပ်ဘဲ ထွက် သွားတယ်။ ဘာဇာတ်လမ်းတွေ ရှိခဲ့ကြလဲမသိဘူး။ အင်း.....ရပ်ကွက်ထဲမှာ၊ ရပ်ကွက်ထဲမှာ။

ရပ်ကွက်အုပ်ချုပ်ရေးမှူး အသစ်ရွေးတဲ့အချိန်ကျ တော့ ဦးညွန့်ရွှေက သူ့တပည့် တိုးကြီးကို ရပ်ကွက်ထဲ မှာ စည်းရုံးခိုင်းတယ်။ သူ့ကိုမဲပေးတဲ့လူကို ဆန်တစ် ပြည်နဲ့ ဆီ ၅၀ ကျပ်သားပေးမယ်ပေါ့။ တကယ်တမ်း ရွေးတော့ ခန့်နောင် မဲအပြတ်နိုင်ပြီး ရပ်ကွက်အုပ်ချုပ် ရေးမှူးဖြစ်သွားတယ်။ ဦးညွန့်ရွှေ သွေးတိုးပြီး မူးလဲ သွားတယ်။ ဆရာဝန်ပင့်ရတာပေါ့။ သက်သာသွားတဲ့ အခါ အိမ်မှာ ဆရာဝန်တစ်ယောက်ရှိသင့်တယ်၊ ဒါ ကြောင့် သမီးအိမ်ထောင်ပြုရင် ဆရာဝန်နဲ့ အိမ်ထောင် ပြုရမယ်ဆိုပြီး အမိန့်ပေးတယ်။ ဆရာဝန်အဖြစ် ကောင်း ဆက်ထူးက သရုပ်ဆောင်ထားပါတယ်။

ခန့်နောင် ရပ်ကွက်အုပ်ချုပ်ရေးမှူးလည်းဖြစ်ရော ရှင်းလိုက်ရတဲ့ ရပ်ကွက်ထဲက ပြဿနာတွေ တစ်မျိုး ပြီးတစ်မျိုး။ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



မစားရ။ ကဲ.....ကြည့်ဦး။ ခန့်နောင် ညဘက်အိပ်ပျော်နေတုန်း ရပ်ကွက်ထဲကမိန်းမတစ်ယောက် သူ့ယောက်ျားက သူ့ကိုရိုက်လို့တဲ့ လာတိုင်တယ်။ လိုက်ရှင်းရတယ်။ မခင်နှောင်းကပြောတယ်။ အစကတည်းက အေးအေးဆေးဆေးမနေဘဲ ဘုံကျွန်အလုပ် လုပ်ချင်တာကိုး။ ငါလည်း တစ်နေ့တစ်နေ့ အိမ်မှာတစ်ယောက်တည်းနေနေရတာ၊ တရားစခန်းပဲ သွားတော့မယ်တဲ့။

ဒီကြားထဲ ခန့်နောင်ရောဂါက မသေးဘူး။ သက်ထားကို ကျိတ်ပြီးကြိုက်နေတာ။ ဦးညွန့်ရွှေက ကမ္ဘာန်တစ်ထောင်ထက်ဆိုးသေး။ ဘယ်လိုကြံရမှန်းမသိဘူး။ ဒီလိုနဲ့ ညဘက် ညှော်စာရင်းစစ်ဖို့ကြံတယ်။ ဦးညွန့်ရွှေက သူ စစ်မှုထမ်းဟောင်း၊ ဥပဒေကိုလိုက်နာတယ်၊ ဘာညှော်သည်မှမရှိဘူး၊ ရှိရင် ညှော်စာရင်းလာတိုင်မှာ၊ အရှာမခံနိုင်ဘူးဆိုတော့ ခန့်နောင်က ဥပဒေကိုလိုက်နာရင် တာဝန်အရလာသူတွေကို ကူညီတဲ့အနေနဲ့ ကြည်ဖြူစွာနဲ့ စစ်ဆေးမှုကိုခံယူပါဆိုတော့ ဦးညွန့်ရွှေ မတတ်သာတဲ့အဆုံး အစစ်ဆေးခံရတော့တယ်။ ရပ်ကွက်ကတာဝန်ရှိသူတွေနဲ့ ခြံရှေ့မှာ ဦးညွန့်ရွှေနေခဲ့တယ်။ ခန့်နောင်က ညှော်စာရင်းစစ် သလိုနဲ့ သက်ထားကို ဝင်ပြီး ရည်းစားစကားပြောတယ်။ ကောင်းလိုက်တဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး။ ဆရာဝန်နဲ့ တိမ်တိုက်ကလည်း တစ်မှောင့်။ တစ်ယောက်နဲ့တစ်ယောက်ပွေ့ဖက်ပြီးအခုဆိုရင် ယောက်ျားချင်းတွေ အခမ်းအနားနဲ့တောင် လက်ထပ်နေကြတာ၊ သူတို့လည်း လက်ထပ်လိုက်ကြရင်ကောင်းမယ်လို့ပြောတာကို သက်ထားကြားသွားပြီး ဒါနဲ့များ ကျွန်မကို ချစ်ရေးဆိုကြသေးတယ်ဆိုတော့ သူတို့က ဘာပြောလဲသိလား။ သူများတွေရိပ်မိသွားမှာစိုးလို့ ကြိုက်ဟန်ဆောင်တာပါတဲ့။ ကဲ.....

ခန့်နောင်ကလည်း ပဲခူးမှာ မိဘမဲ့ကလေးတွေ ပရဟိတလုပ်ငန်း ကုသိုလ်ရအောင်ဆိုပြီး သက်ထားကိုခေါ်တော့ သက်ထားကလည်း လိုက်သွားတယ်။ ပဲခူးကအပြန်ကားပျက်တော့ သက်ထားအကြောက်လွန်ပြီး အိမ်မပြန်ရဲတော့တာနဲ့ ခန့်နောင်နောက်ကို ခိုးရာလိုက်ရတော့တာပေါ့။ အဲဒီမှာ ဦးညွန့်ရွှေက ပွဲကြမ်းတော့ မခင်နှောင်းဝင်လာပြီး ရှင်းရတော့တာပေါ့။ ဒီတော့မှ မခင်နှောင်းနဲ့ ဦးညွန့်ရွှေတို့က ငယ်ကချစ်သူတွေ ဖြစ်နေတာကိုး။ နောက်တော့လည်း အဆင်ပြေသွားကြပါ၏ပေါ့။



ရယ်မောခြင်းဖြင့် ဘဝအမောပြေချင်ရင်တော့ ကြည့်သင့်တဲ့ကားလေးဖြစ်ပါကြောင်း မိတ်ဆက်တင်ပြလိုက်ရပါတယ်။

ဦးဝင်းမြင့် (သုမောင်)

www.burmeseclassic.com

# မောင်သာမန် (ဇီးကုန်း)

## ထာဝရရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲတွင် အချောဆုံး၊ အလှဆုံး ပြပါဆိုလျှင် မခင်မိကိုပြရမည်ဖြစ်သည်။ သူမသည် တခြားမိန်းကလေးများနှင့်မတူ။ အဆင်းလှ၍ အချင်းလည်းလှသည်ဟု ဆိုရပေမည်။ သူမ၏အလှအပသည် နှိုင်းပျမှုမရှိသည့်အပြင် ညင်သာအေးငြိမ်းသော နှုတ်စကားသည်လည်း ချိုမြလှ၏။ ထို့ကြောင့်ပင် ဆန့်ကျင်ဘက်ယောကျ်ားများသာမက ဘဝတူ မိန်းမသားများကပါ သူမကို ချီးမွမ်းကြသည်။

လှသော၊ ယဉ်သော၊ သိမ်မွေ့သော မခင်မိကို ယောကျ်ားကြီးငယ်မရွေး စိတ်ဝင်စားကြ၏၊ စိတ်လှုပ်ရှားကြ၏၊ စိတ်ကူးယဉ်ကြ၏။ ရည်ဆိုပါကလည်း အပိုင်ချိုင်လိုသောသူများရှိကြ၏။ ယင်းကဲ့သို့ အလှတွင်အယဉ်ဆင့်၍ အပြုံးစစခြင်း အမြဲတစေရှိနေသည့် မခင်မိအား ရပ်ကွက်အတွင်းနှင့် ပတ်ဝန်းကျင်ရှိ အမျိုးသမီးများက သူမ၏တင့်တယ်မှုအစုံစုံကို လက်ခံကြပါ၏။ သို့သော် မိမိတို့၏ လင်သား၊ မောင်၊ တူတို့အနေဖြင့် မခင်မိတစ်ယောက်နှင့် ရှုပ်ထွေးသွားကြမည်ကို အမျိုးသမီးများက အထူးစိုးရိမ်ကြသည်။ စိုးရိမ်မည်ဆိုက စိုးရိမ်လောက်ပါ၏။ အဘယ်ကြောင့်ဆိုသော် မခင်မိ အိမ်ထောင်ကျဖူးသောကြောင့်ဖြစ်၏။ မခင်မိ အိမ်ထောင်ကျခြင်းမှာ အိမ်ထောင်တစ်ဆက်တည်းဆိုက မထောင်းသာလှသော်လည်း ယခုမူ မခင်မိ၏ အိမ်ထောင်ကျခြင်းကား အိမ်ထောင်လေးဆက် ကျခဲ့ခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့်ပင် ရပ်ကွက်တွင်းရှိ မိန်းမသားများမှာ ယင်းတို့၏ လင်သား၊ ညီအစ်ကို၊ မောင်ဖားများအား မခင်မိနှင့် အရောတဝင်မဆက်ဆံရန် တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး သတိပေးကြ၏၊ ဆူကြပူကြ၏။ သူကောင်းသား ထိုအနီ

ယောကျ်ားများသည်ကား သူတို့၏ မိခင်၊ ဖနီး၊ အဒေါ်၊ အစ်မ၊ ညီမများ၏စကားကို မြေဝယ်မကျ နားထောင်ဘိအလား သူတို့၏ရှေ့တွင် တုတ်တုတ်မျှမလှုပ်ကြ။ နောက်ကွယ်တွင်မူ ထိုသူတို့ကား ကုပ်ကမြင်းများသာဖြစ်ကုန်၏။

ပြောသာပြောရသည်၊ မခင်မိတစ်ယောက် လင်ဆက်များသော်လည်း အရှက်အကြောက်ကြီး၍ ဣန္ဒြေရှိသူဖြစ်ပါသည်။ ယောကျ်ားကြီးငယ်တို့နှင့်လည်း အရောတဝင် ပြိတီတီမလုပ်တတ်။ မိန်းမပေါ့များပြောလေ့ရှိသည့် မဖွယ်မရာစကားမျိုး၊ ယောကျ်ားတစ်ယောက်အား လမ်းခင်းပေးသည့်စကားမျိုးမပြော။ ပင်ကိုသဘာဝအရ နှုတ်ချိုသူဖြစ်သော်လည်း ယောကျ်ားသားများအား မြူဆွယ်ခြင်း၊ ကြာပစ်ခြင်း လုံးဝမလုပ်သူဖြစ်ပါ၏။ မခင်မိ လင်ဆက်များရခြင်းမှာ တစ်နည်းဆိုရချေသော် အတိတ်က သူပြုဖူးသည့် ကံကြောင့်ဟု ပြောရမည်ဖြစ်သည်။

သို့စေကာမူ သူမ၏ဘဝ မည်သို့ပင် ရှိစေဦးတော့၊ ကိုယ်ကျင့်တရား မပျက်မယွင်းရှိသည့်အပြင် ရပ်ကွက်ထဲတွင်လည်း လူမှုရေးစိတ်ဓာတ် အပြည့်အဝရှိသူတစ်ယောက်ပင်။ ရပ်ကွက်ထဲတွင် မည်သူ့သာရေး၊ နာရေးဖြစ်ပါစေ သူမသည် အရောက်သွား၏။ မည်သူတစ်ဦးမှ ဂရုတစိုက် အရောတဝင်မရှိစေကာမူ သူမသည် အပြုံးမပျက်၊ ဝမ်းနည်းဟန်လည်းမပြ။ အပြုံးကိုဆောင်၍ ဗာဟီရလုပ်ရ

www.burmeseclassic.com



မည့်ကိစ္စများကို အောက်ခြေသိမ်း ဝင်လုပ်တတ်သည်။ ထို့ပြင် သူမ၌ရှိသော ငွေကြေးလေးပေါ်မူတည်၍ ကူညီမှုများ ပေးတတ်သေး၏။ ရပ်ကွက်ထဲတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ မီးနေပြီဆိုမှုဖြင့် မခင်မီတစ်ယောက် ရောက်လာတတ်မြဲဖြစ်၏။ မီးနေသည်အား စောင့်ရှောက်ပေးရုံမက အညစ်အကြေးများလည်း လျှော်ဖွပ်လုပ်ကိုင်ပေးတတ်သေးသည်။ အမျိုးသမီးများအနေဖြင့် လူမှုရေးစိတ်ဓာတ်အပြည့်ရှိသော မခင်မီအား သူမတို့၏ လင်၊ မောင်၊ တူသားတို့နှင့်ပတ်သက်၍ အမြင်မကြည်လင်သော်လည်း ပြောင်ဆန့်ကျင်ခြင်း မပြုလုပ်ကြပေ။ မခင်မီ လင်ဆက်များခြင်းအပေါ် အထင်သေး မုန်းတီးကြသော်လည်း မေးထူးခေါ်ပြောတော့ လုပ်ကြပါ၏။

မခင်မီအနေနှင့်လည်း ထိုသို့ဖြစ်ရခြင်းမှာ သူမ၏ ကံမကောင်း၊ အကြောင်းမလှခြင်းဟု သဘောထားပုံရ၏။ အမှန်စင်စစ်မခင်မီသည် မုဆိုးမမိခင်ကြီး ဒေါ်ဘုမနှင့် ရပ်ကွက်ဓမ္မာရုံနံဘေး၊ ကုက္ကိုပင်အောက်မြေကွက်လပ်၌ အသုပ်၊ မုန့်ဟင်းခါးရောင်း၍ လုပ်ကိုင်စားသောက်နေရသူဖြစ်ပါ၏။

သူမသည် ရုပ်လှသည်သာမက စိတ်ပါလှသောသူဖြစ်၏။ ထို့ကြောင့်ပင် သူမတို့၏ အသုပ်ဆိုင်လေးသည် အစဉ်အမြဲ လူပြည့်မြဲဖြစ်၏။ မခင်မီ၏အသုပ် ဆိုင်လေးသို့ ကျွန်တော်သည် အမြဲရောက်၏။ ရုပ်သာမက စိတ်ပါလှသော သူမ၏ တို့ဟူးသုပ်သည် အရသာရှိလှ၏။ ကျွန်တော်နှင့် သူငယ်ချင်းဖြစ်သူ သာအောင်၊ ထွန်းဇော်ဦးတို့နှင့်အတူ နေ့စဉ် အနည်းဆုံး တစ်ကြိမ်ရောက်လေ့ရှိသည်။ မခင်မီတို့ဆိုင်တွင် တစ်ခုခုစားသောက်ရန် သွားသည်လည်းရှိ၍ တစ်ခါတစ်ရံတွင်လည်း အကြောင်းမရှိ အကြောင်းရှာသွားတတ်၏။ ကျွန်တော့်နာမည်က ဖေသောင်း။

ကျွန်တော်သည် ထိုရပ်ကွက်၌မွေး၍ မခင်မီထက် အသက်ငါးနှစ်ခန့်ငယ်၏။ အသက်နှစ်ဆယ်သာရှိ၍ အတွေ့အကြုံနုနယ်သော ကျွန်တော်သည် မခင်မီ၏အလှ၌ ယစ်မူး၏။ မခင်မီ၏အပြော၌ မွေ့လျော်၏။ မခင်မီ၏အကြည့်၌ သာယာ၏။ ကြည်နူး၏။ တစ်ချိန်တစ်ခါက မခင်မီ ယောကျာ်းဘယ်နှဆက်ဖြစ်ပါစေ ကျွန်တော် ဂရုမစိုက်။ မခင်မီအား ချစ်သည့်စိတ်သည်သာ လွှမ်းမိုး၏။ သို့ကြောင့် သူမ၏ဆိုင်ကလေးသို့ သူငယ်ချင်းများနှင့်လည်းကောင်း၊ တစ်ဦးတည်းသော်လည်းကောင်း အကြောင်းမရှိအကြောင်းရှာ သွားတတ်၏။ တစ်ခါတစ်ရံ သူမ၏ဆိုင်လေး၌ ကျွန်တော်သည် ဗာဟီရလုပ်ငန်းလေးများအား ဝင်ကူညီတတ်သေး၏။

သို့ဖြင့် မခင်မီနှင့်ပတ်သက်၍ ကျွန်တော်၏နှလုံးသား၌ အချစ်တစ်ခု ပေါက်ဖွားလာခဲ့သည်ဟု ဆိုရပေတော့မည်။

XXX

စိတ်သဘောမနောကောင်းသော မခင်မီ၏ဆိုင်လေးသည် အမြဲလူပြည့်တတ်၏။ ကျွန်တော်သည် ကြိုက်မရှက်၊ ငိုက်မရှက်သည့်ပမာ သူမ၏ဆိုင်သို့သွား၍ အသုပ်တစ်ပွဲ မှာယူစားသောက်ပြီး သူမ၏အလှကို ငေးနေတတ်သည်။ ဒါကိုပင် သူမ သိပါသည်။ သိသော်လည်း မသိသကဲ့သို့ ဟန်ဆောင်၍ ကူ... ဖြင့် ရှိနေတတ်၏။ ကျွန်တော်က တစ်နေ့လုံးထိုင်ကြည့်၍ မရိုးနိုင်သော သူမ၏အလှ၌ ရူးပျက်ဆင်းပျ...

ယစ်မူးနေသည့်အခါများတွင်တော့ သူမက.....

"မောင်ဖေသောင်း အိမ်မှာ ဘာအလုပ်မှမရှိဘူးထင်တယ်"

ဟု သတိပေး၏။ သူမ၏သတိပေးချက်ကြောင့်ပင် ကျွန်တော်သည် ရှက်ကိုးရှက်ကန်းဖြစ်၍ ထပြန်မိဖြစ်၏။ သို့သော် နောက်တစ်နေ့တွင်လည်း ထိုသို့ပင်။

အချို့သောအကြောင်းများကြောင့် မခင်မီ ဆိုင်မထွက်ပါက 'မခင်မီ နေမကောင်းလို့များလား'ဟူသော စိုးရိမ်စိတ်ဖြင့် သူမတို့အိမ်သို့ လိုက်သွားတတ်သည်။ ထိုအခါများတွင်.....



**မခင်မီသည်**
**မြန်မာဆန်စွာ လှပ၏။**
**မြန်မာဆန်စွာ**
**ယဉ်ကျေး၏။**
**မြန်မာဆန်သည့်**
**စိတ်အလှရှိသည်မို့**
**ကျွန်တော်သည်**
**မခင်မီကို**
**ချစ်မိခြင်းပင်ဖြစ်၏။**
**ပွင့်လင်းစွာဆိုရပါလျှင်**
**တစ်သက်မှာ**
**တစ်ခါသာ**
**ချစ်မိသောအချစ်ဟု**
**ဆိုရမည်သာ**
**...**

"မမမီ ဘာမှမဖြစ်ပါဘူး၊ နေကောင်းပါတယ်၊ နက်ဖြန် လပြည့်နေ့မို့ ဘုန်းကြီးကျောင်းကို ဆွမ်းပို့မလို့၊ အဲဒါကြောင့် ဆိုင်မထွက်တာကွဲ့၊ နောက်ပြီး မင်းကိုတစ်ခုပြောချင်တာက မမမီတို့အိမ်ကို မောင်ဖေသောင်း မလာပါနဲ့ကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့အမေနဲ့ ညီမက မင်းနဲ့မမမီ ခေါ်ပြောဆက်ဆံတာကို မကြိုက်ကြဘူးလေ၊ မမမီမှာလည်း ယောကျ်ားရှိတာမဟုတ်တော့....."

မခင်မီသည် အစဉ်အမြဲ နှုတ်ချိုမြဖြစ်သော်လည်း သူမ၏အိမ်သို့ ကျွန်တော်သွားရောက်ခဲ့ပါက ညင်သာစွာ နှင်ထုတ်လေ့ရှိပါသည်။

မခင်မီ၏အိမ်တွင် မည်သည့် ယောကျ်ားကိုမျှ လက်ခံခြင်းအလျှင်း မရှိပါချေ။

မခင်မီအား ကျွန်တော် အထင်ကြီးလေးစားရသည့်တစ်ချက်မှာ မခင်မီသည် ဘဝပေးအခြေအနေအရ ရှစ်တန်းအောင်မြင်ပြီး ကျောင်းဆက်၍မတက်ခဲ့ရသော်လည်း စာကိုအလွန်ဖတ်သူဖြစ်ပါ၏။ ကဗျာ၊ ဝတ္ထု၊ မဂ္ဂဇင်းတို့ကို တွေ့သမျှဖတ်လေ့ရှိသည်။ ဈေးသို့ ကုန်ပစ္စည်း သွားရောက်ဝယ်သည့်အခါများတွင် စာအုပ် တစ်အုပ်၊ နှစ်အုပ် ဝယ်လာလေ့ရှိသည်။ ကြာလာသည်နှင့်အမျှ စာရေးဆရာကြီးများ၏စာတို့နှင့် ရင်းနှီးနေတော့၏။

အသုပ်ဆိုင်သို့ ကျွန်တော်တို့ သွားလေတိုင်း ကျွန်တော်တို့အား စာအကြောင်းပေအကြောင်းများပြော

www.burmeseclassic.com

www.burmeseclassic.com

တတ်၏။ အထင်ကြီးလေးစားစရာ တစ်ချက်ပင်ဖြစ်သည်။ ကျွန်တော်တို့ပင် သူ့လောက်မသိ။ ကျွန်တော်တို့ကိုလည်း သူမ၏စာအုပ်များပေးဖတ်ပါ၏။ မခင်မီ ကျေနပ်ပါစေတော့ဟု စာအုပ်များကို လက်ခံယူခဲ့သော်လည်း စာအုပ်များကို ဖြစ်ဖြစ်မြောက်မြောက် မဖတ်မိ။ သို့သော် သူမ၏စာအုပ်ကြား၌ ကျွန်တော်၏ရည်းစားစာကို ညှပ်၍ပေးမိသည်။ နောက်တစ်နေ့တွင် သူမက.....

"မင်းတို့ကွယ် မမမီကို ဘာများအောက်မေ့နေသလဲဟင်၊ မင်းတို့ကို မမရဲ့စာအုပ်တွေ ပေးဖတ်တာက မင်းတို့ ဗဟုသုတရဖို့ သိစေချင်လို့၊ တတ်စေချင်လို့ စာအုပ်တွေပေးလိုက်တာ၊ အခုတော့ စာမဖတ်တဲ့အပြင် စာအုပ်ကြားထဲ ရည်းစားစာညှပ်ပေးတယ်၊ နောက်ကိုပြောထားမယ်၊ မမမီဟာ မင်းတို့ကြိုက်ရမယ့်မိန်းမ မဟုတ်ဘူး၊ ခုတစ်ခါ ရှိပစေတော့၊ နောက်ကို စာပေးလား ဘာလားလုပ်ရင် ဟောဒီ ယောက်မစာမိမယ်"

မခင်မီသည် တည်တည်ပြတ်ပြတ်ဖြင့် ကျွန်တော့်အားစောင်း၍ ပြစ်တင်ကြိမ်းမောင်းခဲ့ပါသည်။ ကျွန်တော်သည် မခင်မီအား မကြည့်ရဲ၊ ရင်ခုန်လိုက်မောစွာဖြင့် ခေါင်းငုံ့၍နေရ၏။ ကျွန်တော်သည် မခင်မီအား မချစ်မိရန် ကြိုးစားပါသော်လည်း ကြိုးစား၍မရ။ ရင်တွင်း၌ ဖြစ်ပေါ်နေသော ဝေဒနာများသည် တိုးတိတ်စွာ ကုစား၍မရသော ခံစားချက်များဖြစ်ခြင်းကြောင့် ရင်ဖွင့်ရန် ကြိုးစားပါသော်လည်း မိခင်ဖြစ်သူနှင့် ညီမဖြစ်သူတို့၏ ဟန့်တားမှုကြောင့် လေထဲတွင် တိုက်အိမ်ဆောက်သကဲ့သို့ ပျက်ပြယ်သွားရသည်သာရှိပေ၏။

တကယ်အားဖြင့် မခင်မီသည် ရှစ်တန်းတက်သည့်နှစ်၌ပင်ကျောင်းထွက်လိုက်ရသည်။ သူမ၏ဖခင်ဆုံးပါးသဖြင့် မခင်မီတို့သားအမိ အလုပ်အကိုင်မရှိ အနေအစားကျပ်ခဲ့ရသေး၏။ ထို့နောက် မခင်မီကျောင်းထွက်လိုက်ပြီး ဈေးအတွင်း၌ ကုန်စိမ်းများအားကောက်၍ မြေကြီးပေါ်တွင် ဖန်းချလျက် ရောင်းခဲ့ရသည်။ ထိုကာလအတွင်း ဆိုက်ကားဆရာလေး လှမော်ဦးနှင့် ကုန်အသယ်အပြုလုပ်ရင်း ရင်းနှီးရာမှတစ်ဆင့် မေတ္တာမျှခဲ့ကြသည်။ ဖခင်ဆုံး၍ လောကဓံလှိုင်းဂယက်ထဲ ဝင်ရောက်စ သားအမိနှစ်ယောက် ဒုက္ခရောက်နေစဉ်ကာလအခြေအနေသည် လှမော်ဦးနှင့် မခင်မီ အိမ်ထောင်ပြုရန် ဖန်တီးသကဲ့သို့ ဖြစ်လာရ၏။

သို့ဖြင့် ဆယ့်ခြောက်နှစ်ကျော်ကျော်သာရှိသေးသော မခင်မီတစ်ယောက် လှမော်ဦးနှင့် လက်ထပ်ခဲ့သည်။ လှမော်ဦးသည် မခင်မီအား မြတ်နိုးသူတစ်ယောက်ဖြစ်၍ အလုပ်မှန်သမျှ ကြိုးစားလုပ်ကိုင်ခဲ့ပါ၏။ မခင်မီတို့သားအမိဘဝလေး ငြိမ်းချမ်းအောင်ဆောင်ရွက်ခဲ့ပါ၏။ သို့သော် အိမ်ထောင်သက် သုံးနှစ်နီးပါးခန့်တွင် လှမော်ဦးတစ်ယောက် ရုတ်တရက် အပြင်းဖျား၍ ဆုံးပါးခဲ့ရသည်။ ထိုစဉ်က မခင်မီမှာ ပဋ္ဌမြေလူးသည့်ပမာ ပြင်းထန်စွာ ခံစားခဲ့ရသည်။ အရွယ်မရင့်မီ ဆုံးပါးသွားရသော ယယ်ချစ်အတွက် မခင်မီမှာ ဖြေမဆည်နိုင်ခဲ့။ သို့စေကာမူ လွမ်းရေးထက် ဝမ်းရေးကခက်သည်မို့ မူလပထမ ဈေးရောင်းခြင်းလုပ်ငန်းအား ပြန်လည်လုပ်ကိုင်ရပြန်သည်။

မုဆိုးမဖြစ်၍ တစ်နှစ်ကျော်ကျော်ကာလအကြာတွင် တခြားရပ်ကွက်မှ မုဆိုးဖို ဦးလူကျော်က မေတ္တာရှိကြောင်း ကြားလူများမှတစ်ဆင့် ကမ်းလှမ်းလာ၏။ လူကြီးများ၏ နားချသိမ်းသွင်းမှုများဖြင့်သာမက မခင်မီ၏ရှေ့ရေးမျှော်တွေးလျက် ဦးလူကျော်နှင့် လက်ထပ်ခဲ့ပါသည်။ ပထမပိုင်းတွင် ဦးလူကျော်အနေဖြင့် မခင်မီအား မေတ္တာရှိသယောင် ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဦးလူကျော် အိမ်သို့မကပ်။ ထို့နောက် ဦးလူကျော်တစ်ယောက် မိန်းမပေါ့တစ်ဦးနှင့် ငြိစွန်းသွားပြီး တရားဝင်လက်ထပ်လိုက်ရသည့်အတွက် မခင်မီ ဦးလူကျော်အား ကွာရှင်းပြတ်စဲခဲ့သည်။ ထိုအခါများတွင် ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာနေသည့် သူမ၏အဖြစ်အား တွေးတောဝမ်းနည်းလျက် သွားလေသူ ခင်ပွန်း လှမော်ဦးအား တမ်းတငိုကြွေးခဲ့ရသည်။

မခင်မီမှာ ဒုတိယအိမ်ထောင် ပျက်ပြီးနောက် ဘဝရပ်တည်နိုင်ရန် ဈေးရောင်းရပြန်၏။ ထိုသို့ဈေးရောင်းနေစဉ်အတွင်း စီမံကိန်းတံတား

www.burmeseclassic.com

www.burmeseclassic.com


ဆောက်လုပ်သည့် အလုပ်သမား ခေါင်း ကိုစံရင်နှင့် ရင်းနှီးခြင်းမှတစ်ဆင့် ငြိစွန်းခဲ့သည်ကြောင့် ကိုစံရင်နှင့် လက်ထပ်ခဲ့ပြန်သည်။ ကိုစံရင်သည် အလုပ်ကိုအကြောင်းပြ၍ တစ်လလျှင် ဆယ်ရက်ခန့် မခင်မီနှင့်အတူနေထိုင်ပြီး ဆိုဒ်ထဲသို့ပြန်သွားလေ့ရှိ၏။ နောက်ဆုံး မခင်မီကြားရသည့်သတင်းကား သူမအတွက် မင်္ဂလာမရှိသော သတင်းဖြစ်ခဲ့၏။ ယင်းမှာ ကိုစံရင်တွင် မယားကြီးနှင့် သားသမီးများရှိခြင်းကြောင့်ပင်ဖြစ်၏။ ကိုစံရင် အိမ်သို့လာသည့်အခါတွင် မခင်မီသည် ကိုစံရင်အား ပါးရိုက်၍ အိမ်မှနှင်ထုတ်လိုက်တော့၏။ နောက်ဆုံးအိမ်ထောင်သည်ကား ကိုသန့်စင်ဆိုသူဖြစ်၏။ ကိုသန့်စင်ဆိုသူကို ယူပြီးကာမှ လောင်းကစားသမားဖြစ်ကြောင်း သိရသဖြင့် မခင်မီတစ်ယောက် ယူကျုံးမရဖြစ်ခဲ့ရပြန်၏။ ကိုသန့်စင်နှင့် လက်ထပ်သည်မှ မကြာသေး။ ဖဲမှုဖြင့် ထောင်ကျသွားသောကြောင့် ကိုသန့်စင်အား ကွာရှင်းပြတ်စဲခဲ့ရပြန်၏။

မခင်မီတစ်ယောက် အိမ်ထောင်လေးဆက်ကျသွားပြီးသည့်နောက် ငါးဆက်မြောက်အိမ်ထောင်သည် မည်သူဖြစ်မည်နည်းဟု ရင်ကွက်အတွင်း ပဟေဠိသဖွယ် ဖြစ်နေခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်သည်။ ထိုကာလတွင် မခင်မီ၏ အချစ်ကို ရရှိရန် ဖွင့်ပြောတော့မည်ဟု ကျွန်တော် ဆုံးဖြတ်ထားပါ၏။ သို့ဖြင့် မခင်မီတစ်ယောက် ကုန်ပစ္စည်းဝယ်ယူရန် ဈေးသို့သွားသည်ကို အကြောင်းပြု၍ ကျွန်တော်သည် ရပ်ကွက်ထိပ်ညောင်ပင်ကြီးအောက် ကွပ်ပျစ်ပေါ်၌ သူမပြန်အလာကို စောင့်နေခဲ့သည်။

မခင်မီသည် မြန်မာဆန်စွာ လှပ၏။ မြန်မာဆန်စွာ ယဉ်ကျေး၏။ မြန်မာဆန်သည့် စိတ်အလှရှိသည်မို့ ကျွန်တော်သည် မခင်မီကို ချစ်မိခြင်းပင်ဖြစ်၏။ ပွင့်လင်းစွာဆိုရပါလျှင် တစ်သက်မှာ တစ်ခါသာ ချစ်မိသောအချစ်ဟု ဆိုရမည်သာ။

xxx

မခင်မီတစ်ယောက် လက်ဆွဲခြင်းနှင့် အထုပ်များဆွဲ၍ လာနေပါ၏။ သူမအား လှမ်းတွေ့နေရသော ကျွန်တော်သည် ရင်တလုပ်လုပ်ဖိုလျက်ရှိ၏။

"မောင်ဖေသောင်း၊ မင်းဘယ်သူ့ကို စောင့်နေတာလဲ"

သူမ၏အမေးကို ကျွန်တော် ပြန်၍မဖြေနိုင်။ ရင်ခုန်လိုက်မောမှုများစွာဖြင့် ဘာပြော၍ ဘာဆိုရမှန်းမသိ။

"ဟဲ့.....မမမီမေးနေတယ်၊ ဒီမှာ ဘာလုပ်နေတာလဲလို့"

သူမက ထပ်၍မေးလာသည်ကြောင့် ကျွန်တော်က အရဲစွန့်၍...

"ကျွန်တော် မမမီကိုစောင့်နေတာ"

မခင်မီက ပြုံးစစဖြင့်.....

"ဒီလမ်း၊ ဒီခရီးက မမမီသွားနေကျပဲကွယ်၊ နောက်ပြီး မမမီ နေ့စဉ်ဈေးဝယ်သွားနေတာပဲလေ၊ ဒီနေ့ကျမှ အထူးအဆန်းကွယ်"

ကျွန်တော်က.....

"မမမီပြောတဲ့ အထူးအဆန်းဆိုတာ ဟုတ်ပါတယ်၊ အဲဒီ အထူးအဆန်းကိုလည်း မမမီသိပါတယ်"

မခင်မီက အံ့သြဟန်ဖြင့်.....

"မမမီ မောင်ဖေသောင်းပြောတဲ့ အထူးအဆန်းဆိုတာ မသိဘူး၊ ဘာကိုပြောတာလဲ"

"မမမီကလည်း မသိချင်ယောင်ဆောင်နေတာလားဗျာ၊ ကျွန်တော် မမမီကိုချစ်နေတာကိုလေ၊ မမကို ကျွန်တော်ချစ်တယ်ဗျ"

မခင်မီသည် သက်ပြင်းချလိုက်ပြီး ကျွန်တော့်အား စိန်းစိန်းကြည့်လျက်.....

"မောင်ဖေသောင်းအသက်က နှစ်ဆယ်၊ နှစ်ဆယ့်တစ်အရွယ်ဆိုတော့ မိန်းကလေးတွေကို ချစ်တတ်လာတာ မမမီ လက်ခံပါတယ်၊ ဒါက သဘာဝပဲလေ၊ ဒါပေမဲ့ မင်းချစ်တယ်ဆိုတဲ့ မမက....."

မခင်မီ၏စကားပင်မဆုံး။ ကျွန်တော်က ခံစားချက်ပြင်းစွာဖြင့်....

"မမဟာ အပျိုမဟုတ်ဘူး၊ မမဟာ လင်လေးဆက်ရှိပါပြီလို့ ပြောဦးမှာမဟုတ်လား၊ ဒါတွေကျွန်တော် သိပြီးသားပဲဗျာ၊ ဒါတွေ ကျွန်တော်စဉ်းစားပြီးသား၊ ဘာပဲဖြစ်ဖြစ် မမမီကို ကျွန်တော်ချစ်တယ်၊ မမမီနဲ့ ကျွန်တော် အတူနေရရင် ကျွန်တော် ပျော်မှာပဲဗျာ၊ မမမီ ကျွန်တော့်ကို ချစ်ပါဗျာ.....နော်"

ကျွန်တော်က မခင်မီ၏လက်

www.burmeseclassic.com

www.burmeseclassic.com

မောင်းကို ဆုပ်ကိုင်လျက် ကလေးတစ်ယောက်ကဲ့သို့ ပူဆာနေမိ၏။ မခင်မီက ဆက်၍.....

''မမမီသာမောင်ဖေသောင်းရဲ့ အစ်မသာဆိုရင် မမမီလိုမိန်းမမျိုးကို မောင်ဖေသောင်းနဲ့ ဘယ်လိုနည်းနဲ့မှ သဘောမတူနိုင်ပါဘူး၊ တားမရလို့ ဖွတ်ယူရင်လည်း တစ်သက်လုံး စိတ်ဆင်းရဲနေမှာပဲ၊ ဒီတော့ ကိုယ်တိုင်မလိုလားတဲ့ အဖြစ်မျိုးကို ကိုယ်တိုင်မဖြစ်အောင် ထိန်းသိမ်းရမှာပဲ၊ မောင်ဖေသောင်းကို မမမီ မောင်အရင်းတစ်ယောက်လို တစ်သက်လုံးချစ်မယ်၊ မောင်ဖေသောင်းကလည်း မမမီကို အစ်မတစ်ယောက်လို ချစ်ပေါ့ကွာ''

မမမီ၏အသံသည် တိမ်ဝင်သွားသည်။ သူမ၏မျက်နှာသည် ညှိုးသွားသည်။ သူမ၏လက်ကိုကိုင်ထားသော ကျွန်တော်၏လက်အား အသာအယာ ဖယ်ချလိုက်၏။ မခင်မီသည် ကျွန်တော်ကဲ့သို့သော ငယ်ရွယ်သူအပေါ်တွင် မေတ္တာမျှရမည်ကို တွန့်ဆုတ်နေသည့်သဘောလား မသိပေ။ ကျွန်တော်သည် ဖွတ်တင်း၍.....

''တကယ်တော့ မမမီ ကျွန်တော့်ကို ချစ်ရဲ့သားနဲ့ ကိုယ့်ထက်ငယ်ရွယ်သူမို့ အများကဲ့ရဲ့မှာစိုးလို့ မဟုတ်လား၊ ဂရုစိုက်စရာမလိုပါဘူး မမမီရယ်''

ကျွန်တော်ထင်ရာကို ကျွန်တော် မျက်စိမှိတ်ပြောနေပါ၏။ မခင်မီမှာ ခပ်ယဲ့ယဲ့လေးပြုံးလိုက်ပြီး...

''မမမီ ဘယ်သူ့ကိုမှ ဂရုမစိုက်ပါဘူး၊ ဂရုမစိုက်လို့လည်း လင်လေးဆက် ယူခဲ့တာပဲလေ၊ ဒါပေမဲ့ မမမီ ဂရုစိုက်ရမှာ တစ်ခုပဲရှိတယ်၊ အဲဒါက မလုပ်ထိုက်တဲ့ကိစ္စကိုမလုပ်မိဖို့ပဲကွ၊ မမမီ သူများယောကျ်ားကို မခိုးဘူး၊ ကိုယ့်မောင်လေးအရွယ်တွေကိုလည်း မပျော်မွေ့ဝံ့ဘူး၊ ဒါက ဘာလဲဆိုတော့ သူများတကာကဲ့ရဲ့မှုထက် မိန်းမသားချင်း ကိုယ်ချင်းစာစိတ်၊ လူငယ်တွေကို ကိုယ့်မောင်အရင်းလို ပြုစုပျိုးထောင်ပေးချင်တဲ့စိတ်ကြောင့်ပဲ၊ မမမီဟာ လင်များခဲ့ပေမယ့် လင်ယောကျ်ားအပေါ်မှာ ဘယ်တော့မှ မဖောက်ပြားခဲ့ဘူး၊ ယောကျ်ားတွေကသာ မမမီအပေါ်မှာသစ္စာမရှိကြတာ၊ မမ ယောကျ်ားတွေအပေါ် စိတ်တော်တော်ကုန်ခန်းနေပါပြီကွယ်၊ ဒီလောက်ဆို ငါ့မောင် သဘောပေါက်မှာပါ''

မခင်မီ၏ အတောမသတ်စကားများကြောင့် ကျွန်တော် စိတ်ညစ်သွားရ၏။ ကျွန်တော် ဘာပြောလို့ဘာဆိုရမှန်းမသိတော့။ သည်အတိုင်းဆိုပါက ကျွန်တော်၏ ချစ်မိသည့်စိတ်ကို ပြန်လည်ရုပ်သိမ်းရတော့မည်။

မခင်မီသည် ချေးခြင်းတောင်းများဖြင့် ပြန်ရန်ပြင်ဆင်လိုက်ပြီး....

''မမမီကို စိတ်မဆိုးပါနဲ့ကွယ်၊ မမမီ ပြန်တော့မယ်''

''နေပါဦး မမမီရယ်''

ဟု ပြန်ရန်ဟန်ပြင်နေသည့် မခင်မီ၏လက်ကို လှမ်းဆွဲလိုက်၏။ မခင်မီ၏ ခန္ဓာကိုယ်လေးသည် ကျွန်တော်၏ လက်ဆွဲသည့်အရှိန်ကြောင့်



ယိုင်သွားပါ၏။ ကျွန်တော့်ဘက်သို့ ယိုင်လာသည့် မခင်မီအား ပွေ့ဖက်လိုက်ပြီး သူမ၏ပါးပြင်နုနုလေးအား နမ်းရှုပ်လိုက်မိသည်။

ကျွန်တော်၏ သတိလက်လွတ်မတတ် အပြုအမူကြောင့် မခင်မီက အရောင်ထွက်မတတ် မျက်လုံးများဖြင့် ကျွန်တော့်အားစိုက်ကြည့်လျက် ပြောလာ၏။

''မင်း.....မင်း တယ်ဆိုးပါလား မောင်ဖေသောင်းရယ်၊ လွှတ် ခုလွှတ်''

www.burmeseclassic.com



မခင်မီက မည်မျှပင်တားဆီးပါစေ ကျားရဲကဲ့သို့ ကြောက်စိတ်ကင်းနေသော ကျွန်တော်သည် သူမအား တိုး၍ဖက်ထားမိပါ၏။

''မလွှတ်နိုင်ဘူး မမမီ၊ မမမီက ချစ်ပါတယ်လို့ မပြောသမျှ.....''

''ကဲ.....မလွှတ်နဲ့ဦးကွာ''

''ဖြန်း.....''

ကျွန်တော်၏မျက်လုံးများ မီးပွင့်သွား၏။ ကျွန်တော်၏ပါး ထူပူသွား၏။ ကျွန်တော်သည် ထိတ်လန့်စွာဖြင့် သူမအား တွန်းလိုက်မိသည်။ သူမသည် နောက်ဆုတ်၍သွားပြီး ပစ္စည်းများကောက်ယူ၍ ရပ်ကွက်ထဲသို့ ဝင်သွားလေ၏။ ကျွန်တော်သည် ကလေးတစ်ဦးကဲ့သို့ ဝမ်းနည်းပန်းနည်း ငိုကြွေး၍ ကျန်ခဲ့လေ၏။

ထိုအဖြစ်ကိုမြင်သွားသော တစ်ဦးတစ်ယောက်ကြောင့် ကျွန်တော်၏မိခင်နှင့်ညီမ သိသွားရပြီး မခင်မီတို့အိမ်ရှေ့၌ မခင်မီအား ရိုက်နှက်ခဲ့ကြသည်။ ထိုသတင်းကို ကြားသည်နှင့် ကျွန်တော်သည် မခင်မီတို့အိမ်ဘက်သို့ ပြေးထွက်ခဲ့၏။ မခင်မီ မြေကြီးပေါ် လဲကျနေသည်ကို သူမ၏မိခင်မှ ချီပွေ့နေ၏။

လမ်းပေါ်မှလူများရပ်ကြည့်နေကြ၏။ ရပ်ကွက်လူကြီးလည်း ရောက်လာ၏။ ကျွန်တော်သည် သူမ၏မိခင်လက်မှ မခင်မီအား လွှဲပြောင်းချီပွေ့လိုက်၏။ သူမ၏နဖူးတွင် သွေးစလေးများ စီးကျနေ၏။ လှပသော မျက်ခုံးနက်ပေါ်သို့ စီးကျနေသော သွေးစများအား ဝမ်းနည်းခြင်းများစွာဖြင့် ကျွန်တော် တယုတယ သုတ်ပေးလိုက်ပါ၏။

''ဘယ်လိုဖြစ်တာလဲ မမမီရယ်၊ ဘယ်လိုဖြစ်တာလဲဗျာ''

ကျွန်တော်၏ လှိုက်လှဲကြေကွဲသောအသံကြောင့် မခင်မီသည် မှိတ်ထားသောမျက်လုံးကို ဖွင့်ကြည့်ပါ၏။ မခင်မီ၏မိခင် ဒေါ်ဘုမက တုန်ယင်သောအသံဖြင့်.....

''မင်းနဲ့ကြိုက်ရမလားဆိုပြီး မင်းအမေနဲ့ညီမ လုံမကို ရိုက်သွားကြတာကွယ်''

''ရက်စက်လိုက်တာ အမေနဲ့ညီမရယ်''

ကျွန်တော် သည်သို့သာ ညည်းညူနိုင်ပါ၏။ မခင်မီတွင် မည်သို့သော အပြစ်တစ်စုံတစ်ရာမရှိ။ အပြစ်ရှိသည်က ကျွန်တော်ပင်ဖြစ်၏။ ကျွန်တော်၏မျက်ဝန်း၌ စို့၍လာသော မျက်ရည်တို့သည် အလိုအလျောက် ကျဆင်းလာသည်ကြောင့် ထိုမျက်ရည်စက်များသည် မခင်မီ၏ပါးပြင်ပေါ်သို့ ကျ၍နေ၏။ ထိုစဉ် မခင်မီ၏မျက်နှာ၌ အပြုံးစကလေးများ ပေါ်ထွက်လာ၏။

ရပ်ကွက်လူကြီး ရောက်ရှိလာသည်တွင် ကျွန်တော်၏ရင်ခွင်ထဲ၌ ရှိနေသော မခင်မီအား.....

''မခင်မီ.....တူမကြီး၊ ညည်းကို ရိုက်နှက်သွားတဲ့ သားအမိနှစ်ယောက်ကို နာကျင်စေမှုနဲ့ ရဲတိုင်ပြီး တရားစွဲမလား၊ တူမကြီးစိတ်တိုင်းကျ ဦးတို့ဆောင်ရွက်ပေးပါ့မယ်''

သားကိုချစ်သည့်စိတ်၊ အစ်ကိုကို နှမြောသည့်စိတ်ဖြင့် တစ်ဖက်သားကို နာကျင်စွာ ခံစားစေခဲ့သော ကျွန်တော်၏ မိခင်နှင့် ညီမမှာ တရားဥပဒေအရ နာကျင်စေမှုနှင့် မလွတ်ကင်းနိုင်။ ရဲအရေးယူ၍ တရားရုံး၏ စီရင်ဆုံးဖြတ်မှုကို ခံရမည်ဖြစ်သည်။ သို့သော် ရပ်ကွက်လူကြီး၏အမေးအား မခင်မီက ခပ်နွမ်းနွမ်းအပြုံးကလေးဖြင့် ခေါင်းကိုသာ ခါယမ်းပြခဲ့ပါ၏။ သူမ၏အပြုံးသည် စာနာသောအပြုံး၊ ခွင့်လွှတ်သောအပြုံးများသာဖြစ်သည်။

မခင်မီ၏ နှလုံးသားစိတ်ခံစားမှုသည် ကိုယ်ချင်းစာနာသော စိတ်စေတသိက်များသာဖြစ်၏။ ဖြူစင်သော နှလုံးသားနှင့်အတူ ခွင့်လွှတ်တတ်သူဖြစ်၏။ အငြိုးအတေးမရှိ။ ထိုထိုသော ချစ်ရသည့် မခင်မီအား ဥပေက္ခာပြုရန် ကျွန်တော့်တွင်စွမ်းအားမရှိပေ။

မည်သို့ပင်ဆိုစေဦးတော့ ကျွန်တော်သည် ချစ်ရသော မခင်မီအား ထာဝရ ရင်ခွင်ထဲ၌ထားလျက် မြတ်နိုးတွယ်တာခြင်းများဖြင့် သူမအား နွေးထွေးစေတော့မည်ဟု ပိုင်ပိုင်ဆုံးဖြတ်ခြင်းဖြင့်အတူ.....။

မောင်သာမန် (ဗိုလ်ကုန်း)

www.burmeseclassic.com

www.burmeseclassic.com

# ထက်ထက်

## ဟာသများ

### အားနာပါဦး

အမျိုးသားကြီးနှစ်ဦး ပြန်တွေ့ကြ၍ လမ်းတွင် စကားရပ်ပြော နေကြ၏။

**အမျိုးသားကြီး။** ဟေ့လူ.....ခင်ဗျားကို အခုမှပဲပြန်တွေ့ရတယ်နော်။

**နောက်အမျိုးသားကြီး။** တွေ့ဆို ဒီလမ်းထဲ ပြောင်းလာတာမကြာသေးဘူးဗျ။

အမျိုးသားကြီးနှစ်ဦးမှာ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြော နေစဉ် အမျိုးသားကြီးတစ်ဦး၏ မျက်လုံးက အခြားရောက်နေ၏။ နောက်တစ်ဦးက ကျောခိုင်းထား၍ မကြည့်မိပေ။

**အမျိုးသားကြီး။** တော်တော်မိုက်တဲ့ အမျိုးသမီးပဲဗျာ၊ အသက်ကြီး လည်း မပျက်စီးသေးဘူးဆိုတာ သူ့ကိုပြောတာပဲ ဖြစ်မှာပါ၊ဘေးကသူ့သမီးထင်တယ်နော်၊ သူလေးက လည်း အပျံစားလေးပါလား။

နောက်အမျိုးသားကြီးက စိတ်ဝင်တစားဖြင့် နောက်လှည့်ကြည့် လိုက်ရာ.....

**နောက်အမျိုးသားကြီး။** ဟေ့လူ..အဲဒါ ကျုပ်ဇနီးနဲ့သမီးဗျ။



www.burmeseclassic.com

တရားခံ



တစ်ခါက အမှတ်တမဲ့လန့်လျှင် ယောင်ပြီးဆဲရေးတိုင်းထွာတတ်သော မုန့်ဟင်းခါးသည် အမျိုးသမီးတစ်ယောက်ရှိ၏။ တစ်နေ့ အကြော်လာပို့သော လူငယ်တစ်ဦးက လူခေါ်ဘဲလ်ကို နှိပ်လိုက်ရာ အိမ်ထဲမှ.....

**မုန့်ဟင်းခါးသည်။** -x-x-x-x

ညစ်ညမ်းသော ဆဲရေးသံကြောင့် လူငယ်လေးလည်း ရှက်သွားပြီး ပဲကြော်လာမပို့ရဲတော့ပေ။ တစ်ပတ်ခန့်ကြာသည်အထိလာမပို့တော့မှ မုန့်ဟင်းခါးသည်လည်း အကြော်ဖိုသို့လိုက်သွား၏။

**မုန့်ဟင်းခါးသည်။** အကြော်ဘာလို့လာမပို့တာလဲရှင်။

**အကြော်ဖိုပိုင်ရှင်။** ခင်ဗျားက မယူတော့ဘူးလို့ ကျွန်တော့်သားကို ပြောလိုက်တယ်ဆို။

**မုန့်ဟင်းခါးသည်။** မယူဘူးလို့ မပြောမိပါလားရှင်၊ သူ့ကို လန့်ပြီးဆဲလိုက်မိလို့ပါ၊ တောင်းပန်ပါတယ်တော်။

သည်တော့မှ အဖြစ်မှန်ကို သိသွားကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## သနားလျှင်

သူခိုးတစ်ယောက်သည် သူဌေးအိမ် လူမလစ်၍ တွေ့သည့်အိမ်သို့ ဝင်လာ၏။

**သူခိုး။** ။ ဟင်း…ဘာမှလည်းမရှိပါလားနော်၊ အိပ်ခန်းထဲဝင်ကြည့်ဦးမှပဲ။

အိပ်ခန်းထဲတွင် ခြင်ထောင်တစ်လုံးထောင်ထားသည်ကို တွေ့ရ၏။

**သူခိုး။** ။ အခန်းထဲမှာလည်း ဘာမှမတွေ့ပါပါလား၊ ဘယ်လိုအိမ်ပါလိမ့်၊ ဗိုက်ဆာလိုက်တာနော်။

သူခိုးလည်း ခိုးစရာပစ္စည်းများမတွေ့၍ စိတ်ညစ်ညစ်နှင့် နောက်ဖေးခန်းသို့ဝင်သွား၏။

**သူခိုး။** ။ စားစရာတစ်ခုခုတော့ ရှိမှာပဲ။

ကြောင်အိမ်တစ်လုံးကိုတွေ့၍ ဝမ်းသာအားရ ဖွင့်ကြည့်လိုက်သည့်အခါတွင်တော့ အံ့သြသွား၏။ ကြောင်အိမ်ထဲတွင် စာတစ်စောင်သာ တွေ့ရသောကြောင့်ဖြစ်သည်။ စာကိုယူဖတ်ကြည့်လိုက်ရာ.....

''ကျွန်တော့်အား သနားလျှင် ငွေတစ်ထောင်လောက် ထားခဲ့ပါခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



## အရှုံးမပေးသူ



တစ်ခါက စကားပြောလျှင် အနိုင်ရမှကျေနပ်သော အမျိုးသားကြီးတစ်ဦးရှိ၏။ လူငယ်နှစ်ယောက်က လက်ဖက်ရည်ဆိုင်တွင်ထိုင်ကာ ဖုန်းကိုကြွားနေကြသည်။ အမျိုးသားကြီးကတွေ့သော်.....

**အမျိုးသားကြီး။** ။ Handset အကောင်းစားကိုကိုင်ရင်ကြွားတယ်ထင်မှာစိုးလို့ကို မကိုင်တာကွ။

လက်ဖက်ရည်ဆိုင်ရှိလူများက သူ့အား မျက်စောင်းထိုးလိုက်ကြသည်။ အမျိုးသားကြီးလည်း လက်ဖက်ရည်သောက်ပြီးပြန်လာရာ လမ်းတွင် ကားမောင်းလာသော မိတ်ဆွေနှင့်တွေ့ပြန်၏။

**မိတ်ဆွေ။** ။ ဗျို့..သူငယ်ချင်း၊ ခြေကျင်လျှောက်နေလား၊ လာဗျာ၊ အိမ်လိုက်ပို့ပေးမယ်လေ။

**အမျိုးသားကြီး။** ။ နေပါစေဗျာ၊ လမ်းလျှောက်တာကကျန်းမာရေးနဲ့ညီညွတ်တယ်။

မိတ်ဆွေက သူ့အကြောင်းသိနေသဖြင့်.....

**မိတ်ဆွေ။** ။ မော်တော်ကားလေးရှိတော့ သွားရလာရတာတော့ အဆင်ပြေတယ်ဗျ၊ အဆင့်အတန်းလည်းရှိတယ်။

**အမျိုးသားကြီး။** ။ ကျုပ်က ကားလမ်းတွေပိတ်နေလို့ မဝယ်တာဗျို့။

ထက်ထက်

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ဩော်.....သက်ပြည့်ပင်စင် အငြိမ်းစားဘဝရောက်ခဲ့သည်မှာ တစ်နှစ်တင်းတင်း ပြည့်ခဲ့ပြီကော။ ဂျာနယ်တွေ၊ သတင်းစာတွေ၊ ဝတ္ထုဆောင်းပါးတွေ ဖတ်ရင်းနဲ့ နေ့ကို ရက်စား၊ ရက်ကိုလကဝါးမျိုရင်း လပေါင်းများစွာကို နွေ၊ မိုး၊ ဆောင်း ရာသီထဲ အနှစ်ချုပ်နဲ့ ကုန်ဆုံးခဲ့ပြီလေ။

အိပ်မပျော်တဲ့ ညများစွာဖြင့် တစ်ခုခု တစ်နေရာရာဆီ လွမ်းနေရသလိုပါပဲလား။ တမ်းတရင်းလွမ်းမိသည်မှာ မိခင်တပ်ဖွဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဆီကိုပါပဲ။ ငါ ဝတ္ထုဆောင်းပါးတွေ ပြန်ရေးဦးမှလို့ အသိရောက်သွားပြန်သည်။ စာမရေးတာကလည်း ကြာနေခဲ့ပြီလေ။ ဘယ်ကစရေးရပါ့မလဲ အတွေးဖြင့် စာအုပ်စင်ပေါ်က ဖိုင်တွဲတစ်တွဲစီထုတ်ပြီး ရှာဖွေကြည့်မိသည်။

ဟော.....တွေ့ပြီ။

၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၈)ရဲတပ်ဖွဲ့စခန်း၊ စခန်းမှူး ရဲအုပ် ဇော်ဝင်းအောင်က မူးယစ်ဆေးဝါး ဘိန်းမည်း ၂၃ ပိဿာ၁၅ ကျပ်သား၊ (၃၇ ဒသမ ၅၂)ကီလိုဂရမ် ဖမ်းဆီးရမိခြင်း။ မြို့နယ်၊ ခရိုင်၊တိုင်းတပ်ဖွဲ့များဆီသို့ တင်ပြထားသည့် အစီရင်ခံစာတစ်စောင်။ အစအဆုံးဖတ်မိရင်းက ဒါလေးဖြစ်ရပ်မှန်ဝတ္ထုရေးမယ်ဟု ဆုံးဖြတ်လိုက်သည်။ ဘာလို့ရေးချင်ရတာလဲဟု မေးသူရှိခဲ့ရင်.....

၂၀၁၃/၂၀၁၄ ခုနှစ်တွေမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က မူးယစ်ဆေးဝါးတွေကို ဖမ်းဆီးရမိခဲ့သည်။ သိန်းရာထောင်ချီ၍ ဖမ်းဆီးနိုင်ခဲ့သည်။

“မြန်မာ့အလင်းသတင်းစာ၊ ၉-၁၀-၂၀၁၂၊ အတွဲ ၅၂၊ အမှတ်(၉)၊ စာမျက်နှာ (၈)တွင် မုံရွာခရိုင်၊ ချင်းတွင်းမြစ်အတွင်းမှ မူးယစ်ဆေးဝါး ကျပ်သိန်းပေါင်း ၁၃၇ဝ ကျော် သတင်း”

“၂၀၁၃ ခုနှစ်၊ တကယ့်ဖြစ်ရပ်မှုခင်းဂျာနယ်(ယခု မှုခင်းနှင့်သတင်းစုံဂျာနယ်)အတွဲမမှတ်မိတော့ပါဘူး၊ မန္တလေးမြို့ရှိ နာမည်ကြီးဈေးကြီးတစ်ခုအတွင်းက သိန်းပေါင်း ရာကုဋေချီပြီး ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးများသတင်း”

“တကယ့်ဖြစ်ရပ်မှုခင်းဂျာနယ်၊ (ယခုမှုခင်းနှင့်သတင်းစုံဂျာနယ်၊ ၂၁ ရက်၊ မတ်လ၊ ၂၀၁၄၊ အတွဲ (၁)၊ အမှတ်(၂၆)၊ တရုတ်နိုင်ငံတွင် နေထိုင်ခွင့်ရရှိသူပါနှစ်ဦးကို တန်ဖိုး ကျပ်သိန်းပေါင်း ငါးသောင်းရှိ စိတ်ကြွရူးသွပ်ဆေးပြား (၁၀)သိန်းနဲ့ ဖမ်းဆီးရမိတဲ့သတင်း”

ထိုထို မူးယစ်ဆေးဝါး ဖမ်းဆီးရမိတဲ့ သတင်းများကို ဖတ်ခဲ့မိသည်။ ဂုဏ်ယူမိသည်။

အတွေးများစွာသည် အတိတ်သို့ရောက်သွားပြီး ရဲအုပ် ဇော်ဝင်းအောင်၏ မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် အစီရင်ခံစာတစ်စောင်အား သည်သို့ လှလှပပ ဆေးရောင်စုံ ခြယ်ကြည့်မိသည်။

+++

ရတနာပုံ မန္တလေးမြို့၏ ဆောင်းနံနက်ခင်းသည် နှင်းမှုန်ဖွေးဖွေး၊ လေပြည်အေးအေးဖြင့် သာယာလှပနေသည်။ ကြီးမားခံ့ညားထည်ဝါသော တိုက်တာအဆောက်အအုံများ၊ နက်မှောင်သော

www.burmeseclassic.com

www.burmeseclassic.com

လမ်းမကြီးများကလည်း သဘာဝပန်းချီကားတစ်ချပ်နှယ်။

ယာဉ်မောင်း အောင်ကျော်နိုင်နှင့် အဖော် ဝေလင်းတို့ မောင်းနှင်လာသော ရက/---ဗင်ကားအဖြူရောင်လေးသည် လမ်း ၃၀ တွင် တငြိမ့်ငြိမ့်ပြေးနေသည်။ ၈၁ လမ်းနှင့် ၈၂ လမ်းကြား ရောက်သည်အထိ မော်တော်ကားရှေ့မီးကြီးနှစ်လုံး ဖွင့်မောင်းနေရလေသည်။ 'နေလင်း'တည်းခိုခန်းအနီးအရောက်တွင် အမျိုးသားတစ်ယောက်နှင့် အသားဖြူ ကိုယ်နေဟန်တင့်တယ်သော အမျိုးသမီးတစ်ဦးမှ ကားအားလက်ပြတားနေသည်။ ယာဉ်မောင်း အောင်ကျော်နိုင်က ကားအရှိန်လျှော့၍ရပ်ပေးလိုက်သည်။ နှုတ်မှလည်း..

"ဘယ်ကိုသွားချင်ပါသလဲခင်ဗျာ"



**မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ အနေဖြင့် တိုင်းရင်းသားပြည်သူများ၊ နောင်တော်တပ်မတော်တို့နှင့် ပူးပေါင်းပြီး ဘိန်းမည်း၊ ဘိန်းညို၊ ဆေးခြောက်၊ ဗင်ဆီဒိုင်းဆေးရည်များအား ဟန်ချက်ညီညီ နှိမ်နင်း ဖမ်းဆီးလျက်ရှိကြောင်း၊ ယခုမှထူးခြားစွာ ဖမ်းဆီးခြင်းမဟုတ်ဘဲ ယခင်ကလည်း စစ်ဆင်ရေး အမည်မျိုးစုံဖြင့် နှိမ်နင်းခဲ့ကြောင်း ...**

ဟု ယဉ်ကျေးစွာမေးလိုက်သည်။ ကားတားသူနှစ်ဦးက.....

"မြို့သစ် ယာတော်ရပ်ကွက်ကို သွားချင်တယ်၊ အာလူးအိတ် ငါးအိတ်တင်မယ်၊ လိုက်နိုင်ရင် မိုးကောင်းအထိငှားချင်တယ်၊ ငွေအကျန် တစ်နေ့ ကျပ်ငါးထောင်ပေးမယ်၊ အဲ.....ဒါပေမဲ့ လူပိုပါလို့မဖြစ်ဘူး"

ခရီးသည်နှစ်ဦးမှာ သွားမည့်နေရာ၊ တင်မည့်ပစ္စည်း၊ ပေးမည့်စျေးနှုန်းတို့အား သူတို့ကချည်း ဦးဆောင်ပြောသွားသည်။ ယာဉ်မောင်း အောင်ကျော်နိုင်မှာ တစ်နေ့ငါးထောင်အကျန်ဆိုသည့် စကားအဆုံး၌ သည်းခြေခိုက်အောင် ကြိုက်သွားသည်။ ကားပေါ်တွင်ထိုင်လျက်မှ.....

"ကဲ..လိုက်မယ်၊ သူငယ်ချင်းရေ၊ မင်း ဒီမှာနေခဲ့ကွာ"

ဟု အဖော်ပါလာသူ ဝေလင်းအား ပြောလိုက်စဉ် ဝေလင်း ကားရှေ့ခန်းတံခါးကိုဖွင့်၍ ဆင်းလိုက်သည်။ တံခါးပြန်မပိတ်မီပင် အရပ်ရှည်ရှည်၊ အသားဖြူဖြူ အမျိုးသားက ရှေ့ခန်းမှတက်သည်။ နောက်ခန်းတွင် ဖြူသော၊ ချောသောအမျိုးသမီးက တက်လိုက်သည်။ ယာဉ်မောင်း အောင်ကျော်နိုင်မှာ ကားထွက်ခါနီးတွင် အဖော်ပါလာသူ ဝေလင်းအား အကူအညီတစ်ခုတောင်းလိုက်သည်။

"ဟေ့.....ဝေလင်း၊ မနက်ကွာ ယိုးဒယားက အစ်ကိုတွေဆီ ဖုန်းဆက်ဖို့ရှိတယ်၊ အဲဒါ မင်းဆက်

www.burmeseclassic.com

www.burmeseclassic.com



ပေးစမ်းပါ၊ ငါလာရင် ပုန်းရည်ကြီး လက်ဆောင်ယူခဲ့မယ်လို့ ထည့်ပြော လိုက်နော်''

ထိုသို့ပြော၍ လိပ်စာကတ်ကို ထုတ်ပေးလိုက်သည်။

ရက/--- ဗင်ကားအဖြူ ရောင်လေးသည် လမ်း ၃၀ မှ မြား တစ်စင်းပစ်လွှတ်လိုက်သည့်ပမာ မောင်းထွက်သွားသည်။ ရ၈ လမ်းမ ကြီးမှ သိပ္ပံလမ်းမအရောက်တွင် အရှေ့ဘက်သို့ ချိုးကွေ့လိုက်သည်။

ယာဉ်မောင်း အောင်ကျော်နိုင် ဘေးမှ ထိုင်လိုက်လာသူ အမျိုး သားမှာ စီးကရက်အား တစ်လိပ်ပြီး တစ်လိပ်သောက်၍ လိုက်ပါလာ သည်။ ဆေးလိပ်မသောက်တတ်၍ လားမသိ။ နံလိုက်သည့် စီးကရက် အနံ့။ ဆေးလိပ်မသောက်တတ်ပေ မယ့် စီးကရက်မီးခိုးအထွက်မှာ တော့ အနံ့သည် ငြီးစီစီမို့ နှာခေါင်း ပင်ရှုံ့မိသည်။ နောက်မှပါလာသော အမျိုးသမီးမှာ ကားအား ဘယ်ကွေ့ ပါ၊ ညာကွေ့ပါပြော၍ သူတို့သွားလို သော ခြံကျယ်ကြီးတစ်ခုထဲသို့ ရောက်သွားသည်။

ယာဉ်မောင်း အောင်ကျော်နိုင် က ကားအား ကားဂိုဒေါင်ဟုထင်ရ သော အဆောင်ရှေ့တွင် ရပ်ပေး လိုက်သည်။ အငှားယာဉ်မောင်းပီပီ ကား၏နောက်ပိတ်အား အလိုက်သိ စွာ ဖွင့်ပေးလိုက်သည်။ အမျိုးသား မှာ အာလူးအိတ်အား မနိုင်မနင်း နေသည်ကို မြင်ရသဖြင့် ယာဉ် မောင်း အောင်ကျော်နိုင် အမြင် တော်၍ ဝင်ကူမ,ပေးလိုက်သည်။

အမျိုးသမီးကို သတိမထားလိုက်မိ။ သတိထားမိသည်မှာ အာလူးအိတ် အား ကားပေါ်သို့ မ,တင်လိုက်စဉ် အာလူးသီးထက် ထုထည်ကြီးသော အထုပ်(သို့မဟုတ်)အတုံးအခဲများပါ သည်ဟု ဖျတ်ခနဲ အသိစိတ်အား ''ယာဉ်အငှားလိုက်တာပဲလေ''ဟု ဘာသာတွေးမိလိုက်သည်။

ပစ္စည်းများတင်ပြီး အနီးတွင်ရှိ သော အမျိုးသားက စီးကရက်တစ် လိပ် မီးညှိရင်းမှ ပြောလိုက်သည်။

''ကဲ.....အာလူးအိတ်တွေတင် ပြီးရင် မိုးကောင်းကိုခရီးဆက်မယ်၊ နော် ကားပေါ်တက်တော့''

ထိုသို့ပြော၍ အမျိုးသားက ရှေ့ခန်းမှတက်ထိုင်လိုက်သည်။ နော် ဆိုသော မချောလေးက နောက်ခန်း မှာထိုင်လိုက်သည်။ ယာဉ်မောင်း အောင်ကျော်နိုင် မော်တော်ကား အား စတင်ထွက်ခွာချိန်တွင် လက် မှနာရီအား တစ်ချက်ကြည့်မိသည်။ နံနက် ၄ နာရီ။ ထိုခြံကြီးအားကျော ခိုင်း၍ ထွက်ခွာခဲ့သည်။

ရက/--- ဗင်ကားအဖြူလေး သည် သိပ္ပံလမ်းအတိုင်း မောင်းလာ ခဲ့ရာ မနော်ရမန်ဆေးရုံဟု လူသိ များသော မူးယစ်ဆေးဝါးကုဆေးရုံ ကြီးအကျော်တွင် အဝေးခရီးသွားရ မည်ဖြစ်၍ ဓာတ်ဆီထပ်ဖြည့်ရန် လို နေသေးသည်ဟု အသိတစ်ခုဝင်လာ သည်။ ရ၈ လမ်းရှိ ဓာတ်ဆီဆိုင် ဂိတ်ပေါက်အရောက်တွင် ဆေးလိပ် သောက်လာသည့်အမျိုးသားအား ဆေးလိပ်မီးငြိမ်းသတ်ရန် သတိပေး လိုက်စဉ်.....

''ကျုပ် ဆေးလိပ်မီး မငြိမ်းနိုင် ဘူးဗျာ၊ အထဲကို ကျုပ်မလိုက်ဘူး ဒီဂိတ်ပေါက်ဝက စောင့်နေခဲ့မယ်''

ထိုသို့ပြော၍ ဆင်းနေခဲ့သည်။ ယာဉ်မောင်း အောင်ကျော်နိုင်စိတ် ထဲဝယ် တော်တော်ဆေးလိပ်ကြိုက် တဲ့လူပါလားဟု မှတ်ချက်ပေးလိုက် မိသည်။

မော်တော်ကားအား ဆီဖြည့် ပြီးလျှင် ၄၁ လမ်း ခုံးကျော်တံတား အား ဖြတ်ကျော်မောင်းနှင်လာခဲ့ သည်။ ၈၄ လမ်းအထိမောင်းပြီး စစ် ကိုင်းလမ်းကြီးဆီသို့မောင်းနှင်ရမည့် အစား ၈၁ လမ်းအတိုင်း မြောက် ဘက်သို့ မောင်းနှင်လာခဲ့သည်။ အမျိုးသားမှာ ပျာပျာသလဲဖြင့်.....

''ဟေ့.....ကားဆရာ၊ ဒါက ဘယ်ကိုမောင်းဦးမှာလဲ၊ လမ်းသိရဲ့ လား''

ဟု မေးလိုက်သည်။

''ဟို.....ဟိုရှေ့နား ခဏဝင် စရာရှိလို့ပါ''

ဟု အောင်ကျော်နိုင်ကပြော လိုက်သည်။ ဗင်အမျိုးအစား မော် တော်ကားလေးမှာ ၈၁ လမ်း၊ လမ်း ၃၀ နှင့် ၂၉ လမ်းကြားရှိ အဆောက် အအုံတစ်ခုအတွင်းသို့ ချိုးကွေ့ဝင် လိုက်သည်။

+ + +

၂၄-၁၁-၁၉၉၆ နေ့ နံနက် ၅ နာရီ.....

အမှတ်(၈)ရဲတပ်ဖွဲ့စခန်း ခြံ အေးသာစံမြို့နယ်၊ မန္တလေးတိုင်း

www.burmeseclassic.com

www.burmeseclassic.com



(ယခု မန္တလေးတိုင်းဒေသကြီး).....

အပြုံးနှင့်ဆီးကြိုနေသော ရဲအုပ် ဇော်ဝင်းအောင်၏အပြုံးသည် တိုက်ပွဲတစ်ခုအား စီစဉ်ညွှန်ကြား အမိန့်ပေးလိုက်သည့် အခါတွင် အောင်မြင်မှုအား ချီးကျူးဂုဏ်ပြု တတ်သည့် စစ်ဗျူဟာမှူးတစ်ယောက်၏ အပြုံးမျိုးဖြင့်.....

"မင်္ဂလာပါ ကိုအောင်ကျော်နိုင်၊ ခင်ဗျားလုပ်ဆောင်ချက်အားလုံး တိကျအောင်မြင်ပါတယ်"

ဟု ပြောလိုက်သည်။ ယာဉ်မောင်း အောင်ကျော်နိုင်က ရဲအုပ် ဇော်ဝင်းအောင်အား ကားပေါ်မှ အလေးပြု၍ ဆင်းလိုက်သည်။ ကားနောက်ဖုံးအား သွားရောက်ဖွင့်ပေးလိုက်သည်။ ရဲအုပ် ဇော်ဝင်းအောင်မှာ အဆင်သင့်ခေါ်ယူထားသော တပ်ဖွဲ့ဝင်များ ဝန်းရံလျက် သက်သေလူကြီးများရှေ့တွင် မော်တော်ကားပေါ်မှ အာလူးအိတ်များအား ဖွင့်ဖောက်ရှာဖွေကြသည်။ ကားပေါ်တွင်ပါလာသော အမျိုးသားနှင့် အမျိုးသမီးမှာ နားမလည်စွာဖြင့် မျက်နှာတွင်လည်း သွေးများဆုတ်ခန်းသွားသည့်ပမာ ဖြူဖပ်ဖြူရော် မျက်နှာဖြင့် ထိတ်လန့်စိုးရွံ့နေကြသည်။

ပထမတစ်အိတ်ဖွင့်လိုက်စဉ် တစ်ပိဿာခန့်ရှိ မှိုင်းခံစက္ကူဖြင့်ထုပ်ထားသော အထုပ်(၅)ထုပ်အားတွေ့လိုက်သည်။ ဖမ်းဆီးရန် အသင့်စောင့်နေသော တာဝန်မှူး ဒုရဲအုပ်ကျော်စိုးက အမျိုးသားနှင့် အမျိုးသမီးတို့အား လက်ထိတ်ခတ်ပြီးဖြစ်သွားသည်။ အချိန်နှင့်တစ်ပြေးညီ အံဝင်ခွင်ကျ တစ်ခန်းရပ်ပြဇာတ်တစ်ပုဒ်အား ကလိုက်ကြသည့်ပမာ။

အာလူးအိတ် ငါးအိတ်အား ဖွင့်ဖောက်စစ်ဆေး ရှာဖွေလိုက်ရာတွင် ဘိန်းမည်း (၃၇)ဒသမ(၇၂) ကီလိုဂရမ်၊ မြန်မာအလေးချိန် (၂၃) ပိဿာ၊ (၁၅)ကျပ်သားအား ရှာဖွေတွေ့ရှိခဲ့သည်။ သယ်ဆောင်လာသူ အမျိုးသားနှင့် အမျိုးသမီးတို့အား သက်သေများရှေ့တွင် ရှာဖွေစစ်ဆေးရာ.....

ဆန်းလင်း၊ (၃၀)နှစ်၊ (ဘ) ဦးလောရုံ၊ ပုန်းလောရွာ၊ ဖယ်ခုံမြို့နယ်နှင့် နော်ဆေးပေါ်၊ (၃၇)နှစ်၊ (ဘ) ဦးပေါ်ဆုံ၊ လွိုင်ကော်မြို့နေသူတို့ဖြစ်သည်။

ယာဉ်မောင်းအောင်ကျော်နိုင်မှာ အမှတ်(၈)ရဲစခန်းမှ ဒုရဲအုပ် အောင်ကျော်နိုင်ဖြစ်ကြောင်း ကားငှားမိသူ ဆန်းလင်းနှင့် နော်ဆေးပေါ်တို့မှာ အံ့သြစွာသိလိုက်ရသည်။ ဒုရဲအုပ် အောင်ကျော်နိုင်သည် တွေ့ရှိရသော ဘိန်းမည်းများအား ရှာဖွေပုံစံဖြင့် စနစ်တကျ ရေးသွင်းလိုက်သည်။ သက်သေများရှေ့တွင် အံဝင်ခွင်ကျ ဖမ်းဆီးခံရခြင်းဖြစ်၍ စောဒကတက်စရာ၊ အငြင်းပွားစရာတို့က မရှိတော့လေပြီ။ သက်သေခံ ဘိန်းမည်းထုပ်များ သိမ်းဆည်းအပြီးတွင် စခန်းမှူး ရဲအုပ် ဇော်ဝင်းအောင်၏ ရုံးခန်းအတွင်း၌ သက်သေလူကြီးများ၊ ကူညီဖမ်းဆီးပေးသော တပ်ဖွဲ့ဝင်များ စုရုံးထားသကဲ့သို့ စည်းလုံးညီညွတ်စွာဖြင့် ထိုင်ခုံအသီးသီးတွင် နေရာယူထိုင်နေကြပြီး စခန်းမှူး ရဲအုပ် ဇော်ဝင်းအောင်က "အပမ်း"ဟု လည်ချောင်းရှင်းအပြီး.....

ဘိန်းမည်း (၃၇)ဒသမ(၇၂)ကီ

www.burmeseclassic.com



လိုဂရမ် ဖမ်းဆီးခံရသော ကိုဆန်းလင်းနှင့် မနော်ဆေးပေါ်တို့ကိုပါထိုင်စေလျက် ယနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တိုင်းရင်းသားပြည်သူများ၊ နောင်တော်တပ်မတော်တို့နှင့် ပူးပေါင်းပြီး ဘိန်းမည်း၊ ဘိန်းညို၊ ဆေးခြောက်၊ ဖင်ဆီဒိုင်းဆေးရည်များအား ဟန်ချက်ညီညီ နှိမ်နင်းဖမ်းဆီးလျက်ရှိကြောင်း၊ ယခုမှထူးခြားစွာ ဖမ်းဆီးခြင်းမဟုတ်ဘဲ ယခင်ကလည်း စစ်ဆင်ရေးအမည်မျိုးစုံဖြင့် နှိမ်နင်းခဲ့ကြောင်း၊ မူးယစ်ဆေးဝါး ကီလိုပေါင်းများစွာကိုလည်း ကမ္ဘာသိအောင် ဖျက်ဆီးနိုင်ပစ်ခဲ့ပြီဆိုသည့်အကြောင်းများနှင့် မူးယစ်ဆေးဝါးဆိုးကျိုးများကို ရှင်းပြလိုက်သည်။ ဒုရဲအုပ် အောင်ကျော်နိုင်က ဖမ်းဆီးရမိသော အမှုနှင့်ပတ်သက်၍ တရားခံဖြစ်သူ ဆန်းလင်းနှင့် နော်ဆေးပေါ်တို့၏ရှေ့မှောက်၌ သက်သေ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင်(ယခု ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့)သက်သေလူကြီးများ တရားရုံးတော်တွင် သိရှိစေရန် ရှင်းပြလိုက်သည်။ ထိုစဉ် တရားခံ ဆန်းလင်းမှာ အိတ်ကပ်ထဲတွင်ပါလာသော စီးကရက်ဘူးအားထုတ်ယူ၍ ဒုရဲအုပ် အောင်ကျော်နိုင်အား ညှော်ခံရန်ဖွင့်လိုက်စဉ် စီးကရက်ဘူးထဲ၌ တစ်လိပ်မျှ မရှိတော့။ ကုန်နေလေပြီ။ ဒုရဲအုပ် အောင်ကျော်နိုင်မှာ ဆေးလိပ်မသောက်တတ်သူပီပီ "နေပါစေ" ဟု အဓိပ္ပာယ်ရသော သူညာလက်ဖြင့် ကာပြလိုက်သည်။

"ကျွန်တော်တို့ -တည်းခိုရိပ်သာမှာ ဘိန်းမည်းရောင်းဝယ်တဲ့လူနှစ်ဦး ရောက်နေတယ်ဆိုတာ ယမန်နေ့ကတည်းက သတင်းရထားပါတယ်၊ ကျွန်တော်တို့ စခန်းမှူး ရဲအုပ် ဇော်ဝင်းအောင်ဆီ သတင်းပို့ပြီး ကျွန်တော်နဲ့ ရဲတပ်သား ဝေလင်းဆန်းတို့ဟာ ကားမောင်းထွက်အလာ တည်းခိုရိပ်သာရှေ့မှာ ဟောဒီက ကိုဆန်းလင်းနဲ့ နော်ဆေးပေါ်တို့က ကားအငှားစီးချင်တယ်ဆိုတော့ ကျွန်တော်တို့ပစ်မယ့် ပစ်မှတ်ထဲ အသင့်ဝင်လာတော့တာပဲ၊ ယာတော်ရပ်ကွက်ထဲရောက်ပြီး အာလူးအိတ်တင်လိုက်စဉ်မှာလည်း ကူပြီးသယ်မ,ပေးလိုက်တာနဲ့ ဘိန်းထုပ်တွေပါနေပြီဆိုတာ သေချာနေပြီလေ"

ဒုရဲအုပ် အောင်ကျော်နိုင်က ခဏနားပြီး ဆက်ပြောလိုက်သည်။

"အာလူးအိတ်ကို မိုးကောင်းမြို့မှာတင်မယ်ဆိုရင် မီးရထားမှာ တန်ဆာလုပ်ရမယ်၊ အခြားအဝေးပြေးကားကြီးဂိတ်တွေမှာ တင်ရမှာပေါ့၊ ကျွန်တော့်ဗင်ကားကိုမှ ဈေးကြီးပေးပြီး ရွေးငှားလိုက်တယ်ဆိုတော့ တွက်ကြည့်လိုက်တယ်၊ ဒါ ဘိန်းတွေဖြစ်ရမယ်၊ ကျွန်တော်လည်း အဝေးပြေးကားတစ်စီးနဲ့ လည်းတူအောင် ဓာတ်ဆီဝင်ထည့်တော့ ကိုဆန်းလင်းဟာ တစ်ရှိုက်မက်မက် သောက်လာတဲ့ စီးကရက်ကလည်း ဘိန်းဖြူအနံ့တွေရတယ်၊ ငြီးစီစီအနံ့ပေါ့လေ၊ ဒါနဲ့ ဟုတ်၊ မဟုတ် သိရအောင် ဓာတ်ဆီဆိုင်တစ်ဆိုင်မှာ ဆီဝင်ထည့်ပြီး စီးကရက်မသောက်ဖို့ ပြောလိုက်တယ်၊ အဲဒီ ဘိန်းဖြူအသင့်ထည့်လာတဲ့ ညှိပြီးစီးကရက်ကို လွှင့်ပစ်ရမှာ တော်တော်နှမြောသွားရှာတယ်၊ အဲဒါနဲ့ ကားကို ၈၁ လမ်းအတိုင်း အမှတ်(၈)ရဲစခန်းထဲ မောင်းဝင်လာပြီး ခုလို ဖမ်းလိုက်ရတာပါပဲ"

**စီအိုင်အေ၊**
**တရုတ်ဖြူများကြောင့်**
**ရွှေတြိဂံနယ်မြေ**
**ပေါ်ပေါက်ခဲ့ရသည်။**
**"ဘိန်းဖြူအစ**
**အင်္ဂလိပ်က" ဟု**
**ဆိုရမည်ဖြစ်သည်။**
**ရွှေတြိဂံနယ်မြေတွင်**
**သာမက**
**ဗီယက်နမ်စစ်ပွဲတွင်**
**အမေရိကန်**
**စစ်သားများလည်း**
**ဘိန်းဖြူစွဲခဲ့ကြသည်**
**...**

www.burmeseclassic.com

ဒုရဲအုပ် အောင်ကျော်နိုင်က တရားရုံးတော်တွင် သက်သေလူကြီးများ သက်သေထွက်ဆိုချက် မလွဲချော်စေရန် ရှင်းပြခြင်းဖြစ်၏။ သက်သေတစ်ဦးက.....

''ကိုအောင်ကျော်နိုင် ကျွန်တော်တို့ ဒီကိုအရင်ရောက်နှင့်အောင် စီစဉ်ပုံလေးပြောပြပါဦး''

ဒုရဲအုပ် အောင်ကျော်နိုင်က...

''ဆောရီးဗျာ၊ စကားပြောချင်ဇောများသွားလို့ လောသွားပါတယ်''

ထိုသို့ပြောပြီး သူ၏ညာလက်ညှိုးအားနောက်ဘက်သို့ညွှန်ပြ၍...

''အဲဒီနောက်က ရဲဘော် ဝေလင်းဆန်းရဲ့ ထိရောက်ပါးနပ်တဲ့ အကူအညီပါပဲ၊ ကျွန်တော့်မော်တော်ကား အငှားအော်ဒါရပြီ၊ ဒါနဲ့အဖော်မခေါ်ရဘူးဆိုတော့ ကျွန်တော်က ရဲဘော်ဝေလင်းဆန်းကို ယိုးဒယားက အစ်ကိုတွေဆီ ဖုန်းဆက်ပေးစမ်းပါ၊ ငါလာမှ ပုန်းရည်ကြီးယူခဲ့မယ်လို့ ဖုန်းဆက်ခိုင်းလိုက်တယ်လေ''

သက်သေလူကြီးက ဘာဆိုင်လို့လဲဟု မပြောရသေးမီ.....

''ဆိုင်ပါတယ်၊ ဟောဒီအမှတ်(၈)ရဲတပ်ဖွဲ့စခန်းကို အရင်က ယိုးဒယားဂိတ်တဲလို့ လူသိများတယ်လေ၊ အဲဒီတော့ အမှတ်(၈)ရဲစခန်းမှူးဆီ ဖုန်းဆက်ထားနှင့်ပါ၊ ဘိန်းမည်းတွေနဲ့ တရားခံတွေ ဖမ်းခဲ့မယ်လို့ အပြောခိုင်းတဲ့သဘောပေါ့''

+++

ထိုနေ့ ၂၄-၁၁-၁၉၉၆ ရက်နေ့.....


ထိုတစ်နေ့သည် အမှတ်(၈)ရဲစခန်းတွင် ဘိန်းမည်းများသယ်ဆောင်လာသူ ဆန်းလင်းနှင့် နော်ဆေးပေါ်တို့အား ဘိန်းမည်း (၃၇) ဒသမ (၅၂)ကီလိုဂရမ်၊ (၂၃)ပိဿာ၊ (၁၅)ကျပ်သားနှင့်အတူ ဖမ်းဆီးရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁၊ အမှတ်(၈)ရဲစခန်း မယ(ပ)၃၇/၁၉၉၆ အရ အရေးယူလိုက်သည်။

ဆန်းလင်းနှင့် နော်ဆေးပေါ်တို့သည် ရတနာပုံမန္တလေးမြို့၏ အလှအပနံနက်ခင်းကို အကျည်းတန်စေသည့် နေ့တစ်နေ့ဖြစ်ပေသည်။

+++

ဘိန်း၊ဘင်းကာဇော်၊ လော်ဓာ ခေါ်ဝါက်
အရက်ဗာစည်၊ ထန်းရည်စိမ်ဆေး
ဆိုရေးများစွာ၊ သူရာမေရယ
ယမ်ဓဝသော၊ ကျင့်ယုတ်မာကို
ဆိုင်ရာကံမြစ်၊ ဓစ်ဓစ်ကြောကြော
ပြောဟောပြသ၊ နေ့ညစည်းရုံး
ရဲမက်လုံးကို၊ မသုံးစွဲကြစေနှင့်....။

ဒုရဲအုပ် အောင်ကျော်နိုင်သည် ရဲသိပ္ပံကျောင်းတော်ကြီးမှ သင်ကြားပို့ချပေးလိုက်သော မူးယစ်ဥပဒေ၊ နည်းဥပဒေများကို သင်ကြားခဲ့ရသည်။ စာရေးဆရာကြီး စန်းသမိန်၏ လက်ဝဲသုန္ဒရအမတ်ကြီး ရေး



www.burmeseclassic.com

www.burmeseclassic.com



**ရဲစွမ်းသတ္တိရှိရှိ၊ ပရိယာယ်ကြွယ်ဝစွာဖြင့် လှျို့ဝှက်သော ဒုစရိုက်သမားတို့၏ မာယာကွန်ယက်ကို ဖမ်းဆီးနှိမ်နင်း အရေးယူနိုင်ခဲ့ခြင်း၏ အောင်မြင်မှုက ဂုဏ်ယူစရာဟု . . .**

သားခဲ့သော နန္ဒိသေနကျမ်း၊ စာမျက်နှာ န-၁၀၄၊ အပိုဒ် ၄၇ မှ စာပိုဒ်အား ရင်ဦးစွဲငြိစွာ အမှတ်ရနေခဲ့သည်။ စာဆိုအမတ်ကြီးမှာ စစ်သည်ရဲမက်များအား ဘိန်းသောက်စားမူးယစ်ခြင်းအား တားမြစ်ခဲ့သည့် အမိန့်ဖြစ်သည်။

မူးယစ်ဆေးဝါး(ဘိန်း)သည် ဘီစီ ၁၄၀၀ မှစ၍ အရှေ့မြေထဲပင်လယ်၊ အာရှမိုင်းနားဒေသတွင် စတင်စိုက်ပျိုးခဲ့သည်။ ၁၉ ရာစုတွင် အရှေ့အိန္ဒိယကုမ္ပဏီတည်ထောင်၍ ဘိန်းမျိုးစေ့များ ယူဆောင်လာခဲ့ပြီး မြန်မာနိုင်ငံ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် နယ်စပ်ဒေသ နယ်မြေအချို့တွင် ဘိန်းစတင်စိုက်ပျိုးလာခဲ့ကြသည်။

အမေရိကန် စီအိုင်အေက အသက်သွင်းပေးခဲ့သည့် ကေတီအမ် တရုတ်ဖြူကျူးကျော်ရေးသမားများ မြန်မာနိုင်ငံ နယ်စပ်မှတစ်ဆင့် ဝင်ရောက်ခဲ့သည်။ စီအိုင်အေ၊ တရုတ်ဖြူများကြောင့် ရွှေတြိဂံနယ်မြေ ပေါ်ပေါက်ခဲ့ရသည်။ "ဘိန်းဖြူအစ အင်္ဂလိပ်က"ဟု ဆိုရမည်ဖြစ်သည်။ ရွှေတြိဂံနယ်မြေတွင်သာမက ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်စစ်သားများလည်း ဘိန်းဖြူစွဲခဲ့ကြသည်။

ဘိန်းနှင့် ဘိန်းဖြူစသော မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော ဆေးဝါးများသည် မြန်မာဗုဒ္ဓဘာသာဝင်တို့၏ ကံငါးပါးကျိုးပေါက်ခြင်း၏ အဆုံးအစွန်ဖြစ်သော (အိတ်ချ်အိုင်ဗွီ)ရောဂါမှတစ်ဆင့် အင်အားချည့်နဲ့ လူရာမဝင်သော (အေအိုင်ဒီအက်စ်)ရောဂါသို့တိုင်အောင် ဖြစ်စေသည်ဟု စမ်းသပ်တွေ့ရှိရပြီး လူသားမျိုးနွယ်တို့အား အရှင်လတ်လတ် အန္တိမရောဂါတစ်ရပ် ဖြစ်ပေါ်စေခဲ့ပေပြီ။

လူသားမျိုးနွယ်တစ်ရပ်လုံးအား ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးစွဲရောဂါ (ကမ္ဘာ့ကပ်ရောဂါ)ကို အမြစ်ပြတ်တိုက်ဖျက်ပစ်ရန် ကမ္ဘာ့နိုင်ငံအသီးသီးမှ လိုလားနေသကဲ့သို့ မြန်မာနိုင်ငံ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(တပ်မတော်အစိုးရ)အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ထိထိရောက်ရောက် ပူးပေါင်းတိုက်ဖျက်ခဲ့ပေသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းအတွက် ထိရောက်စွာ ဥပဒေများရေးဆွဲပြီး အပြစ်ပေးသကဲ့သို့ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးစေခြင်း၊ မွေးမြူစေခြင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(တပ်မတော်အစိုးရ) လက်ထက် ၁၉၈၈ ခုနှစ်မှသည် ၁၉၉၇ ခုနှစ်အထိ မူးယစ်ဆေးဝါးဖမ်းဆီးမှု (၁၁)ကြိမ်၊ ဘိန်းချက်စက်ရုံဖျက်ဆီးမှု (၁၅)ကြိမ်၊ ဘိန်းဖြူ (၂၃၄၁)ကီလို၊ ဘိန်းစိုက်ဧက (၂၀၇၃၆)အား ဖျက်ဆီးခဲ့သည်။ ၁၉၉၆ ခုနှစ်အတွင်း အမှုပေါင်း (၃၇၇၁)မှု၊ မူးယစ်ဆေးဝါးတရားခံကျား/မ(၅၅၄၀)ဦးအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တိုင်းရင်းသား လုပ်သားပြည်သူများ ပူးပေါင်းဖမ်းဆီးနှိမ်နင်း အရေးယူနိုင်ခဲ့ပေသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးတိုင်း(ယခု မန္တလေးတိုင်းဒေသကြီး)၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၈) ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ် အောင်ကျော်နိုင်သည် လူသားမျိုးနွယ်တစ်ရပ်လုံးအား ဒုက္ခန္ဓံအတွင်းသို့ရောက်စေနိုင်သည့် ဘိန်းမည်းမူးယစ်ဆေးဝါး (၂၃)ပိဿာ၊ (၁၅)ကျပ်သား၊ ၃၇ ဒသမ ၇၂ ကီလိုအား တရားခံများနှင့်အတူ အောင်မြင်စွာ ဖမ်းဆီးနိုင်ခဲ့သည်။

တရားခံ ဆန်းလင်းနှင့် နော်

www.burmeseclassic.com

ဆေးပေါ်တို့အား မန္တလေးတိုင်း(ယခု မန္တလေးတိုင်းဒေသကြီး)တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ပြီး ပြစ်မှုကြီးအမှုအမှတ် ရာကြီး ၁၆၁/၉၆ ဖြင့် ၁၆-၆-၁၉၉၇ ရက်နေ့တွင် ထောင်ဒဏ်(၁၀)နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

လူသားမျိုးဆက်သစ်တို့အား ဒုက္ခပေးမည့် ဘိန်းမည်း ၂၃ ပိဿာ၊ ၁၅ ကျပ်သား၊ ၃၇ ဒသမ ၇၂ ကီလိုအား ဖမ်းဆီးသူ ဒုရဲအုပ်အောင်ကျော်နိုင်အား နိုင်ငံတော်မှ ရဲအုပ်ရာထူးသို့ တိုးမြှင့်ပေးခဲ့သည်။

ရဲအုပ် အောင်ကျော်နိုင်မှာ နန္ဒိသေနပျို့မှ ''ဘိန်းဘင်းကဇော်၊ လော်စာခေါင်တက်''အစချီလင်္ကာအား ခဏခဏ ရွတ်ပြလေ့ရှိသည်ကို သူ၏ဆရာ စခန်းမှူးရဲအုပ်ဇော်ဝင်းအောင်က အမြဲသတိထားမိခဲ့သည်။ အထက်အရာရှိဖြစ်သူ စခန်းမှူး ရဲအုပ် ဇော်ဝင်းအောင်က ရဲအုပ် အောင်ကျော်နိုင်အား သည်သို့ အမှတ်တရ နာမည်တစ်ခုပေးလိုက်သည်။

''နန္ဒိသေန လူစွမ်းကောင်း'' ဟု.....

ကောင်းလိုက်သည့်နာမည်၊ စိတ်ထဲမှလည်း သုံးကြိမ်လောက်ရွတ်ဆိုမိသည်။

ရဲစွမ်းသတ္တိရှိရှိ၊ ပရိယာယ်ကြွယ်ဝစွာဖြင့် လျှို့ဝှက်သောဒုစရိုက်သမားတို့၏ မာယာကွန်ယက်ကို ဖမ်းဆီးနှိမ်နင်း အရေးယူနိုင်ခဲ့ခြင်း၏ အောင်မြင်မှုက ဂုဏ်ယူစရာဟု အသိတွင် မှတ်ထားလိုက်မိသည်လေ။

ယခုတော့ ရဲအုပ် အောင်ကျော်နိုင်သည် ဒုရဲမှူးဖြင့် အငြိမ်းစား၊ စခန်းမှူး ရဲအုပ် ဇော်ဝင်းအောင်မှာ ရဲမှူးကြီးရာထူးဖြင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးတာဝန်ထမ်းဆောင်လျက် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ပြည်သူကိုဗဟိုပြု၍ တာဝန်များစွာကို ဆောင်ရွက်နေဦးမည်သာ။ ။

**''မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ကို ဂုဏ်ပြုလျက်''**

သျှင်ရဲထွန်း


# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိရီးယား၊ ဆစ်ဖလစ်၊ ရှန်ကရွိုက်၊ ရေယုန်၊ ရိဖြူ-ရိနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နင်းခူ-ညှင်း၊
ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀၂၅၄၃၆၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၀၀၆၅၄၅



www.burmeseclassic.com

www.burmeseclassic.com

# ရဲမှူးကြီးဝင်းဦး

## ရွှေမှော်တောက လေးလောင်းပြိုင်လူသတ်မှု

ပန်းချီမင်းထက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင်ဖြစ်ပါသည်။ ရုံးက အာစီနှစ်ထပ်အဆောက်အအုံဖြစ်ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက အပေါ်ဆုံးအထပ် မြောက်ဘက်အခန်းတွင် ရုံးထိုင်ပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူးတာဝန်ကလည်း သေးလှသည်မဟုတ်ပါ။ နံနက် ၄ နာရီအချိန်မှစတင်၍ မိုးညှင်းခရိုင်လက်အောက်ရှိ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်မြို့နယ်များမှ ထူးခြားဖြစ်စဉ်သတင်းများအား ပြည်နယ်ရဲတပ်ဖွဲ့မှူးထံသို့ ခရိုင်ရဲတပ်ဖွဲ့မှူးကိုယ်တိုင် တိုက်ရိုက် ဖုန်းဖြင့်သတင်းပို့ရပါသည်။

သက်ဆိုင်ရာ မြို့နယ်များရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများကလည်း မိမိမြို့နယ်အခြေအနေ ထူးခြားဖြစ်စဉ်များကို နံနက် ၄ နာရီမထိုးမီ သတင်းပို့ကြရပါသည်။ နေ့စဉ်ပြုလုပ်နေကျကိစ္စဖြစ်သဖြင့် အထူးအဆန်းတော့မဟုတ်တော့ပါ။ ခရိုင်ရုံးတွင် နေ့စဉ်အလှည့်ကျ တာဝန်ယူကြရသည့် အရာရှိများလည်း အိပ်ရသည်မရှိပါ။ မြို့နယ်အလိုက် ရောက်ရှိလာသည့်သတင်းများ စုစည်းပြီး ကွန်ပျူတာစာစီ၍ တယ်လီဖုန်း၊ ဖက်စ်(Fax) များဖြင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တာဝန်မှူးကြီးထံသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့ကြရပါသည်။

ယနေ့လည်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းဦးသည် နံနက် ၈ နာရီကတည်းက မိမိရုံးခန်းအတွင်း ရောက်ရှိနေပြီး ဝင်စာများ ဖတ်ရှုမှတ်ချက်ပြုခြင်း၊ ထူးခြားမှုခင်းများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာမြို့နယ်များသို့ ညွှန်ကြားနိုင်ရန် စာမူကြမ်းများကို ဖတ်ရှုနေပါသည်။

ညနေ ၄ နာရီအထိ ခရိုင်နယ်မြေအတွင်း ထူးထူးခြားခြားမရှိခဲ့သဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူးအနေဖြင့် စိတ်လက်ပေါ့ပါးနေပါသည်။ ထိုအချိန် ခရိုင်ရဲတပ်ဖွဲ့မှူးစားပွဲပေါ်ရှိ လက်ကိုင်ဖုန်းက အသံမြည်လာသဖြင့် ကောက်ယူနားထောင်လိုက်ရာ တစ်ဖက်မှ ပြောဆိုသူမှာ ဒုပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သိန်းဌေး(ငြိမ်း)ဖြစ်နေပါသည်။

''ခရိုင်မှူးလား''

''ဟုတ်ကဲ့၊ အမိန့်ရှိပါခင်ဗျာ''

''ခင်ဗျား ဘာသတင်းမှမရဘူးလား''

''ဟုတ်ကဲ့၊ အခုအချိန်ထိတော့ ထူးခြားဖြစ်စဉ်သတင်း မရသေးပါဘူး''

ခရိုင်ရဲတပ်ဖွဲ့မှူးက ထူးခြားသတင်းတစ်ခုရှိနေပြီဟုသိ၍ မှတ်စုစာအုပ်နှင့် အသင့်ပြင်လိုက်သည်။

''ဒါဆိုရင် ပြောမယ်၊ အခု ကျုပ်တို့ဆီကို သတင်းတစ်ခုရောက်လာတယ်၊ တနိုင်းစစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့(စရဖ)ကသတင်းပဲ၊ ကာမိုင်းရဲစခန်းအပိုင် အောင်လင်းရွှေမော်မှာ လေးလောင်းပြိုင်လူသတ်မှုဖြစ်လို့တဲ့၊ သူတို့လည်း အခုမှ သတင်းရရချင်းပို့တာလို့ပြောတယ်၊ ဖြစ်တာကတော့ လွန်ခဲ့တဲ့ နှစ်ရက်၊ သုံးရက်လို့လည်းပြောတယ်၊ အတိအကျတော့ မသိသေးဘူး၊ ကချင်ငြိမ်းချမ်းရေးအဖွဲ့(KIA)နယ်မြေထဲမှာပဲ ဖြစ်မယ်ထင်တယ်၊ သူတို့နည်းသူတို့ပုံစံနဲ့ စာရင်းရှင်းနေသလား မသိဘူး၊ အဲဒါ ခင်ဗျားကို ပြည်နယ်ရဲတပ်ဖွဲ့မှူးက အခုချက်ချင်းလိုက်သွားပါလို့ပြောတယ်၊ ခင်ဗျားရောက်ရင် စဉ်ဆက်မပြတ် သတင်းပို့ပါလို့လည်း ပြောတယ်၊ ဘာမရှင်းတာရှိလဲ''

''မရှိပါဘူး၊ ကျွန်တော် အခုပြင်ဆင်ပြီး ချက်ချင်းလိုက်သွားပါ့မယ်''

''ကောင်းပြီ၊ ဒါဆိုလည်း ဆက်လုပ်ပါ''

ဟုပြောပြီး ဖုန်းချသွားသည်။ ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး မောင်မောင်လွင်(ငြိမ်း)နှင့် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သိန်းဌေး (ငြိမ်း)တို့မှာ တပ်မတော်မှ အသွင်ကူးပြောင်းလာသော အရာရှိများဖြစ်ပါသည်။ ခြေဆိုမှ

www.burmeseclassic.com

များက ပြတ်သားရှင်းလင်းပြီး သွက်လက်သော အထက်အရာရှိကြီးများ ဖြစ်ကြပါသည်။ တပ်မတော်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ကူးပြောင်းလာကြသည်မှာ ထိုက်သင့်သောနှစ်များကြာလာပြီဖြစ်သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းများကိုလည်း သဘောပေါက်လာကြပြီဖြစ်သည်။ တိတိကျကျ၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်လုပ်ဆိုသော မူဝါဒအတိုင်း ရဲတပ်ဖွဲ့ဆိုင်ရာ လုပ်ငန်းများကိုလည်း ထိုမူဘောင်ဝါဒများအတိုင်း ဖြစ်စေချင်သည့်ဆန္ဒများက တူညီမှုရှိကြပါသည်။ တစ်နည်းဆိုသော် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ထက်မြက်တောက်ပြောင်စေချင်သည့် စေတနာများက အပြည့်အဝရှိနေကြခြင်းဖြစ်ပါသည်။

တစ်နေ့လုံး မည်သည့်ထူးခြားဖြစ်စဉ်သတင်းမှ တက်မလာသဖြင့် စိတ်သက်သာရာရနေသော်လည်း ဒုပြည်နယ်ရဲတပ်ဖွဲ့မှူး (DCP) ဖုန်းဆက်သည့်အခါမှ ခရိုင်ရဲတပ်ဖွဲ့မှူးလည်း စိတ်ထဲတွင် တစ်မျိုးတော့ ဖြစ်သွားပါသည်။ လူသတ်မှုတွေကြုံခဲ့ရသော်လည်း ယခုအခါ လေးယောက်တောင် သတ်တယ်ဆိုတော့ ဘယ်လိုအငြိုးနဲ့များ သတ်ရတာလဲ၊ တရားခံကရော ဘယ်သူလဲ၊ မိရော မိပါ့မလား၊ မမိခဲ့ရင် အလုပ်ကရှုပ်တော့မှာ၊ အထက်ပြည်ထဲရေးဝန်ကြီးဌာန၊ ရဲချုပ်ရုံးတို့ကလည်း ဒီအတိုင်းနေမည်မဟုတ်။ ပုံစံအမျိုးမျိုးနှင့် မပေါ်မချင်း ဖိအားပေးတော့မည်ဖြစ်ပါသည်။ ယခုအချိန်ထိတော့ ဖားကန့်မြို့နယ်က သတင်းမတက်သေးလျှင် သူတို့လည်း သိချင်မှသိပါလိမ့်မည်။ အခုလည်း ရွှေမှော်ထဲမှာဆိုတော့ လူပေါင်းစုံသည့်နေရာလည်းဖြစ်သည်။

ရွှေမှော်ဆိုတာ တောတောင်စိမ့်စမ်းများအတွင်းမှာ လျှို့ဝှက်လုပ်ကိုင်နေကြသဖြင့် မိမိရဲစခန်းအပိုင်နှင့်က ဝေးနေဦးမှာဖြစ်သည်။ ထို့ပြင် ရွှေမှော်တွေကလည်း တရားဝင်သလား၊ မဝင်သလားဆိုတာ မသိ။ နောက်ပြီး တရားဥပဒေစိုးမိုးမှု ရှိနိုင်တဲ့နေရာလား၊ ဒါမှမဟုတ် (KIA)အဖွဲ့များ ထိန်းချုပ်ထားတဲ့နေရာများလား၊ သွားမယ်ဆိုရင်လည်း အဆင့်ဆင့်ညှိနှိုင်းသွားလာကြမှ အဆင်ပြေမှာစသည့်အချက်များအား တသီတတန်းကြီး တွေးမိလိုက်ပါတော့သည်။

အထက်အမိန့်ဆိုတော့လည်း အမြန်ဆောင်ရွက်ရမှာဖြစ်သဖြင့် ခရိုင်ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ် မင်းကြည် (ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မိုးညှင်း)နှင့်အဖွဲ့ကိုလည်း ခရီးထွက်ရန် ပြင်ဆင်ခိုင်းလိုက်ပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူးလည်း အိမ်ကိုခဏပြန်ပြီး အရပ်ဝတ်၊ ယူနီဖောင်း စသည့် လိုအပ်သည့်ပစ္စည်းများ အမြန်ထည့်ပြီး ခရိုင်ရုံး၏ Hilux ကားဖြင့် ထွက်လာပါတော့သည်။

“အောင်လင်း”ရွှေမှော်ဆိုတာ ဘယ်နားမှန်းလည်းမသိသဖြင့် ဖားကန့်မြို့နယ်၊ ကာမိုင်းရဲစခန်းသို့ပင် ဦးတည်မောင်းခိုင်းလိုက်ပါသည်။ တစ်ဆက်တည်း ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ထွန်းထွန်းဦး(ငြိမ်း)ကိုလည်း ကာမိုင်းရဲစခန်းသို့ ချက်ချင်းဆင်းလာရန်အတွက် ရဲမှူးဦးစီးရဲမှူး အောင်သန်း(ဒုရဲမှူးကြီး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ သထုံ)မှတစ်ဆင့် ညွှန်ကြားလိုက်ပါသည်။ မိုးညှင်းမှ ညနေ ၅ နာရီ ထွက်လာရာ ဟိုပင်၊ ပင်းဘောနှင့် မိုးကောင်း၊ ဖားကန့်လမ်းဆုံတို့အား ဖြတ်သန်းပြီးနောက် ကာမိုင်းရဲစခန်းသို့ ည ၈ နာရီခန့်ရောက်ရှိကြပါသည်။ ရဲစခန်းရောက်သည့်အခါ ရဲစခန်းမှူး ရဲအုပ် သန်းထွန်းဝင်း(ဒုရဲမှူး၊ လှိုင်ကော်)မှာ နေ့လယ်လောက်ကတည်းက သတင်းရ၍ မှန်/မမှန် စုံစမ်းရန် အောင်လင်းရွှေမှော်ဘက်သို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ရောက်ရောက်ချင်း တာဝန်မှူး ဒုရဲအုပ်တစ်ဦးက သတင်းပို့သဖြင့် သိရှိရပါသည်။ ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ထွန်းထွန်းဦးက မရောက်သေးသဖြင့် ကာမိုင်းရဲစခန်း၌ပင် စောင့်နေရပါသည်။ သူက ဘယ်အချိန်ထွက်လာသည်တော့ မသိ။ ည ၉ နာရီခန့်မှ ရောက်လာပါသည်။ ရောက်သည်နှင့် ဒုရဲမှူး ထွန်းထွန်းဦးက ခရိုင်ရဲတပ်ဖွဲ့မှူးထံ ရောက်ရှိလာပြီး.....

“ခရိုင်မှူး၊ ဘယ်အချိန်က ရောက်လဲ၊ ကျွန်တော့်ကိုလည်း ပြည်နယ်ကလှမ်းပြောလို့ လုပ်လက်စကလေးတွေဖြတ်ပြီး ထွက်လာတာပါ”

ထိုသို့ နှုတ်ဆက်အလေးပြုပြီး ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com


"အေး…ကျုပ်ကိုလည်း DCP က ညနေ ၄ နာရီလောက်မှာဆက်တယ်၊ ပြည်နယ်မှူးက ကျုပ်ကို အမြန်လိုက်သွားပါဆိုလို့ ကျုပ်လည်း ပြင်ဆင်ပြီး ထွက်လာရတာ၊ ခင်ဗျားရော ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာသိထားလဲ"

"ကျွန်တော်လည်း ဒီနေ့မနက်ပိုင်းကမှ သတင်းကြားတာပါ၊ ရွှေမော်မှာ လူသတ်မှုဖြစ်တယ်လောက်ပဲကြားတယ်၊ ရိုးရိုးပဲအောက်မေ့လို့ နစ်နာသူက ကာမိုင်းရဲစခန်းကို လာတိုင်မယ်လို့ထင်နေတာ၊ စရဖကလည်း သေချာမသိသေးပါဘူး၊ သူတို့က ဘယ်လိုသတင်းရတယ်တော့ မသိဘူး၊ မြစ်ကြီးနား စရဖကို သတင်းပို့လို့ ပြည်နယ်ကသိတာလို့ ပြောတယ်"

"ဒါနဲ့ လူလေးယောက်တောင် အသတ်ခံရတယ်ဆိုတာရော"

"အဲဒါလည်း သတင်းပဲရှိပါသေးတယ် ခရိုင်မှူး၊ အဲဒီရွှေမော်ရောက်မှပဲ သေချာသိမှာပါ"

ခရိုင်ရဲတပ်ဖွဲ့မှူးက ကာမိုင်းရဲစခန်းတွင်ကပ်ထားသော နယ်မြေရဲစခန်းပိုင်မြေပုံကို ကြည့်ပြီးနောက်…

"ဒါနဲ့ အဲဒီအောင်လင်းရွှေမော်ကို ခင်ဗျားရောက်ဘူးလား"

"ကျွန်တော်လည်း မရောက်ဖူးပါဘူး၊ စုံစမ်းကြည့်တာတော့ မြစ်ကြီးနား၊ တနိုင်းသွားတဲ့ ကားလမ်းအတိုင်းသွားပြီး ယုဇနစက်ရုံမရောက်ခင် ပီလောပီနံ့စိုက်ခင်း ကုန်ထုတ်လမ်းတွေကတစ်ဆင့် အနောက်ဘက်တောင်ကြောအတိုင်း သွားရတယ်လို့ အကြမ်းဖျင်းသိထားရတယ်၊ နောက်ပြီး အဲဒီနေရာက KIA အဖွဲ့က ထိန်းချုပ်ထားတဲ့နယ်မြေလို့ သိရတယ်၊ လမ်းပြကိုတော့ ရှာထားပြီးပါပြီ"

"ဟုတ်ပြီလေ၊ ဒီနေ့တော့ ဆက်ထွက်ဖို့အချိန်မရှိတော့ဘူး၊ မနက်ဖြန်မနက် စောစောမှပဲထွက်ကြတာပေါ့ဗျာ"

"ကောင်းပါတယ် ခရိုင်မှူး၊ ကျွန်တော်လည်း မနက်သွားဖို့ ပြင်ဆင်လိုက်ပါ့မယ်၊ နောက်ပြီး ကျွန်တော်နဲ့ခရိုင်မှူးတို့ ရောက်ရှိနေရာကိုလည်း ပြည်နယ်ကို သတင်းပို့လိုက်ပါ့မယ်"

"ကောင်းပါပြီဗျာ၊ ဆက်လုပ်ပါ"

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ထွန်းထွန်းဦးမှာ လူငယ်တစ်ဦးဖြစ်သည်နှင့်အညီ သူလုပ်ရမည့် တာဝန်ပိုင်းကို ကာမိုင်းရဲစခန်း နယ်ထိန်းအဖွဲ့ဝင်များနှင့် သွက်သွက်လက်လက် စီစဉ်နေပါသည်။ ထိုနေ့ညကိုတော့ ကာမိုင်းရဲစခန်းတွင်ပင်အနားယူပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို တွေးတောရင်း အိပ်ပျော်သွားပါတော့သည်။

+++

နံနက်မိုးလင်း၍ ၇ နာရီခန့်တွင် အဆာပြေ စားသောက်ကြပြီး ကာမိုင်းမှတစ်ဆင့် မြစ်ကြီးနား–တနိုင်းသွားကားလမ်းဆီသို့ ယာဉ်မောင်း ဒုတပ်ကြပ်နိုင်ဦး (ဟိုပင်)အား မောင်းခိုင်းလိုက်ပါသည်။

ယုဇနစက်ရုံသို့မရောက်မီ ကုန်ထုတ်လမ်းခွဲအထိသာ ကားမောင်း၍ရသဖြင့် ယာဉ်မောင်း ဒုတပ်ကြပ်နိုင်ဦးအား ကာမိုင်းရဲစခန်း၌ပင် ပြန်စောင့်နေရန် ပြန်လည်စေလွှတ်လိုက်ပါသည်။ ၎င်းလမ်းခွဲနေရာမှတစ်ဆင့် စီစဉ်ထားသော ဆိုင်ကယ်များဖြင့် ထွက်လာကြပါသည်။ တစ်နာရီခန့်ကြာသောအခါ နှစ်ဘက်ဈေးဆိုင်တန်းများရှိသောနေရာသို့ ရောက်ရှိပြီး စုံစမ်းရာ အောင်လင်းရွှေမော်သို့ သွားရောက်သည့် ဂိတ်ဝဈေးတန်းဖြစ်ကြောင်း သိရှိရပါသည်။ ထိုဈေးတန်းတွင် KIA အဖွဲ့ရုံးခန်းဖွင့်ထားပြီး ရွှေမော်တွင် ရွှေတူးမည့်သူများက KIA အဖွဲ့ရုံးတွင် သတင်းပို့ စာရင်းသွင်းပြီးမှသာ ရွှေတူးရာနယ်မြေသို့ သွား၍ရကြောင်းကိုလည်း သိရှိရပါသည်။

ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ကို KIA အဖွဲ့တာဝန်ခံက လာရောက်တွေ့ဆုံပြီး အောင်လင်းရွှေမော်သို့ သွားရန် ၎င်းတို့ထံမှ တပ်ဖွဲ့ဝင် ငါးဦးလိုက်ပါပြီး လမ်းပြမည်ဖြစ်ကြောင်း၊ ဆိုင်ကယ်နှင့်သွား၍ မရတော့ကြောင်း၊ ခြေကျင်ခရီးဖြင့် တောတောင်စမ်းချောင်းများကိုဖြတ်ပြီး သွားရမည်ဖြစ်ကြောင်း၊ နံနက်စာကို ဒီဈေးတန်း၌ပင် စားသွားစေလိုကြောင်း ပြောပြပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့လည်း ထိုဈေးဆိုင်တန်း၌ပင် နံနက်စာ စားသုံးကြပြီးနောက် KIA အဖွဲ့နှင့်အတူ တောလမ်းအတိုင်း ခြေကျင်ခရီးသွားကြ

www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ တောတောင်ကြီးက သစ်ပင်ကြီးများဖြင့် အုံ့ဆိုင်းနေပြီး လူသွားလမ်းလေးများအတိုင်း ခရီးဆက်ကြရပါသည်။ KIA အဖွဲ့များကတော့ ဒီတောဒီတောင်သည် ၎င်းတို့သွားနေကျနေရာများဖြစ်သဖြင့် ခရီးသွက်လှပါသည်။ မိမိတို့အနေနှင့်လည်း ယခုမှပင် သင်တန်းကျောင်း၌ ပြန်လေ့ကျင့်ရသလိုဖြစ်သဖြင့် သူတို့အဖွဲ့ကို မီအောင် မလိုက်နိုင်ပါ။ တောင်များကလည်း တက်လိုက်ဆင်းလိုက်ဖြစ်နေသဖြင့် မှန်မှန်ပင် လျှောက်လှမ်းခဲ့ရပါသည်။ အို့သော် KIA အဖွဲ့များက ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့အား စိတ်ရှည်စွာဖြင့် စောင့်၍ခေါ်ဆောင်ကြပါသည်။ တစ်ခါတစ်ရံ လမ်းဘေးတစ်ဖက်တစ်ချက်၌ နှစ်ဦး၊ သုံးဦး စသည်ဖြင့် မြေကြီးဖွဲ့ပြီး ရွှေတူးနေကြသူများကိုလည်း တွေ့ရပါသည်။ စိတ်အထင် လမ်းတွင် ဝေ့ဝိုက်စီးဆင်းနေသော စမ်းချောင်းများကို အကြိမ် ၂၀ ကျော်ခန့် ဖြတ်သန်းရသည်ဟုထင်ပါသည်။ တောစီးဖိနပ်နှင့်ဖြစ်သဖြင့် စိုတစ်လှည့်၊ ခြောက်တစ်လှည့်ဖြင့်ပင် လျှောက်လှမ်းခဲ့ရပါသည်။ သုံးနာရီကျော်ခန့် လျှောက်ပြီးသည့်အခါ နေ့ ၁ နာရီကျော်ခန့်တွင် အောင်လင်းရွှေမှော်တဲစုသို့ ရောက်ရှိကြပါသည်။ တဲစုဆိုသော်လည်း ရွှေတူးသူများ ဝယ်ယူစားသောက်ရန် ကုန်စိမ်းတန်း၊ ကုန်ခြောက်ဆိုင်များနှင့် ရွှေတူးရာတွင် အသုံးပြုကြသည့် ပစ္စည်းများ ရောင်းချသည့် ဈေးဆိုင်တန်းများပင်ဖြစ်ပါသည်။ ဈေးဆိုင်တန်း ၃၀ ခန့်ရှိပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းကိုလည်း အခိုင်အမာ ဆောက်လုပ်ကိုးကွယ်ထားသည်ကို တွေ့ရှိရသဖြင့် အောင်လင်းရွှေမှော်သည် လွန်ခဲ့သော နှစ်အတော်ကြာကတည်းက တည်ရှိနေသောရွှေမှော်ဟု ယူဆရပါသည်။ ဈေးဆိုင်တန်းများတွင် ဈေးရောင်းကြသူများမှာ ကချင်၊ တရုတ်၊ ရှမ်း၊ ဗမာလူမျိုးများက ရောင်းဝယ်ကြပြီး ဆက်သွယ်ရေးအတွက် CDMA ဖုန်းဆိုင်များပင်ရှိသည်ကို တွေ့ရှိရပါသည်။ မြို့ကြီးနှင့်ဝေးကွာပြီး တောတောင်များအလယ်၌ ခေတ်မီဆက်သွယ်ရေးစနစ် တည်ထောင်ထားကြသည်မှာလည်း ချီးကျူးစရာပင်ဖြစ်ပါသည်။ ထိုဈေးဆိုင်တန်းနေရာများကိုလည်း KIA ငြိမ်းချမ်းရေးအဖွဲ့များကပင် ထိန်းချုပ်ထားရှိပြီး ယုံကြည်စိတ်ချရသောသူများကို ရွှေမှော်တာဝန်ခံများအဖြစ် ခန့်အပ်တာဝန်ပေးထားကြောင်းကိုလည်း စုံစမ်းသိရှိရပါသည်။

ရွှေတူးဖော်သည့်နေရာများမှာ တောထဲ၌ပင်ဖြစ်ကြောင်းနှင့် တဲစုအနီးတစ်ဝိုက်တွင် ယခင်ရွှေတူးဖော်ထားသော ကျင်းဟောင်း၊ ကျင်းပျက်များကိုလည်း တွေ့ရှိရပါသည်။ အောင်လင်းရွှေမှော်တာဝန်ခံမှာ ကိုဘတင့်ဆိုသူဖြစ်ပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ ရောက်ရှိသည်နှင့် ရွှေမှော်တာဝန်ခံ ကိုဘတင့်ဆိုသူလည်း ရောက်ရှိလာပြီး ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့အား အိမ်အလွတ်တစ်လုံးတွင် နေရာချပေးပါသည်။ ပစ္စည်းများ နေရာချထားပြီးသည့်နောက် ခရိုင်ရဲတပ်ဖွဲ့မှူးက.....

''ကဲ.....ကိုဘတင့်ရေ ခရီးရောက်မဆိုက်ပဲ ဖြစ်ကြောင်းကုန်စင်ကို မေးရတော့မှာပဲ၊ ကျုပ်တို့က အခုအချိန်ထိ ဘယ်လိုဖြစ်တယ်ဆိုတာကို သေသေချာချာမသိရဘူး ဖြစ်နေတယ်''

ထိုအချိန် ဒုရဲမှူး ထွန်းထွန်းဦးနှင့် ခရိုင်ဒ/န ခေါင်းဆောင် ရဲအုပ်မင်းကြည်တို့ကလည်း မြေပြင်သတင်းစုံစမ်းရန် ဈေးဆိုင်တန်းဘက်သို့ ထွက်သွားကြပါသည်။

''ဟုတ်ကဲ့၊ ကျွန်တော် သိသလောက်ပြောပြပါ့မယ်၊ ဖြစ်တဲ့နေရာက ဒီကနေ တောင်တက်တောင်ဆင်းခရီး ငါးမိုင်ခန့်အကွာ တောထဲမှာဖြစ်ပါတယ်၊ အဲဒီနေရာကို ကာမိုင်းရဲစခန်းမှူးနဲ့ KIA အဖွဲ့တို့က ခရိုင်မှူးတို့မရောက်ခင် ဒီနေ့မနက်စောစောကပဲ ထွက်သွားကြပါတယ်၊ ကျွန်တော်ကတော့ ခရိုင်မှူးနဲ့အဖွဲ့လာမယ်ဆိုလို့ ဒီကပဲစောင့်နေတာပါ''

ကိုဘတင့်က အရပ်မြင့်မြင့်အသားဖြူပြီး စကားကို လေးလေးပင်ပင်နှင့် ပြောတတ်သူဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်ဘက်မှ လွန်ခဲ့သော သုံးနှစ်ကျော်ခန့်က ရောက်ရှိလာသူဖြစ်ပြီး ရွှေတူးနေရာမှ အဆင်မပြေသဖြင့် ဈေးဆိုင်ဖွင့်လုပ်ရောင်းချနေသူဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းအား KIA အဖွဲ့မှ လူဝင်လူထွက်နှင့်

www.burmeseclassic.com


အပ်သည့်ကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်နိုင်ရန် အောင်လင်းရွှေမော်၏ တာဝန်ခံအဖြစ် တာဝန်ပေးထားကြောင်း သိရှိရပါသည်။

"လွန်ခဲ့တဲ့ သုံးရက် နေ့လယ်ပိုင်းလောက်မှာ ကျွန်တော် ဈေးဆိုင်မှာရှိနေပါတယ်၊ အခုသေဆုံးသူတို့ရဲ့ တဲနဲ့မနီးမဝေးမှာနေတဲ့ ဒေါ်ဂျာဘောက်က ကျွန်တော့်ဆီရောက်လာပါတယ်၊ သူ့ပြောပြချက်အရ သိရတာပါ၊ သူပြောတာကတော့ အဲဒီ သူ့တဲနဲ့ မနီးမဝေးမှာ ကိုအောင်ဝင်းနဲ့ မခင်တင့်တို့လင်မယားနေတဲ့ တဲရှိတယ်တဲ့၊ သူ့တဲနဲ့က ကိုက် ၃၀ လောက်ဝေးတယ်၊ အဲဒီနားမှာ သူတို့တဲ နှစ်တဲပဲရှိတယ်၊ ကိုအောင်ဝင်းက ရခိုင်လူမျိုးဖြစ်ပြီး မခင်တင့်ကတော့ ဝေါမြို့နယ်ထဲက ရွာတစ်ရွာကလို့ သိရတယ်တဲ့၊ မခင်တင့်က ကိုယ်ဝန်ငါးလလောက်ရှိပြီး ၇ နှစ်အရွယ်သားတစ်ယောက်လည်းရှိတယ်တဲ့၊ သူတို့ရွှေတူးတာက တောထဲကိုထပ်သွားရသေးတယ်၊ သုံးလေးမိုင်လောက်ဝေးတယ်၊ ကိုအောင်ဝင်းတို့ဆီမှာ ရခိုင်လူမျိုး အလုပ်သမားလေးယောက်နဲ့လုပ်တယ်လို့ သိရတယ်၊ အဲ.....လွန်ခဲ့တဲ့ သုံးရက်လောက်ကပေါ့ဗျာ၊ ကိုအောင်ဝင်း၊ မခင်တင့်တို့တဲဘက်က ကလေးငိုသံကြားရပြီး ရိုက်နှက်နေတဲ့အသံတွေ ကြားရတယ်တဲ့၊ ဒါနဲ့ သူလည်း တဲအပြင်ထွက်ကြည့်လိုက်တော့ ကိုအောင်ဝင်းသားလေးကို လူတစ်ယောက်က ခြေထောက်နှစ်ချောင်းကကိုင်ပြီး ဇောက်ထိုးဆွဲထမ်းလာပြီး အိမ်သာဘက်သွားတာတွေ့ရတယ်တဲ့၊ ကလေးကိုထမ်းသွားတဲ့အချိန်တုန်းက ကလေးငိုသံမထွက်တော့ဘူး၊ အဲဒီလူ အိမ်သာဘက်က ပြန်လာတော့ ကလေးမပါလာတော့ဘူးလို့ သိရတယ်တဲ့"

"ဒါနဲ့ အဲဒီလူက ဘယ်သူတဲ့လဲ၊ သူတို့တွေ့ဖူးတဲ့သူလား"

"ကိုအောင်ဝင်းတို့ဆီမှာ လုပ်နေတဲ့ အလုပ်သမားလို့ထင်တယ်တဲ့၊ သူတို့ တစ်ခါတစ်ခါ ခေါ်တာကတော့ 'ကိုချေ'လို့ ခေါ်သံကြားတယ်လို့ သိရတယ်"

ရခိုင်လူမျိုးများ တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုနှင့်ခေါ်သည့်အခါ 'ကိုချေ'ဟုပင် ခေါ်လေ့ခေါ်ထရှိသည့်အကြောင်း၊ နာမည်ရင်းကို မသိရှိရကြောင်း သိရှိရပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူးက ၎င်း၏မှတ်စုစာအုပ်တွင် လိုက်မှတ်နေရင်းမှ.....

"အဲဒီဒေါ်ဂျာဘောက်ရော ဒီမှာရှိလား"

"ကျွန်တော့်ဆီကို လာပြောပြပြီးတဲ့နောက် KIA အဖွဲ့က ခေါ်စစ်နေလို့ ထွက်သွားတာ အခုအချိန်ထိကို ပြန်မရောက်သေးပါဘူး၊ ပြန်ရောက်လာရင်တော့ ဆရာတို့ဆီကို မဖြစ်မနေ ပို့ပေးပါ့မယ်"

"ကဲ.....ဟုတ်ပါပြီ၊ ဆက်ပြီးတော့ သိသမျှလေး ပြောပြပါဦး"

"ဟုတ်ကဲ့၊ တော်တော်လေးကြာတော့ အဲဒီကိုချေဆိုတဲ့လူလည်း ထွက်သွားတယ်၊ အဲဒါနဲ့ သူလည်း အခု ကျွန်တော်တို့ဈေးဆိုင်တန်း တဲစုကို ပြန်မလို့ တဲနောက်ဘက်ကစမ်းချောင်းကို ဖြတ်လိုက်တဲ့အခါ ကမ်းစပ်မှာ မခင်တင့်ကို လည်ပင်းမှာ ကြိုးကွင်းစွပ်လျက် ဒဏ်ရာတွေနဲ့ လဲနေတာတွေ့တယ်၊ အဲဒါနဲ့ သူလည်း အနားသွားကြည့်တော့ စကားမပြောနိုင်ဘူး၊ အသက်ရှိသေးတာ သိရတဲ့အတွက် ဘာမှလည်း မလုပ်တတ်တာနဲ့ ကျွန်တော်တို့တဲစုကို ပြန်လာပြီး သူတွေ့ခဲ့တဲ့အကြောင်း ပြောတာနဲ့ ကျွန်တော်တို့လည်း လူစုပြီး လိုက်သွားကြပါတယ်၊ ဟိုရောက်တော့ မခင်တင့်ကိုယ်မှာ မြင်မကောင်းအောင် ဖူးရောင်ဒဏ်ရာတွေနဲ့ပါ၊ စကားမပြောနိုင်ဘူး၊ အသက်ရှိသေးတော့ ကျွန်တော်တို့လည်း သူ့ကို စောင်ပုခက်လုပ်ပြီး ဈေးဆိုင်တဲစုကို ထမ်းလာကြပါတယ်၊ ကျွန်တော်တို့တဲစုမှာရှိတဲ့ ကျန်းမာရေးဆရာမနဲ့ ကုကြပါသေးတယ်၊ ဒါပေမဲ့ ဒဏ်ရာကပြင်းတော့ ခေါ်လာတဲ့နေ့ ညနေပိုင်းမှာပဲ သေဆုံးသွားပါတယ်၊ ကျွန်တော်က KIA အဖွဲ့ကို သွားအကြောင်းကြားတော့ တစ်ခါတည်း မီးရှို့လိုက်လို့ ပြောပါတယ်၊ ဒါပေမဲ့ သေတဲ့လူက ဗမာလူမျိုးဖြစ်နေတော့ ဘုန်းကြီးသွားလျှောက်တဲ့အခါ သရဏဂုံတင်ပြီး မြေမြှုပ်လိုက်ပါပြောတာနဲ့ ကျွန်တော်တို့လည်း ဒီကသင်္ချိုင်းမှာပဲ မြေမြှုပ်လိုက်ပါတယ်"

"ဒါဖြင့်ရင်မခင်တင့်အလောင်းမြေမြှုပ်တဲ့နေရာတော့ သိမှာပေါ့"

"ဟုတ်ကဲ့ သိပါတယ်၊ လိုက်ပြလို့ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဒဏ်ရာရသေဆုံးသူ မခင်တင့်အား မြေမြှုပ်လိုက်ပြီဖြစ်သဖြင့် မည်သည့်ဒဏ်ရာတွေ ရရှိသည်ကို သိရှိနိုင်ရန်အတွက် ပြန်ဖော်ပြီး လုပ်ထုံးလုပ်နည်းအရ စစ်ဆေးရမည်ဖြစ်ပါသည်။ ဆရာဝန်ကတော့ ပါမလာပါ။ ကာမိုင်းကခေါ်လာတဲ့ ကျန်းမာရေးမှူးအဆင့်ရှိသူတစ်ဦးသာပါသည့်အတွက် သူနှင့်ပင် အလောင်းအား တူးဖော်ကြရမည်ဖြစ်ပါသည်။ ထိုအချိန်တွင် ဒုရဲမှူး ထွန်းထွန်းဦးနှင့် ရဲအုပ် မင်းကြည်တို့လည်း ရောက်ရှိလာကြပြီး ၎င်းတို့ စုံစမ်းသိရှိသမျှအား ခရိုင်ရဲတပ်ဖွဲ့မှူးအား သတင်းပို့ကြပါသည်။ ဖြစ်စဉ်အကြမ်းဖျင်းအနေဖြင့် ကိုဘတင့်ပြောပြသည့် အချက်များကပြည့်စုံနေပြီဖြစ်ပါသည်။ သို့သော် ဒုရဲမှူး ထွန်းထွန်းဦးတို့က ပြစ်မှုကျူးလွန်သူ၏ ပုံသဏ္ဌာန်အား သေချာစွာ စုံစမ်းမှတ်သားခဲ့ကြကြောင်း တင်ပြကြပါသည်။

အောင်လင်းရွှေမှော်ဈေးဆိုင်တန်းတဲစု၏ သင်္ချိုင်းကုန်းက တဲစုနှင့် သိပ်မဝေးလှပါ။ တဲစုနှင့် ၆ ဖာလုံခန့်ကွာဝေးသည့် တောင်ခြေတစ်နေရာတွင်ဖြစ်ပါသည်။ သင်္ချိုင်းဆိုသော်လည်း အုတ်ဂူ၊ ဇရပ်တို့ မရှိပါ။ လာရောက်ရွှေတူးကြသူများမှာလည်း မြန်မာပြည်အနှံ့ နယ်ပေါင်းစုံမှဖြစ်သဖြင့် ညှော်သည့်သင်္ချိုင်းသဘောသာဖြစ်နေပြီး ကြုံသလို မြေလွတ်နေရာများတွင် မြေမြှုပ်နေကြခြင်းဖြစ်ပါသည်။ သင်္ချိုင်းတွင် ဒေါ်ခင်တင့်အား မြှုပ်ထားသည့် လတ်တလော မြေဖို့ထားသည့် နေရာတစ်ခုသာတွေ့ပါသည်။

ကိုဘတင့်နှင့်ပါလာသူ လူငယ်သုံးဦးတို့ကလည်း လွန်ခဲ့သောရက်အနည်းငယ်က မြေမြှုပ်ထားသည့်နေရာအား တူးဖော်ကြပါသည်။ လူငယ်များ၏ တက်ညီလက်ညီ တူးဖော်မှုကြောင့် မြေမြှုပ်ထားသော မခင်တင့်အလောင်းအား ကျင်းထဲမှထုတ်ယူပြီး ကျင်းနှုတ်ခမ်းအနီးတွင် ချထားပါသည်။ မခင်တင့်အလောင်းမှာ သုံးလေးရက်ခန့်ကြာပြီး မြေမြှုပ်ပြီးဖြစ်သည့်အတွက် ဒဏ်ရာများ ညိုမည်းဖူးရောင်နေပြီး မြင်မကောင်းအောင် ဖောယောင်လျက်ရှိပါသည်။ အထူးသဖြင့် ဦးခေါင်းပိုင်းတွင် ပေါက်ပြဲဒဏ်ရာများ၊ ကျောကုန်းနှင့် လက်ပြင်တို့တွင် ဖူးရောင်ဒဏ်ရာများတွေ့ရှိရသဖြင့် မသေမချင်း ရိုက်နှက်ထားသည်ဟုပင် ယူဆရပါသည်။

ကျန်းမာရေးမှူးက မခင်တင့် ဝမ်းဗိုက်အား ခွဲကြည့်ရာ သားအိမ်ထဲတွင် လူဖြစ်ခါစ သန္ဓေသားလောင်းကိုပါ တွေ့ရှိရပါသည်။ ထုနှက်ရိုက်ပုတ်ထားသော ဒဏ်ရာများကြောင့်ပင် သေဆုံးခြင်းဖြစ်သည်ဟု ကျန်းမာရေးမှူးက မှတ်ချက်ပြုခဲ့ပါသည်။

ထို့နောက် မခင်တင့်အလောင်းအား စစ်ဆေးပြီးနောက် မြေပြန်ဖို့လိုက်ကြပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့လည်း တည်းခိုရာနေရာသို့ ပြန်ရောက်ရှိကြပါသည်။

အခင်းဖြစ်ပွားရာနေရာသို့ ကာမိုင်းရဲစခန်းမှူး ရဲအုပ် သန်းထွန်းဝင်းနှင့် KIA အဖွဲ့တို့ သွားရောက်နေပြီဖြစ်သဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့အဖွဲ့က လိုက်မသွားတော့ပါ။ ပြစ်မှုကျူးလွန်သူ၏သတင်းကိုသာ ကွင်းဆက်မပြတ် စုံစမ်းလျက်ရှိပါသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ထွန်းထွန်းဦးနှင့်အဖွဲ့ စုံစမ်းချက်များအရ ပြစ်မှုကျူးလွန်သူမှာ အောင်လင်းရွှေမှော်နယ်မြေတွင် မရှိနိုင်တော့ကြောင်း၊ အခင်းဖြစ်သည့်နေ့က ဈေးဆိုင်တန်းဘက်သို့ ခဏလာသည်ကို တွေ့မြင်လိုက်ကြပြီး နောက်ပိုင်းတွင် လုံးဝမတွေ့ရှိတော့ကြောင်းနှင့် ကိုအောင်ဝင်းထံတွင် အလုပ်ဝင်လုပ်နေကြသည့် ရခိုင်လူမျိုး ရွှေတူးသမားများကိုပင် မတွေ့တော့ကြောင်း သိရှိရပါသည်။ ဤနယ်မြေကလည်း မြို့ကြီးပြကြီးများကဲ့သို့မဟုတ်ပါ။ တောထဲသို့ထွက်သွားပါက မည်သို့လိုက်ရှာရမည်မသိသော နေရာများဖြစ်ပါသည်။

KIA အဖွဲ့ကလည်း ၎င်းတို့ထိန်းချုပ်ထားသော နယ်မြေအတွင်းဖြစ်ပွားခြင်းဖြစ်သဖြင့် အပူတပြင်းရှာဖွေမည်ဖြစ်ပါသည်။ ဤအချက်ကိုလည်း ပြစ်မှုကျူးလွန်သူက သိရှိမည်ဖြစ်ပါသည်။

၎င်းတို့အနေဖြင့် ဤတော၊ ဤတောင်တွင် ရောက်ရှိနေကြသူများဖြစ်သဖြင့် ရှောင်ကွင်းသွားလာနိုင်သည့် လမ်းများကို သိရှိမည်ဖြစ်သည်။ ထိုလမ်းများကိုပင် အသုံးပြုပြီး ထွက်ပြေးကြမည်ဖြစ်ပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူးကတော့ ပြေးနိုင်

www.burmeseclassic.com

www.burmeseclassic.com





သလောက် ပြေးစမ်းကြပါစေ၊ တစ်နေ့တော့ မိမှာပဲဟုသာ စိတ်ထဲမှ မှတ်ချက်ပြုထားမိပါသည်။

ထိုနေ့ညနေ ၅ နာရီကျော်ခန့်တွင် ကာမိုင်းစခန်းမှူး ရဲအုပ်သန်းထွန်းဝင်းနှင့် KIA တပ်ဖွဲ့ဝင်များ ပြန် လည်ရောက်ရှိလာကြပါသည်။ တောင်တက်တောင်ဆင်းများကို လမ်းလျှောက်လာရသည်ဖြစ်သဖြင့် တော်တော်မောပန်းလာပုံရသည်။

ရောက်ရှိသည်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ ရောက်ရှိလာပြီး.....

"ကျွန်တော်တို့ ပြန်ရောက်ပါပြီ ခရိုင်မှူး"

"အေး....တော်တော်မောလာကြမှာပေါ့၊ ခဏနားပြီးတော့မှ အခြေ အနေလေးပြောပေါ့ဗျာ"

ရဲအုပ် သန်းထွန်းဝင်းက ရေသန့်ဘူးထဲမှရေကို တဝသောက်ပြီးနောက် ခရိုင်ရဲတပ်ဖွဲ့မှူးနားတွင် လာထိုင်ပါသည်။ ထို့နောက် ၎င်း၏မှတ်စုစာအုပ်ကိုထုတ်ပြီး မှတ်သားထားသော အချက်များကို ကြည့်ရှု၍.....

"ဟုတ်ကဲ့၊ ဖြစ်တဲ့အခင်းဖြစ်အရပ်က ဒီကနေ ငါးမိုင်လောက်တော့ ဝေးမယ်ထင်တယ်၊ ကျွန်တော်တို့ကိုလည်း KIA အဖွဲ့တွေ လမ်းပြလို့သာရောက်တာ၊ ကျွန်တော်တို့သာ ရှာမယ်ဆို တွေ့မှာမဟုတ်ဘူး၊ ကိုအောင်ဝင်းတို့ ရွှေတူးတဲ့နေရာကို ပထမသွားတယ်၊ အဲဒီမှာတော့ ဘယ်သူမှမရှိကြတော့ဘူး၊ KIA အဖွဲ့က မခင်တင့် ရှာမှာသေဆုံးပြီး နောက်နေ့မှာ အဲဒီကိုအောင်ဝင်းလုပ်တဲ့ ရွှေမှော်ကို လိုက်သွားကြတယ်လို့ သိရတယ်၊ အဲဒီတုန်းက ဘယ်သူမှမပါဘူး၊ သူတို့ KIA အဖွဲ့တွေချည်းပဲသွားတာ၊ အခုလည်း သူတို့ပြောပြချက်ကို ကျွန်တော်မှတ်လာပြီး ပြန်ပြောပြတာပါ"

ရဲအုပ် သန်းထွန်းဝင်းက သူ့မှတ်စုစာအုပ်ကို တစ်ရွက်ချင်းလှန်ပြီး ဆက်ပြောပြပါသည်။

"ပထမဆုံးသွားတဲ့ KIA အဖွဲ့တွေ ရောက်တုန်းက ကိုအောင်ဝင်းလုပ်တဲ့ လုပ်ကွက်အနီးမှာ ဘယ်သူမှမတွေ့ကြဘူး၊ လုပ်လက်စနေရာတွေကိုပဲ တွေ့ကြတယ်၊ ဒါနဲ့ သူတို့အဖွဲ့ လိုက်ရှာတဲ့အခါ လူးကျင်းအနီးမှာ ယင်ကောင်တွေအုံနေတဲ့နေရာကို တွေ့ပြီး ကျောက်ခဲတွေနဲ့ စီထားတာတွေ့လို့ ဖယ်ကြည့်တော့မှ

မိမိနယ်ထဲမှာ
ဒီလိုဖြစ်သွားတော့
စိတ်မကောင်းဘူးပေါ့
ကိုယ့်တိုင်းရင်းသား
အချင်းချင်း
ဒီလောက်အထိ
မရက်စက်သင့်ကြပါဘူး၊
သေတဲ့ကောင်မလေး
ဒီကိုရောက်လာတော့
အသက်ငွေ့ငွေ့ပဲ
ပါလာတယ်
...

www.burmeseclassic.com

ကိုအောင်ဝင်းအလောင်းကို တွေ့တယ်တဲ့၊ အလောင်းကတော့ ဒဏ်ရာကြောင့် အနံ့နည်းနည်းထွက်နေတယ်တဲ့၊ ဒဏ်ရာတွေကြည့်တဲ့အခါ ခေါင်းတစ်ခုလုံး ကြေနေတာပဲတဲ့၊ အဲဒီဒဏ်ရာနဲ့ပဲ သေတာဖြစ်မယ်လို့ ပြောတယ်၊ KIA အဖွဲ့ကတော့ သူတို့ထုံးစံအတိုင်းပဲ အလောင်းကို မသယ်တော့ဘဲ အဲဒီရွှေမှော်လုပ်ကွက်မှာပဲ မီးရှို့လိုက်ကြတယ်၊ မီးရှို့တဲ့နေရာကိုပဲတွေ့တယ်၊ သေသေချာချာစစ်ကြည့်တော့ မီးမလောင်တဲ့ သွားနှစ်ချောင်းတွေ့တာနဲ့ ကျွန်တော်လည်း သိမ်းလာတယ်၊ နောက်ပြီး ဓာတ်ပုံရိုက် မှတ်တမ်းတင်ခဲ့ပါတယ်''

ရဲအုပ် သန်းထွန်းဝင်းက ၎င်းကိုယ်တိုင် မှတ်တမ်းတင်ရိုက်ခဲ့သော ဓာတ်ပုံများအား ကင်မရာထဲတွင် ပြသသဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ကလည်း စိတ်ဝင်စားစွာဖြင့် ကြည့်ရှုကြသည်။ ဆက်လက်၍ ဒုရဲအုပ် သန်းထွန်းဝင်းက.....

''KIA အဖွဲ့က ကိုအောင်ဝင်းအလောင်းကို မီးရှို့ပြီးတော့ အဲဒီနေ့မှာပဲ တစ်ဆက်တည်း ကိုအောင်ဝင်းနေတဲ့တဲကို ဆက်သွားကြပါတယ်၊ တဲနဲ့သူတို့လုပ်ကွက်က သုံးမိုင်လောက်ဝေးပါတယ်၊ အဲဒီအိမ်နေရာကိုလည်း ကျွန်တော်ရောက်ခဲ့ပါတယ်၊ သူတို့ပြောပြချက်အရ အဲဒီနေ့ ကိုအောင်ဝင်းတဲကို ရောက်တဲ့အခါ တဲအတွင်းမှာ ပစ္စည်းတွေ ပြန့်ကျဲနေတာပဲတဲ့၊ တဲကြမ်းပြင်မှာတော့ သွေးစသွေးနတွေ တွေ့တယ်လို့ပြောတယ်၊ ဒါနဲ့ တဲပတ်ဝန်းကျင်လိုက်ရှာတဲ့အခါ အိမ်သာကျင်းထဲမှာ ကိုအောင်ဝင်းရဲ့သား မောင်မြင့်ဇော်ကို ခေါင်းမှာ ဒဏ်ရာတွေနဲ့ သေနေတာကို ထပ်တွေ့ရတယ်၊ အဲဒါနဲ့ပဲ ကလေးအလောင်းကိုရော၊ တဲကိုပါ ထပ်ပြီးမီးရှို့ခဲ့တယ်လို့ သိရတယ်၊ ကျွန်တော်ရောက်တဲ့အချိန်မှာလည်း မီးရှို့ထားတဲ့ ပြာပုံပဲတွေ့တယ်၊ ဓာတ်ပုံမှတ်တမ်းပဲယူရတာပေါ့၊ သွားလာမှုကတော့ တော်တော်ဝေးတာပဲ၊ ခရိုင်မှူးခင်ဗျား ကျွန်တော့်လုပ်သက်တစ်လျှောက် အခင်းဖြစ်နေရာစစ်တာ ဒီတစ်ခါ အပင်ပန်းဆုံးပါပဲ''

ခရိုင်ရဲတပ်ဖွဲ့မှူးက ရဲအုပ် သန်းထွန်းဝင်း ပြသသည့် ကင်မရာထဲမှ မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုပြီးနောက်.....

''အေးပေါ့လေ၊ နေရာဒေသ သွားလာမှု ခက်ခဲတော့လည်း ဖြစ်သလို လုပ်ရတာပေါ့ဗျာ၊ ဒါနဲ့ ပထမနေ့ကသွားခဲ့တဲ့ KIA အဖွဲ့က မျက်မြင်တွေကိုတော့ သေသေချာချာ စစ်ဆေးထားဖို့လိုမယ်၊ သူတို့က အခင်းဖြစ်အရပ်ကို ပထမဆုံးရောက်ကြတဲ့သူတွေလေ''

''ဟုတ်ပါတယ်၊ ကျွန်တော်လည်း သူတို့အမည်လိပ်စာတွေနဲ့ ထွက်ဆိုချက်တွေကိုလည်း မှတ်ထားပါတယ်၊ ပြစ်မှုကျူးလွန်သူ သုံးခဲ့တဲ့ လက်နက်ကို ရှာပါသေးတယ်၊ ဘာကိုမှ မတွေ့တာနဲ့ မှတ်တမ်းဓာတ်ပုံပဲ အားထားပြီးရိုက်ခဲ့ရပါတယ်''

''အေး.....ဒီတော့ သတ်တဲ့လူက ကိုအောင်ဝင်းနဲ့ သူ့ဇနီး မခင်တင့်ရယ်၊ သူ့သားရယ်၊ နောက်ပြီး အဆစ်ပါသွားတာက မခင်တင့်ဗိုက်ထဲက သန္ဓေသားလောင်းရယ်ဆိုတော့ လေးလောင်းအသတ်ခံရသလို ဖြစ်သွားတာပေါ့ဗျာ''

''ဟုတ်ပါတယ် ခရိုင်မှူး၊ ကျွန်တော်တို့က ဒီကိုချေဆိုတဲ့ ရခိုင်ကိုပဲ စုံစမ်းရတော့မှာပဲ၊ ကိုအောင်ဝင်းဆီ လုပ်နေတဲ့သူအားလုံးက ဗမာတစ်ယောက်မှမပါဘူး၊ သူတို့ရခိုင်လူမျိုး လေးယောက်အဖွဲ့ပဲ၊ ဒီတော့ ကျွန်တော်တို့က ရွှေမှော်တာဝန်ခံဆီမှာ ပြုစုထားတဲ့ အလုပ်သမားစာရင်းကို စိစစ်ပြီး နေရပ်လိပ်စာဖော်ထုတ်ရမှာပဲ''

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ထွန်းထွန်းဦးက စခန်းမှူး ရဲအုပ် သန်းထွန်းဝင်းတင်ပြချက်ကို နားထောင်ပြီးနောက် ၎င်း၏မှတ်စုစာအုပ်ကိုထုတ်ကာ ကြည့်ရှုပြီး.....

''ကျွန်တော် ရွှေမှော်တာဝန်ခံကိုဘတင့်ဆီမှာရှိတဲ့ ရွှေတူးလုပ်သားစာရင်း ရယူထားပြီးပါပြီ၊ နာမည်တွေကတော့ စုံနေတာပဲ၊ အလုပ်သမားတွေက အဆင်ပြေတဲ့ဆီ ပြောင်းရွှေ့လုပ်ကိုင်နေတာဆိုတော့ သူ့ဆီမှတ်ထားတဲ့ လူစာရင်းအတိုင်း လုပ်ကွက်မှာရှိချင်မှရှိမယ်၊ အခု ကိုအောင်ဝင်းဆီလုပ်တဲ့သူကိုတော့ 'ကိုချေ'လို့ခေါ်တဲ့ ရခိုင်အခေါ်အဝေါ်ကိုပဲ သိနေကြတယ်၊ အမည်ရင်းကို မသိဘူးဖြစ်နေတယ်''

www.burmeseclassic.com

“အခု ဒါဖြင့်ရင် ကိုအောင်ဝင်းဆီမှာလုပ်တဲ့ အလုပ်သမားအားလုံး ပျောက်နေတာပေါ့”

“ဟုတ်ပါတယ်၊ ကိုချေအပါအဝင် လေးငါးယောက်လို့ပဲ ခန့်မှန်းသိရတယ်၊ ကျွန်တော့်စိတ်ထင် ကျူးလွန်တဲ့သူဟာ ဒီနယ်မြေမှာတော့ မရှိလောက်တော့ဘူး၊ သူ့အတိဘက်ကိုပဲ ပြေးမယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ KIA အဖွဲ့ကလည်း သူ့နယ်မြေအတွင်း အသည်းအသန် ရှာနေတယ်လေ၊ သူတို့လည်း နေရဲမှာမဟုတ်ဘူး၊ တကယ်လို့ KIA အဖွဲ့က မိသွားရင် ကျွန်တော်တို့ကို အပ်ချင်မှအပ်မှာ၊ သူတို့လူကြီးတွေ ဆုံးဖြတ်တဲ့အတိုင်းလုပ်မှာဆိုတော့ သူတို့အဖွဲ့နဲ့လွတ်အောင်တော့ ပြေးမှာပဲ”

“ကဲ.....ဒီလိုဆိုရင် ကိုအောင်ဝင်းဆီမှာလုပ်တဲ့ ရခိုင်လူမျိုးတွေဟာ ဘယ်မြို့နယ်က လာလုပ်တယ်ဆိုတာ အမိကစုံစမ်းရတော့မှာပေါ့”

ဒုရဲမှူး ထွန်းထွန်းဦးက ၎င်း၏မှတ်စုစာအုပ်ကို ပိတ်လိုက်ပြီးနောက် ခရိုင်မှူးဘက်သို့လှည့်ပြီး...

“ဟုတ်ပါတယ် ခရိုင်မှူး၊ ဒီတော့ ဒီနယ်မြေမှာ မရှိမယ့်အတူတူ ကျွန်တော်တို့ဆက်ရှိနေရင်လည်း အကျိုးထူးမှာမဟုတ်ဘူး၊ တရားခံပြေးနိုင်တဲ့လမ်းကြောင်းနောက်ကို စဉ်ဆက်မပြတ် စုံစမ်းပြီးလိုက်မှဖြစ်မယ်၊ ဒီနေ့တော့ အချိန်မရှိတော့ဘူး၊ ကိုသန်းထွန်းဝင်းတို့အဖွဲ့လည်း စောစောနားကြပေါ့၊ မနက်ဖြန်မှပဲ ဘုန်းကြီးဆီသွားပြီး ဆက်စုံစမ်းကြတာပေါ့၊ ဆရာတော်ကလည်း ရခိုင်လူမျိုးဖြစ်နေတော့ သတင်းရနိုင်ကောင်းပါရဲ့”

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့လည်း တစ်နေ့တာလုပ်ငန်းတွေလုပ်ပြီးဖြစ်သဖြင့် အိပ်စက်အနားယူရန် ပြင်ဆင်ကြပါသည်။ ခရိုင်ဒ/နခေါင်းဆောင် ရဲအုပ် မင်းကြည်ကတော့ ပြည်နယ်သို့ ဖုန်းဖြင့် ကြေးနန်းပို့ရန် ဈေးဆိုင်တန်းဘက်သို့ ထွက်သွားပါသည်။

နောက်နေ့နံနက် ၇ နာရီခန့်တွင် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ ဘုန်းကြီးကျောင်းသို့ သွားကြသည့်အခါ ရခိုင်လူမျိုး ဆရာတော်ကို အသင့်တွေ့ရှိသဖြင့် ဦးချကန်တော့ပြီးနောက် ယနေ့ပြန်မည်ဖြစ်ကြောင်း လျှောက်ထားပါသည်။ ဆရာတော်က.....

“ဒကာကြီးတို့ ပြန်ကြတော့မလို့လား၊ ကိစ္စတွေလည်း ပြီးပြီထင်ပါရဲ့”

ဟု ရခိုင်သံဝဲဝဲနှင့်မေးပါသည်။

“မှန်ပါဘုရား၊ အခု တပည့်တော်တို့ ရဲတပ်ဖွဲ့ဆိုင်ရာ လုပ်ငန်းတွေကတော့ လုပ်ပြီးပါပြီ၊ ပြစ်မှုကျူးလွန်သူကို စုံစမ်းပြီး ဖမ်းဖို့ပဲကျန်ပါတော့တယ်၊ အခုလည်း တပည့်တော်တို့ နီးစပ်ရာအလုပ်သမားတွေနဲ့ ဆက်လက်စုံစမ်းပြီး လိုက်ပါ့မယ်ဘုရား”

“အေး.....ဘုန်းကြီးလည်း လောကီကိစ္စတော့ ဝင်မပါချင်ပါဘူး၊ မိမိနယ်ထဲမှာ ဒီလိုဖြစ်သွားတော့ စိတ်မကောင်းဘူးပေါ့၊ ကိုယ့်တိုင်းရင်းသားအချင်းချင်း ဒီလောက်အထိ မရက်စက်သင့်ကြပါဘူး။ သေတဲ့ကောင်မလေး ဒီကိုရောက်လာတော့ အသက်ငွေ့ငွေ့ပဲပါလာတယ်လေ၊ ဘုန်းကြီးတို့လည်း အတတ်နိုင်ဆုံး အသက်ကယ်ပါသေးတယ်၊ ဒဏ်ရာကပြင်းလွန်းတော့ မရတော့ဘူးလေ၊ သေသွားတော့လည်း KIA အဖွဲ့က တစ်ခါတည်း မီးရှို့မယ်လုပ်လို့ တားရပါသေးတယ်၊ ဗုဒ္ဓဘာသာဝင်ဆိုတော့ သရဏဂုံတင်ပြီး ကောင်းမွန်စွာနဲ့ မြေမြှုပ်ပေးလိုက်ပါတယ်၊ သူ့ယောကျ်ား ကိုအောင်ဝင်းတို့ဆီမှာလုပ်တာ ရခိုင်လူမျိုးလေးယောက်တစ်ဖွဲ့ပဲ၊ သူတို့ကတော့ သွားအတူလာအတူလို့တော့ သိရတယ်၊ အခုလောက်ဆိုရင် သူတို့လည်း ခြောက်လန့်ပြီး ပြေးကြရောပေါ့”

“မှန်ပါဘုရား၊ သူတို့လေးယောက်လုံးက ရခိုင်ပြည်နယ်ဘက်ကလို့ သိရတော့ တပည့်တော်တို့လည်း ပြည်နယ်ရဲတပ်ဖွဲ့နဲ့ ဆက်စပ်ပြီး စုံစမ်းပါ့မယ်ဘုရား၊ တပည့်တော်တို့ကို ခွင့်ပြုပါဦးဘုရား”

“အေး..အေး၊ နောက်ရောက်လည်း ဝင်ပေါ့နော်၊ သွားလေရာ ဘေးကင်းကြပါစေကွယ်”

ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့လည်း ဆရာတော်အား ဦးချကန်တော့ပြီး အောင်လင်းရွှေမော်မှ ပြန်လည်ထွက်ခွာလာကြပါသည်။ အပြန်ခရီးတွင် တရားခံဖမ်းဆီးရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား စဉ်းစားရင်း လျှောက်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြရာ ရွှေမှော်ဈေးဆိုင်တန်းဂိတ်ဝသို့ ရောက်မှန်းမသိ ရောက်လာကြပါသည်။ ထိုမှတစ်ဆင့် ဆိုင်ကယ်ဖြင့် မြစ်ကြီးနား-တနိုင်းကားလမ်းဘက်သို့ ဆက်စီးကြပြီး အသင့်စောင့်နေသောကားဖြင့် ပြန်လာကြရာ ကာမိုင်းရဲစခန်းသို့ ပြန်ရောက်ရှိကြပါသည်။ ရောက်သည့်အခါ မြို့နယ်ရဲတပ်ဖွဲ့မှူးက.....

"ကျွန်တော်တစ်ခုစဉ်းစားမိတယ် ခရိုင်မှူး၊ ဒီ ကိုချေအဖွဲ့ လေးယောက်ဟာ ရခိုင်ပြည်ပြန်ရင်တော့ ရထားနဲ့ မန္တလေးကို ဆင်းရမှာဖြစ်တယ်၊ အဲဒီတော့ သူတို့အဖွဲ့ဟာ နမ္မတီးမှာ တည်းခိုခန်းက သုံးခုလောက်ပဲရှိတာဆိုတော့ ဖြစ်တဲ့ရက်က တည်းခိုခန်းစာရင်းကို စုံစမ်းခိုင်းရင်ကောင်းမယ်"

"အေး.....အဲဒီအကြံဉာဏ် မဆိုးဘူး၊ ဒီတော့ နမ္မတီးရဲစခန်းမှူးနဲ့ ဆက်သွယ်ပြီး ဖြစ်တဲ့ရက်နောက်ပိုင်း တည်းခိုခန်းဧည့်စာရင်းတွေ စိစစ်ခိုင်းရင် ကောင်းမယ်"

"ဒါဆို ကျွန်တော် ကာမိုင်းရဲစခန်းမှူး ရဲအုပ် သန်းထွန်းဝင်းကိုပဲ နမ္မတီးကို အမြန်ဆက်သွယ်ခိုင်းလိုက်ပါ့မယ်"

မြို့နယ်ရဲတပ်ဖွဲ့မှူး ညွှန်ကြားချက်အရ ကာမိုင်းရဲစခန်းမှူး ရဲအုပ် သန်းထွန်းဝင်းကတော့ နမ္မတီး ရဲစခန်းမှူး ရဲအုပ် ကျော်မြင့် (ငြိမ်း) ထံ ဖုန်းဖြင့်ဆက်သွယ်အကူအညီတောင်းနေပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူးက ဆောင်ရွက်ချက်အစီရင်ခံစာမူကြမ်းပြုစုနေပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ တင်ပြရန်အတွက် စိစစ်ရေးသားနေပါသည်။

ထိုအချိန် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြေးနန်းစာတစ်စောင်ဝင်လာသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးက ခရိုင်ရဲတပ်ဖွဲ့မှူးထံ ယူလာပြသဖြင့် ဖတ်ကြည့်ရာ ကြေးနန်းစာတွင်.....

"လေးလောင်းပြိုင်အမှုအား အမြန်ပေါ်အောင် စုံစမ်းရန်နှင့် ပေါ်ပေါက်ခြင်းမရှိက ဖားကန့်ရဲ ပူတာအိုသို့ပြောင်းရန်"ဟု ပြည်ထဲရေးဝန်ကြီးမှတ်ချက်ကို ဖတ်ရှုပြီးသည့်နောက် ခရိုင်ရဲတပ်ဖွဲ့မှူးက ပြုံးရယ်လျက်.....

"ကဲ.....ကိုထွန်းထွန်းဦးရေ၊ ပြည်ထဲရေးဝန်ကြီးကတော့ ရာဇသံပေးနေပြီ၊ မပေါ်ရင် ခင်ဗျားတို့ ပူတာအိုပြောင်းရမယ်တဲ့၊ ခရိုင်မှူးတော့ မပါဘူးဗျ"

ထိုသို့ပြောသည့်အခါ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ထွန်းထွန်းဦးကလည်း ပြုံးရွှင်စွာဖြင့်ပင်.....

"ဘယ်တတ်နိုင်မလဲ ခရိုင်မှူးရယ်၊ မပေါ်တော့လည်း တပျော်တပါး ပြောင်းကြတာပေါ့ဗျာ၊ အမြန်ပေါ်ပေါက်အောင်နဲ့ တရားခံဖမ်းမိအောင် ယတြာတွေ လုပ်ထားပါတယ်"

ပြည်ထဲရေးဝန်ကြီးအနေဖြင့် ဖြစ်စဉ်များကို ဖတ်ရှုပြီး စိတ်ဝင်စားမည်ဖြစ်ပါသည်။ အထူးသဖြင့် သန္ဓေသားရှိသော ကိုယ်ဝန်ဆောင်အမျိုးသမီးကိုပါ ရက်စက်စွာသတ်ဖြတ်ခြင်းကြောင့် ကျူးလွန်တရားခံအား အမြန်မိစေလိုသည့်သဘောရှိနေခြင်းဖြစ်၍ မှတ်ချက်ပြု ညွှန်ကြားခြင်းဖြစ်မည်ထင်ပါသည်။ မိမိတို့အနေဖြင့်လည်း အစွမ်းကုန်ဖော်ထုတ်ဖမ်းဆီးကြရတော့မည်ဟု သဘောပေါက်မိကြပါသည်။

ညနေ ၅ နာရီခန့်တွင် နမ္မတီးရဲစခန်းမှူး၏ အကြောင်းပြန်ကြားချက်အရ နမ္မတီးမြို့၊ သူဇာအောင်တည်းခိုခန်းတွင် လွန်ခဲ့သော ငါးရက်ခန့်က ရခိုင်လူမျိုးလေးဦးတည်းခိုသွားကြောင်း၊ အမည်စာရင်းအရ ကိုချေ(ခ)ကျော်ဝင်းနိုင်(ခ)ကျော်သန်း၊ မြင့်အောင်နိုင်၊ ဝင်းနိုင်ရွှေ၊ ရွှေမိုးဆိုသူတို့ဖြစ်ကြောင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်နံပါတ်များကို ရရှိသည့်အပြင် နေထိုင်ရာလိပ်စာများကိုပါ ရရှိခဲ့ပါသည်။ အဆိုပါ လေးဦးအနက် ဖြစ်မှုကျူးလွန်သူမှာ စစ်ဆေးချက်များနှင့် ရရှိထားသော ပုံသဏ္ဌာန်များအရ ကိုချေ(ခ) ကျော်ဝင်းနိုင်(ခ) ကျော်သန်းဆိုသူ ဖြစ်နိုင်သဖြင့် ၎င်း၏နေရပ်မှာ မင်းပြားမြို့နယ်၊ မင်းရွာတွင် နေထိုင်သူဖြစ်ကြောင်း စုံစမ်းသိရှိရပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူးက မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးတို့အား စခန်းမှူးရုံးခန်းအတွင်းသို့ ခေါ်ယူလိုက်ပြီးနောက်.....

"ကဲ.....ကျုပ်တို့ ခင်ဗျားတို့ စုံစမ်းချက်လေးက ရေးရေးပေါ်လာပြီပေါ့ဗျာ၊ အဲဒီတော့ ရခိုင်ပြည်နယ်ကိုလွှတ်ဖို့ ရခိုင်ရဲအရာရှိတစ်ယောက်ကို လွှတ်ရင်ကောင်းမယ်ထင်တယ်"

စခန်းမှူး ရဲအုပ် သန်းထွန်း

www.burmeseclassic.com


ဝင်းက ၎င်း၏တပ်ဖွဲ့ဝင်စာရင်းများပါသော စာရွက်ကိုကြည့်ပြီးနောက် ပြောခဲ့သည်။

"ကျွန်တော့်စခန်းမှာ ရခိုင်လူမျိုး ဒုရဲအုပ် ရွှေအေးရှိတယ်၊ သူ့ကိုလွှတ်ရင် ကောင်းမယ်ထင်တယ် ဆရာ"

"အေး...ကောင်းတာပေါ့ဗျာ၊ သူတို့ရခိုင်လူမျိုးအချင်းချင်းဆိုတော့ စုံစမ်းရလွယ်တာပေါ့ဗျာ၊ အဲဒီတော့ အချိန်သိပ်မဆွဲနေနဲ့တော့ဗျာ၊ ပြည်နယ်ကျော်တောင်းခံပြီး မနက်ဖြန်ကို စထွက်နိုင်အောင် စီစဉ်ရင်ကောင်းမယ်"

"ဟုတ်ကဲ့၊ ဒါဆိုရင် ကျွန်တော် ဒုရဲအုပ် ရွှေအေးကိုခေါ်ပြီး အမြန်လွှတ်လိုက်ပါတော့မယ်"

ရဲအုပ် သန်းထွန်းဝင်းလည်း အမှုတွဲယူပြီး ပြန်ထွက်သွားပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူးကတော့ ရဲအုပ် သန်းထွန်းဝင်း၏ ကျောပြင်ကိုကြည့်ရင်း တရားခံဖမ်းဆီးမှု အဆင်ပြေပါစေ၊ အမြန်ဆုံးဖမ်းမိပါစေလို့ စိတ်ထဲမှ ဆုတောင်းမေတ္တာ ပို့နေပါတော့သည်။

+++

အမှုနှင့်ပတ်သက်၍ ဒုရဲအုပ် ရွှေအေးအား တရားခံဖမ်းဆီးရန်စေလွှတ်ခဲ့သည်မှာ ၁၅ ရက်ခန့်ရှိပြီဖြစ်ပါသည်။ ယနေ့အချိန်ထိ တရားခံဖမ်းဆီးရမိခြင်းမရှိသေးကြောင်းသိရသဖြင့် စိုးရိမ်ပူပန်မိနေပါသည်။ တရားခံဖမ်းမိရေးအတွက် ဖိအားပေး၊ ကြေးနန်းစာများကလည်း စဉ်ဆက်မပြတ် ဝင်နေပါသည်။ လူသတ်တရားခံအနေဖြင့် လုပ်ရဲလျှင် ခံရဲရမည်ဆိုသော စိတ်ဓာတ်မရှိသဖြင့် ယခုကဲ့သို့ တိမ်းရှောင်နေခြင်းဖြစ်မည်ထင်ပါသည်။ သို့သော် ရာဇဝတ်ဘေးဟူသည် ပြေး၍မလွတ်မှန်းကိုတော့ ကျူးလွန်သူတရားခံအနေဖြင့် မေ့နေမည်ထင်ပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူးကတော့ ဖမ်းဆီးရမိမည့်နေ့ကိုသာ နေ့ရှိသရွေ့ စောင့်စားမျှော်မှန်းလျက် အချိန်ကုန်လွန်စေခဲ့ပါသည်။

+++

၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက်.....

ထိုနေ့ကိုတော့ အမှတ်တရနေ့အဖြစ် သတ်မှတ်ရမည်ထင်ပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းဦးသည် ရုံးခန်းအတွင်း ဝင်စာများဖတ်ရှုနေစဉ်တွင် လက်ကိုင်ဖုန်းမှ အသံမြည်လာသဖြင့် ကောက်ယူနားထောင်လိုက်ပါသည်။

"အမိန့်ရှိပါခင်ဗျာ"

"ခရိုင်မှူး၊ ကျွန်တော် ဖားကန့်မြို့နယ်မှူးပါ၊ ဝမ်းသာစရာသတင်း ပြောမလို့ပါ"

"မဟုတ်မှလွဲရော လေးလောင်းပြိုင် လူသတ်မှုတရားခံကို မိပြီမဟုတ်လား"

"မှန်လိုက်လေ ခရိုင်မှူးရယ်၊ အခုပဲ ဒုရဲအုပ် ရွှေအေးနဲ့ အဆက်အသွယ်ရတယ်၊ ကျူးလွန်တဲ့တရားခံ ကိုချေ(ခ)ကျော်ဝင်းနိုင်(ခ)ကျော်သန်းကို မင်းပြားမြို့နယ်၊ မင်းရွာက သူ့နေအိမ်မှာ မနေ့က ဖမ်းဆီးရမိလို့ မင်းပြားရဲစခန်းမှာ ချုပ်ထားတယ်လို့ သိရတယ်၊ သူကလည်း ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံတယ်တဲ့၊ သူတစ်ယောက်တည်း ကျူးလွန်တာလို့လည်း သိရတယ်၊ မကြာခင် ပြန်လာမယ်လို့ သိရပါတယ်ခင်ဗျာ"

"ဝမ်းသာလိုက်တာဗျာ၊ အမြန်ဆုံးသာ ပြန်လာခိုင်းတော့ဗျာ၊ လမ်းခရီးမှာ တရားခံကိုတော့ သေသေချာချာခေါ်ခဲ့ဖို့ မှာလိုက်ပါနော်"

"ဟုတ်ကဲ့၊ သေသေချာချာ မှာလိုက်ပါ့မယ်၊ ပြည်နယ်ကိုတော့ ဖုန်းသတင်းပေးလိုက်ပါ့မယ်"

ခရိုင်ရဲတပ်ဖွဲ့မှူးရင်ဝယ် ပေါ့ပါးလန်းဆန်းသွားမိပါသည်။ မိမိတပ်ဖွဲ့ဝင်များ၏ ကွင်းဆက်မပြတ် ရေအဆုံး၊ မိုးအဆုံး လိုက်လံစုံစမ်းမှုများကြောင့် တရားခံအား တစ်လကျော်အတွင်း ဖမ်းဆီးရမိခဲ့သဖြင့် မိမိတပ်ဖွဲ့အတွက် ဂုဏ်ယူဝမ်းမြောက်နေမိပါသည်။ သည်သတင်းကို ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးကလည်း သိလောက်ပြီထင်ပါသည်။ ပြည်နယ်ရဲတပ်ဖွဲ့သိလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ကလည်း သိမည်ဖြစ်၍ ပြည်ထဲရေးဝန်ကြီးလည်း အမြန်သိရှိနိုင်မည်ဖြစ်ပါသည်။ ယခုတော့ တရားခံအနေဖြင့် ပြေးနိုင်စွမ်းမရှိတော့ပါ။ မိမိတပ်ဖွဲ့၏ စဉ်ဆက်မပြတ် လိုက်လံဖမ်းဆီးမှုကြောင့် ခြေကြောရှုံ့သွားပြီဖြစ်ပါသည်။ အမှု

www.burmeseclassic.com

www.burmeseclassic.com

ပေါ်ပေါက်ပြီဖြစ်သည့်အတွက် ပြည်ထဲရေးဝန်ကြီး၏ မှတ်ချက်ပါအတိုင်း ဆိုလျှင် ဖားကန့်ရဲတပ်ဖွဲ့ဝင်အားလုံးလည်း ပူတာအိုသို့ ပြောင်းရတော့မည်မဟုတ်ပါ။ သို့သော် မည်သည့်အကြောင်းကြောင့်များ သတ်ရသည်ကို သိချင်နေပါသည်။ တရားခံအမြန်ရောက်စေချင်ပြီး ထွက်ဆိုချက်အား ဖတ်ရှုချင်စိတ်က ပြင်းပြလျက်ရှိနေပါတော့သည်။

+ + +

ဤသို့နှင့် ကျူးလွန်သူတရားခံ ကိုချေ(ခ) ကျော်ဝင်းနိုင် (ခ) ကျော်သန်းနှင့်အတူ ဒုရဲအုပ် ရွှေအေးတို့အဖွဲ့လည်း ကာမိုင်းရဲစခန်းသို့ တစ်ပတ်ခန့်အကြာတွင် ရောက်ရှိလာပါသည်။ စခန်းမှူး ရဲအုပ်သန်းထွန်းဝင်းက တရားခံထွက်ဆိုချက် အသေးစိတ်အား Fax ဖြင့် ပေးပို့ခဲ့သဖြင့် ဖတ်ရှုခဲ့ရပါသည်။

ကိုချေ(ခ)ကျော်ဝင်းနိုင်(ခ)ကျော်သန်းက ထွက်ဆိုခဲ့ရာတွင်.....

ကျွန်တော်က ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်ဇာတိပါ။ ၇ တန်းအထိ ပညာသင်ဘူးပါတယ်။ မိဘတွေကတော့ ရေလုပ်ငန်းဖြင့် အသက်မွေးကြပါတယ်။ ကျွန်တော်က မိဘတွေနဲ့အတူ ရေလုပ်ငန်းကို ဝိုင်းကူလုပ်ခဲ့ပါတယ်။ သားသမီးများထဲမှာ ကျွန်တော်က အကြီးဆုံးဖြစ်ပြီး ကျွန်တော့်အောက်မှာ ညီတစ်ယောက်၊ ညီမတစ်ယောက်ရှိပါတယ်။ တစ်နေ့ မင်းပြားက သူငယ်



ချင်းများက ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်မှာ ရွှေသွားတူးဖို့ခေါ်လို့ သူတို့နဲ့လိုက်သွားခဲ့ပါတယ်။ ဖားကန့်မြို့နယ်ရောက်တာ လေးလခန့်ရှိပါပြီ။ အလုပ်အဆင်ပြေမယ့် နေရာများမှာ ကြုံရာကျပန်းနဲ့ စားဝတ်နေရေး အဆင်ပြေအောင် လုပ်ကိုင်ခဲ့ရပါတယ်။

ဖားကန့်မြို့ပေါ်မှာ အဆင်မပြေတဲ့အတွက် 'အောင်လင်းရွှေမှော်' ဘက်ကို သူငယ်ချင်းများနဲ့ ဆင်းလာပြီး အဆက်အသွယ်နဲ့ ရခိုင်လူမျိုး ကိုအောင်ဝင်းရဲ့ရွှေမှော်မှာ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ပထမတစ်ကြိမ် ဝင်လုပ်စဉ်က လုပ်ခတွေမရလို့ ကိုအောင်ဝင်းရွှေမှော်ကထွက်ပြီး အခြားရွှေမှော်များမှာ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ အခြားရွှေမှော်တွေကလည်း ရွှေသိပ်မရလို့ စားလောက်ရုံသာ အခကြေးငွေရရှိခဲ့ပါတယ်။ ကိုအောင်ဝင်းက ရခိုင်လူမျိုးဖြစ်လို့ ထပ်မံပြီး အလုပ်လုပ်ဖို့ခေါ်လို့ ဒုတိယအကြိမ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ အဲဒီလို ကျွန်တော် ဝင်ရောက်လုပ်ကိုင်ခဲ့ပေမယ့် လုပ်ခမရရှိခဲ့ပါ။ ငါးရက်ခန့်လုပ်ပြီး တစ်နေ့မှာ ကျွန်တော်က.....

"ကဲ.....အစ်ကို၊ ကျွန်တော့်လုပ်ခလေးတွေ ရှင်းပေးပါဦး၊ ကျွန်တော်တို့လည်း ဆေးလိပ်သောက်စရာတောင်မရှိဖြစ်နေပါတယ်"

"မင်းကလည်း ထမင်းစားရတော်ရောပေါ့၊ ရွှေမှမရတာ၊ မင်းဟာ အလိုက်ကမ်းဆိုးကို မသိဘူး"

"မဟုတ်ဘူးလေ၊ ကျွန်တော့်

www.burmeseclassic.com



ကို အရင်က လုပ်ခလည်းမပေးဘူး၊ အခုလုပ်တာတွေလည်း မရဘူး၊ ကျွန်တော်တို့ဘက်ကို စဉ်းစားကြည့်ပါဦး''

''မင်း ဘာမှပြောမနေနဲ့ကွာ၊ ငါရှိတဲ့အခါ ပေးမယ်၊ မရှိရင်လည်း မပေးနိုင်ဘူး''

အဲဒီအချိန်က ကျွန်တော်နဲ့သူနဲ့ နှစ်ယောက်တည်းရှိတဲ့အချိန်ပါ။ ကျန်တဲ့လူတွေက တောတိုးပြီး နေရာသစ်ရှာနေကြတဲ့အချိန်ပါ။ ကိုအောင်ဝင်းက အဲဒီလိုပြန်ပြောတော့ ကျွန်တော်လည်း စိတ်ဆိုးပြီး သူ့တစ်ဖက်ကို လှည့်နေတုန်း အနီးမှာရှိတဲ့ ပုဆိန်နဲ့ ခေါင်းနောက်စေ့ကို ထုလိုက်ပါတယ်။ ကျွန်တော့်ထုချက်က ပြင်းတော့ ချက်ချင်းပဲ လဲကျသွားပါတယ်။ မသေသေးလို့ ထပ်ပြီး ခေါင်းကိုနှစ်ချက်သုံးချက်ထပ်ထုလိုက်မှ ငြိမ်ပြီး အသက်ထွက်သွားပါတယ်။ ဒါနဲ့ သူ့ကို ကျင်းဟောင်းတစ်ခုထဲကို ဆွဲထည့်ပြီး ကျောက်ခဲတွေနဲ့စီပြီး ပိတ်ထားခဲ့ပါတယ်။ ကိုအောင်ဝင်းဆီတောင်းမရလို့ ကျွန်တော်လည်း သူနေတဲ့တဲမှာရှိတဲ့ သူ့ဇနီး ဒေါ်ခင်တင့်ဆီ လာခဲ့ပါတယ်။ ဒေါ်ခင်တင့်က ကိုယ်ဝန်ကြီးနဲ့ပါ။ နောက်ပြီး ၇ နှစ်အရွယ် သူ့သားလည်း တဲမှာရှိနေပါတယ်။ ကျွန်တော်ရောက်တော့ ဒေါ်ခင်တင့်က မီးဖိုထဲမှာ ထမင်းအိုးတည်နေပါတယ်။

''ဗျို့.....ဒေါ်ခင်တင့်ရှိလား''

''အေး.....ရှိတယ်၊ ဘယ်သူလဲ၊ ငချေလား''

''ဟုတ်တယ်၊ ဒါနဲ့ ခင်ဗျားယောကျ်ားဆီက ကျုပ် လုပ်ခတောင်းတာ ကျုပ်ကိုဆဲလွှတ်တယ်၊ အဲဒါ ခင်ဗျားမှာရှိရင် ကျုပ်လုပ်ခတွေ ရှင်းပေးပါ''

''ဟဲ့.....သူတောင်မရှင်းပေးနိုင်တာ၊ ငါဘယ်လိုရှင်းပေးရမှာလဲ၊ ငါ့မှာလည်း မရှိဘူးလေ''

''ခင်ဗျားကလည်း ခင်ဗျားယောကျ်ားလေသံအတိုင်း တစ်လေတည်းပဲ၊ သူများတကာကို ခိုင်းပြီးရင် ပိုက်ဆံပေးရမှာပေါ့ဗျ''

''ဟဲ့.....ရှိမှမရှိတာ၊ ဘယ်လိုပေးရမှာလဲ၊ နင်တို့ အဲဒီလို တကျိကျိလုပ်နေလို့ ငါတို့ရွှေမှော်က ရွှေမထွက်တာထင်တယ်''

''ဘာမှမဆိုင်ဘူး၊ ခင်ဗျားမဟုတ်တာတွေ လျှောက်မပြောနဲ့''

''အေး.....ရှိရင်ပေးမယ်၊ မရှိရင် မပေးနိုင်ဘူးဟေ့၊ မကျေနပ်လည်း ကြိုက်တဲ့ဆီကို သွားတိုင်ပေါ့''

အဲဒီလို ဒေါ်ခင်တင့်ကလည်း ကျွန်တော့်ကို အော်ဟစ်ပြောဆိုတော့ ကျွန်တော်လည်း မထူးဘူးဆိုပြီး သူ့ကို ခြေထောက်နဲ့ ပြေးကန်လိုက်လို့ လဲသွားပါတယ်။ ကျွန်တော်က ဒေါ်ခင်တင့်ကိုကန်တော့ သူ့သားက အော်ငိုတယ်လေ။ ကျွန်တော့်ဒေါသကလည်း အထွတ်အထိပ်ကို ရောက်နေပြီဆိုတော့ ဘယ်လိုမှ ထိန်းလို့မရတော့ပါဘူး။ အနီးမှာရှိတဲ့ ဝါးဆစ်အပိုင်းယူပြီး ကလေးခေါင်းကို သုံးချက်လောက်ရိုက်လိုက်ပါတယ်။ ကလေးလည်း အငိုရပ်ပြီး လဲကျသွားပါတယ်။ ဒေါ်ခင်တင့်ကိုလည်း မထူးတော့တာမို့ အဲဒီဝါးဆစ်တိုနဲ့ပဲ ခေါင်း၊ ကိုယ်လုံးတို့ကို ဆက်ရိုက်ပစ်လိုက်ပါတယ်။ ကလေးကိုတော့ ခြေနှစ်ချောင်းကိုင်ဖောက်ထိုးဆွဲသွားပြီး အိမ်သာကျင်းထဲ သွားပစ်ချလိုက်ပါတယ်။ ဒေါ်ခင်တင့်ကိုတော့ ကြိုးတစ်ချောင်းနဲ့ လည်ပင်းချည်ပြီး ချောင်းစပ်ကိုဆွဲသွားခဲ့ပါတယ်၊ သေတယ်၊ မသေတယ် မသိပါဘူး၊ အဲဒီချောင်းစပ်မှာပဲ ထားခဲ့ပါတယ်၊ သူတို့တဲကိုဝင် ရှာကြည့်တော့ သေတ္တာထဲက ငွေ ၂၀၀၀၀ လောက်ပဲတွေ့လို့ ယူလာ ခဲ့ပါတယ်၊ အဲဒီနေ့ပဲ သူငယ်ချင်း တွေနဲ့ဆက်သွယ်ပြီး အောင်လင်း ရွှေမှော်က ထွက်လာခဲ့ကြပါတယ်၊ အဲဒီအချိန်ထိ KIA အဖွဲ့ကလည်း မသိသေးတော့ အခက်အခဲ မရှိပါ ဘူး၊

နမ္မတီးမှာ တစ်ညအိပ်ပြီး မန္တလေးကို ရထားစီးခဲ့ပါတယ်၊ မန္တလေးကမှတစ်ဆင့် မင်းပြားကို ပြန်လာခဲ့ပါတယ်၊ နောက်တော့ ကျွန်တော့်ကို ရဲတွေက အိမ်မှာဖမ်းမိသွားပါတယ်၊ ဖမ်းမိမိချင်းပဲ ကျွန်တော်လည်း အမှန်ကိုပဲ ဝန်ခံခဲ့ပါတယ်၊ အမှန်ကတော့ ကျွန်တော့် ရွှေတူးတဲ့လုပ်ခတွေမပေးလို့ ဒေါသထွက်ပြီး အခုလိုဖြစ်သွားရတာပါခင်ဗျာ''

ထိုသို့ ထွက်ဆိုခဲ့ပါသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းဦးက ကိုချေ (ခ) ကျော်ဝင်းနိုင် (ခ)ကျော်သန်း၏ ထွက်ဆိုချက်အား လုံး ဖတ်ရှုပြီးနောက် သက်ပြင်းရှည် ချလိုက်မိပါသည်။

ငွေရလိုမှုအကြောင်းပြုပြီး ဒေါသမထိန်းနိုင်ခဲ့ခြင်းကြောင့် လူသားလေးဦး လူ့လောကမှ တမလွန်သို့ ထွက်ခွာသွားခဲ့ရပါသည်။

အကယ်၍ လူသားများ တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာနာမေတ္တာစိတ်ဖြင့် ဆက်ဆံပါက အသက်သေဆုံးသည်အထိ မဖြစ်နိုင်ပါ။ ယခုတော့ ပေးရမည့်သူကလည်း တာဝန်ရှိပါသည်။ တောင်းတဲ့လူကလည်း မိမိလုပ်ခကို ရချင်ပါသည်။ တစ်ဦး၏အခက်အခဲကို တစ်ဦးက နားလည်ခွင့်လွှတ်ခဲ့လျှင် ဤသို့သောအဖြစ်ဆိုးဖြင့် ကြုံမည်မထင်ပါ။

နားလည်မှုလွဲမှားခြင်း၊ သည်းခံစိတ်နည်းပါးခြင်း၊ ဒေါသမထိန်းနိုင်ခြင်းကြောင့် ယခုကဲ့သို့သော ဖြစ်ရပ်ကြီး ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

ခရိုင်ရဲတပ်ဖွဲ့မှူးကတော့ ကမ္ဘာပေါ်ရှိ လူသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး နားလည်ခွင့်လွှတ်၊ သည်းခံခြင်းဖြင့် အမှန်တရားလမ်းကြောင်းပေါ်သို့ ရောက်ရှိကြပါစေဟု ဆန္ဒပြုလိုက်ပါတော့သည်။

[မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ကာမိုင်းရဲစခန်း၊ (ပ)၁၂၈/၂၀၀၉၊ ပြစ်မှုပုဒ်မ ၃၀၂ အမှုအား ကြိုးပမ်းဖော်ထုတ်ခဲ့ကြသော ဒုရဲမှူး ထွန်းထွန်းဦး (ငြိမ်း)၊ ရဲအုပ် သန်းထွန်းဝင်း (ဒုရဲမှူး၊ လွိုင်ကော်)၊ ဒုရဲအုပ် ရွှေအေးတို့အား ဂုဏ်ပြုအမှတ်ရလျက် ဖြစ်ရပ်မှန်မှုခင်းအား ဖော်ပြထားခြင်းဖြစ်ပါသည်။]

ဒုတိယရဲမှူးကြီးဝင်းဦး (ငြိမ်း)

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်
နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး
ခရသင်း သမင်ဖြူ
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၈၇)
ခရသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့်
အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊
ရင်ကာရှိုက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ
အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။
**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်
အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851
နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိတယ်ဆိုတဲ့ နိယာမကို ကျွန်မ အလေးအနက် ယုံကြည်ခဲ့ဖူးတယ်။

အချစ်ဆိုတာ ရှုံးသွပ်ရမယ့် အရာလို့ ဘယ်တုန်းကမှ မထင်ခဲ့ပေမယ့် အချစ်ကြောင့် ကျွန်မ ရှုံးသွပ်ခဲ့ဖူးတယ်။ ရိုးရိုးလေးပါ။ ဇာတ်လမ်းလေးက တကယ့်ကို ရိုးရိုးလေး ရယ်ပါ။

သူနဲ့ကျွန်မက ကုမ္ပဏီတစ်ခုတည်းမှာ အတူတူ အလုပ်လုပ်ကြတယ်။ ထိုင်တော့လည်း ခုံချင်းက ကပ်လျက်။ သူငယ်ချင်းဆိုလည်း ဟုတ်၊ လုပ်ဖော်ကိုင်ဖက်ဆိုလည်း ဟုတ်ခဲ့ကြတယ်။ ကျွန်မတို့ သူငယ်ချင်းမိန်းကလေးသုံးယောက်ရယ်၊ သူရယ်နဲ့က သွားအတူ၊ လာအတူနဲ့ စိတ်တူကိုယ်တူ ရှိခဲ့ကြတယ်။ ပတ်ဝန်းကျင်ကလည်း သူ ဘယ်တစ်ယောက်ကို စိတ်ဝင်စားနေတယ်ရယ်လို့ အတိအကျ မသိခဲ့ကြဘူး။ ကျွန်မကတော့ ကျွန်မကို စိတ်ဝင်စားနေတယ်ဆိုတာကို သူ တိတ်တဆိတ်ပို့ထားတဲ့ မေးလ်တွေက တစ်ဆင့် ကြိုသိနေခဲ့တယ်။ သူငယ်ချင်းဘဝမှာကတည်းက ကျွန်မကို အလိုက်သိလွန်းတဲ့သူ့ကို ကျွန်မလည်း စိတ်ဝင်စားခဲ့တယ်ဆိုရင် မမှားပါဘူး။

သူက ကျွန်မကို တစ်ခုသော တနင်္ဂနွေနေ့မှာ ချစ်ရေးဆိုခဲ့တယ်။

''ငယ်ငယ်.....ငါနင့်ကို ချစ်တယ်''

အဲဒီလို သူပြောတဲ့အချိန်မှာ ကျွန်မ ရင်ခုန်ခဲ့သလား၊ မခုန်ခဲ့ဘူးလား သေသေချာချာ မမှတ်မိတော့ပေမယ့် ကျွန်မ ရှက်နေခဲ့တာတော့ သေချာခဲ့ပါတယ်။

ဒါဟာ အချစ်ဟုတ်၊ မဟုတ်ဆိုတာလည်း ကျွန်မ မသိခဲ့သလို ဆန်းစစ်ဖို့လည်း သတိမရခဲ့ဘူး။

''သမီးကို ဘာလို့ချစ်တာလဲ ပြောပြ''

ကျွန်မပြန်မေးတော့.....

''ငါနင့်ကို စာမေးပွဲခန်းမှာကတည်းက စတွေ့ဖူးပြီး သဘောကျခဲ့တာ၊ ငါက စာမေးပွဲဖြေဖို့ ချွေးပြန်နေတဲ့အချိန်မှာ နင်က ရှေ့က စားပွဲကိုသွားပြီး နင့်သူငယ်ချင်းနဲ့ စကားတွေပြောလို့ ငါ့စိတ်ထဲမှာ ဒီကောင်မလေး စာမေးပွဲခန်းကို မကြောက်ဘူးလားမသိဘူးလို့ တွေးမိတယ်၊ ပြီးတော့ ငါ့စိတ်ထဲ ဘယ်လိုဖြစ်မှန်းမသိဘူး၊ ဒီစာမေးပွဲပြီးရင် ပြန်တွေ့ပါစေလို့ဆုတောင်းမိတယ်''

လို့ တစ်နံတစ်လျား ရှင်းပြပါတယ်။

ကျွန်မမှာ အကျင့်တစ်ခုရှိတာက ကျွန်မထက် အသက်ကြီးသူတွေနဲ့ စကားပြောရင် ကျွန်မကိုယ်ကျွန်မ ''သမီး''လို့နာမ်စားသုံးလေ့ရှိတယ်။ ဒါကြောင့်မို့ သူနဲ့စကားပြောတော့လည်း ''သမီး''လို့ ကိုယ့်ကိုယ်ကိုယ် သုံးနှုန်းဖြစ်ခဲ့တာပေါ့။

နောက်ပြီးတော့ စာမေးပွဲဆိုတာ ကျွန်မတို့ အလုပ်လုပ်မယ့် ကုမ္ပဏီမှာ ဝင်ခွင့်ဖြေရတဲ့ စာမေးပွဲပါ။ ကျွန်မက ရေးဖြေအောင်ခဲ့ပေမယ့် နှုတ်ဖြေမှာကျခဲ့လို့ နောက်တစ်ခါ ပြန်ဖြေတဲ့အချိန်မှာ သူ ကျွန်မကို တွေ့ခဲ့တာပါ။ သူနဲ့ဆုံစည်းဖို့ကံပါလာလို့လားမသိ၊ သူရော ကျွန်မပါ စာမေးပွဲအောင်ခဲ့ပါတယ်။

အောင်စာရင်းထွက်တဲ့နေ့ကိုလည်း ကျွန်မ မှတ်မိနေခဲ့တယ်၊ ကျွန်မတို့နာမည်တွေကို White Board မှာကပ်ထားတာကို ကျွန်မ သွားကြည့်တော့ သူလည်း အဲဒီနေ

www.burmeseclassic.com

www.burmeseclassic.com



ရာမှာရှိနေခဲ့တယ်။ ကျွန်မက နာမည်တွေကို လက်ထောက်ရွတ်ရင်းက.....

"ဒီနာမည်က မိန်းကလေးနာမည်ကြီးလိုပဲနော်"

ကျွန်မသူငယ်ချင်းကို ပြောပြတော့ အနောက်ဘက်ကနေ.....

"မဟုတ်ပါဘူးဗျာ၊ ယောကျ်ားနာမည်စစ်စစ်ပါ"

အဲဒီလို ရုတ်တရက်အသံထွက်လာတော့ လန့်သွားသလို အားလည်းနာသွားမိတယ်။



ကျွန်မ သူ့ကို ပထမဆုံး စမြင်ဖူးခဲ့တဲ့အချိန်ပေါ့။ တစ်ခါမြင်ရုံနဲ့ မှတ်မိလောက်အောင် ဆွဲဆောင်မှုမရှိတဲ့ သူ့ပုံစံကြောင့် ကျွန်မ သူ့ကို ခပ်လွယ်လွယ်မေ့သွားတာ မထူးဆန်းဘူးဆိုရမယ်။

ဒီလိုနဲ့ပဲ ကျွန်မတို့ အပတ်စဉ်အတူတူ အလုပ်ဝင်ခွင့်ရခဲ့ကြတယ်။ ကျွန်မတို့အလုပ်မှာ Training ပေးတော့ မြန်မာစကားလုံးဝမတတ်၊ လုံးဝနားမလည်တဲ့ အိန္ဒိယက ဆရာတွေက စာသင်ကြတယ်။ သူတို့က ကျွန်မတို့ရဲ့နာမည်ကို အသံထွက်ရခက်တော့ ကျွန်မတို့တွေ nick name ပေးကြရတယ်။ အဲဒီအချိန်မှာ ကျွန်မရဲ့ nickname က ဂျက်ဆီကာတဲ့။ သူ့ကိုတော့ ဆရာက ဆန်နီလို့ပေးခဲ့ပေမယ့် သူက ကျွန်မသဘောကျတဲ့ လီယိုနာဒိုဆိုတဲ့နာမည်ကို nickname အဖြစ်ယူခဲ့တယ်။

ဒီလိုနဲ့ တစ်လျှောက်လုံး ကျွန်မစိတ်ညစ်တိုင်း ဖျောင်းဖျ၊ ကျွန်မစိတ်တိုတိုင်းလည်း ချော့မော့ပြောပြတတ်တော့ သူ ကျွန်မကို တော်တော်နားလည်တယ်ရယ်လို့ ဘာသာပြန်ခဲ့မိတယ်။ အရပ်ခပ်ပျပ်ပျပ်၊ အသားခပ်ညိုညိုနဲ့ အညာသားသူ့မှာ ကျွန်မ သဘောကျတာဆိုလို့ ရှည်ကော့နေတဲ့ မျက်တောင်တစ်စုံရယ်၊ ကျွန်မကို နားလည်မှုပေးနိုင်တယ်ဆိုတဲ့ ယုံကြည်ချက်တစ်ခုရယ်နဲ့ သူ့အချစ်ကို ကျွန်မ လက်ခံခဲ့တယ်။ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် အချစ်ဆိုတာ သူ့ကို ချစ်သူအဖြစ် လက်ခံပြီးမှ ကျွန်မရင်ထဲမှာ တဖြည်းဖြည်းချင်း ဖြစ်တည်လာခဲ့

ကျွန်မဘက်ကတော့
လက်ကိုင်တာလေး
မခံတာ သူဘာလို့
ဒီလောက်ခံစားနေသလဲလို့ပဲ
မြင်ခဲ့မိတယ်။
အဲဒီအချိန်ကစလို့
ကျွန်မလက်ကို
သူဘယ်တော့မှ
စပြီးမကိုင်တော့ဘူးလို့
ပါးစပ်နဲ့ပြောခဲ့သလို
အလုပ်နဲ့လည်း
သက်သေပြခဲ့တယ်
...

www.burmeseclassic.com

တာပါ။ ကျွန်မတို့ ချစ်သူဖြစ်ပြီးကြတော့ သူက ကုမ္ပဏီမှာ သူ့ကိုသိပ်စကားမပြောဖို့ ကျွန်မကိုပြောတယ်။ ကျွန်မက အရင်ကတည်းက သူငယ်ချင်း၊ ခုလည်း ထူးပြီးတော့ ပိုဆက်ဆံနေတာမှမဟုတ်တာ။ စကားပြောတာကို ကန့်သတ်တာ ကျွန်မ မကြိုက်ခဲ့ဘူး။

ဒါပေမဲ့ အဲဒီအချိန်တုန်းက သူ့စကားဆိုရင် ကျွန်မ နားထောင်ချင်တယ်။ သူ့ဘက်ကထုတ်တဲ့ စည်းကမ်းတိုင်းကို လိုက်နာပြီး သူ့ကို ဘယ်လောက်ချစ်ကြောင်း၊ ဂရုစိုက်ကြောင်း ပြချင်ခဲ့မိတယ်။ ဘာလို့လဲဆိုတော့ တစ်သက်မှာ ချစ်သူတစ်ယောက်သာ ထားချင်ခဲ့ပြီး ဒီတစ်ယောက်ကိုပဲ လက်ထပ်မယ်လို့ ကျွန်မ ဆုံးဖြတ်ထားခဲ့လို့ပါပဲ။

ကျွန်မရဲ့ဆလင်းဘက်ခ်ထဲမှာ အပ်ချည်ကြိုးနဲ့အပ် အမြဲဆောင်လေ့ရှိတယ်။ ဘာလို့လဲဆိုတော့ ကျွန်မ သူငယ်ချင်းမလေးတွေက စကတ်လုံချည် ဝတ်လေ့ရှိကြလို့ပါ။ သူတို့ စကတ်လုံချည်တွေက အခန့်မသင့်ရင် ကွဲတာ၊ ချိတ်ပြုတ်တာတွေဖြစ်တတ်တော့ တွယ်ချိတ်နဲ့ဆိုရင် အမြင်ဆိုးတာမို့ ကျွန်မကပဲ ချုပ်ပေးလေ့ရှိတယ်။ အဲဒီလို ဆောင်တတ်တာလေးက ကျွန်မချစ်သူကို ကျွန်မ့ချစ်ကြောင်း ပြနိုင်ခဲ့တယ်ဆိုရင်လည်း မမှားပါဘူး။ ပထမဆုံး တစ်ခါက သူ့အင်္ကျီကြယ်သီးပြုတ်သွားတဲ့အချိန်၊ နောက်တစ်ချိန်က သူ့ကျောပိုးအိတ် ဇစ်ပျက်သွားတဲ့အချိန်ရယ်ပေါ့။ ကျွန်မ သူ့ပစ္စည်းအပျက်အစီးလေးတွေကို ကျွန်မလက်နဲ့ ချုပ်ရိုးသေသပ်စွာနဲ့ အမြန်ဆုံးပြုပြင်ပေးနိုင်ခဲ့တယ်။ သူအသိအမှတ် ပြုပြု၊ မပြုပြု ကျွန်မကိုယ်ကျွန်မတော့ အင်မတန် ဂုဏ်ယူခဲ့ဖူးတယ်။

XXX

တည်ငြိမ်နေတဲ့ ရေပြင်လေးပေါ် ခဲခပ်သေးသေးလေးတစ်လုံး ကျခဲ့တယ်။

ကျွန်မတို့ရဲ့ ချစ်သူသက်တမ်း (၃)လအကြာမှာ ပထမဆုံးပြဿနာ စတက်ခဲ့တယ်။ သူက ကျွန်မလက်ကိုတွဲပြီး လမ်းလျှောက်ချင်သူ၊ ကျွန်မက အဖေ၊ အစ်ကို၊ မောင်တွေရဲ့ သူငယ်ချင်းတွေ မြင်သွားမှာ သေမလောက်ကြောက်သူ။ ဒီတော့ ဆွဲကိုင်လာတဲ့ သူ့လက်ကို ကျွန်မ ရုန်းထွက်ခဲ့မိတယ်။ သူ့ဘက်က ကြည့်တော့ လူကြားထဲမှာ သူ့ကို အရှက်ခွဲသတဲ့။ ကျွန်မဘက်ကတော့ လက်ကိုင်တာလေးမခံတာ သူဘာလို့ ဒီလောက်ခံစားနေသလဲလို့ပဲ မြင်ခဲ့မိတယ်။ အဲဒီအချိန်ကစလို့ ကျွန်မလက်ကို သူဘယ်တော့မှ စပြီးမကိုင်တော့ဘူးလို့ ပါးစပ်နဲ့ပြောခဲ့သလို အလုပ်နဲ့လည်း သက်သေပြခဲ့တယ်။ ကျွန်မကတော့ အပြစ်ရှိသူတစ်ယောက်လို လမ်းကူးတိုင်း သူ့လက်ကို စတင်ဆွဲကိုင်သူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်ခဲ့တာပေါ့။ ကျွန်မက သူ့လက်ကို ဆွဲကိုင်လိုက်တိုင်း တင်းကျပ်စွာ ပြန်လည်ဆုပ်ကိုင်လာတဲ့ သူ့လက်တစ်ဖက်က အင်အားတွေ ကျွန်မရင်ထဲ စီးမျောသွားတယ်ဆိုတာ သူသိချင်မှ သိမှာပေါ့လေ။

ကျွန်မတို့ Training မှာ Practical Field ကလာတဲ့ ကျွန်မက စာတွေ့များတဲ့သူ့ကို Project တစ်ခုခု လုပ်တိုင်း အမြဲသာလေ့ရှိတယ်။

ကျွန်မကသာသွားတိုင်း သူက အမြဲမကျေမနပ်ဖြစ်ခဲ့သလို ကျွန်မက အရင်အလုပ်ပြီးသွားတိုင်းလည်း သူ့ Project ကို ဆက်မလုပ်ဘဲ ရပ်ပစ်လိုက်တာမျိုး ကြုံလာရတော့ ကျွန်မ စိတ်မကောင်းဖြစ်ခဲ့ရတယ်။ အလုပ်ခွင်မှာ သူက ကျွန်မကို ပြိုင်ဘက်တစ်ယောက်လို သဘောထားခဲ့ပေမယ့် ကျွန်မကတော့ သူဟာ တစ်ချိန်ကျရင် ကျွန်မအိမ်ဦးနတ် ဖြစ်မယ့်သူလို့ ယုံကြည်စွာနဲ့ အလျှော့ပေးဖို့ပဲ စဉ်းစားခဲ့တယ်။ ကျွန်မ မှတ်မိပါတယ်။ သူ ကျွန်မကို ပထမဆုံး အနိုင်ရလိုက်တဲ့အချိန်မှာ သူဟာ အင်မတန်ပျော်ရွှင်နေခဲ့တယ်။ အပြုံးတွေနဲ့ သူ့မျက်နှာရယ်၊ နင့်ကို ငါနိုင်သွားပြီလို့ ပြောနေတဲ့အကြည့်တွေရယ်ကို ကျွန်မ အမြတ်တနိုး သိမ်းဆည်းထားခဲ့ဖူးတယ်။ ကျွန်မရဲ့ ပညာမာနတွေ အကုန်ကြမ်းပြင်ပေါ်ချပြီးမှ သူ့ကိုအနိုင်ပေးခဲ့တယ်ဆိုတာကိုတော့ သူသိအောင် ကျွန်မ ဘယ်တော့မှ ပြောပြဖြစ်မှာမဟုတ်ပါဘူး။ အချစ်ဆိုတာ အနိုင်ယူဖို့ မဟုတ်တာပဲလေ။

သူ မာစတာတန်းတက်ခါနီးတုန်းက စာတွေ့သိပ်များပြီး ပျာယာခတ်

www.burmeseclassic.com

www.burmeseclassic.com


နေခဲ့တာပေါ့။ သူ့အိမ်ကလည်း သူ ငယ်ချင်းယောကျ်ားလေးတွေ စုငှား ပြီးနေတာဆိုတော့ သူ့အိမ်မှာ စာ ကျက်ရတာ သိပ်အဆင်မပြေလှဘူး။ ဒီတော့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ အဓိပတိလမ်းပေါ်က ရေတမာပင် အောက်က ခုံတန်းပိုင်းလေးတွေက ကျွန်မတို့နှစ်ယောက်ရဲ့နေရာလေး တွေ ခဏဖြစ်ခဲ့ဖူးတယ်။

နှစ်ယောက်သား ရေတမာပင် ကိုမှီလို့ တင်ပျဉ်ခွေထိုင်ရင်း သူ့စာ တွေ ကျွန်မပါ ကူကျက်ပေးခဲ့ဖူး တယ်။ နှစ်ယောက်သား Trio သကြားလုံးထုပ်လေး ဘေးချပြီး ကော်ဖီသောက်သလို တစ်လုံးပြီး တစ်လုံးစားရင်း စာကျက်ခဲ့ကြတဲ့ ဒီလိုပြိုင်ဆိုင်မှုမရှိတဲ့ အချိန်လေး တွေဟာ ကျွန်မအတွက် သိပ်ကြည် နူးစရာဖြစ်ခဲ့သလို အမှတ်ရစရာ ကောင်းခဲ့တယ်။

ဒီလိုနဲ့ တစ်နေ့မှာ သူ့Project တွေကို ကျွန်မက အမြဲလုပ်ပေးလို့ ဆိုပြီး ကုမ္ပဏီမှာဆက်လုပ်ဖို့ အရည် အချင်းမမီဘူးဆိုတဲ့ ပြစ်ချက်နဲ့ သူ ကုမ္ပဏီကနေ ထွက်ခဲ့ရတယ်။

ကျွန်မတို့ကုမ္ပဏီက Training ပြီးရင် နိုင်ငံခြားအလုပ်အကိုင်အခွင့် အလမ်း သေချာတဲ့အတွက် သူ့ရဲ့ ရည်မှန်းချက်တွေ ပြိုလဲကျကုန် တယ်။

အမြဲစိတ်ဓာတ်မာခဲ့တဲ့ သူ ကျွန်မရှေ့မှာ မျက်ရည်ကျတာ မြင် လိုက်ရတဲ့အချိန်မှာ ကျွန်မရင်ထဲမှာ ငါ့ကြောင့်ဖြစ်ရတာရယ်လို့ သူ့အစား ဝမ်းနည်းနာကျင်ရသလို သူ့အတွက် ဆိုရင် ကျွန်မ တတ်နိုင်သလောက် အကောင်းဆုံးတွေချည်းပဲ ပေးဆပ် မယ်လို့ ဆုံးဖြတ်ခဲ့တယ်။

နောက်တော့ သူအလုပ်သစ်ရ သွားခဲ့တယ်။ သူ့အလုပ်က --စင် တာမှာ။ ကျွန်မအလုပ်က ကန်တော် လေးထဲမှာ။ နေ့တိုင်းတွေ့နေတဲ့ မျက်နှာတစ်ခုကို နေ့တိုင်းမမြင်ရ တော့မှပဲ ကျွန်မ လွမ်းတတ်လာ သလို သူ့ကိုတော်တော်ချစ်ပါလား လို့ ကျွန်မသိလာခဲ့တယ်။ ကျွန်မနဲ့ သူ နေ့တိုင်းမတွေ့ဖြစ်တော့ဘူး။

တွေ့ဖြစ်တိုင်းမှာလည်း အချစ် အကြောင်းထက် သူ့အလုပ်ရဲ့ စိန် ခေါ်မှုတွေနဲ့ ကျွန်မကို ယှဉ်ပြိုင်ချင် တာတွေကသာ သူ့မှာပိုများခဲ့တယ်။ ဒါပေမဲ့ အသွားအပြန်နိယာမကို ကျွန်မ ယုံကြည်လက်ခံဆဲမို့ သူ့ အပေါ် မေတ္တာတစ်စက်မပျက်ခဲ့ပါ ဘူး။

သာသာယာယာရှိတဲ့ နေ့လေး တစ်နေ့မှာ၊ တိတိကျကျပြောရရင် သူ့မွေးနေ့ ဇူလိုင်(၁၉)ရက်နေ့မှာ သူက ကျွန်မဆီကို ပုံပြင်လေးတစ် ပုဒ် သယ်ဆောင်လာခဲ့တယ်။

အဲဒီနေ့လေးမှာ သူ့ကို လက် ဆောင်ပေးဖို့ဆိုပြီး ပိတ်စအဖြူ အကောင်းစားအစလေးနဲ့ ခေါင်းအုံး စွပ်လှလှလေးတစ်လုံးကို ကျွန်မ သူ့ အတွက် ချုပ်ပေးထားတယ်။ အဲဒီ ခေါင်းအုံးစွပ်လေးကို မေတ္တာတွေ အပြည့်နဲ့၊ အဓိပ္ပာယ်တွေအပြည့်နဲ့ ကျွန်မ ချုပ်ခဲ့တာမို့ အပေါ်ယံကြည့်



ရင် တန်ဖိုးနည်းပေမယ့် မြင်တတ်ရင် တန်ဖိုးမနည်းလှပါဘူး။

ကျွန်မစိတ်ကူးလေးနဲ့ကျွန်မ ပျော်ရွှင်စွာ သူ့ဆီရောက်သွားတဲ့ အခါ အသည်းပုံလေးပေါ်မှာ ကောင်လေးနဲ့ကောင်မလေး မတ်တတ်ရပ်ပြီးနမ်းနေတဲ့ Crystal Key-chain လေးနဲ့ ပုဆိုးတစ်ထည်ကို ထုတ်ပြရင်း သူက.....

"ငါ့အလုပ်က ကောင်မလေး တစ်ယောက် လက်ဆောင်ပေးတာ"

လို့ ခပ်တည်တည်ပဲပြောခဲ့တယ်။

ကျွန်မက သူ့အတွက် လက်ဆောင်လေး ထုတ်ပေးလိုက်တဲ့ အချိန်မှာ.....

"ငါက အိပ်ရာခင်းအဓိကလိုနေတာ"

လို့ ကျွန်မကိုပြောပြီး ကျွန်မ ခေါင်းအုံးစွပ်လေးကို စိတ်မဝင်စားခဲ့ဘူး။

Key-chain လေးကိုကြည့်ရင်း ရင်ထဲမှာဖြစ်လာတဲ့ ပူပန်မှုတွေ အပြင် မျက်နှာငယ်ရရှာတဲ့ ကျွန်မရဲ့လက်ဆောင်လေးအကြောင်းတွေးရင်း ခံစားချက် နှစ်စုံနဲ့ ရင်ထဲမှာ လှိုက်လို့ ဝမ်းနည်းပူလောင်နေခဲ့တယ်။

ကီးချိန်းကြည့်ရတာ သိပ်မရိုးဘူးနော်လို့ ကျွန်မ သူ့ကိုသတိပေးတော့ သူက.....

"ဟာ.....ရိုးရိုးပါဟာ၊ နင်ကလည်း"

လို့ ခပ်ပေါ့ပေါ့ဖြေခဲ့တယ်။

နောက်ပိုင်းမှာ.....

"လက်ဆောင်ပေးတဲ့ကောင်မလေးက အလုပ်နည်းနည်းအားတာနဲ့ ငါထိုင်တဲ့အခန်းရဲ့ ရှေ့နားလာလာပြီး ငါ့ကိုကြည့်တယ်ဟ"

"ဒီနေ့ ငါ့အတွက် ပန်းသီးဝယ်လာပေးတယ်၊ ငါမစားဘူးပြောတော့ အမှိုက်ပုံးထဲပစ်မယ်ပြောလို့ ငါယူထားလိုက်ရတယ်"

"ဒီနေ့ ထမင်းအတူတူစားဖို့ လာခေါ်တော့ ငါ သူနဲ့အတူတူ ထမင်းစားဖြစ်တယ်"

"သူက တစ်ခါတလေ လမ်းကူးရင် ငါ့လက်ကိုကိုင်ပြီး ကူးတတ်တယ်နော်၊ နင်မြင်ရင် အထင်လွဲမှာစိုးလို့ ကြိုပြောတာ"

"ငယ်ငယ်ရေ.....သူကလေ တစ်လတစ်လ မိတ်ကပ်ဖိုးချည်းပဲ သောင်းကျော်ကုန်တာဟ၊ သိလား"

သနပ်ခါးကိုသာ ခံ့ခံ့မင်မင်လူးတတ်တဲ့ ကျွန်မကို နှစ်သက်စွာရွေးချယ်ခဲ့တဲ့ သူ့ပါးစပ်ကအထင်တကြီး ဒီလိုပြောလာတဲ့အချိန်မှာ ကျွန်မ ကြားနိုင်စွမ်းမရှိတော့လို့ သူ့ကို အပြင်းအထန် Complain လုပ်ခဲ့တယ်။

အဲဒီအတွက် စိတ်ဆိုးပြီး လူတွေရှုပ်ယှက်ခတ်နေတဲ့ မြို့ထဲလမ်းမကြီးမှာ ကျွန်မကို ထားပစ်ခဲ့ပြီး သူ တစ်ယောက်တည်း ကားဂိတ်ကို လျှောက်ချသွားတဲ့နောက်ကို ကျွန်မ မပြေးရုံတမည်ခြေလှမ်းနဲ့ လိုက်ခဲ့ရဖူးတယ်။ ယောကျ်ားတစ်ယောက် နောက်ကို ဒီလိုပြေးလိုက်ရမယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဖူးတဲ့ ကျွန်မ ရှက်တာရော၊ ဝမ်းနည်းတာရော စုပြုံလို့ မျက်ရည်ကတော့ဝဲနေခဲ့ပြီ။ ဖျတ်ခနဲ (၁၀၅)ဒိုင်နာကားပေါ် တက်လိုက်တာကို လှမ်းမြင်လိုက်တော့ ကျွန်မပါပြေးပြီး လိုက်တက်ခဲ့တယ်။

ကံမကောင်းချင်တော့ ကျွန်မ အတက်၊ ကားကအထွက်မှာ လက်က ခုံနဲ့ဘေးကကာထားတဲ့ သံပြားကြားညပ်ပြီး အသားလန်ထွက်သွားခဲ့တယ်။ သွေးတွေမြင်မကောင်းအောင်ထွက်လာသလို မျက်ရည်တွေလည်း ဒလဟော သွန်ကျလာတဲ့အချိန်ကျမှ ကျွန်မလက်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး ဒဏ်ရာကို တစ်ရှူးစနဲ့ အုပ်ပေးခဲ့တယ်။

ပြီးတော့ မျက်နှာကြောအနည်းငယ်လျှော့ပြီး.....

"နင်ကလည်း သတိမထားဘူး၊ ဘာလို့ကားထွက်နေတုန်းပြေးတက်ရတာလဲ"

ဆိုတဲ့ စကားတစ်ခွန်းအောက်မှာ ကျွန်မ ဝမ်းနည်းနာကျင်တာတွေ ယူပစ်သလို ပျောက်သွားခဲ့ပြီး သူ ဂရုစိုက်သားပဲရယ်လို့ ကျေနပ်ပျော်ရွှင်သွားခဲ့တာ သူကပဲ တော်လွန်းခဲ့တာလား၊ ကျွန်မကပဲ ခွင့်လွှတ်လွယ်လွန်းတာလားလို့ ကျွန်မ မတွေးခဲ့ဘူး။

XXX

အဲဒီအချိန်ကစလို့ သူ့ဆီက ဘာပုံပြင်မှ ထပ်မကြားခဲ့ရတော့ဘူး။ ပုံပြင်မရှိတော့တာမဟုတ်ဘဲ မပြောပြတော့တာဆိုတာကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျမှ သိခဲ့ရတယ်။ သူက ပြောဖူးတယ်။

"ပြောမှလုပ်တာ ကျွန်၊ လူဆိုတာ မပြောဘဲသိရတယ်"တဲ့။

အဲဒီစကားမပြောခင်ကတည်းက သူလိုအပ်တိုင်း နားစွင့်ပြီး ဖြည့်ဆည်းနိုင်တာလေးတွေ ဖြည့်ဆည်းပေးနေကျပါ။

တစ်လမှ တစ်သောင်းသာသုံးနိုင်တဲ့ ကျွန်မလက်ထဲမှာ ငွေငါးထောင်ပဲ ကျန်တော့တဲ့အချိန်မှာ သူ့မှာ ဝတ်စရာအင်္ကျီတွေ ကုန်နေပြီ၊ မလျှော်ရသေးဘူးလို့ မတော်တဆကြားလိုက်ရတော့ မျက်နှာလိုမျက်နှာရနဲ့ ကျပ် ၂၅၀၀ တန် မီးခိုးရောင်ဖျော့ဖျော့ရှပ်အင်္ကျီတစ်ထည်ကို ဝယ်ပေးခဲ့ဖူးတယ်။ သူ့ရဲ့မှတ်ချက်က.....

"အင်္ကျီရင်ဘတ်အိတ်ပေါ်မှာ တံဆိပ်ပါတာ ငါမကြိုက်ဘူး၊ ပြီးတော့ ငါက တစ်သောင်းကျော်တန်အင်္ကျီပဲကြိုက်တာ"တဲ့။

အဲဒီအင်္ကျီလေးကို ကျွန်မ မေးလွန်း၊ ပြောလွန်းလို့ တစ်ခါတော့ ဝတ်ဖူးတယ်။ အဲဒီတစ်ခါလေးဝတ်တာနဲ့တင် ကျွန်မ တော်တော်ကျေနပ်ခဲ့ပါတယ်။

သူ့မျက်နှာသုတ်ပဝါကြီး ညစ်ပတ်ပေတေနေတာ တွေ့တဲ့အခါ ငှက်ကလေးနှစ်ကောင်ပါတဲ့ မျက်နှာသုတ်ပဝါ အပြာနုနုလေးကို ဝယ်ပေးခဲ့ဖူးတယ်။ သူပိုက်ဆံပြတ်တဲ့အခါ သူမပြောခင် သူ့ပိုက်ဆံအိတ်ထဲကို ကျွန်မမှာရှိတဲ့ပိုက်ဆံရဲ့ တစ်ဝက်တိတိ အမြဲထည့်ပေးခဲ့တယ်။

သူကြိုက်တဲ့ ဘောလ်ပင်အကောင်းစားကို တိတ်တဆိတ်မှတ်ထား၊ ပိုက်ဆံစုပြီး ဝယ်ပေးခဲ့ဖူးတယ်။ ဒါပေမဲ့ ကျွန်မကြိုးစားမှုတော်တော်များများက သဲထဲရေသွန်ဖြစ်ခဲ့တာများပါတယ်။ အဲဒီအခါမှာ မပြောဘဲလုပ်တိုင်းလည်း အသိအမှတ်ပြုမှု မခံရရင် အလုပ်ဟာ အထမမြောက်ဘူးဆိုတာကို ကျွန်မ နားလည်လာခဲ့တယ်။ သူကပြောဖူးတယ်။

"နင်က သိပ်အတ္တကြီးတယ်၊ ဘယ်တော့မှ နှစ်ဖက်မျှကြည့်မပေးတတ်ဘူး"တဲ့။

ဒီစကားနောက်ကွယ်မှာ ဘယ်လိုအရောင်တွေ စွန်းပေနေသလဲလို့ အဓိပ္ပာယ်ဖော်ကြည့်ဖို့ထက် ကျွန်မရဲ့ အတ္တစိတ်ကိုသာ ချိုးနှိမ်တတ်ဖို့ ကြိုးစားခဲ့တယ်။

အကြီးဗီဗီ ကျွန်မရဲ့မကောင်းတဲ့အကျင့်လေးတွေကို ထောက်ပြပြုပြင်ပေးတယ်ဆိုပြီး သူ့ကိုတိတ်တဆိတ် ကျေးဇူးတွေတင်ခဲ့ဖူးတယ်။

၂၀၀၄ ခုနှစ်ရဲ့ Valentine နေ့လေးတစ်နေ့မှာ ကျွန်မက သူ့အတွက် e-Card လေးကို Mail ကနေတစ်ဆင့် ပို့ပေးခဲ့တယ်။

ကျွန်မကိုယ်ကျွန်မ သိပ် Romantic မဖြစ်ဘူးလို့ထင်လို့ သူများသဘောကျမလားရယ်လို့ ကျွန်မ ပို့ပေးမိတာပါ။

ကျွန်မဘဝမှာ ပထမဦးဆုံး ပို့ပေးဖူးတဲ့ ကတ်လေးဆိုရင်လည်း မများပါဘူး သူက.....

"နှစ်ယောက်စလုံး ရန်ကုန်မှာကို ဘာလို့ Mail ပို့နေမလဲ၊ ကတ်ပို့ချင်ရင် ငါ့လက်ထဲရောက်အောင်ပို့လေ"

လို့ စာပြန်တော့ အဲဒီနေ့မှာ ကျွန်မ သူ့လက်ထဲ ကတ်အရောက်ပို့ဖို့ လုံးပန်းရတော့တာပေါ့။

ယောကျ်ားလေးဖြစ်တဲ့သူက ကျွန်မကို ကတ်လေးပို့ပေးသင့်တာပေါ့လို့ မတွေးခဲ့တာ သူ့အလုပ်အားမှာမဟုတ်ဘူးဆိုတဲ့ ကျွန်မရဲ့အတွေးလေးကြောင့်ဆိုတာလည်း သူသိပုံ၊ မြင်ပုံမရပါဘူး။ ချစ်သူတွေ အချစ်မညီတော့တဲ့အခါ ရင်ဘတ်ထဲက စကားတွေ ကြားနိုင်စွမ်းမရှိတော့တာကို ရိပ်မှမရိပ်မိခဲ့ပဲလေ။

အဲဒီအချိန်မှာ ကျွန်မကအလုပ်နှစ်ခု လုပ်နေတဲ့အချိန်။ မနက်ပိုင်းအလုပ်က မနက် ၉ နာရီကနေ ညနေ ၆ နာရီထိ။

ညနေအချိန်ပိုင်းအလုပ်က ည ၇ နာရီကနေ ၉ နာရီထိ။ ကန်တော်လေးကနေ လှည်းတန်းကို တစ်နာရီအတွင်းအရောက်သွားဖို့ ကျွန်မ ဘယ်လောက်အပြေးအလွှား လုပ်ရတယ်ဆိုတာ သူလည်းသိပါတယ်။ ညနေပိုင်းအလုပ်မှာ သူက Team Leader ဆိုတော့ ကျွန်မ အလုပ်နောက်ကျရင် သူအပြောအဆိုခံရမှာစိုးလို့ တစ်မိနစ်တောင် နောက်မကျရပါဘူး။

အဲဒီတစ်နာရီအတွင်းမှာ ကတ်ကိုအပြေးအလွှားရှာဝယ်၊ ကတ်ပေါ်မှာ စာရေး၊ ချွေးတပြိုက်ပြိုက်နဲ့ ည ၇ နာရီအမီ အချိန်ပိုင်းအလုပ်ကို ရောက်ခဲ့တယ်။ ကျွန်မစိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

တော့ ငါ သူဖြစ်စေချင်သလို လုပ်ခဲ့နိုင်တယ်ဆိုပြီး ပီတိတွေအပြည့်နဲ့ပေါ့။ ကျွန်မ သူ့လက်ထဲ ကတ်လေးထည့်လိုက်ရင် သူချီးမွမ်းမလားလို့ မျှော်လင့်ခဲ့မိပါတယ်။ တကယ်တမ်းကျတော့ ကတ်လေးကိုထုတ်တောင် မကြည့်ဘဲ သူ့အံဆွဲထဲပစ်ထည့်ပြီး အံဆွဲကိုပြန်ပိတ်လိုက်တော့ အထဲကပစ္စည်းတွေကြောင့် ကတ်လေးခေါက်ပြီး တွန့်ကြေသွားခဲ့သလို ကျွန်မပီတိစိတ်လေးလည်း တွန့်ကြေသွားခဲ့ရဖူးတယ်။

လူတွေက မလိုချင်တော့တဲ့အရာတစ်ခုကို စွန့်ပစ်ချင်တဲ့အခါမှာ နည်းမျိုးစုံကို သုံးလေ့ရှိကြတယ်။ စွန့်ပစ်ချင်တဲ့အရာက သက်ရှိဆိုတချို့က ပေါ်တင်စွန့်ပစ်ကြတယ်။ တချို့က နာမည်ကောင်းယူပြီးမှ သူ့အလိုလို စွန့်ခွာသွားအောင် လုပ်တတ်ကြတယ်။ ကျွန်မအဖြစ်က ဒုတိယတစ်မျိုးထဲမှာ အကျုံးဝင်ခဲ့တယ်ဆိုတာ အားလုံးပြီးသွားမှ ကွင်းဆက်တွေ တစ်ချက်ချင်းပေါ်လာခဲ့တယ်။ ကျွန်မ သိပ်'အ'လွန်းခဲ့တာလား၊ ဒါမှမဟုတ် အပြစ်မမြင်ချစ်တတ်ခဲ့လွန်းတာလား။

သူ့လက်ကို လှမ်းဆွဲကိုင်လိုက်တဲ့အချိန်မှာ အရင်လို ကျွန်မလက်ကို ပြန်ဆုပ်ကိုင်ခြင်းမရှိတော့ဘူး။ ကျွန်မက လက်ကိုအတင်းလိုက်တွဲရင်.....

''လူတွေအရမ်းရှုပ်တယ်၊လက်တွဲရင် ကန့်လန့်ကန့်လန့်နဲ့၊ လက်မတွဲစမ်းပါနဲ့''

ဆိုတဲ့စကားအတိုင်း ကျွန်မသူ့ကို လက်တွဲဖို့ မကြိုးစားဖြစ်တော့ပါဘူး။ ကျွန်မအချစ်တွေကို သူလွယ်လင့်တကူ လျစ်လျူမရှုလောက်ပါဘူးဆိုတဲ့ ယုံကြည်ချက်နဲ့ သူ ကျွန်မကို သိပ်အလေးမထားတော့ပေမယ့် သူ့ဘေးမှာ တိတ်တဆိတ်သာနေတတ်ခဲ့တာ အသားကျနေခဲ့တယ်။

အဲဒီအချိန်မှာ 'အနှိုင်းမဲ့'ဆိုတဲ့ သီချင်းလေးက ကျွန်မရဲ့ Favourite ပေါ့။ သူအပါအဝင် ကျန်တဲ့သူငယ်ချင်းသုံးယောက်ပေါင်းပြီး လုပ်ရမယ့် ဒေါ်လာငါးထောင်လောက်တန်တဲ့ Project တစ်ခုကို လက်ခံရလိုက်တဲ့အချိန်မှာလည်း ကျွန်မတို့ သဘောထားကွဲလွဲမှုတစ်ခုဖြစ်ခဲ့တယ်။ ကျွန်မက ကျွန်မအဖေကို အလုပ်ကိစ္စတိုင်းတိုင်ပင်လေ့ရှိတော့ ဒီ Project အကြောင်းပြောပြမိတယ်။ အဖေက သုံးယောက်ပေါင်း Joint Account ဖွင့်ထားရင်ကောင်းမယ်လို့ အကြံပေးခဲ့တာကို သူသဘောမကျခဲ့ဘူး။ ဒါပေမဲ့ အဲဒီ Project အတွက် System Design ဆွဲတာရော၊ Database Design ဆွဲတာရောမှာ ကျွန်မလုပ်အားတွေ အများကြီးရယူပြီးချိန်ကျမှ သူပဲလုပ်တော့မယ်ရယ်လို့ ကျွန်မအကူအညီတွေ ရပ်တန့်နိုင်ခဲ့တယ်။ စိတ်မကောင်းဖြစ်ပေမယ့် အဖေ့ကို Project မဖြစ်တော့ဘူးရယ်လို့ အကြောင်းပြပြီး ရေငုံနှုတ်ပိတ်သာနေခဲ့တယ်။

နောက်ပိုင်း သူ့မှတ်ချက်က...

''ယူတောင်မယူရသေးဘူး၊ နင့်အဖေက နေရာတကာဝင်ပါတယ်''တဲ့။

ချစ်သူသက်တမ်းတစ်လျှောက်လုံးမှာ ကျွန်မ မတောင်းဘဲနဲ့ သူ့ဆီက ရေမွှေးပုလင်းလေးတစ်လုံး လက်ဆောင်ရဖူးတယ်။ ကျွန်မပျော်လိုက်တာလေ။

''ကို.....အဲ့ဒါ သမီးအတွက် သက်သက်ဝယ်လာတာလားဟင်''

''မဟုတ်ပါဘူး၊ငါ့အတွက်ဝယ်တာ၊ ဝယ်ပြီးမှ အနံ့မကြိုက်လို့ နင့်ပေးတာ''တဲ့။

ကျွန်မအပျော်လေးတွေ တစ်စစီ ပဲ့ကြွေကျသွားတယ်။ တုန်လှိုက်နေတဲ့အသံနဲ့.....

''ဩော်...မသိပါဘူး၊ သမီးအတွက် သက်သက်ဝယ်လာတယ်ထင်လို့ ဘာပဲဖြစ်ဖြစ်ပါ၊ သမီး ဒီအနံ့လေးကြိုက်တယ်၊ ကျေးဇူးပဲနော်ကို''

ကျွန်မ ဟန်ဆောင်တာမကျွမ်းကျင်ခဲ့ပေမယ့် သူ့ချစ်ခြင်း တစ်စွန်းတစ်စလေးတောင် ကျွန်မဆီ ပြန်ပါမလာခဲ့တာတော့ သေချာပါတယ်။

အခုချိန်ထိ ကျွန်မ စိတ်မပျက်သေးတာကို သူများစိတ်ပျက်လေမလားလို့တော့ ကျွန်မမတွေးမိခဲ့ဘူး။

**XXX**

ကျွန်မ ညံ့ခဲ့တာပါ။ ကျွန်မရဲ့ယုံကြည်ခြင်းမိုးတိမ်တွေ ပြိုကျတဲ့ တစ်နေ့.....

အဲဒီနေ့မတိုင်ခင်က သူကျွန်မကို စိတ်ဆိုးသွားခဲ့တယ်။ ကျွန်မနဲ့ပတ်သက်ပြီး အချိန်ပိုင်းအလုပ်အတွက် အလုပ်သွင်းပေးထားတဲ့ သူငယ်ချင်းက အလုပ်နောက်ကျတာ

www.burmeseclassic.com





များလို့ ကျွန်မနဲ့စကားများရာက စတာပါ။

နောက်နေ့ကျတော့ သူ့ကိုချော့ဖို့ ကျွန်မအလုပ်ကခွင့်ယူပြီး သူအလုပ်ရှိရာ ---စင်တာရဲ့တစ်ဖက်ပလက်ဖောင်းပေါ်မှာ မနက် ၈ နာရီခွဲလောက်ကတည်းက ရောက်နေခဲ့တယ်။ သူက ၉ နာရီလောက်အလုပ်လာတတ်ပေမယ့် မတော်လို့စောလာခဲ့ရင် လွဲသွားမှာစိုးတာနဲ့စောထွက်ခဲ့တာပါ။ သူအလုပ်ကိုစောစွာရောက်နှင့်နေခဲ့တယ်ဆိုတာစင်တာထဲကထွက်လာမှ ကျွန်မ သိခဲ့ရတယ်။ သူ့ဘေးမှာ ခပ်သွယ်သွယ်၊ အသားညိုညို၊ ပိန်ပိန်ပါးပါးကောင်မလေးတစ်ယောက်က သူ့လက်ကိုချိတ်လို့ ကားလမ်းကိုဖြတ်ကူးလာခဲ့တယ်။ သူ ကျွန်မကို မမြင်သလို ကျွန်မလည်း သူ့ကို ခပ်ဝါးဝါးပဲမြင်ရတယ်။

ဘယ်အချိန်က အိုင်ထွန်းလာမှန်းမသိတဲ့ မျက်ရည်တွေက ကျွန်မမျက်ဝန်းမှာ ပြည့်လို့ပေါ့။

ဟင့်အင်း....ကျွန်မ မငိုချင်ပါဘူး။ သူ့ဆီက အကြောင်းပြချက်တစ်ခုခုကို နားထောင်ချင်သေးတယ်။

အချစ်တွေနဲ့ ကျွန်မရဲ့တစ်သက်တာအတွက် ရွေးချယ်မှုတစ်ခုဟာ ဒီမြင်ကွင်းလေးတစ်ခုတည်းနဲ့ ပျက်စီးသွားရမှာကို ကျွန်မ မလိုလားပါဘူး။

"ဟင်.....ငယ်ငယ်၊ နင်ဘာလာလုပ်တာလဲ"

အိုးတိုးအမ်းတမ်းဖြစ်သွားတဲ့ သူ့မျက်နှာရယ်၊ ကျွန်မရဲ့ ကြေကွဲမျက်နှာရယ်ကြောင့် ထင်ပါရဲ့။ ကောင်မလေး လက်တွဲတာကိုဖြုတ်လိုက်တယ်။

"သမီး ကို့ကို ပြောစရာရှိလို့"

"ငါ အခု မနက်စာသွားစားမလို့၊ နင်အလုပ်သွားတော့"

တစ်ခွန်းပဲပြောပြီး လက်ချင်းချိတ် ဆက်လှမ်းထွက်သွားတာကို ကြည့်နေရင်း ကျွန်မနှလုံးသားကို ဖြတ်နင်းလျှောက်သွားသလို ကျွန်မရင်တွေ နာကျင်လိုက်တာ။ ရင်ထဲမှာဟာပြီး တလုပ်လုပ်နဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကို ကျွန်မ မမြင်ရတော့ဘူး။ ကျွန်မ မငိုပေမယ့် မျက်ရည်တွေ စီးကျလာခဲ့တယ်။

ဒီအဖြစ်အပျက်ကို ကျွန်မ မယုံကြည်နိုင်ခဲ့ဘူး။ ကျွန်မ ဘာတွေမှားခဲ့သလဲ။

ကျွန်မ သူ့ကို နှစ်နှစ်ကာကာချစ်ခဲ့တာပါ။ သူလိုအပ်တိုင်းမှာ ကျွန်မ ဖြည့်ဆည်းဖို့ ကြိုးစားခဲ့တာပါ။ သူအပြစ်လုပ်တိုင်းမှာ လူတစ်ယောက်ကိုချစ်ရင် သူ့ရဲ့ကောင်းတာရော၊ ဆိုးတာကိုပါ လက်ခံရမယ်ဆိုတဲ့စိတ်နဲ့ ကျွန်မ နေခဲ့တာပါ။

ကျွန်မ မချမ်းသာခဲ့ပေမယ့် သူ့ကို ဘယ်တုန်းကမှ ဝန်ထုပ်ဝန်ပိုးမဖြစ်စေခဲ့ပါဘူး။ ကျွန်မ မလုပ်နိုင်တဲ့ကိစ္စတွေမှာ ကျွန်မ ကတိမပေးခဲ့တာတွေရှိမယ်။ ဒါပေမဲ့ ကလန်ကဆန် မလုပ်ခဲ့ပါဘူး။ ကျွန်မ သူ့အပေါ် သစ္စာရှိခဲ့ပါတယ်။ ကျွန်မ ရုပ်မလှပေမယ့် ချစ်စရာကောင်းတဲ့ ရုပ်ရည်တော့ရှိပါတယ်။

ကျွန်မ မပိန်ပေမယ့် တရားလွန် မဝပါဘူး။ ကျွန်မ ပညာအရည်အချင်း မညံ့ခဲ့ပါဘူး။

ဒီအရည်အချင်းတွေ အားလုံးထဲမှာ သူလိုချင်တာ ဘာကြောင့် တစ်ခုမှမပါခဲ့တာလဲ။ သူလိုချင်တာဘာလဲ၊ ကျွန်မ ဘာတွေလိုအပ်ခဲ့သလဲဟင်။

သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိတယ်တဲ့။

ဒါပေမဲ့ ဆန့်ကျင်ဘက်လားရာနဲ့ဆိုတာ ကျွန်မ ဘာလို့ဆက်မဖတ်ခဲ့မိပါလိမ့်။ လွဲနေတဲ့ ကျွန်မရဲ့ နိယာမထဲမှာ ကျွန်မ နေခဲ့တာ သုံးနှစ်။

အသည်းကွဲဝေဒနာ ခံစားခဲ့ရတာ တစ်နှစ်ခွဲ။ သူ့ကြောင့် ကျွန်မရဲ့ အတ္တကြီးတဲ့စိတ်တွေ အများကြီး လျှော့ချနိုင်ခဲ့တယ်။

သိပ်မချစ်တတ်တော့အောင်လည်း နေတတ်ခဲ့တယ်။

အခြေအနေနဲ့ အချိန်အခါအရ ပုံသေနည်းတွေ၊ နိယာမတွေကိုလည်း ဘာသာပြန်တတ်ခဲ့တယ်။

တန်ပြန်သက်ရောက်မှုမရှိတဲ့ အချစ်အတွက်၊ အရာရာတိုင်းအတွက် ခုထိကျေးဇူးတင်ဆဲပါ။

ပန်းနွှာ

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



''ဟဲ့.....သန်းသန်းက ရုံး ဝတ်စုံလေးနဲ့ဆိုတော့ ချစ်စရာလေး နော်''

''သူ့ညီမ ထွေးထွေးက ပိုလှတာပေါ့ဟယ်၊ ဒါပေမဲ့ အိုက်တင်ကတော်တော်များတယ်၊ အခု(၁၀)တန်းဖြေနေတာ နှစ်ခါတောင်ရှိနေပြီ မအောင်သေးဘူး၊ ပြန်ဖြေဦးမလို့တဲ့၊ ကျူရှင်သွားတက်နေတာ တွေ့သားပဲ''

တောင်ဥက္ကလာပ၊ (၁၃) ရပ်ကွက်ဈေးထဲသွားမည့် ဒေါ်လုံးနှင့် ဒေါ်တင်ကြွေတို့နှစ်ယောက် အချီအချ စကားပြောသွားခဲ့ရင်း ဝရဇာလမ်းမပေါ်မှ ဈေးဝင်ပေါက်ထဲချိုးကွေ့ဝင်လိုက်သည်။

ဘတ်စ်ကားဂိတ်ဆီသို့ သွားနေသော အကြီးမ ရုံးစာရေးမ ထွေးထွေးကို မြင်တွေ့လိုက်မိရင်း တစ်ဦးက ချီးကျူးခန်းဖွင့်ခဲ့သလို နောက်တစ်ယောက်က ညီမဖြစ်သူကို အတင်းဝင်တုတ်ခဲ့ခြင်းဖြစ်သည်။

ဒါကိုမှ အနောက်ကလိုက်ပါ လျှောက်လာသော ထွေးထွေးကို သူတို့ မမြင်မိလိုက်ကြပါ။

''ဘာလဲ သူများအတင်းဆို တော်တော်ပြောတတ်တဲ့ အဒေါ်ကြီးတွေပဲ၊ ဒီနှစ် စောင့်ကြည့်နေလိုက်၊ မမထက်ပိုကောင်းတဲ့ယူနီဖောင်းလှလှလေးနဲ့ ရုံးတက်ပြလိုက်ဦးမယ်၊ မိထွေးကို ဘာမှတ်နေလဲ''

စိတ်ထဲကကျိတ်ပြောလိုက်ရင်း မိန်းမငယ်တစ်ယောက်၏ ထူးခြားလှပသောဝတ်စုံနှင့် အလှပေါ်လွင်အောင် လမ်းလျှောက်ဖြတ်သွားလိုက်မိသည်။ လွယ်အိတ်ကို သူမ လွယ်ထားခဲ့ရင်း ခေတ်ဆန်သောဝတ်စုံက လူတကာ ငေးမောကြည့်ရလောက်အောင် ပြင်ဆင်ရှိုးပြထားခြင်းဖြစ်သည်။

တောင်ဥက္ကလာပ၊ (၁၃) ရပ်ကွက်မှ သဃ်န်းကျွန်းဘက်သို့ သွားမည့် ဘတ်(စ်)ကားတစ်စီးပေါ် ထွေးထွေးတက်ရောက်သွားလိုက်သည်။

''ကားခလေးတွေ ထုတ်ထားပါ ခင်ဗျား''

ဘတ်စ်ကားစပါယ်ယာ လှမ်းအော်ပြောရင်း လူကြားထဲ တိုးဝှေ့ဝင်ရောက်လာသည်။

''ဒီကအစ်ကိုကြီး ကားခ၊ ဟိုအဘ....ကားခပေးပြီးပြီလား၊ အဒေါ်ကြီးရော''

တစ်ယောက်ပြီးတစ်ယောက် ဆင့်ကာဆင့်ကာ တောင်းလာခဲ့ရင်း ထွေးထွေးရပ်နေသော နေရာဆီသို့ စပါယ်ယာရောက်ချလာသည်။

ထွေးထွေးက လူကိုလှည့်မကြည့်ဘဲ ကားခထုတ်ရှင်းပေးလိုက်သည်။

''ညီမ ထွေးထွေး၊ တို့မယူဘူးလေ''

ကားခမယူဘူးလို့ ဆိုလာမှ ထွေးထွေးပြန်လှည့်ကြည့်မိရာ.....

''ဩော်.....ကိုဝင်းကြည်''

ထွေးထွေးနှုတ်ကပါ အသံထွက်သွားရပါသည်။

''ဟိုတစ်ခါက ဒီကားမဟုတ်ပါဘူးနော်၊ အပြောင်းအလဲက လည်းမြန်လိုက်တာ''

**ရပ်ကွက်ထဲတွင်**
**သူမ၏ အလှ၊**
**သူမ၏**
**ဝတ်စားဆင်ယင်မှုကို**
**အားကျအတုခိုးရသူများ**
**ရှိနေသည်။**
**ထို့ကြောင့်လည်း**
**အလှအပစရိတ်အတွက်**
**ထွေးထွေး**
**ငွေလိုအပ်နေခဲ့သည်ပင်**
...

www.burmeseclassic.com

"ဒီလိုပါပဲ ညီမရာ၊ အမေက ကိုယ်စာမကြိုးလို့ စပယ်ယာ လိုက်ခိုင်းထားတာ အိမ်မှာ ကိုယ်ပိုင်ဘတ်(စ်)ကားတွေက အများကြီးပဲ၊ ကိုယ်ကြိုက်တဲ့ကားပေါ် တက်လိုက်လို့ရတယ်"

ကိုဝင်းကြည်နှင့် ထွေးထွေးတို့ ဘတ်(စ်)ကားခရီးစဉ်တွင် ကြုံခဲ့ကြရင်း ရင်းနှီးနေခဲ့ကြသည်မှာ ကြာခဲ့ပေပြီ။ ခဏခဏ ကြုံဆုံခဲ့ရင်းကမှ ထွေးထွေး ကားတက်စီးလျှင် သူ က အခမဲ့စီးခွင့်ပြုခဲ့သည်။ ထို့အပြင် ကြုံဆုံခဲ့၍ ထွေးထွေး သူငယ်ချင်းမိန်းကလေးများပါ ပါလာခဲ့လျှင် အအေးဆိုင်တစ်ခုခုမှာ ဒါနပြုလေ့ရှိခဲ့ပါ၏။

သင်္ဃန်းကျွန်း၊ ဇဝနလမ်းဆုံတွင် ထွေးထွေး ကားပေါ်မှ ဆင်းလိုက်သည်။ ထိုကားဂိတ်က ကိုဝင်းကြည်တို့ကားလိုင်း၏ ဂိတ်ဆုံးမှတ်တိုင်ဖြစ်သည်။

XXX



သန်းသန်းနှင့် ထွေးထွေးက ဦးလုတင်နှင့် ဒေါ်တင်၏ သားသမီး (၆)ယောက်တွင် အငယ်ဆုံး သမီးနှစ်ယောက်ဖြစ်သည်။

အထက်က အစ်ကို နှစ်ယောက်၊ အစ်မနှစ်ယောက်က သီးခြားအိမ်ထောင်သည်များဖြစ်ခဲ့ကြကာ လောလောဆယ် မိသားစုဝင်လေးဦးသာရှိနေသည်။ သန်းသန်းက မြို့ထဲသို့ ဖယ်ရီကားစီးရင်း အလုပ်ဆင်းနေရသူ၊ ညဘက်လုပ်သားကောလိပ် တက်ရောက်၍ ဘွဲ့ရရန်ကြိုးစားနေသူဖြစ်သည်။

ထွေးထွေးက အစ်မကို အားကျမိသော်လည်း အလှအပကို ပိုဦးစားပေးမိသည်။ မခံချင်စိတ်ရှိသော်လည်း (၁၀)တန်းကို နှစ်နှစ်ဆက်တိုက်ကျနေခဲ့ရသည်။ သို့သော် ရပ်ကွက်ထဲတွင်မူ သူမ၏ အလှ၊ သူမ၏ ဝတ်စားဆင်ယင်မှုကို အားကျ အတုခိုးရသူများရှိနေသည်။ ထို့ကြောင့်လည်း အလှအပစရိတ်အတွက် ထွေးထွေး ငွေလိုအပ်နေခဲ့သည်ပင်။ အစ်ကို၊ အစ်မများ၏အိမ်သို့လည်းခဏခဏ အလည်သွားရောက်ခဲ့ရင်း မုန့်ဖိုးတောင်းဖန်များလာခဲ့ရာ (၁၀)တန်းမအောင်သေး၍ အဆင်မပြေဖြစ်ရသည်။

ပြီးခဲ့သည့် တစ်လကျော်ခန့်က မြို့ထဲသို့ သူငယ်ချင်းများနှင့် သွားခဲ့ရင်း အစ်မသန်းသန်းကို သူ့ချစ်သူနှင့် ပလက်ဖောင်းတစ်ခုမှာ တွေ့ခွင့်ရခဲ့သည်။ သန်းသန်းက ချစ်သူကို စီမံကိန်းတစ်ခုလို ရည်ရွယ်ချက်ကြီးစွာထား၍ ဘဝကို ရေရှည်ရပ်တည်နိုင်အောင် ဆောင်ရွက်ပြမည်ဟု ကြုံးဝါးထားသည်။ သူ့ချစ်သူက မည်သို့အလုပ်အကိုင်လုပ်သလဲဟု ထွေးထွေးက စပ်စပ်စုစု သီးခြားမေးမြန်းခဲ့ရာ လက်နှိပ်စက်စာရေးဟုသိခဲ့ရ၍ မချိုပြုံး ပြုံးဖြစ်ခဲ့ပါသည်။

အငယ်ဆုံးသမီးအပျို နှစ်ယောက်သာကျန်တော့၍ ထွေးထွေးရော၊ သန်းသန်းပါ အဖေကြီးကို ကြောက်ကြရပါသည်။ ရုံးတွင် အလုပ်လုပ်ပြီး လုပ်သားကောလိပ်ကျောင်းတက်နေရင်း ချစ်သူနှင့် ချိန်းတွေ့ခွင့်ရှိခဲ့သော်လည်း အိမ်တွင်မူ သန်းသန်းက မခုတ်တတ်သည့်ကြောင်နှယ် လိမ္မာပြနေခဲ့ပေသည်။

သန်းသန်းမှာ ချစ်သူရည်းစားရနေခဲ့ပြီဖြစ်၍ ထွေးထွေးလည်း မခံချင်စိတ်ဖြင့် ချစ်သူရချင်မိသည်။

"အမေကအစ်ကို့ကို စာမကြိုးစားလို့ စပယ်ယာလိုက်ခိုင်းထားတာ

www.burmeseclassic.com

www.burmeseclassic.com



ညီမရဲ့ အိမ်မှာက ကိုယ်ပိုင်ဘတ်စ်ကားတွေက အများကြီးပဲ၊ အစ်ကို ကြိုက်တဲ့ကားတက်ပြီး စပယ်ယာလုပ်လို့ရတယ်''

ဘတ်စ်ကားပေါ်တွင် ကိုဝင်းကြည်ပြောခဲ့သော စကားရပ်ကို သူ ပြန်ကြားယောင်မိသွားသည်။ ဘာပဲပြောပြော လက်နှိပ်စက်စာရေးထက်တော့ သာလွန်သည်ဟု မှတ်ချက်ချမိပါ၏။ သူတို့သူငယ်ချင်းများအဖွဲ့ကို အအေးဆိုင်မှာ ညှော်ခံလေ့ရှိသောကြောင့်လည်း ငွေကုန်ကြေးကျ အကုန်ခံနိုင်သူဟု ထင်မြင်မိခဲ့ကာ စိတ်ကူးယဉ်နေခဲ့ရင်း ကားလမ်းဖြတ်ကူး၍ ကျူရှင်ကျောင်းဆီသို့ ထွေးထွေးရောက်ရှိရပါသည်။

ကျူရှင်စာသင်ချိန်အတွက် ဆယ့်ငါးမိနစ်ခန့် အချိန်လိုအပ်နေသေးသည်။ သို့သော် စာရေးတစ်ဦးက သူ့ကိုပြောလာသည်။

''ဟော့.....ညီမရေ ... ဒီနေ့ဆရာမအားလို့တဲ့၊ သန်ဘက်ခါမှ ပြန်သင်ပေးမယ်နော်၊ တခြားသူငယ်ချင်းတွေကိုလည်း ပြောလိုက်ဦး''

ဘာမျှမထူးတော့ပြီမို့ ထွေးထွေးလည်း ကားလမ်းပြန်ဖြတ်ကူးခဲ့ကာ ဖဝနလမ်းဆုံရှိ ဘတ်စ်ကားဂိတ်ဆုံးဆီသို့ လျှောက်ခဲ့ပါသည်။ ကားဂိတ်တွင် လမ်းကြောင်းပြန်လှည့်ထွက်မည့် ဘတ်စ်ကားအားစောင့်နေစဉ်.....

''ဟော့.....ထွေးထွေး၊ ကျူရှင်မသွားတော့ဘူးလား''

ကိုဝင်းကြည်က အသံနှင့်အတူဘေးကပေါ်ထွက်လာသည်။

''ဟုတ်ကဲ့၊ ဪ.....မဟုတ်ဘူး အစ်ကို၊ ကျူရှင်ဆရာမလာလို့ အိမ်ပြန်မလားလို့ပါ''

''အစ်ကိုတို့ကားလည်း စက်ပျက်သွားလို့ ဝပ်ရှော့ပ်ပို့လိုက်ရပြီ၊ အခု မနက်စာသွားစားမလို့လေ၊ ထွေးထွေးပါ လိုက်စားပါလား၊ ညီမ အိမ်ပြန်ချင်ပေမယ့် ကားတွေက ထမင်းစားနားနေကြတယ်၊ လာပါ.. တစ်ခုခုလိုက်စားပါ၊ အစ်ကိုကျွေးပါ့မယ်ကွာ''

တကူးတကခေါ်လာသူမို့ ထွေးထွေးကလည်း အားတုံ့အားနာစွာပင် လိုက်ပါခဲ့မိသည်။ ထမင်းဆိုင်၏ စားပွဲတစ်ခုတွင် မျက်နှာချင်းဆိုင်ထိုင်မိရင်း

''ကျူရှင်က ဒီနေ့စာမသင်တော့လို့ အိမ်ပြန်ရမှာ နည်းနည်းစောနေသေးလို့ ထွေးလိုက်လာတာနော်၊ တစ်မျိုးမထင်နဲ့ဦး''

''ဘယ်လိုမှသဘောမထားပါဘူး ထွေးထွေးရယ်၊ လိုက်လာတဲ့အတူတူ ထမင်းစားနော်၊ အစ်ကိုမှာလိုက်မယ်''

ကိုဝင်းကြည်က စားပွဲထိုးကို အဆင်ပြေသလို လှမ်းမှာလိုက်သည်။ ပုစွန်ထုပ်ဆီပြန်၊ ဆိတ်ကလီစာ၊ ငါးပိရည်တို့စရာနှင့် ဟင်းချိုစုံလင်စွာ ထမင်းစားပွဲပေါ် ရောက်ချလာသည်။ သည်လိုနှင့် ထမင်းစားပွဲလေးတစ်ခုက မြိုင်မြိုင်ဆိုင်ဆိုင်စားသောက်ပြီးစီးခဲ့ပေပြီ။

''ညီမ စောနေလို့ အိမ်မပြန်ချင်သေးဘူးဆိုရင် အစ်ကိုတို့အိမ်ကအိမ်စီးကားလေး ဟိုနေ့ကဝပ်ရှော့ပ်မှာရှိတယ် တွေ့လား၊ အဲဒီကားနဲ့ ကားလိုက်စီးမလား''

ထမင်းစားသောက်ပြီးစီးခဲ့၍ ကိုဝင်းကြည်က သူ့အိမ်မှကားဟုဆိုလာရာ ရုတ်တရက် ထွေးထွေးက ကြည့်လိုက်မိဖြစ်သည်။ ကိုယ်ပိုင်ကားလေးကို စီးခွင့်ရမည်ဟုဆိုလာရာ သူ မငြင်းမိချင်တော့။ ကားလေးက ပါဗလစ်ကာ အဖြူရောင်ကားလေးဖြစ်သည်။ ထိုကားလေးကို သူတို့အိမ်အရောက် ကိုဝင်းကြည်က မောင်းသွားပေးရမည်ဟု ဆိုလာရာ စပယ်ယာအပြင် ဒရိုင်ဘာလည်းလုပ်တတ်နေသူဖြစ်၍ ထွေးထွေး အထင်ကြီးမိသွားသည်။

သည့်နောက် ထမင်းဆိုင်မှာ ထမင်းဖိုးရှင်းပေးခဲ့ပြီး.....

''ကဲ...လာ ညီမ၊ ဝပ်ရှော့ပ်ကို သွားကြမယ်လေ''

ဘာကြောင့်ရယ်မသိ။ ထွေးထွေး မငြင်းမိတော့ဘဲ ကိုဝင်းကြည် ခေါ်ရာနောက် လိုက်ပါခဲ့လေသည်။ ဝပ်ရှော့ပ်အလုပ်ရုံထိပ်မှာ ရပ်စောင့်နေစဉ် ပါဗလစ်ကာ အဖြူရောင်လေးက ထွေးထွေးရှေ့လာရပ်သည်။

''ရပြီလေ ညီမ၊ ကားပေါ်တက်လိုက်တော့''

သူမ ကားပေါ်ရောက်သည်နှင့် ကားလေးက မောင်းထွက်သွားခဲ့သည်။ ကားထဲ၌ သူတို့နှစ်ဦးတည်းသာဖြစ်ပြီး စကားတပြောပြောနှင့် လိုက်ပါမိခဲ့ရာ ကားလေးက တာမွေအပိုင်းကို ဖြတ်ကျော်၍ ဗဟန်းမြို့နယ်ဘက်ရှိ ဖိုးစိန်လမ်းထောင်

www.burmeseclassic.com

**ထွေးထွေး တဲအိမ်မှရော၊ ခြံထဲမှပါ ပြေးထွက်ခဲ့လေတော့သည်။ မိဘအိမ်ရောက်လျှင် အစ်မသန်းသန်းနှင့် အမေ ဒေါ်တင်ကို သူမ,ဖြစ်ပျက်ခံစားရပုံအား အကျိုးအကြောင်းရှင်းပြ၍ မျက်ရည်ခံထိုးပြရမည်ကတော့ အသေအချာပင် ◦ ◦ ◦**

ကုန်းတစ်ခုပေါ် တက်ရောက်သွားသည်။

ထိုလမ်းငယ်လေးမှတစ်ဆင့် ခြံအကျယ်ကြီးတစ်ခု၏ တံခါးဝတွင် ကိုဝင်းကြည်က ဘရိတ်အုပ်ရပ်လိုက်ပါသည်။ ထိုခြံရှေ့မှာပင် ကိုဝင်းကြည်တို့ စပယ်ယာလိုက်လေ့ရှိသော ဘတ်စ်ကားနှစ်စီး ရပ်တန့်ထားပါ၏။ ခြံရှေ့တွင် ကားအဖြူလေး ခေါင်းထိုးလာရပ်သည်နှင့် ခြံစောင့်က တံခါးကြီးကို ဖွင့်ပေးလိုက်သည်။

''ဦးလေး အဖေတို့အမေတို့ မရှိကြဘူးလား''

''အပြင်ထွက်သွားတာတွေ့လိုက်တယ်ကွ''

ကိုဝင်းကြည်က ကားကိုခြံထဲမောင်းဝင်သွားလိုက်ပြီး နေရာတစ်ခုတွင် ကားကိုရပ်လိုက်ပါ၏။ ပြီးနောက် ကားဘေးတံခါးကိုဖွင့်ပြီး ကိုဝင်းကြည်က ခြံထဲဆင်းသွားလိုက်သည်။ ခြံထဲရှိ အိမ်ကြီးတစ်လုံး၏ ဆင်ဝင်အောက်တွင် လူတစ်ဦးနှင့် စကားပြောဆိုခဲ့ကြပြီး ကားဆီသို့ ပြန်လျှောက်လာသည်။

ကားများပိုင်ဆိုင်သူဟု ယူဆရသူ ကိုဝင်းကြည်ကို စိတ်ထဲက အထင်ကြီးနေခဲ့မိရာမှ.....

''လာလေ ညီမ၊ ဒီကားကို ထားခဲ့ရလိမ့်မယ်၊ တခြားကားငှားပြီး ထွေးထွေးကို အနီးစပ်ဆုံးလမ်းမအထိ လိုက်ပို့ပေးမယ်၊ သွားကြစို့''

မသန်းသန်း၏ချစ်သူက ရုံးတစ်ရုံး၏ လက်နှိပ်စက်စာရေးမျှသာဖြစ်သည်။ ကိုဝင်းကြည်က ကားစပယ်ယာဟုဆိုသော်လည်း ခြံကျယ်ကျယ်ထဲက မိသားစုဝင်တစ်ဦးဖြစ်နေခဲ့ရာ ပညာမပြည့်စုံသော်လည်း ကားမောင်းတတ်သူ၊ ငွေကိုအတော်များများသုံးစွဲနိုင်သူဟု ထင်မြင်စရာရှိနေသည်။ ထိုအချက်များနှင့်နှိုင်းယှဉ်ကြည့်လျှင် မသန်းသန်းထက်သာလွန်နေသည်ဟု ကျိတ်တွေးမိကာ.....

ထို့နောက်ပိုင်း ခြံထဲမှအတူထွက်လာခဲ့ကြပြီး အငှားကားတစ်စီးငှားစီးခဲ့ကာ မြို့ထဲ၌ ရုပ်ရှင်အတူကြည့်မည်ဟုဆိုသည်ကို ထွေးထွေးခွင့်ပြုလိုက်မိသည်။

XXX

သန်းသန်းက ရုံးတက်၊ လုပ်သားကောလိပ်တွင် တက္ကသိုလ်ပညာ ဆက်သင်နေခဲ့ရင်း လက်နှိပ်စက်စာရေး ကိုဝင်းစိန်ကို ချစ်သူရည်းစားအဖြစ် လက်ခံခဲ့ပါသည်။

ထွေးထွေးကလည်း ကျူရှင်တက်သော ကျောင်းသူဘဝမှာပင် ကားစပယ်ယာ ကိုဝင်းကြည်ကို ချစ်သူအဖြစ်ခွင့်ပြုလက်ခံခဲ့လေသည်။

အိမ်ထောင်သည်ဘဝများဆီသို့ မရောက်ခဲ့ကြမီ ချစ်သူရည်းစားဘဝကို ဖြတ်သန်းခဲ့ကြရသည်သာဖြစ်သည်။ အိမ်တွင်မိသားစုဝင် လေးယောက်ရှိသည့်အထဲ သမီးမိန်းကလေး အငယ်များသာဖြစ်၍ ဌာနခွဲစာရေး အဖေကြီးကို သူတို့နှစ်ယောက် တုန်နေအောင်ကြောက်ကြရသည်။ သို့သော် သူတို့အဓိကကြောက်ရသည့် ဖခင်ကြီး ဦးလှတင်က ပင်စင်ယူခါနီးမှာပင် ရောဂါတစ်ခုကြောင့် ဆုံးပါးခဲ့ရသည်။ သို့ဖြစ်၍ ထွေးထွေးရော၊ သန်းသန်းပါ မိခင်မုဆိုးမကြီးကို အပိုင်ကပ်ပေါင်းခဲ့ကာ အိမ်ထောင်ပြုရန် ကြံစည်ခဲ့ကြပါသည်။

သန်းသန်းချစ်သူက ယခင်ကဆိုလျှင် ရပ်ကွက်နားသို့ပင် လာခွင့်မရခဲ့သော်လည်း ယောကျ်ားလောင်းကြီး၏ အသုဘမြေချပြည့်ကိုစွတင်

www.burmeseclassic.com



အစွမ်းကုန် ကြိုးစားလုပ်ကိုင်ပေးနိုင်ခဲ့ပါသည်။ ပတ်ဝန်းကျင်ကလည်း ကျေနပ်၊ အရွယ်နှင့် ပညာရေးကလည်း ပြည့်စုံသော သန်းသန်းအတွက် မင်္ဂလာဆွမ်းကျွေးကိစ္စရပ်လေးနှင့် အိမ်ထောင်တစ်ခုထူထောင်ခွင့်ရခဲ့ပါသည်။ သည့်နောက်တွင်မတော့ ကိုဝင်းစိန်နှင့် သန်းသန်းက အဖေနှင့်အမေအိပ်ခန်းကို အပိုင်စီးခဲ့ကာ မိခင်ကြီး ဒေါ်တင်က ညှော်ခန်းဘုရားကျောင်းဆောင်အောက်သို့ အိပ်ရာပြောင်းရွှေ့ခဲ့ရသည်။

အိမ်မှ အပြောင်းအလဲ၊ အဖြစ်အပျက်များကို ထွေးထွေးက ချစ်သူနှင့်နှစ်ယောက်တည်းချိန်းတွေ့ခွင့်ရစဉ် ရင်ဖွင့်ပြလာသည်။

''မမသန်းတောင် အိမ်ထောင်ပြုလိုက်ပြီ ကိုရာ၊ ထွေးတို့လည်း နီးစပ်ချင်ပြီ''

''ကိုယ်လည်း ထွေးလိုပါပဲကွာ''

''နီးစပ်ချင်တယ်ဆို ကို့အဖေနဲ့အမေကို ပြောလိုက်တော့လေ၊ ထွေးကို ခေါ်သွားပြပေါ့၊ ဘာဖြစ်လို့ အချိန်ဆွဲနေတာလဲ''

''ထွေးတောင်အဖေ့ကိုကြောက်ရတယ်ဆို၊ အစ်ကိုလည်း ဒီလိုပဲပေါ့၊ ထွေးတကယ်နီးချင်ပြီဆိုရင် အစ်ကိုနိုးပြေးမယ်လေ၊ ဘယ်လိုလဲ''

''ကို့မိဘတွေနဲ့ အဆင်ပြေမယ်ဆိုရင် လုပ်လေ၊ ထွေးကတော့ ကိုနဲ့နီးချင်တာပဲသိတယ်''

ထိုနေ့က ကိုဝင်းကြည်နှင့် ထွေးထွေး တစ်နေကုန်လျှောက်လည်ခဲ့ကြပြီး ကိုဝင်းကြည်၏သူငယ်ချင်း ထွန်းဦးဆိုသူ၏အိမ်သို့ ရောက်ခဲ့ကြသည်။ ထိုလူကတစ်ဆင့် စီစဉ်ပေးမှုကြောင့် ထောက်ကြန့်ဘက်ရှိ အသိမိတ်ဆွေတစ်ဦး၏ ခြံတစ်ခြံထဲမှ ယာယီတဲလေးတစ်ခုတွင် ညအိပ်ခွင့်ရခဲ့ကြပါသည်။

XXX

နှစ်ရက်နှင့်သုံးည ထောက်ကြန့်ခြံကြီးထဲ ထွေးထွေးနေခဲ့ရ၏။ သုံးညအိပ်ခဲ့ပြီး နံနက် (၈)နာရီခန့်တွင် ခြံဝ၌ မိန်းမကြီးတစ်ဦးနှင့် ကိုဝင်းကြည် အချီအချ စကားပြောနေသည်ကိုတွေ့ရ၍ ထွေးထွေးက အနားတိုးကပ်သွားလိုက်သည်။

''အမေ့ကို သားဒီမှာရှိတယ်လို့ ဘယ်သူပြောလိုက်လို့လဲ''

''ဒီလိုပဲ စုံစမ်းပြီးလိုက်လာရတာပဲပေါ့ သားရယ်၊ မိုက်လှချည်လား၊ အခု စပယ်ယာအလုပ်ကိုရော ဆက်လုပ်လို့ရဦးမှာလား၊ အမေနဲ့ အိမ်က,ကလေးတွေကို ဘယ်သူလုပ်ကျွေးမှာလဲ၊ မင်းအဖေလည်း မရှိဘူးဆိုတာ သိရဲ့သားနဲ့''

ထိုစကားရပ်ကို ကြားခွင့်ရပါ၍ ထွေးထွေး တုန်လှုပ်သွားခဲ့ရသည်။

''ဟင်.....သူ့မှာ အဖေမရှိတော့ဘူးဆိုပါလား၊ ကျန်တဲ့မောင်နှမတွေကိုလည်း သူကပဲ လုပ်ကျွေးနေရတယ်''

www.burmeseclassic.com

www.burmeseclassic.com

စိတ်အတွေးထဲက ကိုယ့်ဘာသာကိုယ် ပြောချလိုက်မိသည်။

"အမေ စကားပြောတာ တိုးတိုးလုပ်ပါဗျာ၊ ဟိုမှာ ထွေးကြားသွားပါ့မယ်"

"ကြားလည်းမတတ်နိုင်ဘူး၊ နောက်တော့သိရမှာပဲ၊ သူ့လင်ဒုက္ခ သူလည်းခံရမှာပဲပေါ့"

ထိုသို့ စကားအချီအချပြောနေစဉ်မှာပင် ထွေးထွေး အနောက်ကနေ ရောက်ချလာသည်။

"ကိုဝင်းကြည်၊ ရှင်.....ရှင် ဘယ်လိုလုပ်လိုက်တာလဲ"



" ကျွန်မကို သူဌေးသားလိုလို ဘာလိုလို ညာယူထားခဲ့တာ၊ ရှင့်ကို အပြစ်ပေးရမယ်၊ ကျွန်မ အလုပ်မလုပ်ဘူးနော်၊ လင်လုပ်စာ ထိုင်စားမှာ "

"ဟာ...ထွေး၊ ဟို...ဒါ...ဒါ ကိုယ့်အမေလေ ထွေးရဲ့"

"ဟိုတစ်ခါ ခြံကြီးထဲကိုသွားတုန်းကတော့ အဲဒီခြံထဲကသူတွေက ရှင့်အဖေနဲ့ အမေပဲဆို"

"ကိုယ်ကပိုင်ရှင်လင်မယားကိုလည်း အဖေနဲ့အမေလို့ပဲ ခေါ်နေကျမို့ပါ"

"ဒါဆို ရှင့်လက်ထဲက ထမင်းဖိုးရှင်းတုန်းက ငွေအထပ်လိုက်ကရော"

"ကားဝပ်ရှော့ခ်ကိုရှင်းရမယ့် ငွေတွေပါကွာ"

"ဩော်.....တတ်လည်းတတ်နိုင်တဲ့ ကိုဝင်းကြည်ပဲနော်"

ထွေးထွေး မဲ့ကာရွဲ့ကာ ပြောချလိုက်ပြီး တဲအိမ်လေးဆီသို့ ပြေးလွှားသွားခဲ့သည်။

"ဟေ့....ထွေး၊ မင်း.....မင်း ဘာလုပ်မလို့လဲ"

ကိုဝင်းကြည်က ထွေးထွေး အနောက်က ပြေးရင်းလိုက်ပါလာသည်။ ထွေးထွေးကမူ မျက်လုံးထဲ ဘာမှမမြင်မိတော့။ အချစ်ကိုညာယူခဲ့သော ကိုဝင်းကြည်နှင့် တစ်မိနစ်၊ တစ်စက္ကန့်မျှပင် အတူမနေချင်တော့၍ အတူပါလာသော အဝတ်အစားများကို အသေအချာ ထုပ်ပိုးသိမ်းဆည်းလိုက်သည်။

"ထွေးထွေး.....ဒါ မင်း ဘာလုပ်မှာလဲ"

"ကျွန်မ ဒီမှာမနေတော့ဘူး၊ ပြန်မယ်"

ပြောပြီးသည်နှင့် ထွေးထွေး

www.burmeseclassic.com

www.burmeseclassic.com



တဲအိမ်မှရော၊ ခြံထဲမှပါ ပြေးထွက်ခဲ့လေတော့သည်။ မိဘအိမ်ရောက်လျှင် အစ်မသန်းသန်းနှင့် အမေဒေါ်တင်ကို သူမ,ဖြစ်ပျက်ခံစားရပုံအား အကျိုးအကြောင်းရှင်းပြ၍ မျက်ရည်ခံထိုးမြှုရမည်ကတော့ အသေအချာပင်။

XXX

ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကားပိုင်ရှင်နှင့် ကိုဝင်းကြည်တို့ ရောက်ရှိနေကြပြီဟု ပြောဆိုနေသံကို ထွေးထွေး ကြားခွင့်ရသည်။ အမေ၊ ခဲအိုနှင့် အစ်မတို့က ကိုဝင်းကြည်နှင့် ဦးစွာတွေ့ဆုံစကားပြောခဲ့ပြီးဖြစ်ရာ.....

"သမီး ထွေးထွေး၊ အမေ့ဆီလာခဲ့ဦး"

အိမ်တွင်းပုန်းနေသော ထွေးထွေးကို ဒေါ်တင်က အိမ်ရှေ့ခေါ်ထုတ်လိုက်သည်။

"ညည်း ဘာမှဝင်မပြောနဲ့နော်၊ အခု ရပ်ကွက်ရုံးကို လိုက်ခဲ့ရမယ်၊ နင့်လူ ဝင်းကြည်က နင့်ကို မယားမှတ်မှတ်၊ သားမှတ်မှတ် ပေါင်းသင်းပါရစေတဲ့၊ ငါတို့ လူကြီးတွေနဲ့ စကားပြောပြီးသားနော်၊ သူ့အိမ်ကိုလည်း ငါတို့လိုက်ကြည့်ထားပြီးပြီ၊ သာကေတဘက်က တဲစုတ်သာသာအိမ်နဲ့ နေကြရတာ၊ နင်လည်း သူ့အိမ်လိုက်နေနိုင်မှာမဟုတ်ဘူး၊ ငါတို့အိမ် မီးဖိုချောင်နားကအခန်းကို နင်တို့လင်မယားအတွက် အခန်းကန့်ပေးမယ်၊ အဲဒီမှာနေ၊ ကြားလား"

"အမေတို့စီစဉ်သလို သမီးနေပါ့မယ်"

"ကဲ.....သဘောတူတယ်ဆိုရင် ရပ်ကွက်ရုံးကိုသွားမယ်၊ အဝတ်အစားသွားလဲခဲ့"

သည်လိုနှင့် ရပ်ကွက်ရုံးမှချိတ်ဆက်ညှိနှိုင်းပေးခဲ့ကာ ထွေးထွေးအိမ်ထောင်ပြုဖို့ဖြစ်ခဲ့ရပေသည်။ ဆံထုံးနောက်သျှောင်ပါဖြစ်ရသော နေစရာမရှိသည့် အလိမ်အညာကားပိုင်ရှင် စပယ်ယာ ကိုဝင်းကြည်ကို ထွေးထွေးမိဘများဘက်က ကြည့်ရှုစောင့်ရှောက်ခဲ့၍ အိပ်စရာအခန်းတစ်ခုရလိုက်သည်။

"ကျွန်မကို သူဋ္ဌေးသားလိုလို ဘာလိုလို ညာယူထားခဲ့တာ၊ ရှင့်ကို အပြစ်ပေးရမယ်၊ ကျွန်မ အလုပ်မလုပ်ဘူးနော်၊ လင်လုပ်စာ ထိုင်စားမှာ"

"အေးပါ မိန်းမရယ်၊ အခုအချိန်ကျမှတော့ ဖက်ပေါ်ကျလည်း ဆူးပဲကျိုးရတော့မှာမို့ သဘောတူပါတယ်၊ ကဲ.....ကျေနပ်ပြီမဟုတ်လား"

နောက်ဆုံးတော့ ပြိုင်ဆိုင်မှုတစ်ခုကို အရင်းပြုရင်း ထွေးထွေးတစ်ယောက် နေစရာမရှိသည့် စပယ်ယာနှင့်သာ ညားရတော့သတည်း။

ကိုမိုး (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတကာသတင်း

## မိမိကိုယ်မိမိ သေကြောင်းမကြံခင် ဇနီးကိုသတ်ကာ ကလေးနှစ်ဦးကိုပါသတ်ရန် ကြိုးစားခဲ့သည့်ဖခင်



အမေရိကန်ပြည်ထောင်စု၊ တက္ကဆပ်ပြည်နယ်တွင် ဇနီးမောင်နှံနှစ်ဦး သေဆုံးကာ သူတို့၏ကလေးနှစ်ဦးမှာ ဒဏ်ရာရရှိခဲ့သည့်ပြစ်မှုဖြစ်ပွားခဲ့သည်။

နယ်မြေထိန်းတပ်ဖွဲ့ဝင်များသည် မိသားစုထဲမှ သမီးကြီးဖြစ်သူ၏ အရေးပေါ်အကြောင်းကြားသည့်ဖုန်းကို လက်ခံရရှိခဲ့ပြီး တပ်ဖွဲ့ဝင်များ ရောက်ရှိသွားချိန်တွင် အသက် ၁၅ နှစ်အရွယ် မိန်းကလေးတစ်ဦးကို နေအိမ်ရှေ့ ခြံဝင်းထဲတွင် သေနတ်ဒဏ်ရာနှင့် တွေ့ရှိခဲ့ရသည်။ အသက် ၁၁ နှစ်အရွယ် သူမ၏မောင်မှာလည်း သေနတ်ဒဏ်ရာ ရရှိထားသည်။ အိမ်ထဲတွင် အသက် ၄၆ နှစ်အရွယ် ယောကျ်ားနှင့် အသက် ၃၇ နှစ်အရွယ် ဇနီးဖြစ်သူတို့ သေဆုံးနေသည်ကို တွေ့ရှိရသည်။ ခင်ပွန်းဖြစ်သူသည် ဇနီးကို ဦးစွာသတ်ပြီးနောက် သူ့ကလေးများကို သတ်ရန် ကြိုးစားပြီး သူ့ကိုယ်သူ သေကြောင်းကြံစည်သည်ဟု ရဲများက ယူဆထားသည်။

ကလေးများကာကွယ်စောင့်ရှောက်ရေးအရာရှိများက လက်ရှိ ကလေးနှစ်ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားပြီး ပါကစ္စတန်နှင့် အိန္ဒိယတွင်ရှိသော သူတို့ပ၏ဆွေမျိုးများနှင့် အဆက်အသွယ်ရရန် ကြိုးစားလျက်ရှိသည်။

Ref: USA News

www.burmeseclassic.com

## ပင်လယ်ဖျံများ လက်တွဲမဖြုတ်ဘဲ အိပ်စက်ကြ

Dozy Otter ဟုခေါ်သော အမွေးအမှင်များပါသည့် ဖျံများသည် မြောက်ပင်လယ်တွင် ရှင်သန်ပေါက်ဖွားကြသည်။ မြောက်ပင်လယ်ဆိုသည်မှာ ဂရိတ်ဗြိတိန်၊ နယ်သာလန်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်နိုင်ငံတို့ကြားမှ ပင်လယ်ဒေသဖြစ်သည်။

ထိုဖျံများ၏ထူးခြားချက်မှာ သူတို့သည် အထီးအမ ချစ်ခင်စွာနေထိုင်ကြပြီး အိပ်စက်လျှင် လက်တွဲမဖြုတ်တမ်း အိပ်စက်ကြပြီး အစာစားလျှင်လည်း လက်ချင်းချိတ်၍ စားကြသည်။



ထိုဖျံများသည်တစ်ကောင်သေလျှင် ကျန်တစ်ကောင်က အခြားဖျံအကောင်နှင့် မပေါင်းဖက်သော သစ္စာရှိသည့်ဖျံမျိုးဖြစ်လေသည်။

Ref: World interesting News

---

## ရေဘဝဲကြီးတစ်ကောင်နှင့် နပန်းလုံးကာ ဓာတ်ပုံရိုက်နိုင်ခဲ့သူ

အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်၊ မွန်တီရေးမြို့တောင်ဘက်ရှိ ရေပိုင်နက်တစ်နေရာတွင် မြင်တွေ့ရခဲ့သည့် ကိုယ်ယောင်ဖျောက်တတ်သည့် အလွန်ကြီးမားသောပစိဖိတ်ရေဘဝဲကြီးတစ်ကောင်ကို ရေငုပ်သမားတစ်ဦးက နပန်းလုံး၍ ဓာတ်ပုံရိုက်ယူနိုင်ခဲ့သည်။



ထိုရေဘဝဲတွင် လက်ချောင်းရှစ်ချောင်းပါရှိပြီး လက်တံအရှည်မှာ ပေ ၂၀ ခန့်ရှည်လျားပြီး အလေးချိန် ပေါင် ၆၀၀ ခန့်ရှိနိုင်ကြောင်း သိရသည်။ ရေဘဝဲကြီး၏ လှုပ်ရှားမှုပုံရိပ်များကို ဓာတ်ပုံရိုက်ယူနိုင်ခဲ့ခြင်းကြောင့် မိမိအားအခြားရေငုပ်သမားများက အလွန်အားကျကြောင်း ပြောကြားခဲ့သည်။

ပစိဖိတ်ရေဘဝဲကြီးများသည် ပတ်ဝန်းကျင်အခြေအနေကိုလိုက်၍ အရောင်အမျိုးမျိုး ပြောင်းလဲနိုင်ကြောင်းနှင့် ၎င်းကိုတွေ့မြင်ရန် ခက်ခဲပြီး ဓာတ်ပုံရိုက်နိုင်ရန်မှာ ပို၍ခက်ခဲကြောင်း သိရသည်။

Ref: USA News

www.burmeseclassic.com

www.burmeseclassic.com

# ထိုင်ခုံဟောင်းထဲမှ ဒေါ်လာများတွေ့



နယူးယောက်မြို့မှ တက္ကသိုလ်ကျောင်းသားသုံးဦးသည် ဆိုဖာထိုင်ခုံအဟောင်းမှ ဒေါ်လာလေးသောင်းကို တွေ့ရှိခဲ့ကြသည်။ ထိုကျောင်းသားများသည် ထိုင်ခုံကို ဒေါ်လာနှစ်ဆယ်နှင့် ဝယ်ယူထားသူများဖြစ်သည်။


ထိုကျောင်းသားများသည် စာအိတ်နှင့်ထုပ်ထားသော ငွေများကို တွေ့ရှိပြီး စာအိတ်တွင် ရေးထားသောနာမည်ကို ဖုန်းစာအုပ်တွင်ရှာ၍ ဖုန်းဆက်ရာမှ မူလပိုင်ရှင်နှင့် အဆက်အသွယ်ရရှိခဲ့သည်။ မူလပိုင်ရှင်ကို ငွေများပြန်လည်ပေးအပ်ရာ ဒေါ်လာတစ်ထောင် ဆုချခဲ့သည်။

ထိုင်ခုံပိုင်ရှင် အမျိုးသမီးကြီးသည် သူမ၏ခင်ပွန်း မသိအောင် ပိုက်ဆံကို စာအိတ်ထဲထည့်ကာ ဆိုဖာထိုင်ခုံထဲ ဝှက်ထားခဲ့သည်။ ခင်ပွန်းသည် ကွယ်လွန်ပြီးချိန်နောက်ပိုင်းတွင်လည်း ပိုက်ဆံကို ထိုင်ခုံမှာပင်သိမ်းဆည်းထားခဲ့သည်။ တစ်နေ့၌ ထိုအမျိုးသမီး ဆေးရုံတက်နေချိန် သမီးနှင့်သမက်က ထိုထိုင်ခုံဟောင်းကို ချို့တဲ့သူများအား ကူညီသည့် ခရစ်ယာန်ဘုရားကျောင်းသို့ သွားရောက်လှူဒါန်းခဲ့သည်။

ကျောင်းသားများက ဘုရားကျောင်းမှ ဒေါ်လာနှစ်ဆယ်နှင့်ဝယ်ယူခဲ့ပြီး ယခုအခါ ပိုက်ဆံများမှာ မူလပိုင်ရှင်လက်ထဲသို့ ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်သည်။

Ref: Strange News

# ကိုယ်အလေးချိန် ပေါင် ၁၀၀ ကျော်ကျသွားသော်လည်း နေအိမ်ပြန်ရန်အခက်တွေ့သူ






အသက် (၃၃)နှစ်အရွယ်ရှိ ဗြိတိန်နိုင်ငံသား ရို့ကွန်နာဆိုသူသည် ပြီးခဲ့သည့် မတ်လမှစတင်ကာ ပေါင် ၃၀၀ ခန့်ရှိသော ၎င်း၏ခန္ဓာကိုယ် အလေးချိန်ကို လျှော့ချရန် ငွေကြေးအမြောက်အမြားသုံးစွဲကာ ထိုင်းနိုင်ငံ၊ ဖူးခက်ရှိ လက်ဝှေ့စခန်းတွင် ကြိုးစားလေ့ကျင့်ခဲ့ရာ ပေါင် ၁၂၀ နီးပါးကို လျှော့ချနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ရုရှကွန်နာသည် ဗြိတိန်မှထိုင်းနိုင်ငံသို့ရောက်ရှိစဉ်က ၎င်း၏ပတ်စ်ပို့နှင့် အခြားသက်သေခံဓာတ်ပုံများနှင့် ယခုပုံစံမှာ အလွန်ခြားနားနေသောကြောင့် ထိုင်းအာဏာပိုင်တို့က လေယာဉ်ပေါ်တက်ခွင့်မပြုတော့ဘဲ တားဆီးစစ်ဆေးမှုများပြုလုပ်ခဲ့သည်။

နောက်ဆုံးတွင် မွေ့ထိုင်းစခန်းမှ တာဝန်ရှိသူများကို ခေါ်ယူရှင်းပြမှသာ လေဆိပ်ရဲများက လက်ခံအတည်ပြုပေးကြသည်။ ၎င်းအနေဖြင့် နောက်နှစ်တွင် ထိုင်းနိုင်ငံသို့ လာရောက်လေ့ကျင့်ရန် စိုးရိမ်နေမိကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

Ref: World News

---


# (၁၈)လကြာ လိင်ကျွန်အဖြစ်စေခိုင်းခံရသူ အမျိုးသမီး

အိုင်ဒါဟိုပြည်နယ်တွင် အသက် (၂၇)နှစ်အရွယ် အမျိုးသမီးတစ်ဦးကို အော်စကာဆိုသူက ဖမ်းဆီးချုပ်နှောင်ထားပြီး (၁၈)လကြာအောင် နေ့စဉ် မူးယစ်ဆေးဝါးတိုက်ကျွေးကာ မုဒိမ်းကျင့် နှိပ်စက်မှုများ ပြုလုပ်ခဲ့သည်။ သူမ၏ခန္ဓာကိုယ်တွင် ဓာတ်အားလွှတ်ထားသော ထောင်ချောက် တပ်ဆင်ထားပြီး အကြိမ်ပေါင်းများစွာ တူဖြင့်ထုနှက်ခြင်းခံခဲ့ရလေသည်။

သူမ ထွက်ပြေးလျှင် ခွေးတစ်ကောင်ကဲ့သို့ လည်ပင်းတွင် ကြိုးဆွဲထားလေ့ရှိသည်ဟုဆိုသည်။ ယခုအခါ ခက်ခက်ခဲခဲ လွတ်မြောက်လာခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့က အခင်းဖြစ်နေအိမ်ကို သွားရောက်စစ်ဆေးခဲ့ရာ သံကြိုးများ၊ နံရံနှင့် ကြမ်းပြင်ပေါ်တွင် ဖောက်ထားသော သံကြိုးတန်းလန်းနှင့်သော့ခလောက်များ၊ လက်လုပ်သေနတ်နှင့် ထွက်ပြေးလျှင် ဓာတ်လိုက်စေရန် ဓာတ်အားကို အိမ်ပတ်ပတ်လည်တွင် လွှတ်ထားသည်ကို ရဲတပ်ဖွဲ့က စစ်ဆေးတွေ့ရှိခဲ့သည်။

ယခုအခါ အော်စကာအားဖမ်းဆီးထားပြီး အာမခံကြေး ဒေါ်လာ ၁ သန်း သတ်မှတ်ထားကြောင်း သိ ရသည်။

Ref: Daily Mail



ဆောင်းလေမှန်

www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းသတင်း

## မိခင်ဖြစ်သူစကားပြောနေစဉ် သမီးဖြစ်သူ ရေနစ်သေဆုံးခဲ့ရတဲ့ဖြစ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်အတွင်း မိခင်ဖြစ်သူက သားသမီးအား ထိန်းသိမ်းစောင့်ရှောက်ရာတွင် ပေါ့လျော့သတိမေ့ခဲ့မှုကြောင့် ၃ နှစ်အရွယ်သမီးဖြစ်သူ ရေနစ်သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၈-၆-၂၀၁၄ ရက်နေ့၊ ညနေ ၅ နာရီခွဲအချိန်က ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ပြည်သူ့ဆေးရုံတွင် ကလေးတစ်ဦး ရေနစ်သေဆုံးရောက်ရှိနေကြောင်း ဒဂုံ(ဆိပ်ကမ်း)မြို့မရဲစခန်းမှ တာဝန်မှူးက သတင်းလက်ခံရရှိခဲ့သည်ဆို၏။

သတင်းအရ စခန်းမှူး ဒုရဲမှူးဟန်စိန်နှင့်အဖွဲ့က သက်သေများနှင့်အတူ ဆေးရုံသို့ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ မချစ်သဲဝေ (၃ နှစ်)၊ လှသီဂီလမ်းသွယ်၊ (၁၆၈)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း) မြို့နယ်နေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။

၎င်းသည် ၂၀၁၄၊ ဇွန်လ ၁၈ ရက်နေ့၊ ညနေ ၄ နာရီခွဲအချိန် မိခင်ဖြစ်သူ မမိချိုနှင့်အတူ လှသီဂီလမ်း၊ (၁၆၈)ရပ်ကွက်နေ မမိချို၏အဒေါ်ဖြစ်သူ ဒေါ်ဘီမွန်လာ၏ နေအိမ်သို့ သွားရောက်ခဲ့ကြသည်။

မိခင်ဖြစ်သူက ၎င်း၏အဒေါ်ဖြစ်သူနှင့် စကားပြောနေစဉ် ကလေးမှာ ခြံဝင်းအတွင်း ဆော့ကစားနေခဲ့ရာမှ မတွေ့ရှိတော့သဖြင့် လိုက်လံရှာဖွေရာ ဒေါ်ဘီမွန်လာ၏ နေအိမ်ရှေ့၊ အကျယ် (၈ပေ)၊ အနက် (၄) ပေခန့်ရှိရေမြောင်းအတွင်း တစောင်းအနေအထားဖြင့် တွေ့ရှိသဖြင့် ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့အပ်စဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။

အလောင်းအား စစ်ဆေးရာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရှိသဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ ပို့အပ်ခဲ့ရာ ပီအာရ် ၁၇ ဖြင့် လက်ခံထားရှိခဲ့သည်။

ဒုရဲအုပ် အောင်ဇော်မြင့်က တရားလိုပြုလုပ်တိုင်တန်းခဲ့မှုအား ဒဂုံ(ဆိပ်ကမ်း)မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၃/၂၀၁၄ ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူး ဟန်စိန်က စစ်ဆေးလျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အဖေကို ရန်ငြိုးနဲ့ဝိုင်းထိုးသူများက သားကိုပါ ဓားနဲ့ခုတ်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်အတွင်း ယခင်က အရက်အတူတူသောက်စဉ် စကားများခဲ့ဖူးသူ အမျိုးသားနှစ်ဦးက ရန်ငြိုးထားကာ ဓားဖြင့်ခုတ်၊ လက်သီးနှင့်ထိုးခဲ့မှုကြောင့် အင်းစိန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံခဲ့ရသည့်ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ၁၈–၆–၂၀၁၄ ရက်နေ့၊ ည ၉ နာရီအချိန်ခန့်က ဦးမျိုးဇော် (၄၅ နှစ်)၊ နွေဦးလက်ဖက်ရည်ဆိုင်၊ ၁၇ လမ်း၊ ဈေးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေသူသည် လက်ဖက်ရည်ဆိုင်ဘေးရှိ အလှူမီနီယံဆိုင်တွင် ဦးဝင်းရွှေတို့နှင့်ထိုင်နေခဲ့သည်ဆို၏။

၎င်းတို့ထိုင်နေစဉ် ယခင်က အရက်အတူတူသောက်စဉ် စကားများခဲ့ကြဖူးသည့် ကိုကိုနိုင်(ခ)အကြီးကောင် (၄၀ နှစ်)၊ မင်္ဂလာဒုံမြို့နယ်နေသူနှင့် ဆွေမင်းဦး (၁၉ နှစ်)၊ မင်္ဂလာဒုံမြို့နယ်နေသူတို့ ရောက်ရှိလာခဲ့ပြီး ဦးမျိုးဇော်အား ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာကာ လက်သီးဖြင့် ထိုးခဲ့သဖြင့် မျက်နှာတွင် ဖူးရောင်ဒဏ်ရာရရှိခဲ့သည်ဆို၏။

ထိုစဉ် ဦးမျိုးဇော်၏သားဖြစ်သူ သီဟဇော် (၂၅ နှစ်)က ဝင်ရောက်ဖျန်ဖြေရာ ဆွေမင်းဦးက ဓားဖြင့်ခုတ်ပြီး ကိုကိုနိုင်(ခ)အကြီးကောင်က လက်သီးဖြင့်ထိုးခဲ့သဖြင့် သီဟဇော်တွင် ဦးခေါင်းဝဲဘက်ချိုစောင်းပေါက်ပြဲဒဏ်ရာ၊ ဝဲတံတောင် ပြွတ်ရှဒဏ်ရာ၊ ဝဲလက်မောင်း ပြွတ်ရှဒဏ်ရာ၊ ဝဲလက်သူကြွယ် ပြွတ်ရှဒဏ်ရာများ ရရှိခဲ့သဖြင့် အင်းစိန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှု ခံယူခဲ့ရသည်ဆို၏။

အဆိုပါဖြစ်စဉ်အား ဦးမျိုးဇော်က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မင်္ဂလာဒုံမြို့မရဲစခန်းက (ပ)၂၆၅/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၂၆/၂၉၄/၁၁၄ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် ဒုရဲအုပ်ညွန့်ဝင်းက ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ရန်ငြိုးကြောင့် ရန်မီးထပ်မွှေးခဲ့တဲ့လုပ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်အတွင်း အမျိုးသားတစ်ဦးအား ညီအစ်ကိုနှစ်ဦးအနက် တစ်ဦးမှ ချုပ်ကိုင်ထားပြီး တစ်ဦးက ဓားဖြင့်မွှန်းခဲ့သောကြောင့် ဒဏ်ရာများရရှိသဖြင့် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၈–၆–၂၀၁၄ ရက်နေ့၊ ည ၁၂ နာရီအချိန်ခန့်က ဦးသိန်းဦး (၅၁ နှစ်)၊ ရန်ကြီးအောင် (၂)လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူသည် နေအိမ်တွင်ရှိနေစဉ် ယောက်ဖဖြစ်သူ ဝင်းဌေးမှာ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ စမ်းချောင်းလမ်းထိပ်တွင် လဲကျနေကြောင်း သိရှိခဲ့ရသည်ဆို၏။

၎င်းတို့က သွားရောက်ကြည့်ရှုခဲ့ရာ ဝင်းဌေးမှာ စမ်းချောင်းလမ်းထိပ်တွင် လဲကျနေပြီး ယာပါးပြွတ်ရှဒဏ်ရာ(၁)ချက်၊ ယာနားထင်ပြွတ်ရှဒဏ်ရာ(၁)ချက်၊ လည်ကုပ်ပြွတ်ရှဒဏ်ရာ(၁)ချက်၊ ဝဲပါးပြင်ပြွတ်ရှဒဏ်ရာ(၁)ချက်၊ ဝဲဒူးပွန်းဒဏ်ရာများ ရရှိထားသည်ကိုတွေ့ရှိခဲ့ရသည်ဆို၏။

မေးမြန်းရာမရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်နေ ခင်မောင်ဇော်ဆိုသူ၏ညီက ၎င်းအားချုပ်ကိုင်ထားပြီး ခင်မောင်ဇော်က ဓားနှင့်မွှန်းခဲ့ကြောင်း ပြောပြ၍ သိရှိခဲ့ရသည်။ ဝင်းဌေးအား မြောက်ဥက္ကလာပဆေးရုံကြီးသို့တင်ပို့ရာ အတွင်းလူနာအဖြစ် ဆေးကုသမှု ခံယူခဲ့ရသည်ဆို၏။

ဦးသိန်းဦးက တရားလိုပြုလုပ်၍ တိုင်တန်းခဲ့ရာ မရမ်းကုန်းမြို့မရဲစခန်းက (ပ)၂၁၂/၂၀၁၄၊ပြစ်မှုပုဒ်မ ၃၂၆/၁၁၄ ဖြင့် အမှုရေးဖွင့်၍ အမှုစစ် ဒုရဲအုပ် ရဲမင်းထွန်းက ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

## ညီအစ်ကိုနှစ်ဦး ရေဆင်းကူးစဉ် ညီဖြစ်သူ ရေနစ်သေဆုံးခဲ့ရရှာတဲ့ဖြစ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း ညီအစ်ကိုနှစ်ဦး ရေဆင်းကူးခဲ့ရာတွင် ညီဖြစ်သူမှာ ရေနစ်သေဆုံးခဲ့သည့် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ၁၈-၆-၂၀၁၄ ရက်နေ့၊ ညနေ ၅ နာရီအချိန်ခန့်ကဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇) ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ကန်ပတ်လမ်းနှင့် ပုဂံညောင်ဦးကျောင်းတိုက်ရှေ့၊ အလျား ပေ(၅၀၀)၊ အနံပေ (၁၀၀)၊ အနက် (၁၅)ပေရှိသည့်ရေကန်အတွင်း လူတစ်ဦး ရေနစ်သေဆုံးကြောင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်း တာဝန်မှူး ဒုရဲအုပ်နိုင်လင်းက သတင်းလက်ခံရရှိခဲ့သည်ဆို၏။ သတင်းရလျှင်ရချင်း ဒဂုံမြို့ သစ်(တောင်ပိုင်း)မြို့မရဲစခန်းမှစခန်းမှူး ဒုရဲမှူးအောင်ဆန်းဦးနှင့်အဖွဲ့က သက်သေများနှင့်အတူသွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဇော်လင်းမောင် (၁၅ နှစ်)၊ ဗိုလ်မင်းအောင် (၅)လမ်း၊ (၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေသူဖြစ်ကြောင်း သိရှိခဲ့ရ၏။

၎င်းသည် ထိုနေ့မွန်းလွဲ ၂နာရီအချိန်ခန့်က အစ်ကိုဖြစ်သူ ဟန်မြင့် (၁၇ နှစ်)နှင့်အတူ ရေဆင်းကူးခဲ့ရာမှ ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း၊ ပတ်ဝန်းကျင်မှ ဝိုင်းဝန်းဆယ်ယူပေးခဲ့ကြောင်းကိုလည်း သိရှိခဲ့ရသည်။ အလောင်းအားစစ်ဆေးရာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရှိရသဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ ပို့အပ်ခဲ့ရာ ပီအာရ် ၁၃ ဖြင့် လက်ခံထားရှိခဲ့သည်။

ဒုရဲအုပ် နိုင်လင်းက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၃၀/၂၀၁၄ ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူး အောင်ဆန်းဦးက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

BURMESE CLASSIC

## အလုပ်သမားတစ်ဦး ဝရိန်ဆော်ရာမှ ဓာတ်လိုက်သေဆုံးတဲ့ဖြစ်ရပ် သာကေတ၊ စက်မှုလက်မှုရပ်ကွက်မှာဖြစ်ပွား

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်တွင် ကားဘော်ဒီရုံမှ ဝရိန်ဆော်အလုပ်သမားတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၈-၆-၂၀၁၄ ရက်နေ့အကူး နံနက် ၁ နာရီခွဲအချိန်ခန့်က သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ မြနန္ဒာရှိ ကိုမျိုးမင်းမင်းပိုင် ကားဘော်ဒီရုံတွင် ဝရိန်ဆော်ရာမှ ဓာတ်လိုက်သေဆုံး၍ ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရှိနေကြောင်း သာကေတနယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် ဇော်သင်းသည် သတင်းပေးပို့မှုကို ရရှိခဲ့သည်ဆို၏။ သတင်းရလျှင်ရချင်း သာကေတနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်လင်းဟုန်က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်ဆို၏။

သေဆုံးသူမှာ ချစ်လင်းထိုက် (၁၈ နှစ်)၊ ကားဘော်ဒီအလုပ်သမား၊ သရက်တပင်ကျေးရွာ၊ ဖလွန်မြို့နယ်၊ ရောဝတီတိုင်းဒေသကြီးနေသူဖြစ်ကြောင်း သိရှိခဲ့ရ၏။


၎င်းသည် ၁၇-၆-၂၀၁၄ ရက်နေ့၊ ည ၁၀ နာရီအချိန်ခန့်က မောင်မောင်ဇင် (၃၈ နှစ်) သဃ်န်းကျွန်းမြို့နယ်နေသူနှင့်ရှိနေစဉ် (၁၀) ဘီးကားဘော်ဒီတူးဘောက်အားဝရိန်တို့ရာမှဓာတ်လိုက်သေဆုံးခြင်းဖြစ်ကာ ဝဲရင်ဘတ်တွင်ပွန်းပဲ့ဒဏ်ရာတွေ့ရှိရပြီး အခြားပြင်ပ ဒဏ်ရာတစ်စုံတစ်ရာမတွေ့ရှိရ၍ ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ခဲ့ရာ ပီအာရ် ၀၂၁ ဖြင့် လက်ခံထားရှိခဲ့သည်။

ဒုရဲအုပ် ဇော်သင်းက တရားလိုပြုလုပ်တိုင်တန်းခဲ့မှုအား သာကေတနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၇/၂၀၁၄ ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ရဲအုပ်လင်းဟုန်က ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

T.T သိန်း

www.burmeseclassic.com

www.burmeseclassic.com





## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဥစ္စာသစ်လင်း ကောင်းသတင်းနှင့် ကောင်းခြင်းငါးဖြာ အောင်မြင်သော အချိန်အခါဖြစ်မည်။ ဓနဥစ္စာလာဘ်ကောင်းဝင်ပြီး ဂုဏ်သတင်းကျော်စောခြင်း ကြုံတွေ့မည်။ လူမျိုးကွဲနှင့် စီးပွားရှယ်ယာ နှစ်ယောက်ပေါင်းစပ် လာဘ်ဓနကံ သိန်းသန်းဝင်လိမ့်မည်။

**ကံကောင်းအရောင်။** ငှက်ပျောညွန့်ရောင်၊ ဆီးရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** နောက်ဆုတ်လိုက်ပါ။ သင်ရည်ရွယ်သူတွင် ချစ်သူရှိပြီးသားဖြစ်သည်။

**ကျန်းမာရေး။** အာရုံကြော၊ ဇက်ကြော၊ နောက်ကြောတက်ရောဂါဖြစ်မည်။

**ထီထိုးရန်။** (က) ၆-၄၊ (ခ) ၆-၆၊ (ဂ) ၆-၈။

**ယတြာ။** အရှေ့ဘက်တည့်တည့်လှည့်ပြီး သုခိတာဟောထ ဒုက္ခမုစ္စတု ဟုရွတ်ပါ။

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဆွေမျိုးညာတိ အကြီးအကဲတစ်ဦးဦး ကျန်းမာရေးကြောင့်လာလျှင် လက်ခံဆေးကုသပေးလိုက် ပါ။ ထီပေါက်ခြင်း၊ အမွေရခြင်းကြုံလိမ့်မည်။ ပညာရေးတွင် အောင်မြင်မည်။ ဂုဏ်ထူးပါထွက်မည်။ ပညာဆက် လက်သင်ကြားပါ။

**ကံကောင်းအရောင်။** နီဝါစိမ်းပြာ ရောယှက်ရောင်အားလုံးဝတ်ဆင်ပါ။

**အချစ်ရေး။** မမီတဲ့ပန်း တုံးခုလို့မလှမ်းပါနဲ့။ ဝေဒနာခံစားနေရမည်။

**ကျန်းမာရေး။** ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါဖြစ်တတ်သည်။ အစားရှောင်ပါ။

**ထီထိုးရန်။** (န) ၅-၉၊ (ပ) ၅-၇၊ (ဗ) ၅-၂။

**ယတြာ။** အိမ်ဘုရားမှာ မုန့်လုံးရေပေါ် (၂၇)လုံး၊ ဆွမ်းသကြားဖြူးကပ်ပါ။

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း လူမှုရေးကိစ္စကံကောင်းမည်။ စီးပွားရေးကျဆင်းတတ်သည်။ ပညာရေးသင့်မည်။ မိတ်ဆွေ သူငယ်ချင်းတို့က ပြည်ပမှနေ၍ ငွေဓနကံပေးလိမ့်မည်။ အစုရှယ်ယာ လူစိုက်၊ လုံ့လဝီရိယ ရှေ့တန်းတင်ပြီး လုပ် ပါ။ ရတနာ၊ စိန်၊ ရွှေ များစွာဝင်မည်။

**ကံကောင်းအရောင်။** ရှားရောင်၊ လိမ္မော်ရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** ချစ်ဟန်ဆောင်ပြီး မုန်းမေ့သွားလိမ့်မည်။ သတိထားပါ။

**ကျန်းမာရေး။** နှလုံးသွေးကြောကျဉ်းရောဂါဖြစ်တတ်သည်။

**ထီထိုးရန်။** (တ) ၅-၄၊ (ထ) ၇-၂၊ (ဒ) ၇-၉။

**ယတြာ။** မွေးနံ့ထောင့်ဘုရားတွင် ထီး၊ တံခွန်၊ ကုက္ကား လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ရွှေ၊ ငွေ၊ ရတနာ ထွက်တတ်သည်။ စီးပွားရေးအရ အင်္ဂါနံ၊ စနေနံပါသော ကုန်ပစ္စည်း ရောင်းဝယ်ပါ။ ကြက်မောက်သီး၊ ပန်းသီး၊ နဂါးမောက်သီးတို့ ရောင်းဝယ်က ကံကောင်းမည်။ ရေထွက်ပစ္စည်း၊ သား၊ ငါးပုစွန် ရောင်းဝယ် မလုပ်သင့်ပါ။

**ကံကောင်းအရောင်။** ပုစွန်ဆီသွေးရောင်၊ မရမ်းပြာရောင်ဝမ်းဆက် ဝတ်ဆင်ပါ။
**အချစ်ရေး။** လက်မပြ၊ နှုတ်မဆက်ဘဲ ရုတ်တရက်ခွဲခွာသွားရတတ်သည်။
**ကျန်းမာရေး။** ဦးခေါင်းမူးဝေရောဂါရတတ်သည်။
**ထီထိုးရန်။** (န) ၆–၃၊ (ဖ) ၆–၉၊ (ဗ) ၆–၅။
**ယတြာ။** အိမ်ဘုရားတွင် ဖိနံ့ဝန္နထ ဂေါတမံဟု အဓိဋ္ဌာန်ပုတီးစိပ်ပါ။

---

## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ရာထူး၊ နေရာ၊ ဌာန ရွှေ့ပြောင်းရခြင်း၊ နိုင်ငံခြားသွားရခြင်း ကြုံတတ်သည်။ ဌာနတွင်း ရန် ဘက်၊ ပြိုင်ဘက်ရှိတတ်၍ သတိထားပါ။ လူမှုရေးသင့်ပြီး စီးပွားရေးကောင်းကာ လုပ်ငန်းခွင်၌ အလုပ်ပင်ပန်းခြင်း တွေ့ကြုံလိမ့်မည်။ စနေသားသမီး၊ ရာဟုသားသမီး ရှောင်ပါ။

**ကံကောင်းအရောင်။** အဖြူထဲတွင် အစိမ်းနုပွင့်ရိုက် ဝတ်ဆင်ပါ။
**အချစ်ရေး။** ချစ်ဦးသူ၊ ချစ်ဖူးသူနှင့် ပြန်လည်ဆုံစည်းတတ်သည်။
**ကျန်းမာရေး။** အာရုံကြော၊ နောက်ကြော၊ ဇက်ကြောတက်တတ်သည်။
**ထီထိုးရန်။** (ဒ) ၂–၇၊ (ဓ) ၂–၆၊ (န) ၂–၉။
**ယတြာ။** မွေးနံထောင့်ဘုရားတွင် အမွှေးတိုင် ၉ တိုင်၊ ဆီမီး ၉ တိုင်၊ ရေ ၉ ခွက်ကပ်လှူပါ။

---

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း သူတစ်ပါး၏ မတရားစွပ်စွဲခံရခြင်း၊ အထင်လွဲခြင်း ကြုံတတ်သည်။ စိတ်မပျက်ပါနှင့်။ ဝန်ချ တောင်းပန်လိမ့်မည်။ တိုင်းပြည်အကျိုး၊ လူမျိုးအကျိုး ထမ်းရွက်ရမည်။ အောင်မြင်မည်။ မင်္ဂလသုတ်၊ မေတ္တာသုတ် တစ်လတိတိ အဓိဋ္ဌာန်ဖြင့်ရွတ်ပေးပါ။

**ကံကောင်းအရောင်။** နို့စိမ်းရောင်၊ နို့နှစ်ရောင် ဝမ်းဆက်ဝတ်ဆင်ပါ။
**အချစ်ရေး။** ပညာရေးဦးစားပေးပါ။ အချစ်ကံမကောင်းပါ။
**ကျန်းမာရေး။** ဆီးချုပ်၊ ဝမ်းချုပ်ရောဂါ၊ အသည်းကြီးရောဂါရတတ်သည်။
**ထီထိုးရန်။** (ဆ) ၁–၈၊ (ဇ) ၉–၁၊ (ဈ) ၆–၃။
**ယတြာ။** အိမ်ဘုရားတွင် စကြာပန်းသက်စေ့၊ မာလကာရွက် ၉ ရွက် ကပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com



## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း အရှေ့စူးစူးအရပ်၊ အနောက်တောင်ထောင့်အရပ်တို့တွင် လာဘ်ဝနက်နေသည်။ သင် လမ်းခရီးထွက်ပြီး ငွေရှာပါက သိန်းသန်းကုဋေ ရတနာ စိန်ရွှေရနိုင်သည်။ မြန်မြန်သွားလိုက်ပါ။ အဆောက်အအုံ၊ ရေထွက်ပစ္စည်း၊ စားသောက်ကုန်၊ အထည်အလိပ်လုပ်ငန်းတို့နှင့် စီးပွားရေးအထူးကံကောင်းလိမ့်မည်။

**ကံကောင်းအရောင်။** မီးခိုးရောင်၊ ကာကီရောင် နှစ်ရောင်စပ်ဝတ်ဆင်ပါ။

**အချစ်ရေး။** ချစ်သူ၏သံယောဇဉ်ကြောင့် မြန်မြန်လက်ထပ်ကိန်းကြုံမည်။

**ကျန်းမာရေး။** အစာအိမ် လေအောင့်ရောဂါ သတိထားပါ။

**ထီထိုးရန်။** (ပ) ၄-၆၊ (ဏ) ၄-၉၊ (န) ၅-၉။

**ယတြာ။** မွေးနံထောင့်တွင် ယပ် ၉ ချောင်း လှူပေးပါ။

---

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း လုပ်ငန်းမထွက်သင့်ပါ။ သည်းခံစောင့်ပါ။ သင့်ရာထူးလုပ်ငန်း၊ နေရာအသစ်ကို ရွှေ့ပြောင်း ပြီး စီးပွားရေးကောင်းမည်။ အစ်မ၊ ညီမတို့၏ ကျန်းမာရေးဂရုစိုက်ပေးပါ။ အသက်အန္တရာယ် ထိခိုက်တတ်သည်။ စိတ်မပူပါနှင့်။ ရတနာသုံးပါး၊ အနန္တငါးပါးတန်ခိုးတော်ကြောင့် သင်ကံအထူးပြန်ကောင်းလိမ့်မည်။

**ကံကောင်းအရောင်။** အဖြူ၊ အဝါ၊ အပြာ သုံးရောင်စပ်ဝတ်ဆင်ပါ။

**အချစ်ရေး။** လုံးဝမကောင်းသေးပါ။ အချစ်ရှုံးသမားကိန်းထဲရောက်နေသည်။

**ကျန်းမာရေး။** ကျန်းမာ၊ ချမ်းသာ၊ ဝမ်းသာပြီး အလှတိုး၍ စိတ်ပျော်ရွှင်နေမည်။

**ထီထိုးရန်။** (သ) ၇-၂၊ (ဟ) ၇-၅၊ (ဠ) ၇-၉။

**ယတြာ။** အိမ်ဘုရားတွင် သမ္ဗုဒ္ဓေ ၉ ခေါက် တစ်လတိတိ အဓိဋ္ဌာန်ရွတ်ဖတ်ပါ။

---

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း လူကြီးမိဘ၊ ဆွေမျိုးတို့ထံမှ အမွေရတတ်သည်။ အိမ်၊ ခြံ၊ မြေ ဝယ်ထားသင့်သည်။ ဘဝ ရှေ့ရေး ရင်လေးစရာမရှိပါ။ ကံကောင်းချိန်မှာ ဉာဏ်အားစိုက်ပြီး လုံ့လ၊ ဝီရိယ၊ ဇွဲ ရှေ့တန်းတင်လုပ်ပါ။ ဘာပဲ လုပ်လုပ် မုချအောင်မြင်ရမည်မှတ်ပါ။ ရတနာသုံးပါး၊ ဆရာသမား၊ အနန္တငါးပါးကို အမြဲဦးထိပ်ထားပါ။

**ကံကောင်းအရောင်။** အဖြူထဲတွင် ဇာနားတပ် အပြာနုရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** လိုက်လေ၊ ဝေးလေ၊ ပြေးလေဖြစ်နေသည်။ ရှောင်လိုက်ပါ။

**ကျန်းမာရေး။** မျက်စိအားနည်းခြင်း၊ ခွဲစိတ်ခြင်း ကြုံတတ်သည်။

**ထီထိုးရန်။** (ဋ) ၃-၇၊ (ဌ) ၃-၉၊ (ဍ) ၃-၅။

**ယတြာ။** မွေးနံထောင့်တွင် ကြံရည် ၃ ခွက်၊ သပြေ ၉ ညွန့် ရေသက်စေ့ကပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း မရေရာ၊ မသေချာသော ကိစ္စများနှင့်သာ အချိန်ကုန်တတ်သည်။ လုပ်ငန်းစီးပွား သေချာ ရေရာအောင် ကရေကရာမှုနဲ့ လက်ဆောင်ဒါနပြုလိုက်ပါ။ နေအိမ်၊ ခြံ၊ မြေနှင့် ပတ်သက်ပြီး အမှုအခင်း၊ အရှုပ် အထွေးဖြစ်တတ်သည်။ တရားရင်ဆိုင်က နိုင်မည်။ ယာဘက်လက်တွင် **အရဟံသိဒ္ဓိဘဂဝါ**ဟုရေးပြီး အိပ်ပါ။

**ကံကောင်းအရောင်။** မဲနယ်ရောင်၊ ခိုပြာရောင် ဝတ်ဆင်လိုက်ပါ။
**အချစ်ရေး။** နှစ်ကိုယ်တူ ရုံးတက် လက်မှတ်ထိုး၊ မင်္ဂလာဆောင်ရမည်။
**ကျန်းမာရေး။** သွေးတိုး၊ နှလုံးရောဂါဖြစ်တတ်သည်။ သတိထားပါ။
**ထီထိုးရန်။** (က) ၆–၄၊ (ည) ၆–၉၊ (စ) ၆–၁။
**ယတြာ။** အိမ်ဘုရားတွင် ပျားရည်ဆွမ်း၊ ထောပတ်ဆွမ်း ကပ်လှူပေးပါ။

---

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဘာပဲဖြစ်ဖြစ် စိတ်မညစ်နှင့်။ ဘာပဲကြုံကြုံ ရှေ့သို့ကြံပါ။ အားလုံးအောင်မြင်မည်။ အိမ်ပတ် ဝန်းကျင်ရှိ လူတစ်စုနှင့် ရန်ဖြစ်၊ စကားများတတ်သည်။ သတိထားရှောင်ပါ။ စီးပွားရေးကောင်းပြီး လူမှုရေးညံ့နေ သည်။ ပညာရေးဆက်ကြိုးစားပါ။ ဘွဲ့ထူး၊ ဂုဏ်ထူးရနိုင်သည်။ အတတ်ပညာရှင်ဖြစ်မည်။

**ကံကောင်းအရောင်။** စတော်ဘယ်ရီရောင်၊ အုန်းခွံရောင် ဝတ်ဆင်ပါ။
**အချစ်ရေး။** ချစ်ရေးဆိုက သူလက်ခံလိမ့်မည်။ မြန်မြန်ချစ်ရေးဆိုပါ။
**ကျန်းမာရေး။** ဦးခေါင်းမူးဝေ၊ နှလုံးတုန်၊ ရင်ခုန်ရောဂါရတတ်သည်။
**ထီထိုးရန်။** (ဃ) ၈–၁၊ (င) ၈–၆၊ (ဆ) ၈–၄။
**ယတြာ။** မွေးနံထောင့်တွင် နှင်းဆီပန်း ပန်းရောင် ၉ ပွင့် လှူပါ။

---

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း အလှူကြီးပေးလှူရခြင်း၊ ရာထူးတိုးတက်ခြင်း၊ အထက်လူကြီး ဆရာသမားတို့ မစကြည့်ရှု ကိန်းကြုံမည်။ တိုက်၊ ခြံ၊ မြေ၊ ကား အသစ်ဝင်မည်။ အိမ်ရှိ ထီးစုတ်၊ ဖိနပ်စုတ်၊ အဝတ်အထည်စုတ်တို့ကို လမ်း ဆုံလမ်းမတွင် လွှင့်ပစ်လိုက်ပါ။ ဘေးကင်းရန်ကာမည်။

**ကံကောင်းအရောင်။** ရွှေဖလား၊ ငွေဖလားရောင် ဝတ်ဆင်လိုက်ပါ။
**အချစ်ရေး။** ချစ်သူနှင့် အပျော်ခရီးသွားရတတ်ပါသည်။
**ကျန်းမာရေး။** ခန္ဓာကိုယ်၌ အဖုအပိမ့်၊ အကြိတ်ဖြစ်တတ်သည်။
**ထီထိုးရန်။** (ဈ) ၁–၉၊ (ည) ၉–၁၊ (ဇ) ၅–၄။
**ယတြာ။** အိမ်ဘုရားတွင် ခံတက်ညွန့် ၅ ညွန့်၊ တမာညွန့် ၄ ညွန့် ရေသက်စေ့ ကပ်လှူပါ။

စမ်းလိုအေးချ ပန်းလိုမွှေးပါစေ
သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် (နက္ခတ်၊ ဗေဒင်၊ လက္ခဏာပညာရှင်)

www.burmeseclassic.com